# ဒေါ်အောင်ဆန်းစုကြည် စစ်တိုက်ရလိမ့်မယ် နဲ့ နိုင်ငံရေးဆောင်းပါးများ

## အောင်အေး
(ရန်ကုန်တက္ကသိုလ်)



**ပုံနှိပ်မှတ်တမ်း**

**ဖြန့်ချိရေး** – လွင်ဦးစာပေ (လှည်းတန်း)

ပထမအကြိမ်၊ ၂၀၁၅၊ အောက်တိုဘာလ

**အုပ်ရေ** – ၅၀၀

**မျက်နှာဖုံးဒီဇိုင်း**

ဇော်မောင်

**ကွန်ပျူတာစာစီ**

Dream City - 0973052433

**ထုတ်ဝေသူ**

ဦးလွင်ဦး (မြဲ–၀၀၇၉)

အမှတ် (၁၆–အေ)၊ လှည်းတန်း (၂)လမ်း၊

ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးကျော်ညွန့်၊ လမင်းပုံနှိပ်တိုက်၊ (မြဲ- ၀၀၄၆၀)

အမှတ် (၄၉)၊ ၈၇ လမ်း၊ ရန်ကုန်မြို့။

**တန်ဖိုး – ၂၅၀၀ ကျပ်**

၉၂၃.၂

အောင်အေး (ရန်ကုန်တက္ကသိုလ်)

ဒေါ်အောင်ဆန်းစုကြည် စစ်တိုက်ရလိမ့်မယ်နဲ့ နိုင်ငံရေးဆောင်းပါးများ/အောင်အေး (ရန်ကုန်တက္ကသိုလ်)။– ရန်ကုန်။

လွင်ဦးစာပေ (လှည်းတန်း)၊ ပထမအကြိမ်၊ ၂၀၁၅။

၂၅၀ – စာ၊ ၁၃.၃ x ၂၀.၉ စင်တီ။

(၁) ဒေါ်အောင်ဆန်းစုကြည် စစ်တိုက်ရလိမ့်မယ်နဲ့နိုင်ငံရေး ဆောင်းပါးများ

# ဒေါ်အောင်ဆန်းစုကြည်
# စစ်တိုက်ရလိမ့်မယ်

နှင့်

နိုင်ငံရေးဆောင်းပါးများ

အောင်အေး (ရန်ကုန်တက္ကသိုလ်)

# မာတိကာ

စာရေးသူရဲ့ အမှာစာ
**ကျောင်းသားအရေး** ၁
၁။ ကျောင်းသားသမဂ္ဂလှေ့လာရေး ၃
၂။ ကွန်မြူနစ်ပညာရေးဥပဒေမဟုတ်တဲ့
အမျိုးသားပညာရေးဥပဒေပေါ်ထွန်းရေး ၁၅
၃။ ကျောင်းသားတွေ နိုင်ငံရေး
ဆက်လက်နိုင်ရမယ် ၂၄
၄။ ကျဉ်တုပ်ခံဝံ့မခံဝံ့ ၃၅
၅။ အမျိုးသားပညာရေးဥပဒေနဲ့
ကျောင်းသားလှုပ်ရှားမှုအလားအလာ ၄၅
**နိုင်ငံရေး** ၅၃
၆။ ဒေါ်အောင်ဆန်းစုကြည် စစ်တိုက်ရလိမ့်မယ် ၅၅
၇။ ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်ခရီးအကြောင်း
ဖိုးသံချောင်းပြောတာ အမှန်ဆုံး ၆၄
၈။ သမ္မတလုပ်ချင်လှသူတစ်ဦးရဲ့ ပြိုလဲမှုမြင်ကွင်းကျယ် ၇၂
၉။ ဒေါ်အောင်ဆန်းစုကြည် ကြံ့ကြံ့ခံ
ရပ်တည်ရမယ့်အချိန်ရောက်ပြီ ၇၈

၁၀။ ရှိတော့ရှိပြီး မရှိသလိုဖြစ်နေတဲ့
အမျိုးသားသဘာဝဘေးအန္တရာယ်
ကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်း ၈၅
၁၁။ တစ်ရာခိုင်နှုန်းကတော့ နည်းလွန်းပါတယ် ၉၃

**စီးပွားရေး** ၉၉

၁၂။ ရွှေမြန်မာတို့ လက်တွဲမှာလား
မျက်နှာလွှဲမှာလား ၁၀၁

**ကိုးကန့်အရေး** ၁၀၉

၁၃။ ကိုးကန့်အရေး ပြည်တွင်းရေး ၁၁၁
၁၄။ ကိုးကန့် ဖုန်ကြားရှင်တပ်ဖွဲ့တွေ
ဘာ့ကြောင့် တောင့်ခံနေနိုင်တာလဲ ၁၁၈

**ငြိမ်းချမ်းရေး** ၁၂၉

၁၅။ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် တက်လှမ်းကြပါစို့ ၁၃၁
၁၆။ ငြိမ်းချမ်းရေးကြိုးပမ်းမှု နစ်ခြမ်းကွဲသွားမလား ၁၃၉
၁၇။ အစိုးရက လက်လွတ်မခံသင့်တဲ့
'လော်ခီးလာ' ငြိမ်းချမ်းရေးခေါ်သံ ၁၄၉
၁၈။ 'ဝ' သွေးစည်းညီညွတ်ရေးပါတီဆိုတဲ့
ဝအဖွဲ့ ဘာလုပ်နေတာလဲ ၁၅၇

**ဗမာပြည်ကွန်မြူနစ်ပါတီအရေး** ၁၆၅

၁၉။ ပြည်သူ့အာဏာဆောင်းပါးတွေလား
တရုတ်မှီခိုသူတစ်ဦးရဲ့ ဆောင်းပါးတွေလား ၁၆၇
၂၀။ ပါတီကို ယုံကြည်ရမယ်ဆိုတာ
ဘယ်ပါတီကို ယုံကြည်ရမှာလဲ ၁၇၅
၂၁။ ဗကသ ဟာ ဗကပ မဟုတ်ပါဘူး ၁၈၂
၂၂။ ပြည်ချစ်ဝါဒလမ်းစဉ်' တဲ့လား ၁၉၅

## စာရေးသူရဲ့ အမှာစာ

'ခေတ်သမားလာရင် မှတ်သားစရာပါရမယ်' ဆိုတဲ့ စကားတစ်ခွန်း ကြားဖူးပါတယ်။ အရမ်း သဘောကျခဲ့တယ်။ ဒါ့ကြောင့် ကျွန်တော် ဆောင်းပါးတွေ ရေးတဲ့အခါမှာ အဲဒီစကားအတိုင်း မှတ်သားစရာတစ်ခုခုပါအောင်၊ သမိုင်းမှတ်တမ်းတစ်ခုခုကျန်ရစ်အောင် ကြိုးစားရေးသားခဲ့ပါတယ်။ ဒါ့ကြောင့် ဆောင်းပါးတစ်စောင် ရေးဖို့ရာ အချိန်အတော်ကြာကြာ ပေးရပါတယ်။ ကျွန်တော်ဟာ ရေးပြီးသမျှ ဆောင်းပါးတွေကို နီးစပ်ရာ ဂျာနယ်တိုက်တွေကို ပို့သလို Facebook က Political Comments page မှာလည်း တင်ပေးပါတယ်။

ဂျာနယ်တိုက်မှာတော့ အယ်ဒီတာက သဘောကျရင် ထည့်ပေးတာမို့ အယ်ဒီတာ့အကြိုက်ကိုသာ သိရပြီး ပရိသတ်အကြိုက်ကို မသိရပါ။ Facebook မှာက တစ်ရက်နှစ်ရက်အတွင်း like တွေ ပေါ်လာတာမို့ ဘယ်ဆောင်းပါးကို ဘယ်နှယောက် နှစ်သက်တယ်ဆိုတာ ရက်ပိုင်းအတွင်းမှာ သိရပါတယ်။ like များများရရင် ကြည်နူးရပါတယ်။ like များများမရရင်လည်း ဖတ်တဲ့လူများရင် အွန်လိုင်းစာဖတ်သူတွေက ဘယ်အကြောင်းအရာကို ပိုစိတ်ဝင်စားတယ်ဆိုတာ သိလာပါတယ်။

'ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် တက်လှမ်းကြပါစို့' ဆိုတဲ့ဆောင်းပါးဟာ ဝင်ကြည့်သူ ၁၉၂ ယောက်ရှိတာမို့ ကိုယ့်အွန်လိုင်းစာဖတ်ပရိသတ် ၄၀၀ ကျော်ထဲမှာ တစ်ဝက်နီးပါးက ငြိမ်းချမ်းရေးကို စိတ်ဝင်စားကြတယ်

ဆိုတာ သိသွားပါတယ်။ ကိုယ့်အွန်လိုင်းစာဖတ်ပရိသတ်တွေ စိတ်ဝင်စားမှု အနည်းဆုံးက ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ပတ်သက်တဲ့ဆောင်းပါးတွေဖြစ်ပါတယ်။ အများဆုံးဝင်ကြည့်တာ ၅ ယောက်လောက်ပဲ ရှိပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ပတ်သက်တဲ့ဆောင်းပါးတွေကို ကျွန်တော်က 'ရဲဘော်ထွန်းသိန်း' ဆိုတဲ့ ကလောင်နာမည်နဲ့ ရေးခဲ့ပါတယ်။ အဲဒီဆောင်းပါးတွေကိုပါ ဒီစာအုပ်မှာ စုစည်းဖော်ပြပေးထားပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ပတ်သက်တဲ့ဆောင်းပါးတွေဟာ လူအဖတ်နည်းပေမယ့် စာဖတ်ပရိသတ်တွေ (အထူးသဖြင့် လူငယ်တွေ) သိသင့် သိထိုက်တဲ့ အကြောင်းအရာ အချက်အလက်တွေဖြစ်တာမို့ အထူးအလေးထားပြီး ရေးသားခဲ့ပါတယ်။

ဒီစာအုပ်ဟာ ဆောင်းပါးပေါင်းချုပ်အမျိုးအစား ဖြစ်ပါတယ်။ ကျောင်းသားအရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ကိုးကန့်အရေး၊ ငြိမ်းချမ်းရေး၊ ဗမာပြည်ကွန်မြူနစ်ပါတီအရေးဆိုပြီး အမျိုးအစား ၆ မျိုး ခွဲခြားသတ်မှတ်ဖော်ပြပေးထားပါတယ်။ ဒီဆောင်းပါးတွေမှာ ပါဝင်တဲ့ အချက်အလက်တွေဟာ သမိုင်းမှတ်တမ်းတွေအဖြစ် အထောက်အကူပြုလိမ့်မယ်လို့ မျှော်လင့်ယုံကြည်ပါတယ်။ စာနယ်ဇင်းတွေ၊ သတင်းဌာနတွေကို ကိုးကားရေးသားထားတာဖြစ်တဲ့အတွက် သတင်းအချက်အလက်အရ အမှန်အကန်တွေ ဖြစ်ပါကြောင်း ဖော်ပြအပ်ပါတယ်။

ဒီစာအုပ်မှာ ဖော်ပြထားတဲ့ဓာတ်ပုံတွေဟာ အင်တာနက်ကနေ ယူပြီးသုံးစွဲထားတာမို့ သက်ဆိုင်ရာ သတင်းဌာန၊ ဓာတ်ပုံရိုက်ကူးထားသူများကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

**အောင်အေး (ရန်ကုန်တက္ကသိုလ်)**

ကျောင်းသားအရေး

## ကျောင်းသားသမဂ္ဂ လှေလာရေး

တကယ်တော့ ကျောင်းသားသမဂ္ဂ ဆိုတာ မြန်မာပြည်အတွက်တော့ စိမ်းနေတဲ့အဖွဲ့အစည်း မဟုတ်ပါဘူး။ သမိုင်းမှာ ပေါ်ထွန်းခဲ့ပြီးသား အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ်ကျမှ ဖျက်သိမ်းခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။ ၁၉၈၈ အရေးတော်ပုံကြီးရဲ့အကျိုးဆက်နဲ့ ခုတော့ ကျောင်းသားသမဂ္ဂတွေ ပြန်လည်ပေါ်ထွန်းလာခဲ့ပါပြီ။ ဘာပဲပြောပြော စစ်အစိုးရလက်အောက်မှာဆိုရင် ပေါ်လာဦးမှာ မဟုတ်သေးပါဘူး။ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုလုပ်လာတဲ့ ရေခံမြေခံမှာ ရှင်သန်လာတာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အပါအဝင် နှောင်းခေတ်ကျောင်းသား ကျောင်းသူတွေဟာ သမိုင်းမှာ ပေါ်ထွန်းခဲ့ဖူးတဲ့ ကျောင်းသားသမဂ္ဂနဲ့ ပတ်သက်လို့ စာအုပ်စာပေတွေမှာ ဖတ်ဖူးတာကလွဲလို့ ကိုယ်တွေ့ မကြုံခဲ့ဖူးပါဘူး။ ကျောင်းသားသမဂ္ဂအဆောက်အဦဆိုတာလည်း ရှေးဟောင်း ရှားပါးဓာတ်ပုံထဲမှာသာ တွေ့ဖူးခဲ့တာပါ။ ရန်ကုန်တက္ကသိုလ်အဝင်ဝ အဓိပတိလမ်းထိပ်ညာဘက်မှာရှိတဲ့ ကွက်လပ်ကြီးမှာ တစ်ချိန်က ကျောင်းသားသမဂ္ဂ အဆောက်အဦကြီး ရှိခဲ့ဖူးတယ်ဆိုတာကို မသိကြသူ များပါတယ်။ ကျောင်းသူကျောင်းသားတွေတောင် မသိတာဆိုတော့ အပြင်လူတွေဆို ပိုဆိုးတာပေါ့။ အဲဒီကွက်လပ်ကြီးထဲမှာ အခုထိ ရှိနေသေးတဲ့ ရှေးက အမှတ်အသားတစ်ခုကတော့ ဗိုလ်အောင်ကျော်အထိမ်းအမှတ် ကျောက်တိုင်လေး ဖြစ်ပါတယ်။ အဲဒါကို 'မင်းဒင်ရဲ့ သက်ခိုင်' စာအုပ်ထဲမှာ ဟယ်ရီတာန်အုတ်ဂူလို့ မှားယွင်း

ဖော်ပြထားပါတယ်။ သူက မသိတာကို မသိသလို မရေးဘဲ ထားလိုက်ရင် အကောင်းသား။ စိတ်ထင်နဲ့ မှန်းသန်းရေးလိုက်တော့ တလွဲဖြစ်သွားပြီး အဲဒီစာအုပ်ဖတ်ထားသူတွေက ဗိုလ်အောင်ကျော် အထိမ်းအမှတ်ကျောက်တိုင်ကို ဟယ်ရီတန်အုတ်ဂူလို့ တောက်လျှောက်ကြီး အမှတ်မှားသွားနိုင်ပါတယ်။ ဒါကြောင့် အင်္ဂလိပ်အစိုးရခေတ်ကျောင်းသားသမဂ္ဂအကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ကျောင်းသားသမဂ္ဂအကြောင်းတွေကို သိမှီသူတွေက၊ ဒါမှမဟုတ် သိမှီသူတွေ ပြန်ပြောထားတာတွေ ကြားဖူးနားဝ ရှိထားသူတွေက ပြန်လည်ဖော်ထုတ် ရေးသားသင့်ကြပါတယ်။

အခုလည်း ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု ရေခံမြေခံကနေ ရှင်သန်လာတဲ့ ကျောင်းသားသမဂ္ဂတွေက သမိုင်းပေးတာဝန်အရ အမျိုးသားပညာရေးဥပဒေကို သပိတ်မှောက်ပြီး ပြုပြင်ပြောင်းလဲဖို့ တောင်းဆိုလာတဲ့အခါကျမှ လူအတော်များများပဲ ပညာရေးကို စိတ်ဝင်စားလာကြပါတယ်။ စိတ်ဝင်စားလာသူအတော်များများက သူတို့ပြောချင်တာတွေကို ပြောချင်သလိုပြောနေကြတဲ့အခါကျတော့ အတော့်ကို ဂွကျနေပါတယ်။ တချို့ကလည်း ပိဋကတ်




ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ (၁၉၂၇-၁၉၆၂)
မျိုးချစ်မြန်မာသူဌေး ဦးညိုက တည်ဆောက်လှူဒါန်းသည်ဟု
ကြေးမုံ ဦးသောင်းက မှတ်တမ်းပြုစုခဲ့သည်။

စာပေတွေ ကျက်မှတ်နေရာကနေ ဥပဒေကို ထ ဆွေးနွေးကြတယ်။ တချို့ကလည်း ပညာရေးဘွဲ့ရထားတယ်ဆိုပြီး စင်္ကာပူနိုင်ငံမှာက ဘယ်လို၊ အမေရိကန်နိုင်ငံမှာက ဘယ်လိုဆိုတာတွေ အတည်ပေါက်ကြီးနဲ့ ဆွေးနွေးတယ်။ တကယ်တော့ အဲဒီလို စိတ်ဝင်စားတဲ့လူတွေများလာတာ ကျောင်းသားတွေရဲ့ အောင်ပွဲဖြစ်ပါတယ်။ အရင်တုန်းက စိတ်ဝင်စားရကောင်းမှန်းမသိတဲ့လူတွေ စိတ်ဝင်စားလာအောင် လုပ်နိုင်တာ အောင်ပွဲလို့ သတ်မှတ်ရပါလိမ့်မယ်။ ကြိတ်ဝိုင်းမဟုတ်တော့ပါဘူး။ တစ်နိုင်ငံလုံးအတိုင်းအတာအထိ ကျယ်ပြန့်လာတာ ဖြစ်ပါတယ်။ နိုင်ငံတကာအထိ ကျယ်ပြန့်သွားရင် ပိုတောင် ကောင်းပါသေးတယ်။

ကိုယ့်နိုင်ငံက ကျောင်းသားသမဂ္ဂတွေက အခုလို ရှင်သန်လာတဲ့၊ နေရာယူနိုင်လာတဲ့အပေါ် နိုင်ငံတကာက ကျောင်းသားသမဂ္ဂတွေကရော ဘယ်လိုရှိသလဲဆိုတာ လေ့လာချင်လာတာနဲ့ လေ့လာကြည့်လိုက်တာ ကျွန်တော် အတော် ရှက်သွားပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေက ကျောင်းသားသမဂ္ဂအဆောက်အဦပုံတွေ မြင်လိုက်ရတော့ ကိုယ့်နိုင်ငံမှာက မြက်ရိုင်းတောဖြစ်နေတဲ့ ကျောင်းသားသမဂ္ဂအဆောက်အဦမြေကွက်လပ်နဲ့ နှိုင်းယှဉ်ပြီး ဖြစ်မှဖြစ်ရလေလို့ ခံစားမိတယ်။ ကိုယ်လေ့လာမိသမျှကိုလည်း ပြန်လည်မျှဝေပေးချင်စိတ် ပေါ်ပေါက်လာခဲ့တယ်။ ဒါကြောင့် ကျောင်းသားသမဂ္ဂဆိုတဲ့ အခေါ်အဝေါ်ကစပြီး အချက်အလက်တချို့ကို မျှဝေပေးချင်ပါတယ်။

## ကျောင်းသားသမဂ္ဂ အခေါ်အဝေါ်

ကျောင်းသားသမဂ္ဂကို တခြားအခေါ်အဝေါ်တွေနဲ့ သုံးနှုန်းခေါ်ဝေါ်ကြတာတွေလည်း ရှိပါတယ်။ တခြားအခေါ်အဝေါ်တွေက ကျောင်းသားအုပ်ချုပ်ရေးအဖွဲ့ (Student government)၊ လွတ်လပ်တဲ့ကျောင်းသားသမဂ္ဂ (Free Student union)၊ ကျောင်းသား ဆီးနိတ် (Student Senate)၊ ကျောင်းသားအသင်း (Students' Association)၊ ကျောင်းသားအစည်းအရုံး (Guild of Students)၊ ကျောင်းသားထုရဲ့ အုပ်ချုပ်ရေးအဖွဲ့ (Government of Students' Body) စသဖြင့်ပါ။ အသုံးအများဆုံးက ကျောင်းသားသမဂ္ဂ (Students' Union) ဖြစ်ပါတယ်။

## အဓိပ္ပာယ်ဖွင့်ဆိုချက်

ဘယ်လိုပဲခေါ်ခေါ် 'ကျောင်းသားသမဂ္ဂ' ဆိုတာ ကောလိပ်တွေ၊ တက္ကသိုလ်တွေနဲ့ အထက်တန်းကျောင်းတွေမှာ တည်ရှိတဲ့ ကျောင်းသူကျောင်းသားများဆိုင်ရာ အဖွဲ့အစည်းဖြစ်ပါတယ်။ (မူလတန်းကျောင်းတွေမှာ မရှိပါဘူး။) ကျောင်းသားသမဂ္ဂရဲ့အထက်မှာ အစိုးရက အုပ်ချုပ်မထားပါဘူး။ အစိုးရနဲ့ဆက်ဆံနိုင်တဲ့ ကျောင်းသားတွေရဲ့ ကိုယ်စားလှယ်အဖွဲ့အစည်းဖြစ်ပါတယ်။

## ကျောင်းသားသမဂ္ဂအဆောက်အဦ

တက္ကသိုလ်ကောလိပ်တွေမှာဆိုရင် သက်ဆိုင်ရာတက္ကသိုလ်ကောလိပ်နယ်မြေမှာ ကျောင်းသားသမဂ္ဂအဆောက်အဦ ထားရှိပါတယ်။ ကျောင်းသားသမဂ္ဂက အဲဒီအဆောက်အဦကို လူမှုရေးရည်ရွယ်ချက်တွေ၊ အဖွဲ့အစည်းဆိုင်ရာလှုပ်ရှားမှုတွေအတွက် အသုံးချပါတယ်။ အမေရိကန်ပြည်ထောင်စုမှာဆိုရင် ကျောင်းသားသမဂ္ဂအဆောက်အဦကို ကျောင်းသားအရေးလှုပ်ရှားမှုဗဟိုဌာနချုပ် (Student Activity Center) လို့ သဘောထားပါတယ်။

## ကျောင်းသားသမဂ္ဂရဲ့ ရည်ရွယ်ချက်

ကျောင်းသားသမဂ္ဂရဲ့ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ ထူထောင်ပုံ၊ ကျင့်သုံးပုံတွေဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူကွဲပြားကြပါတယ်။ အခြေခံအားဖြင့် တူညီတဲ့အချက်ကတော့ ကျောင်းသူကျောင်းသားထုကြီး တစ်ရပ်လုံးရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။

တချို့ကျောင်းသားသမဂ္ဂတွေဟာ ကျောင်းသူကျောင်းသားထုကြီး တစ်ရပ်လုံးရဲ့အကျိုးစီးပွားကို အဖွဲ့အစည်းအတွင်းပိုင်းဆိုင်ရာမှာသာမက အဖွဲ့အစည်းအပြင်ပိုင်းဆိုင်ရာအတွက်လည်း ကိုယ်စားပြုဆောင်ရွက်ပေးပါတယ်။ ကိုယ့်သက်ဆိုင်ရာတက္ကသိုလ် အဝန်းအဝိုင်းတစ်ခုအတွင်းပိုင်းဆိုင်ရာကိစ္စသာမက တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးဆိုင်ရာကိစ္စတွေကိုပါ လှုပ်ရှားဆောင်ရွက်ပါတယ်။ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်တွေဟာလည်း သမဂ္ဂ

လုပ်ငန်းကော်မတီတစ်ခုခုမှာ ပါဝင်လှုပ်ရှားရင်း၊ အစည်းအဝေးတွေ တက်ရင်း ကနေ ခေါင်းဆောင်နေရာကို ရောက်ရှိလာတာ များပါတယ်။

တချို့ကျောင်းသားသမဂ္ဂတွေဟာ နိုင်ငံရေးဦးတည်ချက်ရှိတဲ့ အဖွဲ့အစည်းတွေ ဖြစ်ကြပါတယ်။ နိုင်ငံရေးသမားတွေ ပေါ်ထွက်လာအောင် လေ့ကျင့်ရာ သင်တန်းကျောင်းကြီးသဘောလည်း ဆောင်ကြပါတယ်။ သမဂ္ဂအဖွဲ့ဝင် ကျောင်းသူကျောင်းသားတွေဟာ အသက်ငယ်ပြီး အတွေ့အကြုံနုနယ်သေးတဲ့အတွက် သမဂ္ဂအနေနဲ့ ကိုယ့်လူတွေကို စာများများဖတ်အောင် အားပေးရပါတယ်။ နိုင်ငံရေးလှုပ်ရှားမှုအမျိုးမျိုးမှာ ပါဝင်ခိုင်းပြီး စကားအချေအတင်ပြောခြင်း (debate) လုပ်တတ်အောင် လေ့ကျင့်ပေးရပါတယ်။ တိမ်းစောင်းမှု မဖြစ်အောင် လေ့ကျင့်ပေးရပါတယ်။ များသောအားဖြင့် ကျောင်းသားသမဂ္ဂတွေဟာ ဘယ်လိုအမျိုးအစား နိုင်ငံရေးအဖွဲ့အစည်းတွေကို မဆို ကျောင်းသားအရေး (လိုအပ်တဲ့ပံ့ပိုးမှုအင်္ဂါရပ်တွေ အပြည့်အဝရရှိရေး၊ အထောက်အကူပေးမှုတွေ ရရှိရေး၊ ဝန်ဆောင်မှုတွေ ရရှိရေး၊ ပညာရေးစနစ်ကောင်းမွန်ရေး အစရှိတဲ့) ကို ဦးထိပ်ထားပြီး တူညီတဲ့ရပ်တည်ချက်နဲ့ ဆက်ဆံတတ်ကြပါတယ်။

တချို့ကျောင်းသားသမဂ္ဂတွေဟာ သက်ဆိုင်ရာတက္ကသိုလ်နယ်မြေအတွင်းက တခြားအဖွဲ့အစည်းတွေအတွက် အသုံးစရိတ် ဘတ်ဂျက်တွေကို စီမံခန့်ခွဲခွင့်၊ အသိအမှတ်ပြုခွင့်တွေ တရားဝင်ရရှိထားကြပါတယ်။ တချို့ကျောင်းသားသမဂ္ဂတွေဟာ ဘွဲ့ရသွားသူတွေကိုပါ သမဂ္ဂဝင်တွေအဖြစ်ဆက်လက်အသိအမှတ်ပြုထားကြပါတယ်။ ဘွဲ့ရသွားသူတွေအတွက် သီးခြားအဖွဲ့တစ်ဖွဲ့ (Postgraduate Representative Body) ခေါင်းစဉ်နဲ့ ကျောင်းသားသမဂ္ဂအတွင်းမှာ ထည့်သွင်းထားကြပါတယ်။

အထက်မှာ ဖော်ပြခဲ့သလို ကျောင်းသားသမဂ္ဂတွေဟာ နိုင်ငံအလိုက် အခေါ်အဝေါ်တွေ၊ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ ထူထောင်ပုံ၊ ကျင့်သုံးပုံတွေ ကွဲပြားခြားနားတယ်ဆိုပေမယ့် ကျောင်းသားအရေး ဦးထိပ်ပန်ဆင်တာတော့ အတူတူပဲဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံတွေရဲ့ နိုင်ငံရေးစနစ်တွေအပေါ် မူတည်ပြီး ကျောင်းသားသမဂ္ဂတွေ ရရှိတဲ့အခွင့်အရေးကတော့ ကွာခြားသွားနိုင်ပါတယ်။ မကွာခြားတာကတော့ ကျောင်းသားတွေရဲ့ စည်းလုံးညီညွတ်

မှု ဖြစ်ပါတယ်။ ပထမဦးဆုံး (အမည်ခံပဲဖြစ်ပါစေ) ကွန်မြူနစ်ပါတီအုပ်ချုပ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကျောင်းသားသမဂ္ဂတွေကို အရင်ဆုံး လေ့လာတင်ပြလိုပါတယ်။

## တရုတ်ပြည်ကျောင်းသားသမဂ္ဂ

တရုတ်ပြည်ကျောင်းသားသမဂ္ဂတွေဟာ တက္ကသိုလ်အဆင့်မှာ ဖွဲ့စည်းခွင့်ရပါတယ်။ တက္ကသိုလ်တိုင်းမှာ ကျောင်းသားသမဂ္ဂတွေ ရှိကြပါတယ်။ တရုတ်ဘာသာစကားနဲ့ 'ရွှယ်စင်းဟွေ့' လို့ ခေါ်ပါတယ်။ တက္ကသိုလ်အလိုက် ကျောင်းသားသမဂ္ဂအဖွဲ့ဝင်ဖြစ်ဖို့ သတ်မှတ်ချက်တွေ မတူကြပါဘူး။ တူညီတာတစ်ခုက ကျောင်းသားသမဂ္ဂအားလုံးကို တရုတ်ပြည်ကွန်မြူနစ်




၁၉၈၉ ခုနှစ် မေလ ၂၈ ရက်နေ့တွင်တွေ့ရသော ထင်အန်မင်ကျောင်းသားသပိတ်စခန်းတစ်ခု။

လူငယ်အဖွဲ့က ထိန်းချုပ်ထားတာဖြစ်တယ်။ ဒါကြောင့် သူတို့ရဲ့ လှုပ်ရှားမှုမှန်သမျှဟာ ကွန်မြူနစ်လူငယ်အဖွဲ့ရဲ့ ကွပ်ကဲမှုနဲ့ပဲ လှုပ်ရှားရတာမို့ လွတ်လပ်မှုအထူးကိုအားနည်းတာ ဖြစ်ပါတယ်။အဲဒီလို အချုပ်အချယ်ခံထားရတဲ့ အောက်မှာတောင် ကျောင်းသားသမဂ္ဂထဲက ဒီမိုကရေစီလိုလားတဲ့ ကျောင်းသားခေါင်းဆောင်တွေဟာ ကျောင်းသားထုတစ်ရပ်လုံးကို လှုံ့ဆော်ပြီး ၁၉၈၉

ခုနှစ် ဧပြီလကစလို့ ကမ္ဘာကျော်တဲ့ ထင်အန်မင် ဒီမိုကရေစီရေး ဆန္ဒပြပွဲကြီးကို ဖော်ထုတ်ခဲ့ကြပါတယ်။ ကျောင်းသားခေါင်းဆောင်တွေဟာ အစပိုင်းမှာ ဒီမိုကရေစီရေးကို ရှေ့တန်းတင်ခဲ့ကြပေမယ့် နောက်ပိုင်းကျတော့ တစ်ပြည်လုံးက ကျောင်းသားတွေပါဝင်နိုင်ရေးကို ရှေ့ရှုပြီး လာဘ်စားမှု ပပျောက်ရေးနဲ့ ခရိုနီပပျောက်ရေးကြွေးကြော်သံနှစ်ခုကိုသာ တင်ခဲ့ကြတယ်။ တကယ်လည်း တစ်ပြည်လုံးက ကျောင်းသားတွေဟာ ပေကျင်းမြို့တော်ကို ချီတက်လာကြပြီး တစ်ခဲနက်ဆန္ဒပြခဲ့ကြတယ်။ တရုတ်ပြည်ကွန်မြူနစ် ပါတီခေါင်းဆောင်တွေဟာ ကျောင်းသားတွေနဲ့ ဘယ်လိုမှ စေ့စပ်လို့မရတဲ့ အဆုံး ၁၉၈၉ ခုနှစ် ဇွန်လ ၃ ရက်နေ့မှာ တပ်မီတော်ခြေလျင်တပ်တွေနဲ့ တင့်ကားတပ်တွေ သုံးပြီး အပြုတ်ချေမှုန်းခဲ့ကြတယ်။ ကျောင်းသားတွေရော ကျောင်းသားတွေကို ဝန်းရံအားပေးတဲ့ အရပ်သားတွေပါ သေသူသေ၊ ဒဏ်ရာရသူရ ဖြစ်ကုန်ကြတယ်။ ပေကျင်းမြို့မှာသာမက ကျန်တဲ့မြို့ကြီးတွေမှာလည်း အလားတူ ချေမှုန်းတာခံခဲ့ရတယ်။ သုံးရက်လောက် ဖြိုခွင်းယူရတယ်။ တရုတ်အစိုးရရဲ့ တရားဝင်ထုတ်ပြန်ချက်အရ ကျောင်းသား ၃၆ ယောက်၊ အရပ်သား ၁၇၂ ယောက်၊ တပ်မီတော်က စစ်သား ၁၀ ယောက်၊ လက်နက်ကိုင်ရဲတပ်ဖွဲ့ဝင် ၁၃ ယောက်အပါအဝင် စုစုပေါင်း ၂၄၁ ယောက် သေဆုံးပြီး ၇၀၀၀ ကျော် ဒဏ်ရာရခဲ့တယ်လို့ ဆိုပါတယ်။ လက်တွေ့မှာတော့ တရုတ်အစိုးရ ထုတ်ပြန်ကြေညာတဲ့အရေအတွက်ထက် ပိုများတယ်လို့ နိုင်ငံတကာက ပြောဆိုခဲ့ကြပါတယ်။

အဲဒီဆန္ဒပြပွဲကြီးကို ဖြိုခွင်းပြီးနောက်မှာ တရုတ်အစိုးရဟာ ကျောင်းသားသမဂ္ဂတွေကို ပိုပြီး တင်းတင်းကျပ်ကျပ် ချုပ်ကိုင်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီဆန္ဒပြပွဲကြီးကိုလည်း တန်ပြန်တော်လှန်ရေးလှုပ်ရှားမှုလို့ နာမည်ပေးခဲ့ပါတယ်။ ဒါပေမယ့် ကျောင်းသားတွေနဲ့ ပြည်သူတွေကို အင်အားသုံးဖြိုခွင်းခဲ့တဲ့အတွက် ပေါ်ပေါက်လာတဲ့ရလဒ်တွေကတော့ တရုတ်ပြည်ထိပ်ပိုင်းခေါင်းဆောင်တွေ အပြောင်းအလဲဖြစ်ကုန်တယ်။ နိုင်ငံတကာက (တရုတ်ပြည်လက်အောက်ခံနိုင်ငံတွေမှအပ) ပြစ်တင်ရှုတ်ချခြင်း ခံခဲ့ရတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပသမဂ္ဂက တရုတ်ပြည်ကို လက်နက်ရောင်းမပေးတော့ဘူးလို့ ဆုံးဖြတ်ချက်ချလိုက်တာ ယနေ့အထိ ရောင်းမပေးတော့ပါဘူး။





၁၉၈၉ ထင်အန်မင်ကျောင်းသားသပိတ်ကို
တရုတ်အစိုးရက အင်အားသုံးချေမှုန်းခဲ့ပုံ။

တရုတ်ပြည်တွင်းကျောင်းသားသမဂ္ဂတွေဟာ ကွန်မြူနစ်လူငယ်အဖွဲ့ရဲ့ ထိန်းချုပ်မှုအောက်မှာ ငြိမ်သက်သွားခဲ့ပေမယ့် ပြည်ပရောက် ကျောင်းသားသမဂ္ဂတွေကတော့ ဇွန်လ ၄ ရက်နေ့ရောက်တိုင်း ကျောင်းသားနဲ့ ပြည်သူတွေ သွေးမြေကျရတဲ့နေ့အဖြစ် အထိမ်းအမှတ်ပွဲတွေ ဆက်လုပ်နေကြတယ်လို့ သိရပါတယ်။

## အမေရိကန်ပြည်ထောင်စုကျောင်းသားသမဂ္ဂ

အမေရိကန်ပြည်ထောင်စုဟာ ဒီမိုကရစီနိုင်ငံကြီး ဖြစ်လေတော့ ကျောင်းသားသမဂ္ဂတွေဟာ လွတ်လပ်မှုအပြည့်အဝ ရှိကြပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ ကျောင်းသားသမဂ္ဂဆိုတဲ့ အခေါ်အဝေါ်ကို မသုံးနှုန်းဘဲ ကျောင်းသားအစိုးရ ဒါမှမဟုတ် ကျောင်းသားအုပ်ချုပ်ရေးအဖွဲ့ (Student Government) လို့ သုံးနှုန်းပါတယ်။ အိုင်အိုဝါပြည်နယ် တက္ကသိုလ်မှာ ကျောင်းသားထုရဲ့ အုပ်ချုပ်ရေးအဖွဲ့ ဒါမှမဟုတ် ကျောင်းသားထုရဲ့အစိုးရ (Government of the Student Body) လို့ သုံးပါတယ်။ ယေးလ်တက္ကသိုလ်မှာ ယေးလ်ကောလိပ်ကောင်စီ (Yale College Council) လို့ သုံးနှုန်းပါတယ်။ အနှစ်သာရက အတူတူပါ။

ကျောင်းသားအုပ်ချုပ်ရေးအဖွဲ့တွေဟာ သက်ဆိုင်ရာတက္ကသိုလ်တွေအလိုက် ဖွဲ့စည်းပုံကွဲပြားမှုတွေ ရှိကြပါတယ်။ ဆေးကျောင်းတွေ၊ ပုဂ္ဂလိကတက္ကသိုလ်တွေမှာ သီးသန့်ဖွဲ့စည်းပုံသဘောဆောင်တဲ့ကျောင်းသားအုပ်ချုပ်ရေးအဖွဲ့တွေ ရှိကြပါတယ်။ တချို့ကျောင်းသားအုပ်ချုပ်ရေးအဖွဲ့တွေဟာ ရန်ပုံငွေ (ဘတ်ဂျက်) တောင့်တင်းကြပါတယ်။ လော့စ်အိန်ဂျယ်လိစ်မှာရှိတဲ့ ကာလီဖိုးနီးယားတက္ကသိုလ်က ကျောင်းသားအုပ်ချုပ်ရေးအဖွဲ့ဆိုရင်(၂၀၁၃ ခုနှစ်စာရင်းအရ) ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၉ သန်း ပိုင်ဆိုင်ထားပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ လစ်ဘရယ်အနုပညာကောလိပ်ကျောင်းတွေကျတော့ ကောလိပ်ကျောင်းတစ်ကျောင်းကို ကျောင်းသားအုပ်ချုပ်ရေးအဖွဲ့တစ်ဖွဲ့မထားဘဲ စုပေါင်းပြီး တစ်ဖွဲ့တည်း ဖွဲ့ထားကြတာလည်း ရှိပါတယ်။ အတော်များများ ကျောင်းတွေမှာ ကျောင်းသားဆရာကောင်စီ **(Student-Faculty Council)** တွေလည်း ဖွဲ့ထားကြပါတယ်။ အဲဒီ ကောင်စီ

ကို ကျောင်းသားအုပ်ချုပ်ရေးအဖွဲ့က ကျောင်းသားတွေနဲ့ ဆရာတွေထဲကနေ ရွေးကောက်တင်မြှောက် ဖွဲ့စည်းထားကြတာပါ။

အတော်များများ ကျောင်းသားအုပ်ချုပ်ရေးအဖွဲ့တွေဟာ အမေရိကန် ပြည်ထောင်စုအစိုးရရဲ့ ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းထားကြပါတယ်။ အခွင့်အာဏာပိုင်း၊ ဥပဒေပြုအပိုင်း၊ တရားစီရင်ရေးအပိုင်းဆိုတဲ့ အစိတ်အပိုင်းတွေ ပါဝင်တယ်။ ဗဟိုအစိုးရဖွဲ့စည်းပုံမှာ မပါဝင်တဲ့အစိတ်အပိုင်းတွေ ထည့်သွင်းထားတာလည်းရှိတယ်။ ဥပမာအားဖြင့်-ဥပဒေပြုဗီတိုအာဏာ (Legislative Veto)၊ ပရိုဂရမ်ဌာနခွဲတွေ (Programming Branches)၊ ဦးဆောင်အစိတ်အပိုင်းတွေ (Initiatives)၊ ပြန်လည်ခေါ်ယူရေး အစိတ်အပိုင်း (recall)၊ ဆန္ဒခံယူပွဲအစိတ်အပိုင်း (Referendum) တွေ ပါဝင်တာမျိုး ဖြစ်ပါတယ်။ တချို့ကိစ္စတွေမှာ ကျောင်းသားအုပ်ချုပ်ရေးအဖွဲ့တွေဟာ ကော်ပိုရိတ်ပုံစံကို အတုခိုးကြတယ်။ စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်ရတဲ့ရုံးအဖွဲ့တွေအတွက် ဘဏ္ဍာရေးဆိုင်ရာဒုတိယဉက္ကဋ္ဌ အဆင့်နေရာတွေ၊ ဒါရိုက်တာ အဆင့်နေရာတွေ ခန့်အပ်ပေးထားတာမျိုးပါ။

ကျောင်းသားအုပ်ချုပ်ရေးအဖွဲ့ရဲ့ တာဝန်ရှိမှုတွေက အောက်ပါအတိုင်း ဖြစ်ပါတယ်။


- ကျောင်းသူကျောင်းသားထုတစ်ရပ်လုံးနဲ့ ပတ်သက်မှုတွေ၊ အကျိုးစီးပွားတွေကို ကိုယ်စားပြုပြီး ကောလိပ်အဆင့် ကျောင်းသူကျောင်းသားတွေ၊ မဟာဌာန ဆရာဆရာမတွေ၊ အုပ်ချုပ်ရေးမှူးတွေ၊ ရုံးအဖွဲ့ဝင်တွေနဲ့ ဖွဲ့စည်းထားတဲ့ ကော်မတီတွေမှာ တာဝန်ထမ်းဆောင်ခြင်း
- စည်းမျဉ်းအရ ထုတ်ပေးဖို့လိုအပ်တဲ့ငွေကြေးတွေကို ကျောင်းသားရေးရာ လှုပ်ရှားမှုတွေအတွက် ကလပ်တွေ၊ အဖွဲ့အစည်းတွေ၊ တက္ကသိုလ်နယ်မြေအတွင်းက ရုံးတွေအတွက် ခွဲဝေပေးရခြင်း
- တက္ကသိုလ်နယ်မြေအဆင့် အစီအစဉ်တွေအတွက် ငွေကြေး ကျောထောက်နောက်ခံ ပြုပေးရခြင်း (ကျောင်းသူကျောင်းသားဟောင်းတွေ ပြန်လည်တွေ့ဆုံပွဲ၊ တေးဂီတဖျော်ဖြေပွဲ၊ အခမ်းအနားပွဲ၊ ဟောပြောပွဲ၊ ဖျော်ဖြေတင်ဆက်မှုပွဲ၊ လျှော့ဈေးကတ်ပြားပေးပွဲ၊ စာအုပ်လဲလှယ်ပွဲ အစရှိတဲ့ အစီအစဉ်မျိုးတွေ ဖြစ်ပါတယ်။)
- ကျောင်းသားအဖွဲ့အစည်းတွေအတွက် စည်းမျဉ်းဥပဒေရေးဆွဲပေးခြင်း

**ကျောင်းသားအုပ်ချုပ်ရေးအဖွဲ့တွေနဲ့ တက္ကသိုလ်အုပ်ချုပ်ရေးရုံး ဆက်စပ်မှု**

အမေရိကန်ပြည်ထောင်စုက အများစုတက္ကသိုလ်နဲ့ကောလိပ်တွေ (အစိုးရပိုင်ဖြစ်စေ၊ ပုဂ္ဂလိကပိုင်ဖြစ်စေ) ကို အုပ်ချုပ်ရေး ဘုတ်အဖွဲ့ (Board of Trustees) ဒါမှမဟုတ် ရင်ခွင်ပိုက်အုပ်ချုပ်ရေးဘုတ်အဖွဲ့ (Board of Regents) နဲ့ အုပ်ချုပ်ပါတယ်။ **၂၀၁၃ ခုနှစ်မှာ ပြုလုပ်ခဲ့တဲ့ကွင်းဆင်းလေ့လာမှုတွေအရ အုပ်ချုပ်ရေးဘုတ်အဖွဲ့ထဲမှာ ကျောင်းသားအုပ်ချုပ်ရေးအဖွဲ့ထဲက ကျောင်းသားတစ်ဦးဟာ မဲပေးပိုင်ခွင့်ရှိတဲ့ဘုတ် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရတဲ့ ကျောင်းသားအုပ်ချုပ်ရေးအဖွဲ့ဟာ ရှိရှိသမျှ ကျောင်းသားအုပ်ချုပ်ရေးအဖွဲ့တွေရဲ့ ၂၀ ရာခိုင်နှုန်းပဲ ရှိသေးတယ်လို့ သိရပါတယ်။**

**စံပြကျောင်းသားအုပ်ချုပ်ရေးအဖွဲ့အဆောက်အဦတွေ**

အမေရိကန်ပြည်ထောင်စုမှာ ကျောင်းသားသမဂ္ဂ အဆောက်အဦတွေဟာ သက်ဆိုင်ရာတက္ကသိုလ်ကောလိပ်တိုင်းမှာ ရှိကြပါတယ်။ ကျောင်းသားအရေးလှုပ်ရှားမှုဗဟိုဌာနချုပ်လို့ ခေါ်ပါတယ်။ အဲဒီအဆောက်အဦတွေမှာ ကျောင်းသူကျောင်းသားတွေကို ဖြည့်ဆည်းပေးထားတဲ့အချက်အလက်တွေ လုံးဝပြည့်စုံတယ်လို့ ပြောနိုင်ပါတယ်။ စံပြကျောင်းသားအုပ်ချုပ်ရေးအဖွဲ့ အဆောက်အဦ ၃၀ လောက်ရှိတဲ့အထဲက နံပါတ်တစ် စွဲတဲ့အဆောက်အဦ တစ်ခုကို တင်ပြပေးပါ့မယ်။



**အမေရိကန်ပြည်ထောင်စု 'ဟိုင်းဗွိုင်' တက္ကသိုလ်က ကျောင်းသားအရေးလှုပ်ရှားမှုဗဟိုဌာနချုပ်အဆောက်အဦ။**

အဲဒီအဆောက်အဦကတော့ High Point တက္ကသိုလ်က ကျောင်းသားအရေး လှုပ်ရှားမှုဗဟိုဌာနချုပ်အဆောက်အဦ ဖြစ်ပါတယ်။ ခမ်းနားမှုကို ပုံမှာ တွေ့နိုင်ပါတယ်။ အားကစားရုံ၊ ရေကူးကန်၊ စားသောက်ဆိုင်တန်း၊ စာအုပ်ဆိုင်၊ ရုံးခန်း၊ နားနေခန်း အစုံအလင် ပါဝင်ဖွဲ့စည်းထားပါတယ်။ စာတိုက်ရုံးနဲ့ပါ တွဲဆက်ပေးထားပါတယ်။ အစည်းအဝေးခန်းတွေလည်း ပါဝင်ပါတယ်။

အခုတင်ဆက်ပေးခဲ့တာတွေဟာ အစပျိုးချက်မျှသာ ဖြစ်ပါတယ်။ ဆက်လက်လေ့လာမယ်ဆိုရင် ကမ္ဘာတစ်ဝန်းလုံးမှာ လေ့လာစရာ ကျောင်းသားသမဂ္ဂတွေ အများကြီးရှိပါတယ်။ တကယ်တော့ နိုင်ငံတကာကို လေ့လာတယ်ဆိုရာမှာလည်း ပုံတူကူးချဖို့ မလိုပါဘူး။ လိုရာဆွဲသုံးဖို့လည်း မဟုတ်ပါဘူး။ ကိုယ်မလုပ်ချင်တဲ့အရာတစ်ခုအတွက် ဟိုနိုင်ငံမှာ အဲဒီလိုလုပ်မထားလို့ မလုပ်သင့်ပါဘူး ဆိုတဲ့အကြောင်းပြချက်မျိုးကလည်း မမှန်ကန်ဘူးလို့ ထင်ပါတယ်။ နိုင်ငံတကာကနေ မိမိအတွက် အကျိုးပြုတာတွေကိုသာ ဆွဲထုတ်အသုံးချရမှာပါ။

ဘာပဲဖြစ်ဖြစ် အခုပေါ်ပေါက်နေတဲ့ ကျောင်းသားအရေးဟာ နိုင်ငံတော်အစိုးရအတွက် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပါတယ်။ ကျောင်းသူကျောင်းသားတွေအတွက်၊ ပညာရေးကဏ္ဍအတွက် အကျိုးရှိမယ့်အချက်အလက်တွေကို ညှိနှိုင်းဆွေးနွေး တည်ဆောက်ပေးခြင်းအားဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမှာ အထောက်အကူဖြစ်သွားလိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။

စောင့်ကြည့်သတင်းဂျာနယ် (၁၀-၃-၂၀၁၅)

❖ ❖ ❖

# ကွန်မြူနစ်ပညာရေးမဟုတ်တဲ့ အမျိုးသားပညာရေးဥပဒေပေါ်ထွန်းရေး

ကျောင်းသားတွေက အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ပေးရေး တောင်းဆိုခဲ့ကြပြီး ဒီမိုကရေစီကျတဲ့ ပညာရေးဥပဒေတစ်ရပ်ကို 'ပညာရေး စနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်' (National Network for Education Reform-NNER) အကူအညီနဲ့ တင်ပြလာတဲ့အပေါ် ဟိုက ဒီကနေ အသံတွေ ထွက်လာပါတယ်။ အတော်များများ အသံတွေဟာ ကျောင်းသားတွေ တင်ပြတဲ့ပညာရေးဥပဒေကို ဆန့်ကျင်ရရင် ပြီးရောဆိုပြီး အခြေအမြစ်မခိုင်လုံတဲ့ ပြောဆိုမှုတွေဖြစ်နေတာ တွေ့ရပါတယ်။ အဆိုးဆုံး အသံကတော့ ကျောင်းသားတွေ တင်ပြတဲ့ဥပဒေအတိုင်းသာ လိုက်လုပ်မယ် ဆိုရင် ကွန်မြူနစ်ပညာရေး ဖြစ်သွားမယ်ဆိုတာပါပဲ။ အခြေအမြစ်မရှိ မှားယွင်းတဲ့ ပြောဆိုချက်ဖြစ်ပေမယ့် မသိတဲ့လူတွေက အဟုတ်မှတ်သွားမှာ စိုးရတာမို့ ကွန်မြူနစ်ပညာရေးဆိုတာကို လေ့လာဖို့ လိုအပ်လာပါတယ်။

အရိုးရှင်းဆုံး ပြောရရင်တော့ ကွန်မြူနစ်ပညာရေးဆိုတာ ဥပဒေလေး ရေးဆွဲတင်ပြရုံနဲ့ ပေါ်ပေါက်လာနိုင်တဲ့ပညာရေးမျိုး မဟုတ်ပါဘူး။ ကွန်မြူနစ် ပါတီ အာဏာရမှသာ ရေးဆွဲကျင့်သုံးနိုင်တဲ့ဥပဒေ ဖြစ်ပါတယ်။ ကွန်မြူနစ် ပါတီ အာဏာမရဘဲ ကွန်မြူနစ်ပညာရေး ဖြစ်သွားလိမ့်မယ်လို့ ပြောသူဟာ ကွန်မြူနစ်တစ္ဆေခြောက်လှန့်ခြင်းခံနေရသူ ဖြစ်ပါလိမ့်မယ်။ မဟုတ်ရင်လည်း ကွန်မြူနစ်တစ္ဆေကြီးနဲ့ အများပြည်သူကို ခြောက်လှန့်ချင်တာဖြစ်ပါလိမ့်မယ်။

သူ ခြောက်လှန့်ချင်တာက အရေးမကြီးပေမယ့် အရှိကို အရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း ပြောတာမဟုတ်လို့ (ကြားထဲကနေ) ဝင်ရောက်ဆွေးနွေးချင်တာ ဖြစ်ပါတယ်။

ဒါဆိုရင် ကွန်မြူနစ်ပညာရေးဆိုတာ ဘာလဲ။




N.I. Bhukharin and E. Preobrazhensky တို့ ရေးသားတဲ့ 'ကွန်မြူနစ်ဝါဒနဲ့ ပညာရေး' (Communism and Education) အခန်းကနေ ကောက်နုတ်တင်ပြလိုက်ပါတယ်။

*ပညာရေးဆိုတဲ့ကိစ္စရပ်မှာ တခြားကိစ္စရပ်တွေလိုပဲ ကွန်မြူနစ်ပါတီဟာ တည်ဆောက်ရေးလုပ်ငန်းတာဝန်တွေ သက်သက်သာ ထမ်းဆောင်ရမှာ မဟုတ်ဘဲ အစပိုင်းမှာ ဖျက်ဆီးရေးလုပ်ငန်းတာဝန်တွေနဲ့ လှုပ်ရှားရမှာ ဖြစ်ပါတယ်။ အရင်းရှင်စနစ်ဟာ သူ့ရဲ့အမွေဆိုးတွေကို ပညာရေးစနစ်အတွင်းမှာ ချန်ထားရစ်ခဲ့တာဖြစ်လို့ အရင်းရှင်လူတန်းစားဥပဒေရဲ့ ကိရိယာတန်ဆာပလာတစ်ခုဖြစ်တဲ့ စာသင်ကျောင်းတွေနဲ့အတူ တည်ရှိနေတဲ့အရာကိစ္စမှန်သမျှကို အလျင်အမြန် ဖျက်ဆီးပစ်ရမှာ ဖြစ်ပါတယ်။*

အရင်းရှင်စနစ်အောက်မှာ စာသင်ကျောင်းတွေကို အဆင့်မြင့်သထက်မြင့်အောင် ဆောက်လုပ်ထားတာဟာ သွေးစုပ်သူလူတန်းစားတွေရဲ့ သာမန်လူ အနားတောင်မသီနိုင်တဲ့ အဖိုးတန်ပိုင်ဆိုင်မှုတွေအဖြစ် ဖန်တီးထားတာပဲ။

အဲဒီလို ကျောင်းမျိုးတွေဖြစ်တဲ့ အဆင့်မြင့်ဂုဏ်ထူးဝင်မြောက်ကျောင်းတွေ၊ အဆင့်မြင့် ခေတ်မီကျောင်းတွေ၊ တက္ကသိုလ်တွေ၊ စစ်တပ်၊ ရဲတွေဆိုင်ရာ ဗိုလ်လောင်းသင်တန်းကျောင်းတွေ အားလုံးကို ဖျက်ဆီးပစ်ရမယ်။

အရင်းရှင်စာသင်ကျောင်းတွေက သင်ကြားရေးဝန်ထမ်းတွေဟာ အရင်းရှင် ယဉ်ကျေးမှုနဲ့ လိမ်ညာမှုတွေကို သင်ကြားပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်အောက်မှာ တာဝန်ထမ်းဆောင်နေကြသူတွေ ဖြစ်တယ်။ အဲဒီလို ကျောင်းဟောင်းတွေက ဆရာဆရာမတွေဟာ ကွန်မြူနစ်အသိဉာဏ် ပွင့်လင်းလာတဲ့ လူထုကြီးရဲ့ အသုံးချကိရိယာတွေ ဖြစ်မလာနိုင်ဘူးဆိုရင် ဒါမှမဟုတ် ဖြစ်လာမှာ မဟုတ်ဘူးဆိုရင် ကျွန်တော်တို့ရဲ့ ပစ္စည်းမဲ့ကျောင်းတွေကနေ အညှာတာကင်းမဲ့စွာ မောင်းထုတ်ပစ်ရမယ်။

အစိုးရအဟောင်းရဲ့ကျောင်းတွေက ဆရာဆရာမတွေဟာ အရင်းရှင်စိတ်ဓာတ်ကို သွတ်သွင်းခံထားရသူတွေ ဖြစ်တယ်။ အဲဒီကျောင်းတွေက သင်ကြားရေးနည်းလမ်းတွေဟာ အရင်းရှင်လူတန်းစား အကျိုးစီးပွားကို ထမ်းဆောင်ဖို့ လေ့ကျင့်ပေးတဲ့နည်းလမ်းတွေပဲ။ ကျွန်တော်တို့ရဲ့ကျောင်းသစ်တွေမှာ အဲဒီလိုအရာကိစ္စအားလုံးကို တံမြက်စည်းလှဲသလို လှဲပြီး သန့်ရှင်းရေးလုပ်ပစ်ရမယ်။

ကျောင်းဟောင်းတွေဟာ လုံးဝဥဿုံ ဘာသာရေးနဲ့ ပေါင်းစပ်ထားကြတယ်။ ဘာသာရေးကို မသင်မနေရ ပြဋ္ဌာန်းထားတယ်။ ဘာသာရေးဆုတောင်းမှုတွေ မလုပ်မနေရ လုပ်ရတယ်။ ဘုရားရှိခိုးကျောင်းကို မသွားမနေရ သွားရတယ်။ ကျောင်းသစ်တွေမှာ ဘာသာရေးကို ကျောင်းနံရံအပြင်ဘက်ရောက်အောင် အတင်းအကျပ် မောင်းထုတ်ပစ်ရမယ်။ ဖောက်ပြန်ရေး အုပ်စုမိဘတွေက ဘာသာရေးကို ကျောင်းဝင်းထဲ ပြန်သွင်းချင်လို့ အပျော့စားပုံစံနဲ့ တင်ပြလာတာဖြစ်ဖြစ်၊ ဟန်ဆောင်ပန်ဆောင်အသွင်နဲ့ တင်ပြလာတာဖြစ်ဖြစ် လက်ခံလို့မဖြစ်ဘူး။

တက္ကသိုလ်အဟောင်းတွေဟာ သိပ်သည်းတဲ့ ပါမောက္ခ ကော်ပိုရေးရှင်းကြီးတစ်ခုကို ဖန်တီးထားတယ်။ ဆရာဂိုဏ်းကြီးပေါ့။ အဲဒီဂိုဏ်းကြီးက တက္ကသိုလ်ထဲကို သစ်လွင်တဲ့သင်ကြားရေးအင်အားတွေ ဝင်မလာအောင် ကာဆီးထားကြတယ်။ သိပ်သည်းတဲ့ အရင်းရှင်ပါမောက္ခကော်ပိုရေးရှင်း

ကြီးကို မသိပ်သည်းအောင် လုပ်ပစ်ရမယ်။ ပါမောက္ခ ထိုင်ခုံတွေကို အခန်းပြင် လွှင့်ပစ်ပြီး အဆင့်ရှိတဲ့ကျောင်းဆရာတွေကို ထိုင်ခွင့်ရအောင် လုပ်ပေးရမယ်။

အထက်ဖော်ပြပါစာသားတွေကို ကြည့်ရင် အဲဒီလိုလုပ်ခွင့်ရဖို့ဆိုတာ ကွန်မြူနစ်ပါတီ အာဏာရမှသာ လုပ်ခွင့်ရမှာ မဟုတ်ပါလား။ ကျောင်းသားတွေ တင်ပြတဲ့ဥပဒေမူကြမ်းမှာ အဲဒီလိုအချက်တွေများ ပါလို့လား။ ဘာသာရေးကျောင်းများဆိုတဲ့ စာလုံးလေးတစ်လုံးကို ထောက်ပြပြီး ဘက ကျောင်းတွေ အဖျက်ခံရတော့မယ်၊ အာရ်ဗီဘာသာတွေ သင်ပေးတော့မယ် လျှောက်အော်နေလိုက်သေးတယ်။ ကွန်မြူနစ်ပညာရေးသာဆိုရင် ဘာသာရေးကို လုံးဝ ကျောင်းဝင်းထဲ အဝင်မခံဘူးဆိုတာ သိထားပါ။ ဘယ်ဘာသာရေးကိုမှ ကျောင်းထဲ အဝင်ခံမှာမဟုတ်ပါဘူး။

ဒီ့ထက်ပိုပြီး ရှင်းရှင်းလင်းလင်း သိရအောင် တောင်ကိုရီးယားနိုင်ငံ Gangwon ပြည်နယ်၊ Hoengseong မြို့ရှိ 'ကိုရီးယား မင်ဂျော့ ခေါင်းဆောင်မှုဆိုင်ရာ အကယ်ဒမီကျောင်း' (Korean Minjok Leadership Academy) ရဲ့ နိုင်ငံတကာအစီအစဉ်က Jeong Hae Yoon ရဲ့ လေ့လာရေးစာတမ်း (၂၀၀၉) ကနေ ကောက်နုတ်ဖော်ပြပေးပါ့မယ်။ စာတမ်း ခေါင်းစဉ်က 'ကွန်မြူနစ်နိုင်ငံများအတွင်း ပညာရေးသမိုင်းကြောင်း' ဖြစ်ပါတယ်။

## ယေဘုယျသဘော ကွန်မြူနစ်ပညာရေး

### ၁။ ပညာရေးရည်ရွယ်ချက်များ

ကွန်မြူနစ်နိုင်ငံတွေဟာ နိုင်ငံသူနိုင်ငံသားတွေရဲ့ အတွေးအခေါ်နဲ့ စိတ်ကူးစံတွေကို မာ့က်စ်ဝါဒလီနင်ဝါဒအတွေးအခေါ်အတိုင်း ဖြစ်သွားအောင် ပုံသွင်းဖို့၊ ပြန်လည်ပညာပေးဖို့ဖြစ်ပါတယ်။ အဲဒီလိုလုပ်နိုင်ဖို့ရာ စာသင်ကျောင်းတွေ၊ အဆင့်မြင့်ပညာရေးအဆောက်အအုံတွေနဲ့ လူငယ်လှုပ်ရှားမှုတွေဟာ အခရာကျတဲ့အဆင့်နေရာတွေကနေ ပါဝင်နေပါတယ်။ ကွန်မြူနစ်အစိုးရတွေဟာ ပညာရေးကို နိုင်ငံရေးအတွက် အထူးပြုပြီး မြင့်တင်ပေးပါတယ်။ ကွန်မြူနစ်အစိုးရတွေဟာ စာသင်ကျောင်းတွေကို စစ်တပ် အင်အားဖြည့်တင်းနိုင်ရေးအတွက် အခြေခံဖြစ်အောင် တည်ထောင်ပါတယ်။ လူအများ

စုကြီးကို အတွေးအခေါ် ရိုက်သွင်းပေးရာ နေရာဖြစ်အောင် တည်ထောင်ပါတယ်။ ကွန်မြူနစ်အထူးယဉ်ကျေးမှု ပေါ်ထွန်းလာဖို့ရာ ဆိုရှယ်လစ် ယဉ်ကျေးမှုကို လက်တွေ့ကျင့်သုံးနိုင်ဖို့အတွက် ပညာရေးကို အသုံးချဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ဆိုဗီယက်ယူနီယံနဲ့ တခြားကွန်မြူနစ်နိုင်ငံတွေဟာ လူမှုအဖွဲ့အစည်းအသစ်တစ်ခုကို ပုံစံသစ် နိုင်ငံသူနိုင်ငံသားတွေနဲ့ ထူထောင်နိုင်ဖို့အတွက် ပညာရေးကို ကိရိယာတန်ဆာပလာတစ်ခုအဖြစ် အသုံးချဖို့ ရည်ရွယ်ထားပါတယ်။

## ၂။ ပညာရေးပန်းတိုင်များ

ကွန်မြူနစ်တွေဟာ အာဏာရပြီးတာနဲ့ ပညာရေးဘက်မှာ အဓိကကျတဲ့ လုပ်ငန်းတာဝန်ကြီး ၃ ခုကို လုပ်ဆောင်ပါတယ်။ (၁) စာမတတ်တဲ့ပြည်သူလူထုအများအပြားကို စာရေးတတ် စာဖတ်တတ်အောင် သင်ကြားပေးခြင်း (၂) နိုင်ငံရေးအဖွဲ့အစည်းတွေမှာ ပါဝင်အလုပ်လုပ်နိုင်ဖို့၊ စိုက်ပျိုးရေးနဲ့ စက်မှုကုန်ထုတ်လုပ်ငန်းတွေမှာ ပါဝင်အလုပ်လုပ်နိုင်ဖို့၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုမှာ ပါဝင်အလုပ်လုပ်နိုင်ဖို့ လူပုဂ္ဂိုလ်အသီးသီးကို သင်တန်းပေးခြင်း (၃) လူထုကြီးရဲ့ ကမ္ဘာ့အမြင်၊ သဘောထား၊ စိတ်ခံစားမှုတွေ၊ အကျင့်စရိုက်တွေကို ပြန်လည်တပ်ဆင်ပေးခြင်းတို့ ဖြစ်ပါတယ်။ သန်းနဲ့ချီတဲ့ ကျောင်းသားတွေကို ကဏ္ဍအလိုက် သင်တန်းပေးပါတယ်။ မြေယာဥပဒေပညာရှင် ဒါမှမဟုတ် ကြီးကြပ်သူတွေဖြစ်အောင်၊ ရွေးကောက်ပွဲဥပဒေပညာရှင်တွေဖြစ်အောင်၊ စိုက်ပျိုးရေးနဲ့ စက်မှုပညာရှင်တွေဖြစ်အောင် သင်တန်းတွေ ပေးပါတယ်။ သင်တန်းပေးတဲ့နည်းလမ်းဟာ ကွန်မြူနစ်ပညာရေးရဲ့ လက္ခဏာ ဖြစ်ပါတယ်။

## ၃။ သိပ္ပံနဲ့ နည်းပညာပညာရေး

မာ့က်စ်ဝါဒလီနင်ဝါဒဟာ သိပ္ပံနဲ့ နည်းပညာပညာရေးကို အထူးအလေးထားပါတယ်။ အလယ်တန်းကျောင်းနဲ့ အထက်တန်းကျောင်းတွေမှာကတည်းက ကျောင်းသူကျောင်းသားတွေဟာ ကုန်ထုတ်လုပ်ရေးနဲ့ လုပ်အားစိုက်ထုတ်အလုပ်လုပ်မှုတွေကို သင်ကြားရပါတယ်။ လက်တွေ့လုပ်ကြရပါတယ်။ ဒါကြောင့် ဆယ်တန်းအထိ သင်ယူရတဲ့ဘာသာရပ်တွေမှာ ဘယ်

ဘာသာရပ်မဆို သိပ္ပံနဲ့နည်းပညာဆိုင်ရာ အချက်အလက်တွေ တွဲဖက်ပါဝင်နေတာချည်းပါပဲ။ သင်္ချာနဲ့ သဘာဝသိပ္ပံဘာသာရပ်နှစ်ခုကတော့ အထူးဂရုစိုက်သင်ယူရမယ့် ဘာသာရပ်တွေဖြစ်ပါတယ်။ ကျောင်းသူကျောင်းသားဘဝကတည်းက လုပ်ငန်းခွင်တွေမှာ လက်တွေ့ဝင်ရောက်လေ့ကျင့်ရပြီး ကျောင်းသားဘဝကနေ လုပ်ငန်းခွင်ကို တိုက်ရိုက်ကူးသွားနိုင်အောင် လေ့ကျင့်ပေးပါတယ်။

ဒီလောက် ဖော်ပြလိုက်ရင် ကွန်မြူနစ်ပညာရေးဟာ ဘုန်းတော်ကြီးသင်ပညာရေးတို့၊ ပုဂ္ဂလိကကျောင်းပညာရေးတို့၊ ဒီမိုကရေစီပညာရေးတို့အစရှိတဲ့ ဘယ်ပညာရေးနဲ့မှ မတူဘူးဆိုတာ သိသာထင်ရှားနေပါပြီ။ မြန်မာပြည်မှာလည်း ကွန်မြူနစ်ပညာရေးဆိုတာကို ဘယ်သူမှ မသင်ဖူး၊ မမြင်ဖူးခဲ့ကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာပြည်မှာ ကွန်မြူနစ်တွေ တစ်ခါမှ တိုင်းပြည်အုပ်ချုပ် မင်းမလုပ်ခဲ့ဖူးသေးလို့ပါပဲ။

အဲဒီလို တိုင်းပြည်အုပ်ချုပ် မင်းမလုပ်ခဲ့ဖူးသေးပေမယ့် အစိုးရ အဆက်ဆက်က ကွန်မြူနစ်ဆိုရင် အတော့်ကို ဆန့်ကျင်ခဲ့ကြတာ တွေ့ရပါတယ်။ ပါလီမန်ဒီမိုကရေစီစနစ်နဲ့ တိုင်းပြည်ကို အုပ်ချုပ်ခဲ့တဲ့ဦးနုအစိုးရကလည်း ကွန်မြူနစ်နဲ့ပတ်သက်ရင် ဓမ္မန္တရာယ် (ဓမ္မအန္တရာယ်) ဆိုပြီး ဝါဒဖြန့်ခဲ့ပါတယ်။ မြန်မာ့ဆိုရှယ်လစ်စနစ်နဲ့ တိုင်းပြည်အုပ်ချုပ်ခဲ့တဲ့ ဦးနေဝင်းကလည်း ကမ္ဘာ့ကွန်မြူနစ်တွေကို မဆန့်ကျင်ပါဘူး၊ ဗမာကွန်မြူနစ်တွေကိုတော့ ဆန့်ကျင်ပါတယ်ပြောပြီး တောက်လျှောက် ဆန့်ကျင်ခဲ့ပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးအဖွဲ့ဆိုတဲ့ နာမည်တွေနဲ့အုပ်ချုပ်ခဲ့တဲ့ အစိုးရသက်တမ်းတစ်လျှောက်မှာလည်း ကွန်မြူနစ်တွေကို တောက်လျှောက်ဆန့်ကျင်ခဲ့ပါတယ်။ အဲဒီအစဉ်အလာကနေပြီး ဘာဖြစ်ဖြစ် ကွန်မြူနစ်တံဆိပ်ကပ်ပြီး ခြောက်လှန့်တဲ့အကျင့်က ပါလာသလား အောက်မေ့ရပါတယ်။

ဒီလိုနဲ့ အမျိုးသားပညာရေးဥပဒေကိစ္စပေါ်လာတော့ ကျောင်းသားတွေဘက်က တင်ပြလာတဲ့ဥပဒေမူကြမ်းကို ကွန်မြူနစ်ပညာရေး ဖြစ်သွားလိမ့်မယ်လို့ တံဆိပ်ကပ်လိုက်ရင်ကောင်းမယ်လို့ တွေးမိသွားတယ် ထင်ပါရဲ့။ အစိုးရပိုင်းက တရားဝင်ထုတ်ပြောတာ မဟုတ်ပေမယ့် အဲဒီလို ပြောတဲ့အသံ

က ကျယ်ကျယ်လောင်လောင် ထွက်သွားတယ်။ ကျောင်းသားတွေ တင်ပြလာတဲ့ ဥပဒေမူကြမ်းဆိုတာလည်း 'ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက်' နဲ့ အကူအညီနဲ့ ရေးဆွဲလာတာဖြစ်တဲ့အပြင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု လုပ်နေတဲ့ အချိန်ကာလအတောအတွင်းမှာ ရေးသားခဲ့တာမို့ အမျိုးသားပညာရေး၊ ဒီမိုကရေစီပညာရေးကိုသာ အလေးထားတယ်လို့ သုံးသပ်မိပါတယ်။

တကယ်တမ်းမှာလည်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ဖို့ ကြိုးစားနေတဲ့ ဒီနေ့မြန်မာနိုင်ငံမှာ အမျိုးသားပညာရေးကို ဒီမိုကရေစီနည်းလမ်းကျကျ ဖော်ဆောင်သွားသင့်တာလည်း အမှန်ပါပဲ။ ကျောင်းသားတွေတင်ပြတဲ့ ပညာရေးဥပဒေမူကြမ်းမှာ အားနည်းချက်တွေ ပါနိုင်ပါတယ်။ မပြည့်စုံမှုတွေလည်း ပါဝင်နိုင်ပါတယ်။ အစိုးရက ရေးဆွဲခဲ့တဲ့ပညာရေးဥပဒေမူကြမ်းမှာလည်း မပြည့်စုံမှုတွေ မရှိဘူးလို့ ပြောလို့မရပါဘူး။ ဒါကြောင့် ဒီအချိန်ဟာ ခေါင်းချင်းဆိုင် တိုင်ပင်သင့်တဲ့အချိန်ပါ။ ပညာရေးဆိုင်ရာ ကျွမ်းကျင်သူတွေ၊ ဥပဒေပိုင်းဆိုင်ရာ ကျွမ်းကျင်သူတွေ၊ ဒီမိုကရေစီရေး ကျွမ်းကျင်သူတွေနဲ့အတူ ခေါင်းချင်းဆိုင် တိုင်ပင်ပြီး လိုတိုးပိုလျှော့ ပြင်ဆင်သင့်တဲ့အချိန်ပါ။ ကျောင်းသားတွေဘက်ကလည်း တို့တင်ပြတဲ့ဥပဒေမူကြမ်းက တစ်လုံးမကျန် အမှန်တွေချည့်ပဲလို့ ပြောလို့မဖြစ်သလို အစိုးရဘက်ကလည်း ရေးဆွဲပြီးသားဥပဒေမူကြမ်းကို ထွက်ပြီး ဆင်စွယ်ဝင်တယ်မရှိလို့ သဘောမထားသင့်ပါဘူး။ အရေးကြီးတာက လွှတ်တော်ကနေ အတည်ပြုပေးမယ့် ပညာရေးဥပဒေဟာ တစ်မျိုးသားလုံးအကျိုးစီးပွား (အထူးသဖြင့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး စလုံးရဲ့ အကျိုးစီးပွား) ကို ကိုယ်စားပြုပြီး ဒီမိုကရေစီ နည်းလမ်းကျကျ ရေးဆွဲထားတဲ့ ဥပဒေဖြစ်ခဲ့တယ်ဆိုရင် တစ်တိုင်းပြည်လုံးက ပြည်သူလူထုကြီးရဲ့ သားသမီးတွေအတွက် အကျိုးပြုတဲ့ ဥပဒေ ဖြစ်သွားပါလိမ့်မယ်။ ဒါတောင် အချိန်နဲ့အမျှ တိုးတက်ပြောင်းလဲနေတဲ့ခေတ်ကြီးအလိုက် နှစ်ကာလအချို့ ဖြတ်သန်းပြီးရင် ပြောင်းလဲလာတဲ့ အခြေအနေတွေနဲ့ ကိုက်ညီအောင် ပညာရေးဥပဒေကို ပြင်ဆင်တာ၊ ဖြည့်စွက်တာတွေ ဆက်လက် လုပ်ဆောင်သွားရဦးမှာပါပဲ။

ကျောင်းသားတွေဘက်က တင်ပြလာတဲ့ အမျိုးသားပညာရေးဥပဒေ

မူကြမ်းကို ဘယ်နေ့ ဘယ်လ ဘယ်ရက်မှာ အတည်ပြုပေးရမယ်လို့ တောင်းဆိုတာမျိုးဟာလည်း သဘာဝမကျပါဘူး။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်ကလည်း ပြည်နည်းပညာတက္ကသိုလ်၊ ပြည်ကွန်ပျူတာတက္ကသိုလ်နဲ့ ပြည်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွေက ကျောင်းသူကျောင်းသား ၄၅ ယောက်နဲ့ ပြည်မြို့ မင်္ဂလာဥယျာဉ်ခန်းမမှာ ၂၀၁၅ ခု မတ်လ ၂ ရက်နေ့က တွေ့ဆုံရာမှာ "လွှတ်တော်ကို ဘယ်နှရက်အတွင်း ပြီးအောင်လုပ်ရမယ်ဆိုတဲ့ ဖိအားပေးမှုမျိုးကတော့ မသင့်တော်ဘူး၊ ဥပဒေတစ်ခုဟာ အမြန်ဆုံးဖြစ်လာတယ်ဆိုတာထက် အကောင်းဆုံးဖြစ်အောင် ဆွေးနွေးညှိနှိုင်းအဖြေရှာပြီးတော့ ဥပဒေတစ်ခုပြဋ္ဌာန်းတာက ပိုပြီး သင့်တော်တဲ့ဥပဒေဖြစ်လိမ့်မယ်၊ လွှတ်တော်ထဲက ဘယ်နှရက်အတွင်းမှာ အပြီးပေးရမယ်ဆိုတဲ့ပုံစံမျိုးဟာ ဒီမိုကရေစီမဆန်ဘူး" လို့ ပြောခဲ့ကြောင်း 'အာရ်အက်ဖ်အေ' သတင်းအရ သိရပါတယ်။

ဒါ့ကြောင့် ကျောင်းသားနဲ့ အစိုးရအကြား အခြေအနေတွေ ဘယ်လိုပဲ ရှုပ်ထွေးခဲ့၊ ရှုပ်ထွေးခဲ့ တစ်မျိုးသားလုံး အကျိုးစီးပွားကို ကိုယ်စားပြုမယ့် အမျိုးသားပညာရေးဥပဒေတစ်ရပ် ပေါ်ထွန်းလာရေး ပင်မဦးတည်ချက်ဟာ သွေဖည်မသွားသင့်ပါဘူး။ ကျောင်းသားခေါင်းဆောင်တွေအနေနဲ့လည်း အမျိုးသားပညာရေးဥပဒေတစ်ရပ် ပေါ်ထွန်းလာရေး ပင်မဦးတည်ချက်ကို ဝေဝါးမသွားသင့်ပါဘူး။ ပင်မဦးတည်ချက်ကို ဘေးဖယ်ထားချင်တဲ့ ကျောင်းသားခေါင်းဆောင်တွေရှိခဲ့ရင် ကျောင်းသားထုတစ်ရပ်လုံးက ဆန့်ကျင်ကန့်ကွက်ရမှာ ဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီနည်းလမ်းကို ကျင့်သုံးတာပါပဲ။ အနည်းစုဟာ အများစုကို နာခံရပါလိမ့်မယ်။ စခဲ့ပြီးတဲ့ ဓာတ်လမ်းကို ဆုံးအောင်တော့ ကသင့်ပါတယ်။ ပင်မဦးတည်ချက်ပျောက်အောင် လုပ်ချင်တဲ့ ကျောင်းသားခေါင်းဆောင်တွေကို ကျောင်းသားထုက ရဲရဲရင့်ရင့် ဖြုတ်ချပစ်ရပါလိမ့်မယ်။ ကျောင်းသားခေါင်းဆောင်ဆိုတာ ကျောင်းသားထုက ထောက်ခံမှသာ ခေါင်းဆောင်ဖြစ်တာပါ။ အခုအချိန်မှာ ကျောင်းသားထုတစ်ရပ်လုံးကို ကိုယ်စားပြုနိုင်တဲ့၊ အမျိုးသားပညာရေးဥပဒေတစ်ရပ် အောင်အောင်မြင်မြင် ပေါ်ထွန်းရေးအတွက် အမြော်အမြင်ကြီးမားတဲ့ ကျောင်းသား

ခေါင်းဆောင်တွေ လိုအပ်နေပါပြီ။ ပေါ်ထွက်လာလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။

ချုပ်ပြောရရင် ကျောင်းသားတွေစခဲ့တဲ့ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ရေးဆွဲရေးကို ကျောင်းသားတွေပဲ အဆုံးသတ်ပေးသင့်ပါတယ်။ ကွန်မြူနစ်ပညာရေးမဟုတ်တဲ့ အမျိုးသားပညာရေးဥပဒေ ပေါ်ထွန်းရေးအတွက် လွှတ်တော်ထဲဝင်ပြီး ဂုဏ်သိက္ခာရှိရှိ ဆွေးနွေးညှိနှိုင်းနိုင်စွမ်းရှိတဲ့ ကျောင်းသားခေါင်းဆောင်တွေ အမြန်ဆုံးစိစစ်ရွေးချယ်ပြီး ရရှိထားတဲ့အခွင့်အရေးကို ဆက်လက်ဆုပ်ကိုင်သင့်ပါကြောင်း အကြံပေး ရေးသားလိုက်ရပါတယ်။

စောင့်ကြည့်သတင်းဂျာနယ် (၂၄-၃-၂၀၁၅)

❖ ❖ ❖

# ကျောင်းသားတွေ နိုင်တယ်၊ ဆက်လက် နိုင်ရမယ်

ပြင်သစ်နိုင်ငံမှာ Charlie Hebdo ဂျာနယ်တိုက်ကို အစွန်းရောက်မွတ်စလင်တွေ ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့တုန်းက ကမ္ဘာတစ်ဝန်းလုံးက စာနာထောက်ထားပြီး ကျွန်တော်ဟာ ချာလီဖြစ်တယ်၊ ကျွန်မဟာ ချာလီဖြစ်တယ်လို့ အဓိပ္ပာယ်ရတဲ့ I am Charlie ဆိုတဲ့စကားတစ်ခွန်း နိုင်ငံတကာကို ပျံ့နှံ့သွားတယ်။ အခုလည်း မတ်လ ၁၀ ရက်နေ့ လက်ပံတန်းမှာ ဆန္ဒပြကျောင်းသားသပိတ်ကို အကြမ်းဖက် ဖြိုခွဲလိုက်တဲ့အပေါ် မြန်မာတစ်နိုင်ငံလုံးက စာနာထောက်ထားပြီး 'ကျောင်းသားတွေ နိုင်တယ်' ဆိုတဲ့ စကားတစ်ခွန်း ပျံ့နှံ့သွားပြန်တယ်။ ဒါဟာ ကောင်းတဲ့ကိစ္စဖြစ်တယ်။ မြန်မာတစ်နိုင်ငံလုံးရဲ့ စာနာထောက်ထားမှုရတယ်ဆိုတာကို အနိုင်ရတယ်လို့ ပြောလို့ ရပါတယ်။

ဘာဖြစ်လို့ အနိုင်ရတာလဲ။ ဘာဖြစ်လို့ မြန်မာနိုင်ငံတစ်ဝန်းလုံးက စာနာထောက်ထားကြတာလဲဆိုတဲ့ အခြေခံအချက်အလက်တွေကို သုံးသပ်ကြည့်ကြရအောင်။ ကျောင်းသားသပိတ်ဟာ အကြောင်းပြချက် ခိုင်လုံလို့ဖြစ်တယ်။ အမျိုးသားပညာရေးဥပဒေ ပြုပြင်ပြောင်းလဲရေးဆိုတဲ့ အကြောင်းပြချက်ဟာ ခိုင်လုံတယ်။ ကျောင်းသားအရေးလည်း ဖြစ်တယ်။ လက်ရှိကျောင်းသားအရေးသာမက အနာဂတ်ကျောင်းသူကျောင်းသား မျိုးဆက်သစ်တွေရဲ့အရေးလည်း ဖြစ်တယ်။ ကျောင်းသားမိဘတွေရဲ့ မျှော်လင့်ချက်လည်းဖြစ်တယ်။ ကျောင်းသားတွေက ဥပဒေကို ဘယ်လောက်နားလည်လို့လဲလို့




မေးလာနိုင်စရာ ရှိပေမယ့် 'ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက်' (National Network for Education Reform-NNER) က အထောက်အကူပြုလာတော့ ကျောင်းသားတွေဘက်မှာ ပညာရှင်တချို့ ပါလာသားပဲလို့ စိတ်ချမှုရှိသွားကြတယ်။ ဆိုလိုတာက အကြောင်းပြချက်ခိုင်လုံမှုကြောင့် ပြည်သူလူထုကြီးက ထောက်ခံကြတာ ဖြစ်တယ်။ အဲဒီထောက်ခံမှုကြောင့်ပဲ သပိတ်မှောက်ကျောင်းသားတွေ အကြမ်းဖက်ဖြိုခွင်းခံရတဲ့အခါ စာနာထောက်ထားကြတာပေါ့။ 'ကျောင်းသားတွေ နိုင်တယ်' ဆိုတဲ့မှတ်ချက်က တစ်နိုင်ငံလုံးကို ပျံ့နှံ့သွားတာပေါ့။ ဒါပေမယ့် အဲဒီအနိုင်ကနေ ဆက်နိုင်သွားအောင် လုပ်ဖို့လိုတဲ့အကြောင်း ဆွေးနွေးတင်ပြချင်ပါတယ်။

ကျောင်းသားသပိတ်ခေါင်းဆောင်တွေဟာ လက်ရှိအခြေအနေကို အရင်းအတိုင်း သုံးသပ်သင့်တယ်။ လက်ရှိအခြေအနေဟာ ကျောင်းသားခေါင်းဆောင်တချို့နဲ့ ကျောင်းသူကျောင်းသားတချို့ ဖမ်းဆီးထိန်းသိမ်းခြင်းခံနေကြရတယ်။ တချို့ကို ပြန်လွှတ်ပေးလိုက်ပေမယ့် ခံဝန်ကတိ လက်မှတ်ထိုးခိုင်းပြီးမှ ပြန်လွှတ်တာဖြစ်တယ်။ ခံဝန်ကတိ လက်မှတ်မထိုးသူတွေ၊ အုပ်ချုပ်ရေးပိုင်းက ဆက်လက်စစ်ဆေးဖို့ လိုအပ်တယ်လို့ ယူဆပြီး ဆက်

လက် စစ်ဆေးခြင်းခံနေရသူတွေဟာ ချက်ချင်း ပြန်လွှတ်လာဦးမှာ မဟုတ်သေးဘူး။ ဒီအချိန်မှာ အဖမ်းခံ ကျောင်းသူကျောင်းသားတွေ ပြန်လွှတ်မပေးမချင်း လွှတ်တော်ကြားနာပွဲကို တက်ရောက်မှာ မဟုတ်ဘူးဆိုတဲ့ ပြောဆိုချက်ဟာ ကိုယ့်ကိုယ်ကိုယ် ခြေချုပ်မိအောင် လုပ်နေသလို ဖြစ်နေတယ်ဆိုတာ သတိပြုရမယ်။ ကိုယ်တင်ခဲ့တဲ့ ပင်မရည်ရွယ်ချက်ကို ကိုယ်ပြန်ဖျက်သလို ဖြစ်နေလိမ့်မယ်။ ပြီးခဲ့တဲ့ အခြေအနေတစ်ခုကို ပြန်သုံးသပ်ရရင် ကျောင်းသားသပိတ်ပင်မစစ်ကြောင်း ပြန်လည်ချီတက်လာပြီး ရန်ကုန်မဝင်ရလို့ တားမြစ်ခြင်းခံလိုက်ရတဲ့အချိန်မှာ ကျောင်းသားတွေဘက်က ရန်ကုန်မရောက်ရောက်အောင် ချီတက်မယ်ဆိုတော့ ရည်ရွယ်ချက်က ရန်ကုန်အရောက် ချီတက်ရေးဆိုတာ ဖြစ်လာတယ်။ ဘာဖြစ်လို့ ရန်ကုန်အရောက် ချီတက်ရေး ဖြစ်သွားရတာလဲ။ အတော်များများ နိုင်ငံရေးအကဲခတ်တွေ မျက်စိလည်သွားကြတယ်။ ကျောင်းသားသပိတ်ကို မျက်မုန်းကျိုးနေသူတွေက "ဘာဖြစ်လို့ ရန်ကုန်အရောက် ချီတက်ချင်နေကြတာလဲ၊ စာချုပ်ချုပ်ထားလို့လား" လို့ ဝေဖန်ပြောဆိုလာကြတယ်။ တချို့ကလည်း "အစိုးရရှေ့မှောက်အရောက် ချီတက်ဆန္ဒပြချင်တယ်ဆိုရင် နေပြည်တော်အရောက် ချီတက်ရမှာပေါ့၊ ရန်ကုန်မှာ အစိုးရမှမရှိတာ၊ အစိုးရက နေပြည်တော်မှာလေ၊ ဘာ့ကြောင့် ရန်ကုန်မှ ရန်ကုန် ဖြစ်နေရတာလဲ" ဝေဖန်ကြတယ်။ အစိုးရကလည်း ရန်ကုန်မဝင်ရလို့ တား၊ ပင်မသပိတ်စစ်ကြောင်းကလည်း ရန်ကုန်မှာ အောင်ပွဲခံမယ်လို့ပြောနဲ့ မူလရည်ရွယ်ချက်တွေက ဘယ်ရောက်ကုန်မှန်း မသိလောက်အောင် ဖြစ်ကုန်ခဲ့တယ်။ အကြမ်းဖက် မဖြိုခွဲခင်ကလေးမှာဘဲ အစိုးရက ရန်ကုန်ကို ဝင်ခွင့်ပြုတယ်၊ ဒါပေမယ့် ကားတွေနဲ့ လာရမယ်၊ အလံ မထောင်ရ၊ ကြွေးကြော်သံတွေ မအော်ရ အစရှိတဲ့ကန့်သတ်ချက်တွေ ပါလာတယ်လို့ ဆိုတယ်။ အဲဒီကန့်သတ်ချက်တွေကို ကျောင်းသားတွေက သဘော မတူရာကနေ နောက်ဆုံး အကြမ်းဖက်ဖြိုခွဲခြင်း ခံလိုက်ရတဲ့အထိ ဖြစ်သွားခဲ့တယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ အမျိုးသားဒီမိုကရစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က အာရ်အက်ဖ်အေသတင်းဌာနရဲ့ 'ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီမိုကရေစီခရီး ကြမ်းအစီအစဉ်' (မတ်လ ၁၂ ရက်နေ့) မှာ ကျောင်းသားတွေ ကြွေးကြော်သံ မတိုင်ရ၊ အလံမထောင်ရဆိုတဲ့ တောင်းဆို

မှုတွေဟာ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ကို တားမြစ်ရာ ရောက်မရောက် ဆိုတဲ့ မေးခွန်းအပေါ် "အစတုန်းက ဘယ်လိုသဘောတူညီချက်တွေ ရှိလဲ ဆိုတာ မသိရဘူးပေါ့၊ အခုဟာက ပညာရေးဥပဒေက စလိုက်တဲ့ ကိစ္စပေ မယ့် နောက်ပိုင်းမှာ ပညာရေးဥပဒေအကြောင်း ဆွေးနွေးတာ သိပ်မကြားရ ဘူး၊ ချီတက်တဲ့ပုံ၊ ချီတက်တဲ့နည်းကိုပဲ အဓိကထားပြီး ဆွေးနွေးကြတာ ဆိုတော့ အဲဒါကကော ဒီလိုလုပ်သင့်သလားဆိုတာ နှစ်ဖက်စလုံးကို မေးခွန်း ထုတ်စရာရှိတာပေါ့" လို့ ဖြေကြားခဲ့ပါတယ်။


နောက်တစ်ချက်က 'ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံး ဆိုင်ရာ ကွန်ရက်' တစ်ခုတည်းနဲ့ ကျောင်းသားတွေ တိုင်ပင်ရေးဆွဲခဲ့တဲ့ အမျိုးသားပညာရေးဥပဒေမူကြမ်းကို ခြွင်းချက်မရှိ လွှတ်တော်က လက်ခံ ရမယ်ဆိုတဲ့ အယူအဆမျိုးဟာလည်း မဖြစ်နိုင်တဲ့ကိစ္စပဲဆိုတာ သတိပြုမိဖို့ လိုတယ်။ တခြားပညာရှင်တွေ အများကြီးရှိသေးတယ်။ တခြားအဖွဲ့အစည်း တွေ ရှိသေးတယ်။ တချို့အချက်တွေဟာ အခြေအတင် ငြင်းခုံရမယ့်အချက် တွေ ဖြစ်နေတာတွေ့ရလိမ့်ဦးမယ်။ တချို့အချက်တွေဆိုရင် ငြင်းခုံမှုမပြီးပြတ် နိုင်လို့ မဲခွဲဆုံးဖြတ်လိုက်ရမယ့်အချက်တွေလည်း ရှိဦးမယ်။ ဒါ့ကြောင့် အချက်အလက်တိုင်းကို တင်းခံထားလို့ မရနိုင်ဘူးဆိုတဲ့ အမှန်တရားကို လက်ခံထားဖို့ လိုပါတယ်။ တင်းခံရမယ့် အချက်အလက်တွေကိုတော့ လုံးဝအလျှော့မပေးဘဲ တင်းခံရမှာပါ။ ဥပမာ - ကျောင်းသားသမဂ္ဂ ဖွဲ့စည်း ရေးဆိုတဲ့ အချက်ဆိုရင် လုံးဝ အလျှော့ပေးလို့မရတဲ့အချက် ဖြစ်ပါတယ်။ ကျောင်းသားသမဂ္ဂဆိုတာ နိုင်ငံတိုင်းမှာလိုလို တည်ရှိနေတဲ့အဖွဲ့အစည်း ဖြစ်ပါတယ်။ မူလတန်းကျောင်းကလွဲရင် အလယ်တန်းကျောင်း၊ အထက် တန်းကျောင်းနဲ့ တက္ကသိုလ်ကောလိပ်အသီးသီးမှာ တည်ရှိနေတဲ့ ကျောင်းသူ ကျောင်းသားတွေကို ကိုယ်စားပြုထားတဲ့အဖွဲ့အစည်း ဖြစ်ပါတယ်။ ဒီမို ကရေစီနည်းကျကျ တိုင်းပြည်ထူထောင်နေတဲ့နိုင်ငံတိုင်းမှာ ကျောင်းသူ ကျောင်းသားတွေကို ကိုယ်စားပြုထားတဲ့ ကျောင်းသားသမဂ္ဂကို လျစ်လျူရှု ထားလို့ မရပါဘူး။ အာဏာရှင်နိုင်ငံလို့ ပြောလို့ရတဲ့ တရုတ်ပြည်မှာတောင် ကျောင်းသားသမဂ္ဂအဖွဲ့အစည်းတွေ ရှိပါတယ်။ ၁၉၈၉ ခုနှစ်မှာ ကျောင်းသား သမဂ္ဂတွေက ဦးဆောင်တဲ့ကျောင်းသားဆန္ဒပြပွဲကို တရုတ်ကွန်မြူနစ်အစိုးရ

က တပ်နီတော်တပ်ရင်းတွေ၊ တင့်ကားတပ်တွေ သုံးပြီး သွေးထွက်သံယို အကြမ်းဖက်ဖြိုခွင်းခဲ့ပေမယ့် ကျောင်းသားသမဂ္ဂတွေကို ဖျက်မပစ်ခဲ့ပါဘူး။ ယနေ့တိုင် တည်ရှိနေပါတယ်။

မြန်မာနိုင်ငံမှာတော့ ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းလိုက်တဲ့အချိန် အုံလိုက်ကျင်းလိုက် ဆန့်ကျင်ခဲ့ကြတဲ့ ကျောင်းသူကျောင်းသားတွေကို အကြမ်းဖက်ဖြိုခွဲရာကနေ တက္ကသိုလ်ကျောင်းသားများသမဂ္ဂ အဆောက်အဦကြီးကိုပါ မိုင်းနဲ့ခွဲပစ်ခြင်း ခံခဲ့ရတာပါ။ အဲဒီအချိန်ကစလို့ ကျောင်းသားသမဂ္ဂ တရားဝင်မတည်ရှိတော့တာ ဒီနေ့အထိ ဆိုကြပါစို့ရဲ့။ ဒီနေ့ အမျိုးသားပညာရေးဥပဒေကို သပိတ်မှောက်ခဲ့ကြတဲ့ ကျောင်းသားသမဂ္ဂတွေဟာလည်း တရားဝင်ဖွဲ့စည်းခွင့်နဲ့ ဖွဲ့ထားခဲ့တာ မဟုတ်ပါဘူး။ တိုးတက်တဲ့ ကျောင်းသားလူငယ်တွေကနေ တိုင်းပြည်က ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်မယ်ဆိုတဲ့ ရေခံမြေခံနဲ့ ကိုယ့်ဘာသာ ဖွဲ့ထားခဲ့ကြတဲ့ အဖွဲ့အစည်းတွေပဲ ဖြစ်ပါတယ်။ 'အမြုတေ ကျောင်းသားသမဂ္ဂ' တွေလို့ ခေါ်ကြပါစို့ရဲ့။ အဲဒီအမြုတေကျောင်းသားသမဂ္ဂတွေဟာ ဂုဏ်ပြုရမယ့် ကျောင်းသားသမဂ္ဂတွေပဲ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ တရားဝင် တည်ရှိလာမယ့် ကျောင်းသားသမဂ္ဂတွေ ဖြစ်လာဖို့ လိုပါတယ်။ ဒါ့ကြောင့် ကျောင်းသားသမဂ္ဂတွေရဲ့ ဦးဆောင်ကော်မတီဝင်တွေဟာ ဦးဆောင်သူများပီပီ အမြင်ကျယ်ဖို့ လိုပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၆၂ ခုနှစ်မတိုင်မီ တည်ရှိခဲ့တဲ့ ကျောင်းသားသမဂ္ဂသမိုင်းကြောင်းကိုလည်း ပြန်လည်လေ့လာဖို့ လိုအပ်ပါတယ်။ အဲဒီသမိုင်းကြောင်းတွေကို လေ့လာတဲ့အခါမှာလည်း 'အတိတ်ကနေ မျက်မှောက်ကို အကျိုးပြု' ဆိုတဲ့စကားအတိုင်း မျက်မှောက်ကို အကျိုးပြုမယ့် အချက်အလက်တွေကိုသာ ယူသင့်ပါတယ်။ မျက်မှောက်ကို အကျိုးမပြုတဲ့ အချက်တွေကိုတော့ သမိုင်းပြတိုက်ထဲမှာပဲ မှတ်တမ်းအဖြစ် ထားခဲ့ကြရမှာပါ။ နိုင်ငံတကာက ကျောင်းသားသမဂ္ဂတွေရဲ့ လှုပ်ရှားမှုတွေကိုလည်း လေ့လာရပါလိမ့်မယ်။ ဒါဟာလည်း 'နိုင်ငံခြားကနေ ပြည်တွင်းကို အကျိုးပြု' ဆိုတဲ့စကားနဲ့ ပြည်တွင်းကို အကျိုးပြုမယ့်အချက်တွေကိုသာ ယူသင့်ပါတယ်။ ပြည်တွင်းကို အကျိုးမပြုမယ့် အချက်တွေကိုတော့ နိုင်ငံတကာမှာပဲ ထားထားရပါလိမ့်မယ်။ ဥပမာဆိုရင် နိုင်ငံတကာကျောင်းသားသမဂ္ဂတွေနဲ့

ဆရာသမဂ္ဂတွေဟာ အဆင့်မြင့်ပညာရေးလှုပ်ရှားမှုကြီးကို အင်တိုက်အားတိုက် ဆင်နွှဲနေကြပါတယ်။ အဲဒီအဆင့်ကို မြန်မာနိုင်ငံပညာရေးလောကအနေနဲ့ လိုက်လို့ မမီနိုင်သေးပါဘူး။ ဒီမှာက ကျောင်းသားသမဂ္ဂဖွဲ့စည်းရေး၊ ဆရာသမဂ္ဂဖွဲ့စည်းရေးကိုတောင် မနည်းလုပ်နေရသေးတုန်းမို့ပါ။ အဲဒီအဆင့်ရောက်အောင်တော့ ရည်မှန်းချက်ထားရပါလိမ့်မယ်။ အဆင့်ရှိရှိ လှမ်းတက်ရပါလိမ့်မယ်။ အဲဒီလို လေ့လာရေးအားကောင်းမှသာ ကျောင်းသားသမဂ္ဂတွေရဲ့ ဦးဆောင်ကော်မတီဝင်တွေဟာ ကျောင်းသူကျောင်းသားထုကြီးကို ကိုယ်စားပြုပြီး အကျိုးရှိတဲ့ ရလဒ်ကောင်းတွေကို ဖော်ထုတ်နိုင်ပါလိမ့်မယ်။

ဒ့ါအပြင် လက်ရှိမြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေကိုလည်း အရင်းအတိုင်း ကြည့်မြင်နိုင်စွမ်းရှိဖို့ လိုပါတယ်။ အရပ်သားအစိုးရတစ်ရပ် ပေါ်ထွန်းလာတာမို့ ဒီမိုကရေစီနိုင်ငံဖြစ်ပြီလို့ တွက်လို့မရပါဘူး။ ခေါင်းဆောင်တွေဟာ တစ်ချိန်က စစ်ဗိုလ်ချုပ်ကြီးတွေ ဖြစ်နေတာ၊ လွှတ်တော်မှာ စစ်ဘက်က ၂၅ ရာခိုင်နှုန်းယူထားတာတွေကို ကြည့်ပြီး စစ်အာဏာရှင်အစိုးရပါပဲလို့ တစ်ယူသန်ပြောလို့လည်း မရပါဘူး။ အဲဒီကြည့်မြင်မှုနှစ်ခုကြားထဲကနေ မှန်မှန်ကန်ကန် သုံးသပ်ရမှာဖြစ်ပါတယ်။ တကယ်တော့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေ လုပ်ပေးမယ်လို့ ဆုံးဖြတ်ခဲ့တာ စစ်အစိုးရပဲ ဖြစ်ပါတယ်။ စစ်အစိုးရက လုပ်ပေးလို့သာ ဒီနေ့လို အရပ်သားအစိုးရ ပေါ်ထွန်းလာပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုတွေ အစပျိုးလုပ်လာနိုင်တာ ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်တွေ အပြောင်းအလဲကို ထည့်မတွက်ဘဲ စနစ်ကိုသာ ပြောမယ်ဆိုရင် မြန်မာနိုင်ငံကို စစ်တပ်က အုပ်ချုပ်ခဲ့တာ ၁၉၆၂ ခုနှစ်ကတည်းက ဖြစ်ပါတယ်။ စစ်အုပ်ချုပ်ရေးအုတ်မြစ် စတင်ချပေးခဲ့တဲ့ ဗိုလ်ချုပ်ကြီးနေဝင်းက စစ်အုပ်ချုပ်ရေးကို မျက်နှာဖုံးစွပ်ဖို့ မြန်မာ့ဆိုရှယ်လစ်ပါတီကို ထူထောင်ခဲ့ပါတယ်။ သာယာဝပြောတဲ့ ဆိုရှယ်လစ်လောကကို ချီတက်မယ်လို့ ကြွေးကြော်ခဲ့တယ်။ တခြားဆိုရှယ်လစ်စနစ်တွေနဲ့မတူဘဲ မြန်မာ့ဆိုရှယ်လစ်စနစ်နဲ့ သွားမယ်ဆိုပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဆိုင်ရာ မူဝါဒသဘောတရားတစ်ရပ် ချမှတ်ခဲ့တယ်။ 'လူနဲ့လူ့ပတ်ဝန်းကျင်တို့ရဲ့အညမညသဘောတရား' ကို စာအုပ်တစ်အုပ်အဖြစ် ပြုစုထုတ်ဝေခဲ့တယ်။ ပါတီဝင်တွေက အဲဒီသဘောတရားကို လေ့လာကြရတယ်။ ချီးကျူးစရာကောင်းတာက အဲဒီသဘော



နိုင်ငံတကာကို ပျံ့နှံ့သွားတဲ့
ကျောင်းသားသပိတ်ဖြိုခွင်းမှုမြင်ကွင်းတစ်ကွက်။

တရားဟာ လူအတော်များများကို ထိန်းချုပ်နိုင်ခဲ့တယ်။ အဲဒီသဘောတရားကို လေ့လာပြီး သဘောကျလို့ ပါတီဝင်လျှောက်လွှာတင်ခဲ့တဲ့လူတွေတောင် ရှိခဲ့တယ်။ စာရေးဆရာကြီး ဗန်းမော်တင်အောင်ကတော့ အဲဒီမြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ဗိုလ်နေဝင်းရဲ့ လမ်းစဉ်လို့ ဆိုရှယ်လစ်အဘိဓာန်စာအုပ်မှာ ရေးသားဖော်ပြခဲ့တယ်။ အပြင်မှာ အလွတ်သဘောပြောတဲ့အခါမှာတော့ 'ဆိတ်ခေါင်းပြပြီး ခွေးသားရောင်းနေတာ' လို့ပြောခဲ့တယ်။ ဆိုရှယ်လစ်ဝါဒလို့ ကြေညာပေမယ့် တကယ်က ဆိုရှယ်လစ်အတုလို့ ပြောချင်တာပါ။ နောက်ဆုံးတော့ သူ့ခွေးသားလည်း မရောင်းရတော့ဘဲ မဆလပါတီ ဖျက်သိမ်းလိုက်ရတဲ့ အခြေအနေ ရောက်ခဲ့ရတယ်။ ဘာပဲဖြစ်ဖြစ် အချိန်တစ်ချိန်တော့ ဆိတ်ခေါင်းပြပြီး ခွေးသားရောင်းတာ အလုပ်ဖြစ်ခဲ့ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီခေတ်က 'ဆိတ်ခေါင်း' လို့တင်စားခဲ့တဲ့ ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒဟာ နိုင်ငံတကာမှာ ခေတ်စားနေလို့ပဲ။ အရှေ့တောင်အာရှမှာလည်း ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို အစရှိတဲ့ နိုင်ငံတွေမှာ ကွန်မြူနစ်ဝါဒီတွေ အင်အားကောင်းခဲ့တယ်။ မြန်မာနိုင်ငံမှာလည်း ကွန်မြူနစ်လိုလားသူတွေ များခဲ့တယ်။ ဒီမိုကရေစီ ခေတ်မစားပါဘူး။ အမေရိကန်ဆိုတာ တိုက်ရမယ့်နိုင်ငံလို့ သဘောထားခဲ့ကြတယ်။ "ဘာရမလဲ

သာဝရယ်၊ ဘာမှ အာမခံချက်မရှိတဲ့ ဟဲ့-ဒီမိုကရေစီ၊ မိုက်ရိုင်းစွာပဲ အနစ်နာခံရင်း ဒို့ မနေလိုပြီ'' ဆိုတဲ့သီချင်းမျိုးတောင် ပျံ့နှံ့ခဲ့တယ်။ ဒါ့ကြောင့်လည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟာ အချိန်တစ်ချိန် တောင့်ခံနိုင်ခဲ့တာ ဖြစ်ပါတယ်။

နောက်ပိုင်းမှာ မဆလပါတီလည်း ဖျက်သိမ်းလိုက်ရ၊ ဗိုလ်ချုပ်ကြီးနေဝင်းလည်း ဘေးဖယ်ပေးလိုက်ရပြီး စစ်တပ်က ဆက်လက် အုပ်ချုပ်တဲ့အခါမှာတော့ ဘာမျက်နှာဖုံးမှ စွပ်လို့မရတော့ဘဲ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးဆိုတဲ့ခေါင်းစဉ်နဲ့ ပြောင်ပြောင်တင်းတင်းပဲ အုပ်ချုပ်ခဲ့တယ်။ အဲဒီလို အုပ်ချုပ်နေတဲ့အချိန်မှာပဲ နိုင်ငံတကာမှာ အပြောင်းအလဲတွေ အများကြီးဖြစ်လာတယ်။ ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒတွေ ခေတ်မစားတော့ဘူး။ ၁၉၈၉ ခုနှစ်က စပြီး အရှေ့ဥရောပကွန်မြူနစ်နိုင်ငံတွေ အလှည့်အပြောင်းဖြစ်ကုန်တယ်။ ၁၉၉၁ ခုနှစ်မှာ ဆိုဗီယက်ယူနီယံ ပြိုကွဲသွားတယ်။ ကွန်မြူနစ်အစိုးရ ဘေးဖယ်ပေးလိုက်ရပြီး ရုရှားသမ္မတနိုင်ငံ ဖြစ်သွားတယ်။ 'အရင်း လဲတော့ အဖျားထင်းဖြစ်' ဆိုသလို ဆိုဗီယက်ယူနီယံထဲက နိုင်ငံငယ်တွေလည်း အကွဲကွဲအပြဲပြဲတွေ ဖြစ်ကုန်တယ်။ အဲဒီအခြေအနေမှာ ဒီမိုကရေစီနည်းလမ်းက ခေတ်စားလာတယ်။ ပါတီစုံစနစ်လည်း ထွန်းကားလာတယ်။ ကွန်မြူနစ်တရုတ်ပြည်တောင် အလှည့်အပြောင်းတွေ အများကြီး လုပ်ခဲ့ရတယ်။ မြန်မာနိုင်ငံအတွင်းမှာလည်း ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒတွေ မှေးမှိန်သွားပြီး ဒီမိုကရေစီနည်းလမ်းဘက် ပြန်လှည့်လာခဲ့ကြတယ်။ တစ်ချိန်က အမေရိကန်နိုင်ငံဟာ တိုက်ရမယ့်နိုင်ငံလို့ ယူဆတဲ့သဘောထားတွေ ဘေးရောက်သွားပြီး အမေရိကန်ရဲ့ အုပ်ချုပ်ရေးစနစ်ကို သဘောကျသူတွေ များလာတယ်။

အဓိကအားဖြင့် နိုင်ငံတကာစီးပွားရေးအခြေအနေ၊ နိုင်ငံရေးအခြေအနေတွေ ပြောင်းလာတဲ့အပေါ်မှာ မြန်မာနိုင်ငံက စစ်ခေါင်းဆောင်တွေဟာ အလှည့်အပြောင်းလုပ်ဖို့ စဉ်းစားလာခဲ့ရတယ်။ အဲဒီအလှည့်အပြောင်းကို စနစ်တကျလှည့်မယ်လို့ စဉ်းစားမိလို့ ၂၀၀၈ ခုနှစ်ကတည်းက အစပျိုးပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့တာပဲ။ ဒါ့ကြောင့် ဒီနေ့ အရပ်သားအစိုးရဆိုတာ စစ်အစိုးရက စနစ်တကျ အာဏာလွှဲပြောင်းပေးခဲ့တဲ့ အစိုးရဖြစ်တယ်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို စစ်တပ်လမ်းညွှန်မှုနဲ့

လုပ်နေတာသာဖြစ်ပါတယ်။ ဒါကို နိုင်ငံတကာကလည်း သိတယ်။ ဘာပဲဖြစ်ဖြစ် အမေရိကန်အစရှိတဲ့ ဒီမိုကရေစီနိုင်ငံတွေက ဒီလိုအလှည့်အပြောင်းမျိုးကို လက်ခံနိုင်တယ်။ အရှေ့ဥရောပနိုင်ငံတွေ ကွန်မြူနစ်ဝါဒကနေ လှည့်ပြောင်းခဲ့ကြတုန်းကလည်း လက်ခံကြိုဆိုနိုင်ခဲ့ကြတာကိုး။

သေချာတာက မြန်မာနိုင်ငံစစ်အစိုးရဟာ တစ်ချိန်တုန်းက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် မျက်နှာဖုံးစွပ်ခဲ့သလို ဒီမိုကရေစီမျက်နှာဖုံးစွပ်လို့တော့ မရဘူး။ ဘာ့ကြောင့်လဲဆိုတော့ ဒီမိုကရေစီဆိုတာ နည်းလမ်း ဒါမှမဟုတ် နည်းနာဖြစ်လို့ပဲ။ ဝါဒ မဟုတ်ဘူး။ ပန်းတိုင်လည်း မဟုတ်ဘူး။ ဒါ့ကြောင့် ဒီမိုကရေစီနည်းနာနဲ့ပဲ အုပ်ချုပ်ရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီနည်းနာမကျရင် မကျသလို ပြည်တွင်းကရော၊ ပြည်ပကပါ ထောက်ပြလာကြတော့မှာပဲ။ အခုလည်း အဲဒီထောက်ပြမှုတွေကို ခံနေကြရတာပါပဲ။ ဒါပေမယ့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုဟာ အများတကာ စိုးရိမ်နေကြတဲ့ နောက်ကြောင်းပြန်လှည့်တာထက်စာရင် ကောင်းပါတယ်။ အဲဒီ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုကို ဆုံးဖြတ်ချက်ရှိရှိ လုပ်သွားနိုင်အောင် ပြည်သူလူထုကြီးက ပံ့ပိုးရမှာ ဖြစ်ပါတယ်။

လက်ရှိပေါ်ပေါက်ခဲ့တဲ့ ကျောင်းသားသပိတ်ဟာ ပံ့ပိုးပေးမှုတစ်ခုဖြစ်ပါတယ်။ အဲဒီပံ့ပိုးပေးမှုထဲမှာ ကျောင်းသားတွေအတွင်း ကွဲလွဲမှုတွေရှိမယ်ဆိုတာတော့ ပြောစရာလိုမယ် မထင်ပါဘူး။ ကွဲလွဲမှုဆိုတာ ဘယ်အဖွဲ့အစည်းမှာမဆို ရှိကြတာပါပဲ။ လူတစ်ယောက်ထဲမှာတောင် စိတ်နှစ်စိတ်ကွဲနေတတ်တာဆိုတော့ အဖွဲ့အစည်းတစ်ရပ်မှာ သဘောမကွဲလွဲဘဲ တစ်ညီတည်းဖြစ်ဖို့ဆိုတာ အတော်ခက်ပါတယ်။ လက်ပံတန်းပင်မသပိတ်ကို ရဲတပ်ဖွဲ့က အကြမ်းဖက်ဖြိုခွဲခဲ့ ပုံမှတ်တမ်းဗီဒီယိုတွေ ကြည့်လိုက်ရင် မတရားလိုက်ရိုက်နေတဲ့ ရဲတပ်ဖွဲ့ဝင်တွေကို တွေ့ရမှာဖြစ်သလို အကာအကွယ်ပေးနေတဲ့၊ တားဆီးနေတဲ့ ရဲတပ်ဖွဲ့ဝင်တွေ၊ ရဲအရာရှိတွေကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒါဟာလည်း ရဲတပ်ဖွဲ့ဝင်တွေထဲက သဘောထားကွဲလွဲမှုကို ဖော်ပြနေတာပါ။ ဒါကြောင့် သဘောထားကွဲလွဲမှုဟာ သဘာဝတရားပဲဆိုတာ လက်ခံထားရမယ်။ ဒါပေမယ့် သဘောထားကွဲလွဲမှုကို ဒီအတိုင်းတော့ ထားလို့မရဘူး။ တစ်ခုခုကတော့ ဆုံးဖြတ်ရမယ်။ ဒီအခါမှာ အနည်းစု

က အများစုကို နာခံဆိုတဲ့ ဒီမိုကရေစီနည်းလမ်းက အရေးပါလာတယ်။ အနည်းစုအနေနဲ့ ကိုယ်တွေရဲ့လိုလားမှုကို ဆုံးဖြတ်ခြင်း မခံရရင်တောင် အများစုရဲ့ဆုံးဖြတ်ချက်ကို နာခံရမှာ ဖြစ်တယ်။ အများစုရဲ့ ဆုံးဖြတ်ချက်က တလွဲဖြစ်သွားပြီဆိုရင် အဲဒီတလွဲဖြစ်မှုကို အများစုက ဝန်ခံရမယ်။ အမှားကို မြင်ရဲ ပြင်ရဲရမယ်။ အမှားကို အမှန်လို့ထင်ပြီး လုပ်ခဲ့ကြတာ ဘယ်တတ်နိုင်မလဲ။ တစ်ခါတလေ လက်တွေ့ဆိုတဲ့မှတ်ကျောက်ကို ဖြတ်သန်းပြီးမှ ဆုံးဖြတ်ချက်တစ်ခုကို အမှားအမှန် သုံးသပ်နိုင်တယ်။ လက်တွေ့မှတ်ကျောက်ကို ဖြတ်သန်းပြီးတဲ့တိုင်အောင် အမှားကို မှားမှန်းသိလျက် ဝန်မခံချင်တာကျတော့ အမှားကြီးမှားပြီလို့ ပြောရတော့မှာပဲ။

ကျောင်းသားတွေအနေနဲ့ အစိုးရရဲ့ကိုင်တွယ်မှုကို မှားတယ်လို့ ပြောကြမှာကတော့ သေချာတယ်။ ကျောင်းသားတွေတင်မကဘူး၊ လူမှုအဖွဲ့အစည်း အားလုံးနီးပါးက မှားတယ်လို့ ပြောနေကြကယ်။ ကန့်ကွက်နေကြတယ်။ နိုင်ငံရေးပါတီတွေကလည်း ကန့်ကွက်ကြတယ်။ တရုတ်ကလွဲလို့ နိုင်ငံတကာကလည်း ကန့်ကွက်ကြတယ်။ ဒါက ဝေဖန်မှုပဲ။ တကယ့်တကယ် မှားတယ်မှန်တယ်လို့ သုံးသပ်မှုကျတော့ ကာယကံရှင်အစိုးရနဲ့ပဲဆိုင်တယ်။ ဘေးလူတွေက ဝေဖန်ရုံသာ ဝေဖန်နိုင်တာပဲ။

ဘာပဲဖြစ်ဖြစ် ကျောင်းသားတွေ တင်ပြခဲ့တဲ့အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးကို လက်ခံထားပြီး လွှတ်တော်မှာ ကြားနာမှုတွေ လုပ်တာကတော့ ကျောင်းသားတွေနိုင်တယ်လို့ ပြောရမယ့် အခိုင်အမာ အချက်တစ်ချက်မို့ ကောင်းတဲ့ကိစ္စ ဖြစ်ပါတယ်။ ကြားနာပွဲမှာ ပါဝင်တာဟာလည်း ကောင်းတဲ့ကိစ္စပါပဲ။ လိုအပ်လို့ လမ်းပေါ်ထွက်ခဲ့ကြပြီးပြီပဲ။ အခုလည်း လိုအပ်လို့ လွှတ်တော်ကြားနာပွဲမှာ ပါဝင်တာဖြစ်တယ်လို့ သဘောထားရမှာပါ။ ကလိမ်ကကျစ်လုပ်လိမ့်မယ်၊ လိမ်မယ်ညာမယ်ဆိုပြီး ဘေးထိုင်ဘုပြောနေမယ့်အစား ကိုယ်စတင်ခဲ့တဲ့ခေါင်းစဉ်ကို ကိုယ်သာလျှင် ပါဝင်ညှိနှိုင်းဆွေးနွေးတာ ဂုဏ်သိက္ခာရှိပါတယ်။ အရေးကြီးတဲ့ ကိစ္စရပ်တွေကို အတည်ပြုပေးနိုင်ခဲ့ရင် ကျောင်းသားထုကြီးတစ်ရပ်လုံးအတွက်၊ အနာဂတ်ပညာရေးအတွက် ကောင်းမှုပြုရာ ရောက်ပါတယ်။ ကြားနာပွဲကတစ်ဆင့် ကျောင်းသားသမဂ္ဂတွေ တရားဝင်တည်ရှိခွင့်ရရေး၊ တက္ကသိုလ် ကောလိပ်

တိုင်းမှာ ကျောင်းသားသမဂ္ဂအဆောက်အဦတွေ ပေါ်ထွန်းရေး၊ အဖြိုခံလိုက်ရတဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂအဆောက်အဦ ပြန်လည်ဆောက်လုပ်ခွင့်ရရေး အစရှိတဲ့ အဓိကအချက်တွေကိုသာ အောင်မြင်အောင်ညှိနှိုင်းနိုင်မယ်ဆိုရင် ဒီနေ့ကျောင်းသားတွေရဲ့ အားထုတ်မှုဟာ သမိုင်းတင်ရမယ့်အောင်မြင်မှု ဖြစ်သွားပါလိမ့်မယ်။ အကျိုးရှိမှုအပေါ် အခြေခံတဲ့ ဆောင်ရွက်မှုတွေကို ဆက်လက် ဆောင်ရွက်ခြင်းအားဖြင့် ဆက်လက် အနိုင်ယူနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။

**Home & Services** ဂျာနယ် ၂၀၁၅

❖ ❖ ❖

# ကျဉ်တုပ်ခံဝံ့ မခံဝံ့

စာရေးဆရာမောင်သာရရဲ့ လုံးချင်းဝတ္ထုတစ်ပုဒ်နာမည် ဖြစ်ပါတယ်။ ကျွန်တော်တို့ငယ်စဉ်က နှစ်နှစ်သက်သက် ဖတ်ခဲ့ကြရတဲ့ စာအုပ်ပါ။ အခုခေတ် လူငယ်တွေလည်း ဖတ်သင့်တဲ့စာအုပ်ပဲ ဖြစ်ပါတယ်။ စာအုပ်နာမည်က ရှေးစာဆိုတစ်ဦးရဲ့ 'မှိုနှင့်မျှစ်ကို နုတ်ချင်သည် ကျဉ်တုပ်ခံဝံ့မခံဝံ့' ဆိုတဲ့ စာသားကို ယူသုံးထားတာ ဖြစ်ပါတယ်။ မှိုထွက်တဲ့နေရာ မျှစ်ရှိတဲ့ဝါးရုံတွေမှာ 'ကျဉ်' လို့ခေါ်တဲ့ ခါချဉ်ကောင်လို ပုရွက်ဆိတ်အကြီးစားတွေ ရှိတတ်တာမို့ အဲဒီလို ပုရွက်ဆိတ်အကြီးစားတွေ ကိုက်တာကို တုပ်တာကို ခံရဲသလား စဉ်းစားပြီးမှ မှိုတွေ၊ မျှစ်တွေ နုတ်ဖို့ပြင်ပါလို့ ဆိုလိုတာပါပဲ။ ဒါပေမယ့် လူငယ်အတော်များများကတော့ ကျဉ်တုပ် ခံဝံ့ကြတာများပါတယ်။ အဲဒီသတ္တိမျိုးရှိတာကိုလည်း ချီးကျူးသင့်ပါတယ်။ ဒါပေမယ့် အဲဒီသတ္တိခဲ လူငယ်လေးတွေအကြားမှာ လက်ဝဲစကားလုံးတွေ သုံးလာတာတွေ့ရတာနဲ့ ဒီဆောင်းပါးကို ရေးဖြစ်ပါတယ်။

ဒီနေ့လူငယ်တွေဟာ အင်တာနက်ခေတ်မှာ ကြီးပြင်းလာကြတာ ဆိုတော့ အင်တာနက်ထဲက Facebook လို့ခေါ်တဲ့ လူမှုကွန်ရက်ဝက်ဘ်ဆိုက်ကို အသုံးများကြတယ်။ တချို့ကတော့ အချစ်ရေး၊ လူမှုဆက်ဆံရေး လောက်သာ သုံးကြပေမယ့် တချို့ကတော့ အနုပညာရေး၊ စီးပွားရေးဦးတည်ချက်အတွက်ပါ သုံးစွဲကြပါတယ်။ တချို့ကတော့ နိုင်ငံရေးအတွက်ပါ သုံးကြတယ်။ နိုင်ငံရေးအတွက် သုံးတာကတော့ လူငယ်တွေတင် မကပါဘူး။

ဒီနေ့နိုင်ငံခေါင်းဆောင်နေရာ တာဝန်ယူနေကြတဲ့ လူကြီးတွေလည်း သုံးနေကြတာ တွေ့ရပါတယ်။ ဒါဟာ တိုးတက်လာတဲ့ အိုင်တီနယ်ပယ်ကို နိုင်ငံရေးလုပ်နေတဲ့ လူကြီးတွေရော လူငယ်တွေပါ အသုံးချလာကြတာပါပဲ။ ဘာပဲဖြစ်ဖြစ် အဲဒီအသုံးပြုသူတွေရဲ့ နိုင်ငံရေးခံယူချက်တွေ၊ ရပ်တည်မှုတွေကို အင်တာနက်ကြည့်သူ ပရိသတ်ကြီးက မျက်ဝါးထင်ထင် သိမြင်ခွင့်ရတဲ့အတွက် ကောင်းတဲ့ကိစ္စ ဖြစ်ပါတယ်။

အဲဒီ Facebook ထဲမှာ အခုလို စာပိုဒ်တစ်ပိုဒ် တွေ့လိုက်ရပါတယ်။ 'ကျောင်းသားဆိုတာ နီလည်းနီ ချွန်လည်း ချွန်ရမယ်' ဆိုတဲ့ စကားလုံးဖြစ်ပါတယ်။ ဒီဆောင်ပုဒ်ကို ရေးသားတဲ့လူငယ်မှာ သူ့ကို ဆရာလုပ်နေသူလူကြီးတစ်ယောက်ရှိနေပြီဆိုတာ ပေါ်လွင်နေလေရဲ့။ အဲဒီလူကြီးဟာ လက်ဝဲသူငယ်နာစွဲနေတဲ့ လူကြီးပဲဆိုတာလည်း ထင်ရှားနေပါတယ်။ လူငယ်တွေကို မြှောက်ထိုးပင့်ကော် လုပ်ချင်တာကလွဲပြီး အဆီအငေါ်တည့်အောင် သင်မပေးခဲ့ပါဘူး။ ဒီစကားလုံးဟာ ကမ္ဘာ့ကွန်မြူနစ်ခေါင်းဆောင်ကြီး ဥက္ကဋ္ဌကြီးမော်ရဲ့ စကားလုံး ဖြစ်ပါတယ်။ တရုတ်ပြည်မှာ ဥက္ကဋ္ဌကြီးမော်ဦးဆောင်ပြီး ဆိုရှယ်လစ် တည်ဆောက်ရေးလုပ်နေတဲ့အချိန်မှာ ကွန်မြူနစ်ပါတီဝင်တွေဟာ နီလည်းနီ ချွန်လည်းချွန်ရမယ်လို့ ပြောခဲ့တာဖြစ်ပါတယ်။ နီတယ်ဆိုတာ ကွန်မြူနစ်ပါတီ ရပ်တည်ချက်ရှိတာကို ဆိုလိုတာဖြစ်ပြီး ချွန်တယ်ဆိုတာ



ကျွမ်းကျင်လိမ္မာမှုရှိတာကို ဆိုလိုတာဖြစ်ပါတယ်။ နီရဲ့သာနီပြီး မချွန်ရင် ဆိုရှယ်လစ်တည်ဆောက်ရေး လုပ်ငန်းတွေမှာ ကျွမ်းကျွမ်းကျင်ကျင် ပါဝင်ပြီး အကောင်အထည်ဖော်နိုင်မှာ မဟုတ်ဘူးလို့ ဆိုလိုတာပါ။ ဥက္ကဋ္ဌကြီးမော် ဒါမှမဟုတ် မော်စီတုန်းကို ချောင်ထိုးလိုက်တဲ့အချိန်မှာ အဲဒီနီရေးချွန်ရေးဆိုတဲ့ စကားလုံးကိုလည်း အမှိုက်ပုံးထဲ ထည့်ပစ်လိုက်ကြပြီ ဖြစ်ပါတယ်။ ယနေ့ တရုတ်ပြည်ကို စီးပွားရေးတောင့်တင်းတဲ့ နိုင်ငံကြီးတစ်နိုင်ငံဖြစ်အောင် တွန်းတင်ခဲ့တဲ့ တရုတ်ကွန်မြူနစ်ခေါင်းဆောင် တိန့်ရှောက်ဖျင်ဟာ မော်စီ တုန်း ရဲ့ 'နီလည်းနီ ချွန်လည်းချွန်ရမယ်' ဆိုတဲ့စကားလုံးကို စွန့်ပယ်လိုက်ပြီး ကြောင်ဖြူဖြူမည်းမည်း ကြွက်ခုတ်ရင်ပြီးတာပဲလို့ ကြွေးကြော်သံ ထုတ် လိုက်တယ်။ ကွန်မြူနစ် ဟုတ်ဟုတ်မဟုတ်ဟုတ် တကယ်တမ်း ကျွမ်းကျွမ်း ကျင်ကျင် အကောင်အထည်ဖော်နိုင်သူတွေကို နေရာပေးခဲ့တယ်။ ဒါဟာ တရုတ်ပြည်ကြီး စီးပွားရေးတောင့်တင်းလာရခြင်း အကြောင်းရင်းတွေထဲက အချက်တစ်ချက်ပါပဲ။

အဲဒီလို တရုတ်ပြည်မှာ စွန့်ပယ်ခဲ့တဲ့စကားလုံးကို လက်ဝဲသူငယ်နာ စွဲကပ်နေသူလူကြီးတွေက မြန်မာပြည်မှာ လာဖော်ထုတ်ဖို့ ကြိုးစားခဲ့ကြတယ်။ စကားလုံးလေးက လှလည်းလှတော့ လက်ခံသွားသူလူငယ်တွေ ရှိလာတာပါ ပဲ။ နီချင်လာကြတယ်။ ကွန်မြူနစ် ဖြစ်ချင်လာကြတယ်။ ကွန်မြူနစ်ဖြစ်ချင် လာပေမယ့် သူတို့ဆည်းကပ်မိတဲ့ ဆရာကြီးတွေက တစ်ယောက်လား နှစ်ယောက်လား သုံးယောက်လားတော့ မသိ၊ အဲဒီဆရာကြီးတွေက လက်ဝဲ သူငယ်နာရောဂါ စွဲကပ်နေသူတွေဖြစ်လေတော့ အဲဒီလူငယ်လေးတွေဟာ လက်ဝဲတရားသေလေးတွေ ဖြစ်နေကြပြီဆိုတာ သူတို့ရဲ့ အရေးအသားတွေ အသုံးအနှုန်းတွေကနေ တွေ့လာရပါတယ်။

အဲဒီလူငယ်လေးတွေဟာ လက်ဝဲစကားလုံး၊ ကွန်မြူနစ်စကားလုံးတွေ ကို အတုံးလိုက်အတစ်လိုက် သုံးကြတယ်။ ဘာမှန်းမသိ ညာမှန်းမသိနဲ့ ဗမာပြည်ဟာ ကိုလိုနီတစ်ပိုင်း၊ ပဒေသရာဇ်တစ်ပိုင်း နိုင်ငံဖြစ်တယ်လို့ ပြောကြပြန်တယ်။ အလေးနီပြုတယ်ဆိုတဲ့ စကားလုံးကိုလည်း တွင်တွင် ကျယ်ကျယ် သုံးကြတယ်။ အချင်းချင်းဆုံလိုက်ရင် 'အင်တာနေရှင်နယ်' သီချင်းကိုလည်း ဆိုကြသေးတယ်။ ဒီလိုနဲ့ သူတို့ဟာ ကိုယ့်ကိုယ်ကိုယ်

ဖော်ရင်းဖော်ရင်း ကွန်မြူနစ်ဝါဒကို လိုလားနှစ်သက်နေသူတွေ ဖြစ်မှန်း ပတ်ဝန်းကျင်က သိလာကြတယ်။ ပတ်ဝန်းကျင်ဆိုတာကလည်း အကင်းပါးတဲ့ နိုင်ငံရေးပတ်ဝန်းကျင်ဖြစ်နေလေတော့ သူတို့ကို 'တပ်နီလူငယ်လေးတွေ' လို့ နာမည်ပေး ကင်ပွန်းတပ်လိုက်ကြတယ်။ 'တပ်နီလူငယ်လေးတွေ' ဆိုတာ တရုတ်ပြည်မှာ တရုတ်ပြည်ကွန်မြူနစ်ပါတီက ဖွဲ့စည်းထားတဲ့ လူငယ်အဖွဲ့အစည်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌမော်ကို ၁၉၆၀ ပိုင်းကာလတွေမှာ ပါတီတွင်း ဆန့်ကျင်ဖက်အင်အားစုတွေက ချောင်ပိတ်ထားတဲ့အချိန်မှာ ဆန္ဒပြပွဲတွေ လုပ်ပြီး ကယ်တင်ပေးခဲ့တာ တပ်နီလူငယ်လေးတွေပဲ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ မော်စီတုန်းက ယဉ်ကျေးမှုတော်လှန်ရေး လုပ်တဲ့အချိန် အဲဒီ တပ်နီလူငယ်လေးတွေကို အားကိုးပြီး လုပ်ခဲ့တာဖြစ်ပါတယ်။ အဲဒီတရုတ် တပ်နီလူငယ်လေးတွေဟာ မော်စီတုန်းက လွဲရင် ဘယ်သူ့ကိုမှ ခေါင်းဆောင် မတင်တဲ့ မိုက်တိမိုက်ကန်းလေးတွေပါ။ တရုတ်ပြည်သမိုင်းမှာ နာမည်ဆိုးနဲ့ ဟိုးဟိုးကျော်ခဲ့သူတွေပါ။ အဲဒီလို မော်စီတုန်းခိုင်းသမျှ စွတ်ရွတ်လုပ်ခဲ့တဲ့ 'တရုတ်တပ်နီလူငယ်လေးတွေ' နဲ့ နှိုင်းယှဉ်ပြီး ဒီနေ့မြန်မာပြည်မှာ ပေါ်ပေါက်လာတဲ့ လက်ဝဲစွန်းလူငယ်လေးတွေကို 'တပ်နီ လူငယ်လေးတွေ' လို့ မြန်မာပြည်နိုင်ငံရေးအသိုင်းအဝန်းက နာမည်ပေး ကင်ပွန်းတပ်လိုက်တာ ဖြစ်ပါတယ်။

လက်ဝဲသူငယ်နာရောဂါစွဲကပ်နေတဲ့ လူကြီးတွေကြောင့် လူငယ်တွေ ကွန်မြူနစ်ဇာတ် သွင်းတာခံနေကြရတဲ့ အခြေအနေနဲ့ ပတ်သက်လို့ စာရေးဆရာတစ်ဦးကတော့ ပြောစမှတ်ဖြစ်နေတဲ့ စကားတစ်ခွန်းကို ပြောပြခဲ့ပါတယ်။ ''အသက် ၄၀ မပြည့်ခင် ကွန်မြူနစ်မဖြစ်တဲ့သူဟာ လူညံ့ဖြစ်ပြီး အသက် ၄၀ ကျော်တဲ့အထိ ကွန်မြူနစ်ဆက်ဖြစ်နေရင်လည်း လူညံ့ပဲ'' ဆိုတဲ့ စကားဖြစ်ပါတယ်။ အဲဒီစကားဟာ အကြွင်းမဲ့ အမှန်တရားတော့ မဟုတ်ပါဘူး။ ဒီနေ့ခေတ်လူငယ်တွေဟာ ကွန်မြူနစ်ဖြစ်ချင်တဲ့စိတ် ပေါ်ပေါက်လာရင် နည်းနည်းတော့ စဉ်းစားဆင်ခြင်သင့်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီနိုင်ငံဟာ မြန်မာနိုင်ငံ ဖြစ်နေလို့ပါပဲ။

မြန်မာနိုင်ငံမှာ ကွန်မြူနစ်ပါတီ ၂ ပါတီရှိခဲ့ပါတယ်။ ကွန်မြူနစ်ပါတီ (ဗမာပြည်) နဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဖြစ်ပါတယ်။ ကွန်မြူနစ်ပါတီ

(ဗမာပြည်) က အစောဆုံးပြိုကွဲပျက်စီးခဲ့ပြီး ဗမာပြည်ကွန်မြူနစ်ပါတီကတော့ မော်စီတုန်းခေါင်းဆောင်တဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီကြောင့် အတော်ကြာကြာ ရေရှည်ရပ်တည်နိုင်ခဲ့ပေမယ့် မော်စီတုန်း ကွယ်လွန်သွားပြီး နောက်ပိုင်း တိန့်ရှောက်ဖျင်ရဲ့ လမ်းညွှန်ချက်နဲ့ သွားနေတဲ့ တရုတ်ကွန်မြူနစ်ပါတီရဲ့လက်ချက်နဲ့ ၁၉၈၉ ခုနှစ်မှာ ပြိုကွဲသွားခဲ့ပါတယ်။ လုံး၀ဥဿုံ ပြိုကွဲသွားတာမျိုး မဟုတ်ပါဘူးလို့ စာဒက တက်လာရင်တော့ ကျန်တယ်ဆိုရင်လည်း နာမည်ကလေးကျန်ရုံ အနေအထားသာ ရှိပါတော့တယ်လို့ ပြောရမှာပါ။ နာမည်လေးကျန်နေလေတော့ အဲဒီနာမည်နဲ့ ရှင်သန်ခဲ့စဉ်က တည်ရှိခဲ့တဲ့ သုံးသပ်ချက်အမှားတွေ၊ သဘောထား အမှားတွေပါ ဆက်လက်ကျန်ရှိနေသေးတာ ဖြစ်ပါတယ်။ ဒီလိုနဲ့ လက်ကျန်နာမည်လေး ဆက်လက် ထိန်းထားသူတွေက လက်ကျန်သုံးသပ်ချက်အမှားတွေ၊ လက်ကျန်သဘောထား အမှားတွေနဲ့ တတ်နိုင်သမျှတော့ လှုပ်ရှားကြိုးစားနေကြပါတယ်။

သူတို့ရဲ့ကြိုးစားမှုက ဗမာပြည်ကွန်မြူနစ်ပါတီဆိုတဲ့ ၀က်ဘ်ဆိုက် တစ်ခု တည်ထောင်ထားပြီး အဲဒီ၀က်ဘ်ဆိုက်ကနေ နိုင်ငံရေး အခြေအနေတွေကို သုံးသပ်ခြင်း၊ လှုံ့ဆော်ခြင်းတွေ အဓိကထားလုပ်တယ်။ ပြီးတော့ လူငယ်လေးတွေကို လေ့လာရေးအစုလေးတွေ ဖွဲ့ပြီး စည်းရုံးတယ်။ ဒီလိုနဲ့ ဒီနေ့ နိုင်ငံရေးအ၀န်းအ၀ိုင်းက 'တပ်နီလူငယ်လေးတွေ' လို့ နာမည်ပေးသမုတ်တာ ခံနေရတဲ့ ကွန်မြူနစ်လူငယ်လေးတွေ ပေါ်ထွန်းလာခဲ့တယ်။

အဲဒီလူငယ်လေးတွေဟာ ယူဂျီတွေလို့ ပြောရမှာလည်း ခပ်ခက်ခက်ပဲ။ ယူဂျီလို လျှို့ဝှက်နေထိုင်ကြတာမဟုတ်ဘဲ ကွန်မြူနစ်စကားလုံးတွေကို အတုံးလိုက် အတစ်လိုက် ထုတ်သုံးနေကြတော့ သိသာထင်ရှားနေတယ်။ အဲဒီလူငယ်လေးတွေဟာ သူတို့ကိုယ်သူတို့ တခြားဒီမိုကရေစီလူငယ်တွေ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ လူငယ်တွေထက် ပိုတော်၊ ပိုထက်တယ်လို့ ထင်နေကြတယ်။ သူတို့မှာ ၀ါဒရှိတယ်၊ ပါတီရှိတယ်လို့ အထင်ရောက်နေကြတယ်။ အဲဒီမာနခဲ "တပ်နီလူငယ်" လေးတွေကို သတိပေးချင်တာက သူတို့မှာရှိတဲ့ ၀ါဒဆိုတဲ့ ကွန်မြူနစ်၀ါဒဟာ ကမ္ဘာပေါ်မှာ ပြန်လည်သုံးသပ်နေကြရတဲ့၀ါဒဖြစ်နေပြီး သူတို့နောက်မှာ ရှိတယ်ဆိုတဲ့ ပါတီကလည်း အရည်အချင်းမပြည့်မီတော့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ဖြစ်နေတာပါပဲ။

အဲဒီတပ်နီလူငယ်လေးတွေရဲ့စိတ်ထဲမှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဘာ့ကြောင့် ပြိုကွဲပျက်စီးခဲ့ရသလဲဆိုတဲ့ အချက်တွေကိုလည်း စိတ်ဝင်စားမှုရှိကြတယ်လို့ သိရတယ်။ ဒီအကြောင်းရင်းတွေကို သိပြီး ပြန်လည်ပြုပြင်နိုင်ရင် အားကောင်းမောင်းသန်ပါတီတစ်ရပ် ပြန်ဖြစ်လာနိုင်မယ်ဆိုတဲ့ မျှော်လင့်ချက် ရှိထားပုံလည်း ရပါတယ်။ အဲဒီလို မျှော်လင့်ချက် ထားမိတယ်ဆိုရင် မှားပါ လိမ့်မယ်။ တရုတ်ဩဇာခံဖြစ်နေတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကို ဘယ်သူကမှ ပြင်လို့မရနိုင်တော့ပါဘူး။ စာရေးဆရာ ရန်ကုန်ဘဆွေ သုံးဖူးတဲ့အသုံးအနှုန်းတစ်ခုလို ရေခဲတုံးတစ်တုံး အရည်ပျော်နေတာကို ထိုင်ကြည့်နေရုံသာ ရှိပါတော့တယ်။ လက်ရှိဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အနေအထားဟာ ကျားသနားမှ နွားချမ်းသာဆိုသလို တရုတ်ပြည် ကွန်မြူနစ်ပါတီက သနားမှ ချမ်းသာရာရမှာ ဖြစ်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီမဆိုထားနဲ့ ကမ္ဘာတစ်လွှားမှာ ကွန်မြူနစ်ပါတီစစ်စစ်လို့ အာမခံနိုင်တဲ့ပါတီဟာ မရှိသလောက် ဖြစ်သွားပါပြီ။ တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ ကွန်မြူနစ်ပါတီတစ်ရပ်ရဲ့ အခြေခံမူတွေကို စွန့်လွှတ်ပြီး ကိုယ့်နိုင်ငံကြီးပွားရေးကိုသာ စောက်ချလုပ်ကိုင်လာခဲ့တာ ဒီနေ့ဆိုရင် အမေရိကန်ကို ယှဉ်နိုင်တဲ့အင်အားကြီး နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်နေပါပြီ။ တစ်ချိန်က မော်စီတုန်းရဲ့ဇနီး 'ကျန်းချင်း' ဦးဆောင်တဲ့ လေးဦးဂိုဏ်းက ပြောခဲ့သလို တိန့်ရှောက်ဖျင်လမ်းစဉ်သာ အပေါ်စီး ရသွားရင် 'ဂြိုဟ်တုမိုးပျံ အလံနီ မြေခ' သွားလိမ့်မယ် ဆိုတဲ့စကားအတိုင်း တကယ် ဖြစ်နေပါပြီ။ ဆိုရှယ်နယ်ချဲ့အဆင့်ကို ကူးပြောင်းနိုင်တဲ့ အနေအထားကို ရောက်နေပါပြီ။ အင်အားကြီးနိုင်ငံလည်းဖြစ် အာဏာရှင်နိုင်ငံလည်း ဖြစ်တဲ့အခါကျတော့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကိုတောင် သိပ်အလေးမထားချင်တော့တာကို စတွေ့နေရပြီ ဖြစ်ပါတယ်။ အမေရိကန်နဲ့ရော၊ ရုရှားနဲ့ပါ ဈေးကွက်လုနေတာကလည်း မလွှဲမရှောင်သာတဲ့ ရုပ်ဘဝဖြစ်နေပါပြီ။ ဒီလိုအနေအထားမျိုး ရောက်နေတဲ့ တရုတ်နိုင်ငံအတွင်းက တရုတ်ပြည်ကွန်မြူနစ်ပါတီကို ကမ္ဘာ့အလုပ်သမားလူတန်းစားက အားကိုးရဖို့နေနေသာသာ တရုတ်ပြည်အလုပ်သမားလူတန်းစားနဲ့ အခြေခံလူတန်းစားတွေကတောင် အားကိုးလို့မရ ဖြစ်နေပါပြီ။ ဒီအခြေအနေကို အင်တာနက်ပေါ်က

နေ လေ့လာတွေ့ရှိနိုင်ကြပါတယ်။ အင်္ဂလိပ်စာ ဒါမှမဟုတ် တရုတ်စာ တော့ တတ်ဖို့လိုတာပေါ့လေ။ တရုတ်ပြည်ကွန်မြူနစ်ပါတီက အင်တိုက် အားတိုက် ကူညီပေးထားခဲ့တဲ့ မြောက်ကိုရီးယား ကွန်မြူနစ်ပါတီဟာလည်း တကယ့်ကို သားစဉ်မြေးဆက် အာဏာရှင်စနစ်ကို ကျင့်သုံးနေလေတော့ ကွန်မြူနစ်ဆိုတဲ့ ဝေါဟာရတောင် သူတို့ကြောင့် သိက္ခာကျရတဲ့ အနေအထား ကို ရောက်ရှိနေပါပြီ။ ကျူးဘားနိုင်ငံက ကွန်မြူနစ်ပါတီဆိုရင် စိတ်ဝင်စား စရာတောင် မကောင်းတော့လောက်အောင် မှေးမှိန်နေပါပြီ။

ကမ္ဘာမှာရော မြန်မာနိုင်ငံမှာပါ ပြန်လည်သုံးသပ်ဖို့လိုနေတဲ့ ကွန်မြူနစ်ဝါဒကို ဒီနေ့ပေါ်ပေါက်လာတဲ့ 'တပ်နီလူငယ်' လေးတွေက စွဲကိုင်ဖို့ ကြိုးစားနေကြတာဟာ နဂိုကမှ ဆင်းရဲတွင်းနက်နေပါတယ်ဆိုတဲ့ တိုင်းပြည်ကို ပိုပြီးဆင်းရဲစေမယ့်လမ်းဆီ တွန်းပို့သလို ဖြစ်နေပါဦးမယ်။ လက်ရှိမြန်မာနိုင်ငံအတွက် အသင့်တော်ဆုံး နိုင်ငံရေးလမ်းကြောင်းဟာ တစ်ပါတီအာဏာရှင်စနစ်၊ စစ်အာဏာရှင်စနစ်၊ ကွန်မြူနစ်အာဏာရှင်စနစ် တွေမဟုတ်ဘဲ ဒီမိုကရေစီရေး လမ်းကြောင်းသာ ဖြစ်ပါလိမ့်မယ်။ ဒီနေရာမှာ လက်ဝဲသူငယ်နာစွဲနေတဲ့ လူကြီးတချို့က ဒီမိုကရေစီတော်လှန်ရေးဆိုတာ ကျူပ်တို့ပါတီက စလုပ်ခဲ့တာ (ဗမာပြည်ကွန်မြူနစ်ပါတီက စလုပ်ခဲ့တာ) လို့ ပြောဖူးပါတယ်။ ဒီစကားလုံးဟာ ရောင်တော်ပြန်နဲ့ ရောလွှတ်တာပါ။ တကယ်က အနောက်နိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ဒီမိုကရေစီနဲ့ ကွန်မြူနစ်တွေ ကျင့်သုံးတဲ့ ဒီမိုကရေစီဆိုတာ တူမှမတူတာပဲ။ အနောက်နိုင်ငံမှာ ကျင့်သုံး နေတဲ့ဒီမိုကရေစီကို ကွန်မြူနစ်တွေက အရင်းရှင်ဒီမိုကရေစီလို့ သတ်မှတ်ထား တာပါ။ ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ်လို့ မော်စီတုန်းက နာမည် ပေးထားတဲ့ ကွန်မြူနစ်အာဏာရှင်စနစ်သာလျှင် ကွန်မြူနစ်တွေလိုလားတဲ့ ဒီမိုကရေစီ ဖြစ်ပါတယ်။ ဒီကွဲပြားခြားနားမှုကို လေ့လာချင်ရင် မော်စီတုန်း ရေးသားခဲ့တဲ့ ဒီမိုကရေစီသစ် စာအုပ်မှာ လေ့လာနိုင်ပါတယ်။ ဒါ့ကြောင့် လာမရောပါနဲ့လို့ပဲ ပြောပါရစေ။

မြန်မာနိုင်ငံကို ဗိုလ်ချုပ်ကြီးနေဝင်းအုပ်ချုပ်စဉ်က ၃၃ ဦးအကြံပေးအဖွဲ့ ဖွဲ့ပြီး အကြံတောင်းခဲ့ဖူးတာကို မှတ်မိကြပါလိမ့်မယ်။ အဲဒီတုန်းက ပေးလိုက် ကြတဲ့အကြံတွေထဲမှာ ဒီမိုကရေစီဆိုရှယ်လစ်လမ်းကြောင်း၊ ဆိုရှယ်လစ် ဒီမိုကရေစီလမ်းကြောင်း၊ ပါလီမန် ဒီမိုကရေစီလမ်းကြောင်းဆိုပြီး အမျိုးမျိုး

အဖုံဖုံ ပါလာကြပါတယ်။ ဒီနေ့လည်း အဲဒီလိုအကြံတောင်းရင် အကြံတွေ အမျိုးမျိုး ထွက်လာကြဦးမှာပါ။ ဒီနေ့အစိုးရက အဲဒီလိုအကြံတွေမတောင်း တော့ဘဲ ဒီမိုကရေစီလမ်းကြောင်းကို သွားမယ်ဆိုပြီး ဒီမိုကရေစီ ပြုပြင်ပြောင်း လဲရေးတွေလုပ်ဖို့ အစပျိုးခဲ့တာဖြစ်ပါတယ်။ ဓမ္မတာပဲ စစ်အစိုးရက လုပ်ပေး တဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဖြစ်တာမို့ စစ်အစိုးရအကြိုက် လမ်းကြောင်း အတိုင်း ကြိုတင်ပြင်ဆင်ပြီး ချမှတ်ခဲ့တာပါပဲ။ ဒီတော့ စစ်အစိုးရအကြိုက် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဟာ အခြေအနေနဲ့ မသင့်တော်ဘူးထင်ရင် သင့်တော်တဲ့ ပြုပြင်ပြောင်းလဲရေးဖြစ်အောင် တည့်မတ်ဖို့ ကြိုးစားသင့်ပါ တယ်။ ဒီမိုကရေစီလမ်းကြောင်းကို မသွားချင်ဘူး၊ ကွန်မြူနစ်လမ်းကြောင်း ပဲ သွားချင်ပါတယ်ဆိုရင်တော့ ကိုယ့်လမ်းကိုယ် သီးခြားတစ်စင်ထောင်ပြီး လျှောက်လှမ်းသင့်ပါတယ်။ ကိုယ့်လမ်းကိုယ် မလျှောက်ဘဲ ဒီမိုကရေစီသမား တွေနဲ့ ရောယောင်လျှောက်နေရင် သူတို့အတွက် 'စိန်ကောင်းကျောက်ကောင်း ရောင်းနေတဲ့အထဲ ဆေးရိုးသည်က ကန့်လန့်ကန့်လန့်' ဆိုတာမျိုး ဖြစ်နေ ပါလိမ့်မယ်။

မြန်မာပြည်ကို ကွန်မြူနစ်လမ်းကြောင်းအတိုင်း သွားမယ်ဆိုတဲ့ ဗမာ ပြည်ကွန်မြူနစ်ပါတီဖြစ်ဖြစ်၊ ကွန်မြူနစ်ပါတီ (ဗမာပြည်) ဖြစ်ဖြစ် ပြည်သူ လူထုရဲ့ထောက်ခံမှုကို ရမှမရခဲ့တာပဲ။ ပြည်သူလူထုရဲ့ ထောက်ခံမှု မရခဲ့ဘူး ဆိုတာကို ကွယ်လွန်ခါနီးအချိန်မှာ ဗမာပြည်ကွန်မြူနစ်ပါတီ အတွင်းရေးမှူး တာဝန်ထမ်းဆောင်သွားတဲ့ ရဲဘော်ထွန်း (ခ) ဗိုလ်ကြင်မောင်က "ကျုပ်တို့ ပါတီအနေနဲ့ မြို့ပေါ်မှာ သွားပြီး မဲပုံးထောင်ကြည့်ပါလား၊ မဲတစ်ပြားမှ ရမှာမဟုတ်ဘူး၊ ဒါ့ကြောင့် ကျုပ်တို့ဟာ ရွေးကောက်ပွဲဝင်ဖို့ဆိုတာ စိတ်ကူး ယဉ်လို့ မရဘူး၊ စစ်နိုင်ရေး၊ အာဏာသိမ်းရေးလမ်းစဉ်နဲ့သာ သွားကြရမှာ" လို့ မြို့ပေါ်ကနေ တောခိုလာတဲ့ကျောင်းသားတွေနဲ့ စကားဝိုင်းဆုံတိုင်း ပြောခဲ့ တာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပြည်သူလူထုကြီးက ကွန်မြူနစ်ဝါဒ ကို ဘာဖြစ်လို့ဆန့်ကျင်ကြတာလဲဆိုရင် အများစုက ဗုဒ္ဓဘာသာဝင်တွေ ဖြစ်နေလို့ပါ။ ကွန်မြူနစ်ဝါဒမှာက ဘာသာရေးဆိုတာ ဘိန်းပဲလို့ သတ်မှတ် ထားတာဆိုတော့ ကွန်မြူနစ်တွေ အာဏာရသွားရင် ဗုဒ္ဓဘာသာဝင်တွေ အနှိမ်ခံရမှာ၊ ဗုဒ္ဓဘာသာ အဖျက်ဆီးခံရမှာကို ကြောက်ကြတယ်။ ဒီကြားထဲ မြစ်ဝကျွန်းပေါ်မှာ ကွန်မြူနစ်တွေ ကြီးစိုးခဲ့တုန်းက တချို့ကွန်မြူနစ်တပ်ဖွဲ့

တွေက ဗုဒ္ဓဆင်းတုတော်တွေကို ရိုက်ချိုးဖျက်ဆီးကြတာတွေ လုပ်တဲ့အခါ ပိုဆိုးသွားတယ်။ အဲဒီလုပ်ရပ်ကို ဓာတ်ပုံတွေရိုက်ပြီး အဲဒီအချိန်က တိုင်းပြည် အုပ်ချုပ် မင်းလုပ်ခဲ့တဲ့ ပထစ (ဦးနု) အစိုးရကနေ ဓမ္မန္တရာယ် (ဓမ္မအန္တရာယ်) ဆိုတဲ့ ခေါင်းစဉ်နဲ့ စာအုပ်စာတမ်းတွေ ရိုက်နှိပ်ပြီး ဝါဒဖြန့်ချိလိုက်တဲ့အခါ ဗုဒ္ဓဘာသာဝင်တွေ အတော်တုန်လှုပ်ခဲ့ရပါတယ်။ အခုအထိလည်း ကွန်မြူနစ် ဆိုရင် ဗုဒ္ဓဘာသာကို နှိပ်ကွပ်လိမ့်မယ်အထင်နဲ့ မယုံမရဲ ဖြစ်နေကြဆဲပါ။ ဒီအခြေအနေမှာ ဒီနေ့ခေတ် 'တပ်နီလူငယ်' လေးတွေက ကွန်မြူနစ် လမ်းကြောင်းအတိုင်း သွားချင်ပါတယ်လို့ ပြောလာရင် ပြည်သူလူထုက လက်ခံမှာ မဟုတ်ပါဘူး။

နောက်တစ်ချက်က မြန်မာပြည်မှာ တိုင်းရင်းသားလူမျိုးတွေ အများကြီးရှိနေလို့ ကွန်မြူနစ်လမ်းကြောင်းလိုက်ဖို့ဆိုတာ မလွယ်ကူတာ ဖြစ်နေပါတယ်။ မြန်မာပြည်မှာ ဗိုလ်ချုပ်ကြီးနေဝင်း အုပ်ချုပ်ခဲ့စဉ်က အသိအမှတ်ပြုထားခဲ့တဲ့ တိုင်းရင်းသားလူမျိုးစာရင်းအရ ၁၃၅ မျိုးရှိပါတယ်။ အသေးစား အစုအဖွဲ့လေးတွေပါ စာရင်းလိုက်ကောက်ရင် ပိုတောင် များလာနိုင်ပါသေးတယ်။ တိုင်းရင်းသားလူမျိုး များပြားခြင်းဟာ ကွန်မြူနစ်ဝါဒ၊ ကွန်မြူနစ် လမ်းကြောင်းအတွက် အဟန့်အတားဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဗမာလူမျိုးတွေကိုတောင် ကွန်မြူနစ်ဝါဒ၊ ကွန်မြူနစ်လမ်းကြောင်းကို လက်ခံဖို့ စည်းရုံးသိမ်းသွင်းရာမှာ ခက်ခဲနေတာဆိုတော့ ကိုးကွယ်တဲ့ဘာသာ၊ ဓလေ့ထုံးစံတွေ ကွဲပြားနေတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံကို နားဝင်အောင်ပြောဖို့ရာ အတော်ခက်ခဲပါလိမ့်မယ်။ တရုတ်ပြည်မှာ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကို အောင်မြင်အောင် ဦးဆောင်နိုင်ခဲ့တဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ မော်စီတုန်းက တော်လှန်ရေးအောင်နိုင်ခြင်း အကြောင်းရင်းတွေကို ပြန်လည်နိဂုံးချုပ်ပြတဲ့အခါ တရုတ်ပြည်မှာ ဟန်လူမျိုးက ၉၀ ရာခိုင်နှုန်းကျော်ရှိနေပြီး ကျန်တဲ့တိုင်းရင်းသားလူမျိုးတွေက ၁၀ ရာခိုင်နှုန်းလောက်သာ ရှိလို့ဆိုတဲ့ အချက်ကို အကြောင်းရင်းတစ်ရပ်အဖြစ် ထောက်ပြခဲ့ပါတယ်။ သူဆိုလိုတာက ဟန်လူမျိုးအချင်းချင်းဆိုတော့ စကားလည်းပေါက်၊ လူမျိုးရေးအမြင်လည်း ကင်းတဲ့အတွက် ကွန်မြူနစ်ပါတီရဲ့ လမ်းစဉ်သဘောတရားတွေကို ဝါဒဖြန့်လို့ ကောင်းတယ်ဆိုတာပါပဲ။ ဟန်လူမျိုးမဟုတ်တဲ့ တခြားတိုင်းရင်း

သားတွေကျတော့ စကားမပေါက်တာရယ်၊ လူမျိုးရေးအမြင်က ခံနေတာရယ်ကြောင့် ဝါဒဖြန့်ဖို့ ခက်တယ်ဆိုတဲ့ သဘောပါ။ မြန်မာပြည်မှာလည်း ဗမာလူမျိုးချည့် ၉၀ ရာခိုင်နှုန်းကျော်ရှိနေရင်တော့ ကွန်မြူနစ်ဝါဒကို ကြံဖန်ဝါဒဖြန့်ရင် ဖြစ်နိုင်ခြေရှိပါတယ်။ ဒါပေမယ့် အခုလို လူမျိုးပေါင်းအလွန်အမင်း စုံနေတဲ့အခြေအနေမှာ မလွယ်လှဘူးဆိုတာ သိသာလှပါတယ်။

လွယ်နေတယ်ဆိုရင်လည်း အခုလက်ရှိ 'တပ်နီလူငယ်' လေးတွေထက် အရည်အချင်းအဆမတန်သာတဲ့ လက်ဟောင်း ကွန်မြူနစ်ကြီးတွေ လက်ထက်ကတည်းက အောင်မြင်နေမှာပေ့ါ။ ဒီအချက်ကတော့ ဘယ်သူမှ ငြင်းလို့မရတဲ့အချက်ပါ။ ဒီတော့ မော်စီတုန်းပြောဖူးတဲ့ စကားလေးတစ်ခွန်းကို ပြန်ပြောချင်ပါတယ်။ 'လူငယ်တွေဆိုတာ မနက် ၈ နာရီ ၉ နာရီမှာ ထွန်းလင်းတဲ့ နေမင်းကြီးလိုပါပဲ' တဲ့။ တက်ကြွတယ်၊ ရဲရင့်တယ်၊ အနာဂတ်ရှိတယ်။ အဲဒီလို လူငယ်ဘဝကို တခြားဒီမိုကရေစီလူငယ်များနဲ့ တစ်သားတည်း ဖြတ်သန်းသွားနိုင်ရင်တော့ ပိုကောင်းပါတယ်။ ဒီနေ့ မြန်မာပြည်ရဲ့ ရှေ့မှောက်မှာ ထင်ထင်ပေါ်ပေါ်ဖြစ်နေတဲ့ လမ်းကြောင်းဟာ ဒီမိုကရေစီရေး လမ်းကြောင်း ဖြစ်နေပါတယ်။ အာဏာရှင်လမ်းကြောင်းကို ဆန့်ကျင်ရင်း နောက်ထပ် အာဏာရှင်လမ်းကြောင်းတစ်ခု နောက်ကို ထပ်လိုက်ချင်တယ်ဆိုရင် ဝေးသော အကြောင်းတစ်ခုဖြစ်နေလို့ပါ။ အတော်ကြီး ဝေးကွာနေပါတယ်။ အဲဒီရည်မှန်းချက်ဟာ 'ရေချိုတွင်း' တစ်တွင်း ဖြစ်တယ်ဆိုရင်တောင် ဝေးလံတဲ့အရပ်က ရေချိုတွင်း ဖြစ်နေပါတယ်။ ဆိုလိုတာက ကျဉ်အတုပ်ခံပြီးမှတော့ မှိုနဲ့ မျှစ်ကိုသာ နုတ်စေချင်တာပါ။ ပဒိုင်းပန်းတွေကို မနုတ်စေချင်ပါဘူး။ ဒါပေမယ့် နုတ်ချင်သူတွေရဲ့ဆန္ဒဆိုတာ တားဆီးလို့ရတာမျိုးမှ မဟုတ်တာ။ ဒီတော့ ဘာတွေနုတ်ပါ ညာတွေနုတ်ပါလို့ အဆိုမပြုချင်တော့ဘဲ 'ကျဉ်တုတ် ခံဝံ့ မခံဝံ့' ဆိုတာကိုသာ မေးလိုက်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်သွားရင်လည်း ကွန်မြူနစ်ဆိုတာ ဆန့်ကျင်ခံနေရဦးမှာ မို့ပါ။ ။

**Political Comments page in Facebook, 21st April 2015**

❖ ❖ ❖

## အမျိုးသားပညာရေးဥပဒေနဲ့ ကျောင်းသားလှုပ်ရှားမှုအလားအလာ

အမျိုးသားပညာရေး ဥပဒေပြင်ဆင်ရေးဆိုတဲ့ အကြောင်းပြချက်နဲ့ ကျောင်းသားတွေလုပ်ခဲ့တဲ့ သပိတ်လှုပ်ရှားမှုဟာ အကြမ်းဖက်ဖြိုခွဲမှုကို ခံခဲ့ရပေမယ့် လုံးဝအဓိပ္ပာယ်မဲ့စွာ ကျရှုံးသွားခြင်း မရှိပါဘူး။ အမျိုးသားပညာရေးဥပဒေဟာ လွှတ်တော်ထဲ ရောက်သွားခဲ့ပါတယ်။ ပြင်ဆင်ဖို့အတွက် ဆွေးနွေးကြတဲ့အပြင် ပြင်လည်း ပြင်ဆင်ခဲ့ပါတယ်။ ကျောင်းသားထဲမှာတော့ သိသိသာသာ နှစ်ခြမ်းကွဲသွားခဲ့ပါတယ်။ လွှတ်တော်တက်တဲ့အဖွဲ့က တက်တယ်။ မတက်တဲ့အဖွဲ့က မတက်ဘူး။ နောက်ပိုင်း ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၅ ခုနှစ် ဇွန်လ ၇ ရက်နေ့မှာ အမျိုးသားပညာရေးဥပဒေ၊ အဆင့်မြင့်ပညာရေး ဥပဒေတွေနဲ့ ပတ်သက်လို့ ရန်ကုန်၊ မန္တလေးအပါအဝင် မြို့နယ်ပေါင်း ၁၈ မြို့နယ်၊ တက္ကသိုလ် ၁၅ ခုကနေ လာရောက်တွေ့ဆုံတဲ့ ကျောင်းသား ကျောင်းသူ ၆၂ ဦးနဲ့ ဆွေးနွေးခဲ့တယ်။ အဲဒီဆွေးနွေးပွဲမှာလည်း ဖိတ်ခေါ်ပေမယ့် လာမတက်တဲ့ကျောင်းသားတွေ ရှိနေတာမို့ လာရောက်တွေ့ဆုံတဲ့ ကျောင်းသားကျောင်းသူ ၆၂ ဦး နဲ့သာ ဒေါ်အောင်ဆန်းစုကြည် ဆွေးနွေးခဲ့ရတာ ဖြစ်ပါတယ်။ ဒါဟာလည်း ကျောင်းသားတွေကြားထဲမှာ နှစ်ခြမ်းကွဲသွားတဲ့ အခြေအနေရဲ့အဆက် ဖြစ်ပါတယ်။

အဲဒီလို နှစ်ခြမ်းကွဲသွားတာဟာ စည်းလုံးညီညွတ်ရေးကို ထိခိုက်တယ်လို့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပေမယ့် တစ်ဖက်မှာလည်း မတူညီတဲ့ အမြင်နှစ်




ရပ် သိသိသာသာ အားပြိုင်လာတာဖြစ်လို့ ကောင်းတဲ့ကိစ္စလည်း ဖြစ်ပါတယ်။ အမြင်မတူရင် ဆုံးဖြတ်ချက်တွေလည်း တူမှာ မဟုတ်တဲ့အပြင် လုပ်ရပ်တွေလည်း ကွဲပြားကုန်တော့မှာပါ။ အဲဒီအခါမှာ မျက်မှောက်အခြေအနေနဲ့ ကိုက်ညီတဲ့ဘက်က အောင်ပွဲခံသွားမှာဖြစ်ပြီး မကိုက်ညီတဲ့ဘက်ကတော့ ရှုံးနိမ့်သွားမှာပါပဲ။ ဘယ်အဖွဲ့အစည်းမဆို နှစ်ခြမ်းကွဲပြီဆိုရင် ခေါင်းဆောင်ပိုင်းက စကွဲတာပါ။ နောက်လိုက်တွေကတော့ အဲဒီခေါင်းဆောင်တွေရဲ့ မတူညီတဲ့ အမြင်သဘောထားတွေကို နားထောင်ပြီး ကိုယ်မှန်တယ် ထင်တဲ့ဘက်ကနေ ရပ်ပေးကြမှာပါပဲ။ အခုလည်း ကျောင်းသားတွေထဲမှာ နှစ်ခြမ်းကွဲသွားတယ်ဆိုတာ ကျောင်းသားခေါင်းဆောင်တွေအကြား စကွဲတာပဲ ဖြစ်ပါတယ်။ ဒီတော့ နောက်လိုက်ကျောင်းသားတွေဟာလည်း ကိုယ်မှန်တယ် ထင်တဲ့ဘက်ကပဲ လိုက်ပါကြမှာ ဖြစ်ပါတယ်။ ကျောင်းသားအများစု ထောက်ခံတဲ့ဘက်က အောင်ပွဲခံသွားမှာဖြစ်ပြီး ကျောင်းသားအများစု မထောက်ခံတဲ့ဘက်ကတော့ ကျရှုံးသွားမှာပဲ ဖြစ်ပါတယ်။ ကျောင်းသားခေါင်းဆောင်တွေ နှစ်ခြမ်းကွဲခြင်းရဲ့ မကောင်းတဲ့ အကျိုးဆက်ကတော့ ရည်မှန်းချက်တွေကို လက်တွေ့ အကောင်အထည်ဖော်ရာမှာ နှောင့်နှေးကြန့်ကြာသွားခြင်းပဲ ဖြစ်ပါတယ်။ မလွဲမရှောင်သာ ကျောင်းသားထုကြီးကို

စဉ်းစားချိန်ပေးရပါတော့မယ်။ ကျောင်းသားထုကြီးကလည်း တကယ့်ကို လေးလေးနက်နက် စဉ်းစားရတော့မှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးအတွက် သပိတ်မှောက်ကြမယ်လို့ စတင်စည်းရုံးလှုံ့ဆော်ခဲ့တဲ့ အခြေအနေနဲ့က တခြားစီဖြစ်နေပြီမို့ပါ။

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးအတွက် သပိတ်မှောက်ကြမယ်လို့ စတင်စည်းရုံးလှုံ့ဆော်တဲ့ အချိန်တုန်းကတော့ ကျောင်းသားထုကြီးတစ်ရပ်လုံးဟာ တွေဝေခြင်း အလျဉ်းမရှိနိုင်ပါဘူး။ ပညာရေးဥပဒေကို ပိုကောင်းအောင်ပြင်မယ်ဆိုတာ ကျောင်းသားအရေးပဲ၊ ကျောင်းသားအရေးဆိုတော့ ကျောင်းသားတွေ ပါဝင်လှုပ်ရှားရမှာပဲဆိုပြီး တစ်ခဲနက် ထလိုက်ခဲ့ကြတာပဲ။ ကျောင်းသားတွေသာမက ကျောင်းသားမိဘတွေကပါ ထောက်ခံခဲ့ကြတာ တစ်တိုင်းပြည်လုံးအသိ ဖြစ်ပါတယ်။ အခုအခြေအနေကျတော့ အဲဒီလို မဟုတ်တော့ဘူး။ ဟိုခေါင်းဆောင်တွေက လွှတ်တော်မှာ သွားကြားနာပြီး ဒီခေါင်းဆောင်တွေက ဘာဖြစ်လို့ မသွားတာလဲ။ ဟိုခေါင်းဆောင်တွေက အဖမ်းခံထားရပြီး ဒီခေါင်းဆောင်တွေက ဘာဖြစ်လို့ ထွက်ပြေးတိမ်းရှောင်နေတာလဲ။ ဟိုခေါင်းဆောင်တွေက ဒေါ်အောင်ဆန်းစုကြည် ဖိတ်ခေါ်တာကို သွားတွေ့ပြီး ဒီခေါင်းဆောင်တွေက ဘာဖြစ်လို့ သွားမတွေ့တာလဲ။ စဉ်းစားစရာတွေ အများကြီးဖြစ်လာတော့ အရင်ကလို ချက်ချင်း ထပြီးလိုက်ကြတော့မှာမဟုတ်ဘဲ အလေးအနက် စဉ်းစားလာကြတော့မှာ သဘာဝပါပဲ။

ဒီအခြေအနေအောက်မှာ ကျောင်းသားခေါင်းဆောင်တချို့က သပိတ်မှောက်ရေးလှုပ်ရှားမှုတွေ ဆက်လုပ်သွားမယ်လို့ ဆုံးဖြတ်လိုက်ကြောင်း ဗီအိုအေသတင်းဌာနက ဖော်ပြလိုက်ပါတယ်။ ဇွန်လ ၂၁ ရက်နေ့မှာ ထိုင်းအခြေစိုက် ဗီအိုအေသတင်းထောက် မအေးအေးမာက ဒီမိုကရေစီပညာရေးဦးဆောင်မှုကော်မတီဝင်တစ်ဦးဖြစ်သူ ကိုအောင်နေပိုင်ရဲ့ ပြောစကားကို အောက်ပါအတိုင်း ဖော်ပြပေးခဲ့ပါတယ်။

"ဒီမိုကရေစီပညာရေးသပိတ်တွေ ပေါ်လာပြီးတဲ့နောက်မှာ အစိုးရက လေးပွင့်ဆိုင် သဘောတူညီချက်တွေနဲ့အညီ လေးပွင့်ဆိုင် ပူးပေါင်းပြီးတော့ ရေးဆွဲထားတဲ့ အမျိုးသားပညာရေးဥပဒေပြင်ဆင်တဲ့ ဥပဒေကြမ်းကို လွှတ်တော်မှာ တင်ခဲ့တယ်၊ လွှတ်တော်မှာ ဆွေးနွေးနေတဲ့ ပညာရေးဥပဒေ

ကြမ်းဟာ လေးပွင့်ဆိုင်ကတိကဝတ်တွေနဲ့ သဘောတူညီချက်တို့အပေါ်မှာ အခြေခံပြီးတော့ ဆွေးနွေးတာမဟုတ်ဘဲနဲ့ လွှတ်တော်ကနေ သူတို့ ဆွေးနွေးတာကို တွေ့ရတယ်၊ ဒါက လေးပွင့်ဆိုင်ဆွေးနွေးပွဲကနေ အခြေခံပြီး ထွက်လာတဲ့ ဥပဒေမဟုတ်ဘူးဆိုတာကို တွေ့ရတယ်၊ ဒါဟာ ကျောင်းသားတွေရဲ့ တောင်းဆိုချက်တွေ၊ လေးပွင့်ဆိုင်သဘောတူညီချက်တွေကို အခြေခံပြီးတော့ ရေးဆွဲထားတဲ့ ဥပဒေမဟုတ်ဘူးဖြစ်နေတော့ ကျွန်တော်တို့ကျောင်းသားတွေအနေနဲ့ သဘောတူညီပြီးတော့ ဖြစ်ပေါ်လာတဲ့ ဥပဒေမဟုတ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ မူလရည်ရွယ်ချက်ဖြစ်တဲ့ ဒီဥပဒေကို သပိတ်ဆက်မှောက်ထားရမှာ ဖြစ်တယ်၊ အခု ကျွန်တော်တို့ ဗကသများအဖွဲ့ချုပ် ပင်မစစ်ကြောင်းက သပိတ်မှောက်ထားဆဲပဲဖြစ်တယ်၊ ဆက်ပြီးတော့ အမျိုးသားပညာရေးဥပဒေမှာ ကန့်ကွက်တဲ့လှုပ်ရှားမှုကို ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်''

ကိုအောင်နေပိုင်က အထက်ဖော်ပြပါစကားကို 'ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်' (NNER) က ပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ်မြောက် ညီလာခံနောက်ဆုံးနေ့မှာ ပြောသွားခဲ့တာလို့ သိရပါတယ်။ 'အန်အန်အီးအာရ်' ရဲ့ မူဝါဒရေးရာပြော ရေးဆိုခွင့်ရှိသူ မသူသူမာကတော့ အစိုးရအနေနဲ့ ကျောင်းသားတွေ ပါဝင်ရေးဆွဲထားတဲ့ လေးပွင့်ဆိုင်ဆွေးနွေးပွဲက အချက်တွေကို ထည့်သွင်းခြင်းမပြုဘဲ ဗဟိုချုပ်ကိုင်မှုစနစ်တွေ လွှမ်းမိုးထားတဲ့ ပညာရေးဥပဒေကိုပဲ ပြန်လည်အတည်ပြုခဲ့တယ်လို့ ဆိုပါတယ်။

''တကယ်တော့ လေးပွင့်ဆိုင်ဆွေးနွေးပွဲဆိုတာ လေးပွင့်ဆိုင်က ကျောင်းသားတွေ တောင်းဆိုတဲ့ (၁၁) ချက်ကို သဘောတူ လက်ခံပြီးတော့မှ အဲဒါကို အခြေခံပြီးတော့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကို တင်သွင်းခဲ့တာကိုး၊ အဓိကကတော့ ဗဟိုချုပ်ကိုင်တဲ့ပညာရေး ဖြစ်စဉ်ပေါ့၊ ပညာရေးပုံစံကိုပဲ ပြန်ပြီးတော့ ပြဋ္ဌာန်းတာပေါ့၊ သူ့ရဲ့ အဓိကလေးချက်ပေါ့နော်၊ အဓိကကတော့ တစ်ချက်က ကျွန်မတို့ ကျောင်းသားသမဂ္ဂကိစ္စပေါ့နော်၊ ကျောင်းသားသမဂ္ဂတွေကို ကျောင်းရဲ့အုပ်ချုပ်ရေးကောင်စီမှာ 'ကျောင်းသားသမဂ္ဂကိုယ်စားလှယ်' တွေကို ပါဝင်ခွင့်ပြုရေးပေါ့နော်၊ အဲဒါက 'ကျောင်းသားကိုယ်စားလှယ်တွေ ပါဝင်ခွင့်' ဆိုတာကို အတည်ဖြစ်



သွားတယ်ပေါ့နော်၊ အဲဒီတစ်ချက်ပေါ့၊ နောက်တစ်ခုက အခမဲ့မသင်မနေရ ပညာရေးပေါ့၊ ကျွန်မတို့ ဒီဘက်က ကျောင်းသားနဲ့ 'အန်အန်အီးအာရ်' တောင်းဆိုတာက အလယ်တန်း မသင်မနေရပေါ့၊ အဲဒါကလည်း မအောင်မြင်ပါဘူး၊ မူလတန်း မသင်မနေရကိုပဲ ပြန်ပြီး အတည်ပြုသွားတယ်ပေါ့နော်"

အထက်မှာဖော်ပြခဲ့တဲ့ ကိုအောင်နေပိုင်နဲ့ မသူသူမာတို့ရဲ့စကားအရ ပြဋ္ဌာန်းလိုက်တဲ့ ပညာရေးဥပဒေမှာ သူတို့မကျေလည်တဲ့အချက်တွေ ပါနေတာကို တွေ့ရပါတယ်။ အဲဒီအချက်တွေကလည်း လွှတ်တော်အတွင်းမှာသာမက ပြင်ပကပညာရှင်တွေနဲ့ပါ ညှိနှိုင်းဆွေးနွေးသင့်တဲ့ အကြောင်းအချက်တွေ ဖြစ်နေပါတယ်။ အငြင်းပွားဖွယ်အချက်တွေမို့ အတော်အချိန်ပေးရမယ့်အချက်တွေ ဖြစ်နေပါတယ်။ ဥပမာဆိုရင် ကျောင်းအုပ်ချုပ်ရေးကောင်စီမှာ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်ပါဝင်ခွင့် ဒါမှမဟုတ် ကျောင်းသားကိုယ်စားလှယ် ပါဝင်ခွင့်ဆိုတဲ့အချက်ဟာ အမေရိကန်လို ဒီမိုကရေစီဝါရင့်နိုင်ငံကြီးမှာတောင် တက္ကသိုလ်တိုင်းမှာ မရနိုင်သေးတဲ့အချက် ဖြစ်နေတယ်လို့ လေ့လာသူတွေက ထောက်ပြကြပါတယ်။

အဲဒီအငြင်းပွားဖွယ်အချက်တွေနဲ့ သပိတ်မှောက်လှုပ်ရှားမှုတွေ

ဆက်လုပ်သွားမယ်ဆိုတဲ့ ပြောဆိုချက်အပေါ် နိုင်ငံရေးသမားအချို့က မထောက်ခံပါဘူး။ အခုအချိန်မှာ ရွေးကောက်ပွဲအတွက် အားလုံးက လုံးပန်းနေကြတဲ့အချိန်မို့ သပိတ်မှောက်ဆန္ဒပြမှုလို လှုပ်ရှားမှုမျိုးကို သူတို့မလိုလားကြပါဘူး။ လှုပ်ရှားမှုတစ်ခုခုကြောင့် ရွေးကောက်ပွဲ ပျက်ပြားသွားမှာ ဒါမှမဟုတ် ရက်ရွှေ့သွားမှာကို စိုးရိမ်နေကြပါတယ်။ အဲဒီနိုင်ငံရေးသမား အတော်များများဟာ ရွေးကောက်ပွဲအပေါ် အဓိကထားနေကြတာမို့ နည်းနည်းလေးမှ အနှောင့်အယှက်မဖြစ်စေချင်သူတွေ ဖြစ်ပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲအထိအခိုက်မခံချင်သူတွေက ကိုးကန့်အဖွဲ့လိုအဖွဲ့မျိုးကတောင် ရွေးကောက်ပွဲကို ထိခိုက်မှာစိုးလို့ဆိုပြီး တစ်ဖက်သတ် အပစ်အခတ်ရပ်စဲတဲ့ ကြေညာချက်ထုတ်ပြန်ခဲ့တာကို ကျောင်းသားတွေက ဘာဖြစ်လို့ ဥပဒေတွင်းတိုက်ပွဲတွေဖော်ထုတ်ဖို့ ကြိုးစားနေကြတာလဲဆိုတဲ့ ဝေဖန်စကားတွေ ထွက်လာခဲ့ပါတယ်။

ကျောင်းသားတွေ သပိတ်မှောက်မှာ စိုးရိမ်သူတွေက ရွေးကောက်ပွဲပြီးမှ မှောက်ကြပါလားဆိုတဲ့ စကားသံတွေကို လူမှုကွန်ရက်တွေမှာ တင်နေကြပါပြီ။ ဒါ့ကြောင့် ဒီအခြေအနေမှာ ကျောင်းသားသပိတ် ပေါ်လာရင် ထောက်ခံသူ နည်းသွားနိုင်ပါတယ်။ ဘယ်လို အခြေအနေမျိုးဖြစ်ဖြစ်ဖြစ်မနေ သပိတ်မှောက်မယ်လို့ ဆုံးဖြတ်လိုက်တဲ့ ကျောင်းသားခေါင်းဆောင်တွေအနေနဲ့လည်း မိမိတို့နောက်က ကျောင်းသားတွေ ပါလာပါ့မလားဆိုတာ ဦးစားစရာဖြစ်နေပါတယ်။ အထက်မှာ ဖော်ပြခဲ့သလို ကျောင်းသား ခေါင်းဆောင်တွေအကြား နှစ်ခြမ်းကွဲနေမှုကြောင့်လည်း ကျောင်းသားတွေကြားမှာ သပိတ်မှောက်သင့်၊ မမှောက်သင့်ဆိုတဲ့ ပြန်လည်ဆွေးနွေးချက်တွေ ပေါ်လာမှာ သေချာနေပါတယ်။

ဒါကြောင့် ကျောင်းသားလှုပ်ရှားမှုဟာ အရှိန်အဟုန်ပြင်းပြင်းနဲ့ ထပ်မံပေါ်ပေါက်ဖို့ဆိုတာ မလွယ်ကူသေးပါဘူး။ ဒီအချိန်မှာ ဘယ်အခြမ်းက ကျောင်းသားခေါင်းဆောင်တွေဖြစ်ဖြစ် သိမ်သိမ်မွေ့မွေ့နဲ့ ချင့်ချင့်ချိန်ချိန် ဦးဆောင်ကြရမှာ ဖြစ်ပါတယ်။ ဖြစ်နိုင်ရင်တော့ စည်းလုံးညီညွတ်ရေးကို ဦးတည်သင့်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ သွားတွေ့လို့ သွားတွေ့သူတွေဟာ အဖွဲ့အစည်းကို ကိုယ်စားမပြုဘူးလို့ ကြေညာချက်ထုတ်ပြန်တာ

မျိုးကျတော့ ညီညွတ်ရေးပျက်ပြားစေတဲ့ လုပ်ဆောင်ချက်ဖြစ်ပါတယ်။ သပိတ်မှောက်ရမယ့်အချိန် မဟုတ်ဘဲနဲ့ သပိတ်မှောက်ကြစို့လို့ လှုံ့ဆော်တာမျိုးဟာလည်း သပိတ်တကယ်ပေါ်မလာရင် ရှက်စရာကောင်းပါတယ်။ ထွက်ဟ၊ ထွက်ဟလို့ အော်ပြီး ကိုယ်တစ်ဦးတည်း ထွက်လို့ရတာမျိုးမှ မဟုတ်တာကိုး။

ဘာပဲဖြစ်ဖြစ် ဒီနေ့အခြေအနေအရ ကျောင်းသားတွေဟာလည်း နိုင်ငံရေးလှုပ်ရှားမှုအတွင်းမှာ တစ်ထောင့်တစ်နေရာကနေ ပါဝင်လာကြပါပြီ။ တည်ရှိနေတဲ့ နိုင်ငံရေးလှုပ်ရှားမှုဆိုင်ရာ အခိုင်အမာအခြေအနေတွေနဲ့ ဟန်ချက်ညီ လှုပ်ရှားသွားနိုင်ကြဖို့ကို အလေးထားစဉ်းစားပြီး ဂုဏ်သိက္ခာရှိရှိ ဆက်လက် ချီတက်သွားဖို့ လိုအပ်ပါတယ်။ တပ်ဦးကျွံသွားတာမျိုး မဖြစ်သင့်သလို နောက်မြီးဆွဲမဖြစ်ဖို့လည်း အင်မတန်အရေးကြီးပါတယ်။ ခွပ်ဒေါင်းတွေရဲ့ ခွပ်ရဲတဲ့သတ္တိကိုသာမက ခွပ်တတ်တဲ့ အရည်အချင်းကိုပါ မိဘပြည်သူတွေက မျှော်လင့်နေကြပါတယ်။

**Political Comment page in Facebook 24th June 2015**

❖ ❖ ❖

# နိုင်ငံရေး

## ဒေါ်အောင်ဆန်းစုကြည် စစ်တိုက်ရလိမ့်မယ်

ကျောင်းသားတွေက ပညာရေးဥပဒေပြင်ဆင်ရေး သပိတ်မှောက်ကြတယ်။ အလုပ်သမားတွေက အနိမ့်ဆုံးလစာသတ်မှတ်ရေး ဆန္ဒပြကြတယ်။ လယ်သမားတွေက အသိမ်းခံလယ်မြေတွေ ပြန်လည်ရရှိရေး လှုပ်ရှားကြတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ အပစ်အခတ်ရပ်စဲရေး စာချုပ်လက်မှတ်ထိုးနိုင်ဖို့ကလည်း အရေးတကြီး လိုအပ်နေတယ်။ (မူကြမ်းကတော့ ထိုးပြီးသွားပါပြီ) ကိုးကန့်နယ်မြေမှာလည်း သေနတ်သံတွေ ထွက်နေတယ်။ ဒီလိုနဲ့ ၄၃၆ ပြင်ဆင်ရေး၊ ၅၉ (စ) ပြင်ဆင်ရေးဆိုတဲ့ ခေါင်းစဉ်တွေက မြုပ်သွားတယ်။ ၂၀၀၈ အခြေခံဥပဒေမှာက ဒေါ်အောင်ဆန်းစုကြည်ကို ရည်ရွယ်ပြီး ရေးဆွဲထားတဲ့အချက်အလက်တွေ ပါနေလေတော့ အဲဒီအချက်အလက်တွေ မပြင်နိုင်မချင်း ဒေါ်အောင်ဆန်းစုကြည် သမ္မတမဖြစ်နိုင်ပါဘူး။ ဒါပေမယ့် အခုတလော အခြေခံဥပဒေပြင်ဆင်ရေးဆိုတဲ့ စကားလုံးတွေ ကြိုးကြားကြိုးကြား ပေါ်ထွက်လာတာမို့ အလားအလာရှိသလိုလိုဖြစ်လာပါတယ်။ ဒီလိုဆိုတော့ လာမယ့်ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ သမ္မတနေရာအတွက် ဝင်ရောက်အရွေးခံခွင့် ရသွားမလားမပြောတတ်ပါဘူး။ တကယ်လို့များ ဝင်ရောက်အရွေးခံခွင့်ရသွားပြီး မဲနိုင်လို့ သမ္မတဖြစ်သွားပြီ ဆိုကြပါစို့။ ဒေါ်အောင်ဆန်းစုကြည် သေချာပေါက် စစ်တိုက်ရပါတော့မယ်။

ဒေါ်အောင်ဆန်းစုကြည် စစ်တိုက်ရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုးကန့်တိုက်ပွဲက မပြီးပြတ်သေးလို့ ဖြစ်ပါတယ်။



ကိုးကန့်နယ်မြေက သေနတ်သံဟာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့မှာ ပေါ်ထွက်ခဲ့တာဖြစ်ပါတယ်။ သေနတ်စဖောက်သူကတော့ ကိုးကန့်တိုင်းရင်းသားခေါင်းဆောင် ဖုန်ကြားရှင်ဖြစ်ပါတယ်။ ဖုန်ကြားရှင်ဟာ ဗကပနဲ့ခွဲထွက်ပြီးနောက် အစိုးရနဲ့ ပထမဦးဆုံး ငြိမ်းချမ်းရေးယူသူအဖြစ် နာမည်ကြီးပါတယ်။ ဗကပလက်အောက်က ခွဲထွက်ခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေထဲမှာ အစိုးရနဲ့ အရင်းနှီးဆုံးအဖွဲ့ဖြစ်တယ်လို့လည်း နာမည်ထွက်ခဲ့ပါတယ်။ ဒါပေမယ့် ခွဲထွက်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့

တွေကို နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းဖို့ စီစဉ်တဲ့အခါမှာတော့ ဆက်ဆံရေးတင်းမာသွားပါတယ်။ တကယ်တော့ ဗကပရဲ့ လက်အောက်ကနေ ခွဲထွက်ခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေထဲကနေ နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းဖို့ သဘောတူခဲ့တာဆိုလို့ ကချင်ပြည်နယ်က ဆခုန်တိန့်ယင်း ဦးစီးတဲ့ကချင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဖြစ်တဲ့ 'ကချင်ဒီမိုကရက်တစ်တပ်ဖွဲ့သစ်' (New Democratic Army-Kachin-NDA) တစ်ဖွဲ့တည်းသာ ရှိပါတယ်။ ကျန်တဲ့ ဖုန်ကြားရှင်ခေါင်းဆောင်တဲ့ ကိုးကန့်တိုင်းရင်းသားအဖွဲ့ဖြစ်တဲ့ 'မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်ဖွဲ့' (Myanmar National Democratic Alliance Army-MNDAA)၊ ပေါက်ယိုချန်းခေါင်းဆောင်တဲ့ 'ဝ' တိုင်းရင်းသားအဖွဲ့ဖြစ်တဲ့ 'ဝပြည်နယ်သွေးစည်းညီညွတ်ရေးတပ်ဖွဲ့' (United Wa State Army-UWSA)၊ စိုင်းလင်း ခေါင်းဆောင်တဲ့ 'အခါ' တိုင်းရင်းသားအဖွဲ့ဖြစ်တဲ့ 'အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့' (National Democratic Alliance Army-NDAA) အစရှိတဲ့ အဖွဲ့သုံးဖွဲ့ကတော့ နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းဖို့ကို သဘောမတူခဲ့ကြပါဘူး။ အဲဒီအဖွဲ့သုံးဖွဲ့အနက်က စစ်အင်အားအနည်းဆုံးတပ်ဖွဲ့ဖြစ်တဲ့ ဖုန်ကြားရှင်တပ်ဖွဲ့ကို အစိုးရက တရားမဝင်လက်နက်စက်ရုံ ထောင်ထားတယ်၊ မူးယစ်ဆေးဝါးမှောင်ခိုအရောင်းအဝယ် လုပ်တယ်ဆိုတယ်ဆိုတဲ့ စွဲချက်တွေနဲ့ ၂၀၀၉ ခုနှစ်ဩဂုတ်လမှာ ဝင်တိုက်ခဲ့ပါတယ်။ အစိုးရနဲ့ ဆက်ဆံရေး ကောင်းလွန်းတော့ အဲဒီလို အတိုက်ခံရလိမ့်မယ်လို့ ထင်မထားတဲ့ ကိုးကန့်တပ်ဖွဲ့ဟာ ကစဉ့်ကလျားနဲ့ တရုတ်ပြည်ထဲ ဝင်ပြေးရပါတယ်။ (တရုတ်ပြည်ထဲ ဝင်ပြေးရတယ်ဆိုတော့ လက်နက်တွေကို နယ်ခြားစောင့်တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်ဆီ အပ်ရတော့တာပေါ့။ အဲဒီအခြေအနေကို တချို့နိုင်ငံတကာသတင်းဌာနတွေက ကိုးကန့်တပ်ဖွဲ့ဟာ တရုတ်ပြည်မှာ လက်နက်ချလိုက်ရပြီ၊ တရုတ်ပြည်က ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) ကို စွန့်လွှတ်ခဲ့သလို ကိုးကန့်တပ်ဖွဲ့ကို စွန့်လွှတ်လိုက်ပြီလို့ ရေးသားသုံးသပ်ခဲ့ကြပါတယ်။) ဒီလိုနဲ့ ကိုးကန့်ဒေသဟာ အစိုးရပိုင်နယ်မြေ ဖြစ်သွားပါတယ်။ အဲဒီအချိန်က အစိုးရဟာ စစ်အစိုးရဖြစ်လေတော့ ကိုးကန့်ဒေသကို စစ်အစိုးရပုံစံနဲ့ အုပ်ချုပ်ခဲ့တယ်။

နယ်ခြားစောင့်တပ် ဖွဲ့ပေးလိုက်တယ်။ ပြီးတော့ ‘ပိုင်စောက်ချဉ်’ ဆိုသူကို ခေါင်းဆောင်တင်လိုက်ပါတယ်။

အဲဒီအဖြစ်အပျက်က ဘာနဲ့တူသလဲဆိုတော့ ရှေးဗမာဘုရင်တွေ လက်ထက်က ပုန်ကန်ခြားနားနေတဲ့တိုင်းရင်းသားတွေကို စစ်တပ်လွှတ်ပြီး နှိမ်နင်း၊ နှိမ်နင်းလို့ ရသွားပြီဆိုရင် သူတို့သဘောကျတဲ့ တိုင်းရင်းသား တစ်ယောက်ကို ခေါင်းဆောင်တင်ပြီး ပြန်လာတာမျိုးပဲ။ စစ်ရှုံးလို့ တိမ်းရှောင် သွားသူတွေက တစ်နေရာမှာ ခိုလှုံပြီး လူသူလက်နက်စုဆောင်း ပြန်တိုက်လာ ရင် ဗမာစစ်တပ်ပြန်လွှတ်၊ ပြန်တိုက်ရပြန်တာပေါ့။ အခုလည်း ဒီအတိုင်းပါပဲ။ ကိုးကန့်တိုင်းရင်းသားခေါင်းဆောင် ဖုန်ကြားရှင်ဟာ ၅ နှစ်လောက်အချိန် ယူပြီး လူသူလက်နက် စုဆောင်းခဲ့တယ်။ တရုတ်သတင်းစာတွေမှာလည်း လက်လွှတ်ခဲ့ရတဲ့ သူ့ဒေသကို ပြန်ယူမယ့်အကြောင်း အင်တာဗျူးတွေ လုပ်ခဲ့ တယ်။ အစိုးရလည်း တခြားပြဿနာတွေနဲ့ လုံးလည်လိုက်နေလို့ ထင်ပါရဲ့။ ဖုန်ကြားရှင်ရဲ့ တပ်လှုန့်သံကို သတိမထားမိခဲ့ကြဘူး။ ဒီလိုနဲ့ ဖေဖော်ဝါရီလ ၉ ရက်နေ့မှာ ဖုန်ကြားရှင်တပ်ဖွဲ့တွေက အစိုးရစစ်စခန်းတွေကို ဝင်တိုက်တဲ့ အခါ အလစ်အငိုက်ခံလိုက်ရတယ်။ သေကြေဒဏ်ရာရ များခဲ့တယ်။ ဒီလိုနဲ့ သမ္မတကြီးဦးသိန်းစိန်က ကိုးကန့်ဒေသကို စစ်အုပ်ချုပ်ရေး ကြေညာပြီး ဖုန်ကြားရှင်တပ်ဖွဲ့တွေကို အပြီးတိုင်ချေမှုန်းဖို့ စစ်တပ်ကို အာဏာကုန်လွှဲပေး လိုက်တယ်။ အာဏာကုန်ရထားတဲ့စစ်တပ်က တိုက်ပွဲတွေကို ယနေ့အထိ ဆင်နွှဲနေပေမယ့် ဖုန်ကြားရှင်တပ်ဖွဲ့တွေကို နှိမ်နင်းနိုင်ခြင်း မရှိသေးပါဘူး။

ဖုန်ကြားရှင်ဟာ သူ့တပ်ဖွဲ့ကို ကောင်းကောင်းလေ့ကျင့်ပေးနိုင်ခဲ့ပုံ ရပါတယ်။ ‘ဂလိုဘယ် တိုင်းမ်’ သတင်းစာမှာ တင်ပေးထားတဲ့ ဖုန်ကြားရှင် တပ်ဖွဲ့ရဲ့ ဓာတ်ပုံတွေကို ကြည့်တဲ့အခါ လူငယ်တွေနဲ့ ဖွဲ့စည်းထားပြီး စစ်ဝတ်စုံ၊ စစ်အသုံးအဆောင်ပစ္စည်းတွေ အပြည့်တပ်ဆင်ပေးထားတာ တွေ့ ရတယ်။ လက်နက်တွေကလည်း နောက်ဆုံးပေါ် ‘အေကေဖော်တီဆဲဗင်း’ တွေချည့်ပဲ။ စိတ်ဓာတ်ကလည်း လူမျိုးရေးစိတ်ဓာတ် အပြည့်သွင်းပေးထားပုံ ရပါတယ်။ ကိုးကန့်တိုင်းရင်းသားတွေအတွက်၊ ကိုးကန့်နယ်မြေအတွက် အသက်ပေးမယ်ဆိုတဲ့ သဘောပါပဲ။ ကိုးကန့်အပါအဝင် ဝ၊ အခါ၊ ကချင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေဟာ (ခွဲထွက် ကချင်တိုင်းရင်းသား

လက်နက်ကိုင်တွေဟာ ကေအိုင်အေ မဟုတ်ပါဘူး၊ အစိုးရက နယ်ခြား စောင့်တပ်ဖွဲ့ပေးတာကို လက်ခံခဲ့တဲ့ ဆခုန်တိန့်ယင်းအဖွဲ့ ဖြစ်ပါတယ်) ၁၉၈၉ ခုနှစ်မှာ ဗကပနဲ့ ခွဲထွက်တုန်းကလည်း သူတို့လူတွေကို လူမျိုးရေး စိတ်ဓာတ် အခြေခံလှုံ့ဆော်ပြီး ခွဲထွက်ခဲ့ကြတာပါ။ "ဗမာပြည် ကွန်မြူနစ် ပါတီခေါင်းဆောင်တွေဟာ အများစုက ဗမာတွေချည့်ပဲ၊ အဲဒီဗမာကွန်မြူနစ် တွေက ဗမာပြည်လွတ်မြောက်ရေးအတွက် စစ်တိုက်နေကြတာမှာ ငါတို့ တိုင်းရင်းသားတွေက အသက်ပေးနေကြရတယ်၊ ငါတို့ဟာ ဗမာပြည် တစ်ပြည်လုံး လွတ်မြောက်အောင် စစ်တိုက်မပေးနိုင်ဘူး၊ ကိုယ့်နယ်မြေကိုယ် ဖွံ့ဖြိုးအောင်လုပ်နိုင်ရင် တော်ပြီ၊ ဒါကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ လမ်းခွဲမယ်" ဆိုတဲ့ စကားလုံးတွေနဲ့ အောက်ခြေစစ်တပ်ကို လှုံ့ဆော်ပြီး ခွဲထွက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း သူတို့ ခွဲထွက်ရေး လှုပ်ရှားမှု အစပိုင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီထဲက ဗမာမှန်သမျှကို အကုန်လက်နက် သိမ်း၊ အကုန်ဖမ်းခဲ့ကြတာဖြစ်ပါတယ်။ (နောက်မှ စိစစ်ပြီး ပြန်လွှတ်ပါ တယ်။) လူမျိုးရေးစိတ်ဓာတ် အခြေခံပြီး လှုံ့ဆော်တာဟာ အရမ်းလွယ်လွန်း လို့ ရှေ့ရေးနောက်ရေး မမျှော်တွေးတဲ့သူတွေတောင် အသုံးချတတ်ကြတာကို ဗမာပြည်မှာ ပေါ်ပေါက်ခဲ့တဲ့လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်းတွေက သက်သေပြနေကြပါတယ်။ အဲဒီလှုံ့ဆော်ရလွယ်တဲ့ လူမျိုးရေးနဲ့ လှုံ့ဆော်ထား လိုက်ပြီဆိုတော့ ဖုန်ကြားရှင်တပ်ဖွဲ့ထဲက ကိုးကန့်လူငယ်တွေဟာ ဗကပတွေ တစ်လျှောက်လုံး ကြွေးကြော်ခဲ့တဲ့ 'သေရဲတိုက်ရဲ အနိုင်ယူရဲရမယ်' ဆိုတဲ့ 'ရဲသုံးရဲ' စိတ်ဓာတ်ကို ပိုင်ဆိုင်ထားပုံ ပေါ်လွင်နေပါတယ်။ အခုဖြစ်ပွားနေတဲ့ တိုက်ပွဲတွေမှာ သူတို့ဟာ အဲဒီစိတ်ဓာတ်နဲ့ အပြင်းအထန် တိုက်ပွဲဝင်ခဲ့ကြပုံ ရပါတယ်။ ဒါ့အပြင် ကိုးကန့်နယ်မြေတစ်ခုလုံးကိုလည်း လူမျိုးရေးနဲ့ စည်းရုံး ခဲ့တာမို့ အစိုးရဖွဲ့ပေးထားတဲ့နယ်ခြားစောင့်တပ် တပ်ရင်းမှူး ဗိုလ်မှူးယန်ရှောက် ကျင်းဦးစီးတဲ့ အင်အား ၁၇၀ ဟာ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှာ ဖုန်ကြားရှင် တို့တပ်ဖွဲ့ဆီ ဘက်ပြောင်းပါဝင်သွားခဲ့ကြတယ်။ ကိုးကန့်နယ်မြေထဲက လူငယ်လေးတွေ (အမျိုးသမီးလေးတွေ အပါအဝင်) လည်း ဖုန်ကြားရှင် တပ်ဖွဲ့ထဲ ဝင်ကြတယ်။ ဒါကြောင့် အင်အား ၁၀၀၀ လောက်နဲ့ စတင်ဝင်

ရောက်လာတဲ့ ဖုန်ကြားရှင်တပ်ဖွဲ့ဟာ အခုအခါ အင်အား ၅၀၀၀ လောက် ဖြစ်လာနေပြီလို့ သိရပါတယ်။

အစိုးရစစ်တပ်တွေဟာ ဖုန်ကြားရှင်တပ်ဖွဲ့တွေ ခြေကုပ်မရခင် အပြုတ်ချေမှုန်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အင်အားအလုံးအရင်း သုံးပြီး ထိုးစစ်ဆင်ခဲ့ပါတယ်။ အမြောက်တွေ၊ တင့်ကားတွေအပြင် လေကြောင်းပစ်ကူနဲ့ပါ တိုက်ခိုက်ခဲ့ပါတယ်။ မတ်လ ၁၃ ရက်နေ့ တိုက်ပွဲဖြစ်စဉ်မှာ အစိုးရစစ်တပ် လေတပ်ကနေ ကြဲချခဲ့တဲ့ဗုံးဟာ ပစ်မှတ်လွဲပြီး တရုတ်ပြည်ပိုင်နက်ထဲက ကြံခင်းထဲကို သွားကျတဲ့အတွက် တရုတ်နိုင်ငံသား ၅ ဦး သေဆုံးပြီး ၉ ဦး ဒဏ်ရာရခဲ့တာမို့ တရုတ်ပြည်ရဲ့ ပြင်းထန်စွာ သတိပေးခြင်းကို ခံခဲ့ရပါတယ်။ အဲဒီဖြစ်စဉ်အတွက် အစိုးရနိုင်ငံခြားရေးဌာနဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အစိုးရနဲ့ စစ်တပ်ကိုယ်စား တရားဝင် တောင်းပန်ခဲ့တယ်လို့ ဧပြီလ ၂ ရက်နေ့ မှာ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါတယ်။

အစိုးရစစ်တပ်ရဲ့ ထိုးစစ်ကို ဖုန်ကြားရှင်တပ်ဖွဲ့တွေက ခံစစ်နဲ့ ခုခံပါတယ်။ တောင်ကုန်းတွေမှာ အခိုင်အမာကတုတ်ကျင်းတွေ တူးပြီး ခုခံ





ကိုးကန့်တပ်ဖွဲ့ဝင်အမျိုးသမီးတစ်ဦး။

ပါတယ်။ ဒါ့ကြောင့် အစိုးရစစ်တပ်တွေဟာ ဖုန်ကြားရှင်တပ်ဖွဲ့တွေ နေရာယူထားတဲ့တောင်ကုန်းတွေကို တစ်ကုန်းပြီး တစ်ကုန်း အသက်သွေးတွေ ပေးပြီး သိမ်းယူခဲ့ရပါတယ်။ အခုနောက်ဆုံးအခြေအနေအရတော့ ကိုးကန့်တပ်ဖွဲ့တွေ ခြေကုပ်ယူထားတဲ့ မှိုင့် ၂၂၀၂ တောင်ကုန်းကို မသိမ်းနိုင်သေးပါဘူး။

ဧပြီလ ၁၇ ရက်နေ့ အစိုးရသတင်းထုတ်ပြန်ချက်တွေအရ တိုက်ပွဲစဖြစ်တဲ့ ဖေဖော်ဝါရီလ ၉ ရက်နေ့က စပြီး ယနေ့အထိ ထိတွေ့တိုက်ပွဲ ၂၅၃ ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ ကိုးကန့်အလောင်း ၇၄ လောင်းရရှိပြီး လက်နက်မျိုးစုံ ၂၂၆ လက်၊ ကျည်မျိုးစုံ ၂၄၆၂၇ တောင့်၊ မိုးသီးမျိုးစုံ ၂၈၉ လုံး၊ ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၂၇၇၆၁၆ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးမျိုးစုံတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ဖမ်းမိ/အလင်းဝင် ၂၂ ဦးရှိကြောင်း သိရပါတယ်။ အစိုးရ သတင်းထုတ်ပြန်ချက်တွေအရ မတ်လ ၂၁ ရက်အထိ စစ်တပ်အရာရှိနဲ့ စစ်သည် ၁၁၀ ဦး ကျဆုံးပြီး ၂၅၉ ဦး ဒဏ်ရာရရှိခဲ့တယ်လို့ အကြမ်းဖျင်း သိရပါတယ်။ ဧပြီလ ၁၅ ရက်နေ့မှာ ထပ်မံထုတ်ပြန်တဲ့ အစိုးရသတင်းအရ တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားခဲ့တဲ့အတွက် အရာရှိနဲ့ စစ်သည် ၁၆ ဦးထပ်မံကျဆုံးပြီး ၁၀၀ ကျော် ထိခိုက်ဒဏ်ရာ ရရှိခဲ့တယ်လို့ဆိုပါတယ်။

ဧပြီလ ၁၈ ရက်နေ့မှာ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လားရှိုးမြို့ အမှတ် (၉) တပ်မတော်ဆေးရုံမှာ ဒဏ်ရာရ အရာရှိ စစ်သည်တွေ၊ ကယ်ဆယ်ရေးအဖွဲ့တွေနဲ့ တွေ့ဆုံစဉ် "တိုက်ပွဲက ပြီးဆုံးခါနီးပါပြီ" လို့ ပြောကြားခဲ့ကြောင်း News Eleven မှာ ဖတ်လိုက်ရပါတယ်။ ဒါပေမယ့် အခုအထိ တိုက်ပွဲတွေက အဆုံးမသတ်သေးပါဘူး။

ကိုးကန့်ဒေသတိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေသလို အစိုးရဘက်ကလည်း တွေ့ဆုံဆွေးနွေးမယ့်အရိပ်အရောင် မတွေ့ရသေးပါဘူး။ တကယ်တော့ ကိုးကန့်ဒေသမှာ သေနတ်သံ စထွက်ပြီး နောက်တစ်ရက်မှာပဲ တရုတ်နိုင်ငံခြားရေးဌာနက ငြိမ်းချမ်းစွာ ဖြေရှင်းဖို့ တောင်းဆိုလာပါတယ်။ ဧပြီလ ၂၂ ရက်နေ့ အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ နှစ် ၆၀ ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံ သွားတက်တဲ့ သမ္မတကြီးဦးသိန်းစိန်ကိုလည်း သီးခြားတွေ့ဆုံစဉ် တရုတ်သမ္မတ ရှီကျင်းဖျင်က မြန်မာပြည်မြောက်ပိုင်း




ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ ဆွေးနွေးခဲ့ကြောင်း ရှင်ဟွာသတင်းဌာနက ဖော်ပြခဲ့ပါတယ်။

အစိုးရစစ်တပ်က ဖုန်ကြားရှင်နဲ့ တွေ့ဆုံဆွေးနွေးမယ့်အစား လက်နက်ချ အလင်းဝင်ဖို့သာ ကမ်းလှမ်းခဲ့တယ်လို့ ဆိုပါတယ်။ မတ်လ ၂၄ ရက်ကစပြီး လောက်ကိုင်ဒေသဆိုင်ရာ ကွပ်ကဲမှုစစ်ဆင်ရေးဌာနချုပ် အစီအစဉ်နဲ့ ကိုးကန့်တပ်ဖွဲ့ဟာ  တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လက်နက်ချ အလင်းဝင်နိုင်တဲ့အကြောင်း မြန်မာ၊ တရုတ်နှစ်ဘာသာနဲ့ ရေးထားတဲ့ စာရွက်တွေကို ဖြန့်ဝေပေးခဲ့တာပါ။ အဲဒီကမ်းလှမ်းမှုကို လက်မခံနိုင်ကြောင်း ဖုန်ကြားရှင်တပ်ဖွဲ့ရဲ့ ပြောရေးဆိုခွင့်ရှိသူ ဦးထွန်းမြတ်လင်းက မတ်လ ၂၇ ရက် နေ့မှာ မဇ္ဈိမ သတင်းဌာနကို ပြောကြားခဲ့တယ်လို့ သိရပါတယ်။ ''ကျွန်တော်တို့က သူပုန်မဟုတ်သလို ပုန်ကန်တာလည်း မဟုတ်ဘူး၊ လက်နက်ကိုင်တိုင်းရင်းသားတွေပဲ အလင်းဝင်စရာမလိုပါဘူး'' လို့ သူက ပြောခဲ့ပါတယ်။ သူပြောတဲ့ စကားအရ ဖုန်ကြားရှင်တပ်ဖွဲ့ဟာ လျှော့ခွက်ချည်းကျန်၊ အလိုမလှဲဆိုတဲ့ သဘောထားနဲ့ ရပ်တည်နေကြောင်း ပေါ်လွင်နေပါတယ်။ ဒီဘက်ကလည်း လက်နက်ချပါလို့ပြော၊ ဟိုဘက်ကလည်း

လက်နက်မချပါဘူးဆိုတော့ ဒီဘက် နှစ်ဘက်ဟာ ဆက်တိုက်နေကြဖို့ပဲ ရှိတော့တာပေါ့။

စစ်ပွဲတွေရဲ့ သဘောသဘာဝအရ မိုးရာသီဆိုရင် တိုက်ခိုက်မှုအရှိန် လျော့ကျမြဲ ဖြစ်ပါတယ်။ အခု မကြာခင်မှာပဲ မိုးကျတော့မှာမို့ အစိုးရတပ်တွေရဲ့ ထိုးစစ်ဟာလည်း အရှိန်လျော့သွားတော့မှာပါ။ ရာသီဥတုသဘောအရ အစိုးရဟာ ဖုန်ကြားရှင်တပ်ဖွဲ့တွေကို မိုးရာသီမှာ အပြုတ်ချေမှုန်းဖို့ ခက်ခဲပါလိမ့်မယ်။ ခြောက်သွေ့ရာသီရောက်မှ ထိုးစစ်အရှိန် ပြန်မြင့်တင်ရမယ့်သဘော ရှိပါတယ်။ ဒီအတိုင်းဆိုရင် ကိုးကန့်ဒေသတိုက်ပွဲဟာ တော်တော်နဲ့ပြီးဦးမှာ မဟုတ်ပါဘူး။

ဒီအတိုင်းဆိုတော့ ဒေါ်အောင်ဆန်းစုကြည်သာ သမ္မတဖြစ်လာခဲ့ရင် မပြီးဆုံးသေးတဲ့ ကိုးကန့်ဒေသစစ်ပွဲကို ဆက်တိုက်ရတော့မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒေါ်အောင်ဆန်းစုကြည် စစ်တိုက်ရလိမ့်မယ်လို့ ဟောကိန်းထုတ်လိုက်တာဖြစ်ပါတယ်။ ။

စောင့်ကြည့်သတင်းဂျာနယ် (၁၂-၅-၂၀၁၅)

❖ ❖ ❖

## ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်ခရီးအကြောင်း ဖိုးသံချောင်းပြောတာ အမှန်ဆုံး

ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သွားမယ်လည်းဆိုရော နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးအကဲခတ်တွေ၊ နိုင်ငံရေးဆောင်းပါးရှင်တွေ၊ နိုင်ငံရေးစိတ်ဝင်စားသူတွေကြားထဲမှာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြတယ်။ ကွန်မြူနစ်နိုင်ငံလို့ နာမည်ဆက်ခံထားတဲ့ နိုင်ငံကြီးတစ်နိုင်ငံက ဒီမိုကရေစီအရေးတော်ပုံ ခေါင်းဆောင်နေသူတစ်ဦးကို ဖိတ်ခေါ်လိုက်တယ်ဆိုတာ ထူးခြားချက်တစ်ခုလိုဖြစ်နေတဲ့အတွက် နိုင်ငံတကာကရော၊ တရုတ်ပြည်တွင်းက လူတွေပါ စိတ်ဝင်တစား ဖြစ်သွားကြပါတယ်။ မြန်မာပြည်က နိုင်ငံရေးဆောင်းပါးရှင် တစ်ဦးက မြစ်ဆုံကိစ္စ ထည့်ပြောခဲ့ပါလားလို့ ဈေးသွားတဲ့အမေကို ကလေးက မုန့်မှာသလို မှာနေသေးတယ်။ အလားတူပဲ နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့တွေက ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည် ရောက်တုန်း တရုတ်ပြည်မှာ ထောင်သွင်းအကျဉ်းချခံနေရတဲ့ ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် 'လျူရှောက်ပေါ်' လွတ်မြောက်ရေး ပြောပေးကြည့်ပါလားလို့ တိုက်တွန်းကြတယ်။ အဲဒီလို မှာကြားသူတွေ မစဉ်းစားမိတာက တရုတ်ခေါင်းဆောင်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံခြင်းဟာ ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်တယ်ဆိုတာပဲ။ ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဟာ တွေ့ဆုံတဲ့ဘက်နှစ်ဘက်လုံးက မြေစမ်းခရမ်းပျိုးရတာ ဖြစ်တယ်၊ အပြန်အလှန် အကဲခတ်ရတာ ဖြစ်တယ်၊ ငယ်ပေါင်းကြီးဖော်တွေလို ပြောချင်ရာ လျှောက်ပြောနေလို့ရတာမျိုး မဟုတ်ဘူးဆိုတာပဲ။




မီဒီယာတွေကလည်း ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သွားတဲ့ ကိစ္စအပေါ် ဘယ်လိုမြင်သလဲဆိုပြီး ထင်ပေါ်မှုရှိသူတွေဆီ အင်တာဗျူးတွေ လုပ်ကြတယ်။ အမြင်အမျိုးမျိုးကို ပြည်သူတွေထံ တင်ပြကြတယ်။ အဲဒီလို အင်တာဗျူးလုပ်ရာမှာ လက်ဦးမှုအရှိဆုံးက ဗီအိုအေသတင်းဌာန ဖြစ်ပါတယ်။ ဇွန်လ ၅ ရက်နေ့မှာ ဗီအိုအေသတင်းဌာနက ကိုမိုးဇော်ဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပြောရေးဆိုခွင့်ရှိသူ ရဲဘော်ဖိုးသံချောင်းကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ တရုတ်ပြည်ခရီးစဉ်နဲ့ ပတ်သက်လို့ အမြင်သဘောထားကို မေးမြန်းပြီး သူ့ရဲ့ သုံးသပ်ပြောဆိုချက်ကို ဖော်ပြပေးခဲ့ပါတယ်။ ရဲဘော်ဖိုးသံချောင်းက အခုလို သုံးသပ်ပြောဆိုပါတယ်။

“အခုဟာကတော့ ကျွန်တော်မြင်တာ တရုတ်ပြည်က ဗမာပြည်ကို စည်းရုံးရေးနဲ့ပတ်သက်လို့ အခြေခံကအစ ဂရုစိုက်ပြီးတော့ ပြန်ပြင်ပြီး

လုပ်နေတယ်လို့ မြင်ပါတယ်၊ တရုတ်ပြည်ဘက်က ဗမာပြည်ဘက်က အတိုက်အခံတွေ၊ အစိုးရမဟုတ်တဲ့ အင်အားစုတွေကို ဆွဲဆောင်သင့်တယ်လို့ သဘောပေါက်လာတာတော့ ကြာသွားပါပြီ၊ ဒါပေမယ့် လက်တွေ့လုပ်တဲ့အခါမှာတော့ အဘက်ဘက် ထောက်ထားနေရတာနဲ့ ဘာနဲ့ နောက်ကျတယ်၊ အခု NLD ဆိုရင်လည်း အရင်တုန်းကအဖွဲ့ကို ဖိတ်ပြီးပါပြီ၊ ဒေါ်အောင်ဆန်းစုကြည်ကို အဲ့လိုဖိတ်တယ် ထင်ပါတယ်၊ သူတို့ အစီအစဉ်ရှိရှိ လုပ်နေတယ်လို့ ကျွန်တော်က မြင်ပါတယ်'' တဲ့။

ဒီခရီးစဉ်မှာ မြန်မာပြည်အတွက် ဘယ်လိုအကျိုးရလဒ်တွေ ရနိုင်မလဲ ဆိုတဲ့ မေးခွန်းအပေါ်မှာတော့ ရဲဘော်ဖိုးသံချောင်းက အခုလို ပြောပါတယ်။

''တရုတ်ပြည်ဟာ ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် သို့တည်းမဟုတ် အဖွဲ့ အစည်းတစ်ခုချင်းနဲ့ ဆွေးနွေးတာကို နိုင်ငံအတွက် ရောပစ်တာမျိုး တော်ရုံတန်ရုံ အခြေအနေမှာ မလုပ်ပါဘူးခင်ဗျ၊ အဲ့တော့ ဗမာပြည်ရဲ့ အခြေအနေမှာလည်း ဗမာနိုင်ငံကို ကမ်းလှမ်းတယ်ဆိုတဲ့ဟာမျိုး အဲ့လိုမျိုး အဓိပ္ပာယ်ပေါ်အောင်တော့ မရှိဘူးလို့ ကျွန်တော်မထင်ဘူး၊ ကျွန်တော် ထင်တာက တရုတ်ပြည်က တစ်ခုမဖြဲ တစ်ခုမြဲအောင်လို့ ဗမာပြည်ရဲ့အင်အားစုတွေအားလုံးကို ဆွဲနေတာလို့ပဲ မြင်ပါတယ်၊ အစိုးရနဲ့ လက်ရှိစစ်အစိုးရကိုလည်း သူတို့ဆွဲမယ်၊ ဗမာပြည်ရဲ့ တခြားအစိုးရမဟုတ်တဲ့ အင်အားစုတွေကို ဆွဲမယ်၊ အဲ့ဒီရည်ရွယ်ချက်နဲ့ လုပ်နေတာခင်ဗျ၊ အဲ့တော့ ဗမာပြည်ရဲ့ အကျိုးစီးပွားဆိုတာထက် သူတို့ရဲ့အကျိုးစီးပွားကို သူတို့ အဓိကထားလုပ်တယ်လို့ပြောရင် ပိုမှန်မယ် ထင်ပါတယ်''

သူ့အမြင်ဟာ အမှန်ဆုံးပါပဲ။ တရုတ်ပြည်မှာ မော်စီတုန်းနဲ့ ပြိုင်ဘက်တိန့်ရှောက်ဖျင်ရဲ့ ဩဇာအာဏာ လွှမ်းမိုးသွားပြီးကတည်းက ကိုယ့်တိုင်းပြည်ကောင်းစားရေးပဲ ကိုယ်ကြည့်တော့မယ်ဆိုတဲ့ သဘောထားအမြင်ကို ခိုင်ခိုင်မာမာ စိုက်ထူခဲ့တာ ဖြစ်ပါတယ်။ မော်စီတုန်းရဲ့ နိုင်ငံတကာဝါဒကို အမြစ်ပြုတ်ချေမှုန်းပစ်လိုက်ပြီး နိုင်ငံချစ်ဝါဒ၊ ပြည်ချစ်ဝါဒကိုသာ ကိုင်စွဲခဲ့ပါတယ်။ နိုင်ငံတကာက အဖိနှိပ်ခံပြည်သူတွေရဲ့ လှုပ်ရှားမှုတွေအားလုံးကို အထောက်အကူ မပေးတော့ပါဘူး။ ရိုးရိုးပြောရရင် အဲဒီလို သူများတကာကို လိုက်ကူညီပေးနေတာ ပိုက်ဆံကုန်လို့ပါပဲ။ အဲဒီလို အကူအညီပေးမယ့်ပိုက်ဆံ



**ဒေါ်အောင်ဆန်းစုကြည်နဲ့**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်။**

ကို ကိုယ့်တိုင်းပြည် ကြီးပွားရာကြီးပွားကြောင်းပဲ ရင်းနှီးမြှုပ်နှံတော့မှာပေါ့။ ကိုယ့်အလုပ်သမားတွေကို လုပ်ခတိုးပေးပြီး စက်ရုံတွေ ကောင်းကောင်း လည်ပတ်အောင် လုပ်ပေးတော့မှာပေါ့။ ကိုယ့်လယ်သမားတွေကို အမတော်ကြေးတွေ မြင့်မြင့်မားမားပေးပြီး လယ်ယာသီးနှံထွက်ကုန် မြင့်မားအောင် ကြိုးစားတော့မှာပေါ့။ ကိုယ့်နိုင်ငံက ထုတ်လုပ်တဲ့ စစ်လက်နက်ခဲယမ်းတွေကို နိုင်ငံတကာက အဖိနှိပ်ခံပြည်သူတွေရဲ့ လှုပ်ရှားမှုတွေမှာ အလကားပဲ တင်းထုတ်ပေးနေမယ့်အစား ရောင်းစားတော့မှာပေါ့။ ဒီလိုပြောင်းလဲသွားတဲ့ လမ်းစဉ်ပေါ်လစီအောက်မှာ တရုတ်နိုင်ငံရဲ့ စီးပွားရေးဟာ တရိပ်ရိပ် တက်လာခဲ့တာ အမေရိကန်နဲ့ ပခုံးချင်းယှဉ်ပြီး လိုက်နေနိုင်တဲ့အထိ ချမ်းသာတဲ့ နိုင်ငံကြီး တစ်နိုင်ငံဖြစ်သွားခဲ့တာ အားလုံးအသိ ဖြစ်ပါတယ်။

တရုတ်ပြည်ဟာ ဝါဒစွဲကို အဓိကမထားတော့တဲ့အတွက် သူ့တိုင်းပြည်သာ အကျိုးရှိမယ်ဆိုရင် သူ့တိုင်းပြည်ရဲ့ အုပ်ချုပ်ရေးယန္တရားကိုသာ မထိခိုက်ဘူးဆိုရင် ဘယ်နိုင်ငံနဲ့မဆို ညှိနှိုင်းဆောင်ရွက်နိုင်နေပြီ ဖြစ်ပါတယ်။ အင်္ဂလိပ်ကိုလိုနီဖြစ်ခဲ့တဲ့ ဟောင်ကောင်ကို တရုတ်ပြည်လက်အောက် ပြန်လွှဲ

ပေးမယ်ဆိုတော့ တိန့်ရှောက်ဖျင်က နိုင်ငံတစ်နိုင်ငံမှာ စနစ်နှစ်ခု တည်ရှိနေနိုင်တာပဲလို့ ပြောပြီးလက်ခံခဲ့တာ ဖြစ်ပါတယ်။ ဆိုလိုတာက ဟောင်ကောင်ကို အင်္ဂလိပ်က အုပ်ချုပ်ခဲ့သလို ဒီမိုကရေစီစနစ်နဲ့ အုပ်ချုပ်သွားမယ်လို့ ပြောခဲ့တာပါပဲ။ သူပြောခဲ့တဲ့ 'နိုင်ငံတစ်နိုင်ငံ၊ စနစ်နှစ်ခု' ဆိုတဲ့စကားလုံးဟာ ဘယ်ကွန်မြူနစ်မှ မပြောခဲ့ဖူးတဲ့ စကားလုံးဖြစ်တာမို့ ကမ္ဘာကျော်သွားခဲ့ပါသေးတယ်။ ဒါဟာ ပါးနပ်မှုတစ်ခုပါပဲ။ အင်္ဂလိပ်အုပ်ချုပ်ပုံစနစ်မှာ အသားကျနေတဲ့ ဟောင်ကောင်ပြည်သူလူထုကြီးကို ပြည်မကြီးက စနစ်နဲ့ သွားအုပ်ချုပ်ရင် ပေါက်ကွဲမှုတွေဖြစ်ပြီး ဆုံးရှုံးနစ်နာမှုတွေ ဖြစ်သွားမှာကို သဘောပေါက်ခြင်း ဖြစ်ပါတယ်။

အဲဒီလို ကိုယ့်နိုင်ငံကောင်းစားရေးကိုသာ ကြည့်မြင်တတ်တဲ့ တရုတ်ပြည်ရဲ့ သဘောထားအမှန်ကို ရဲဘော်ဖိုးသံချောင်းအနေနဲ့ ဘဝနဲ့ ရင်းပြီး ခံစား နားလည်ထားပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း တရုတ်ပြည်က ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခြင်းဟာ ဗမာပြည်အကျိုးစီးပွားထက် သူ့အကျိုးစီးပွားအတွက် သူလုပ်တာလို့ ပြတ်ပြတ်သားသား ထောက်ပြလိုက်တာ ဖြစ်ပါတယ်။

အဲဒီလို တရုတ်ပြည်က သူ့အကျိုးစီးပွားအတွက် သူလုပ်တာဆိုတဲ့ အမြင်ကနေ ဆက်လက်သုံးသပ်ကြည့်မယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခြင်းဟာ သူ အကျိုးရှိမယ်ထင်လို့ တွေ့ဆုံခြင်းဖြစ်တယ်လို့ ဆွဲယူသုံးသပ်လို့ရပါတယ်။ ဒါဆိုရင် တရုတ်ပြည်ဟာ ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ အကောင်းမြင်နေတာဖြစ်တယ်လို့ ဆက်လက်သုံးသပ်လို့ ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေအပေါ် တစ်စစနဲ့ အကောင်းမြင်လာပုံ ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သမာသမတ်ရှိပုံကို လေးစားလာပုံရပါတယ်။

သေချာတာတစ်ခုက ဒေါ်အောင်ဆန်းစုကြည်ဟာ လွှတ်တော်ထဲရောက်နေတယ်ဆိုပေမယ့် ကက်ဘိနက်ထဲမှာ မပါပါဘူး။ နိုင်ငံတော်ကို အုပ်ချုပ်နေတာ မဟုတ်ပါဘူး။ အခြေခံဥပဒေနဲ့ ကာကွယ်ထားလို့ သမ္မတလုပ်ဖို့တောင် အခွင့်အရေးကင်းမဲ့နေသူ ဖြစ်ပါတယ်။ ဒါပေမယ့် ပြည်သူလူထုရဲ့ ချစ်ခင်မှုကို ရရှိနေတယ်လို့ လက်ရှိတရုတ်ခေါင်းဆောင်တွေက

လက်ခံထားပုံ ရပါတယ်။ ပြည်သူလူထုရဲ့ ချစ်ခင်မှုကို ရရှိနေတဲ့ ခေါင်းဆောင်တစ်ယောက်ကို တွေ့ဆုံခြင်းအားဖြင့် သူတို့ ဂုဏ်တက်တယ်၊ မြန်မာပြည်သူတွေနဲ့ နီးစပ်မှု ရရှိသွားနိုင်တယ်လို့ ခံယူကြပုံပါပဲ။ လောလောဆယ် အာဏာမရှိပေမယ့် တစ်နေ့နေ့မှာ အာဏာရှိလာနိုင်တယ်လို့လည်း တွေးထားကောင်း တွေးထားနိုင်ပါတယ်။

တကယ်တော့ မြန်မာနိုင်ငံဟာ ပထဝီအနေအထားအရ တရုတ်ပြည်အတွက် အလေးထားကို ထားရမယ့်နိုင်ငံ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ သူ့အတွက် ပင်လယ်ဆိပ်ကမ်းနိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ တကယ်လို့သာ မြန်မာနိုင်ငံဟာ သူ့နိုင်ငံရဲ့ ပြည်နယ်တစ်နယ်သာဖြစ်ခဲ့မယ်ဆိုရင် အတိုင်းထက်အလွန်ပေါ့။ သူ့နိုင်ငံရဲ့ တောင်ဘက်ခြမ်းမှာ ပင်လယ်ဆိပ်ကမ်းတစ်ခုဖွင့်ပြီး စီးပွားရေးအကြီးအကျယ် လုပ်လို့ရသွားမှာကိုး။ ဒါပေမယ့် မြန်မာနိုင်ငံဟာ သူ့နိုင်ငံရဲ့ ပြည်နယ်မဟုတ်တော့ အုပ်ချုပ်သူအစိုးရတွေနဲ့ တည့်အောင်ပေါင်းပြီး ပင်လယ်ရေကြောင်းစီးပွားရေးလုပ်ငန်းကို ဆက်လုပ်သွားဖို့ပဲ ရှိပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံနဲ့ကပ်လျက်ရှိနေတဲ့ ယူနန်ပြည်နယ်ဟာ ကုန်းတွင်းပိတ်ပြည်နယ်တစ်ခုဖြစ်နေလို့ စီးပွားရေးလမ်းကြောင်း သိပ်မကောင်းပါဘူး။ ဒါ့ကြောင့် မြန်မာနိုင်ငံနဲ့များ ပူးပေါင်းလုပ်ကိုင်နိုင်မယ်ဆိုရင် ယူနန်ပြည်နယ်ရဲ့ စီးပွားရေးလည်း ပွင့်လန်းသွားမယ်လို့ ယူနန်စီးပွားရေးပညာရှင်တွေ တွက်ဆထားကြတာလည်း ရှိပါတယ်။

ဒါ့ကြောင့်လည်း တရုတ်ခေါင်းဆောင်အဆက်ဆက် မြန်မာနိုင်ငံကို ငြိမ်းချမ်းစေချင်ကြတယ်။ တည်ငြိမ်စေချင်ကြတယ်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရင် မြန်မာနိုင်ငံရဲ့ပထဝီအနေအထားကို အသုံးချပြီး စီးပွားရေးလုပ်ချင်ကြတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံရဲ့ ဆက်ဆံရေးဟာ နှစ်ဦးနှစ်ဖက်အကျိုးရှိမှု Win-Win ကို အခြေခံပါတယ်လို့ အရင့်အရင်ကတည်းက ပြောလာခဲ့တာ အခုအထိလည်း ပြောနေတုန်း ဖြစ်ပါတယ်။ မြန်မာပြည်ကို ငြိမ်းချမ်းစေချင်တယ်ဆိုရင် တစ်ချိန်တုန်းက ဗကပကို ဘာဖြစ်လို့ မြှောက်ပေးသလဲလို့ မေးကောင်းမေးကြလိမ့်မယ်။ အဲဒီတုန်းက ဗကပကို မြှောက်ပေးခဲ့တာလည်း ငြိမ်းချမ်းစေချင်တဲ့ဆန္ဒကို အခြေခံတာပါပဲ။ သူတို့မြှောက်ပေးခဲ့တဲ့ ဗကပသာ နိုင်သွားရင် ပြီးသွားပြီလေ။ သူတို့အနေနဲ့ ငြိမ်းငြိမ်းချမ်းချမ်း



အလုပ်လုပ်လို့ ရနေပြီပေါ့။ ခက်တာက သူတို့မြှောက်ပေးခဲ့တဲ့ ဗကပက နိုင်အောင် မလုပ်နိုင်တာရော၊ သူတို့ရဲ့ လမ်းစဉ်ပေါ်လစီ ပြောင်းသွားတာရော ကြောင့် ငြိမ်းချမ်းစေချင်တဲ့ဆန္ဒနဲ့ပဲ ဗကပကို အင်အားတွေ ရုတ်သိမ်းပြီး အစိုးရနဲ့ ပေါင်းကြည့်ပြန်တာပဲ ဖြစ်ပါတယ်။ အစိုးရနဲ့ ပေါင်းကြည့်တော့ လည်း ထင်သလို ငြိမ်းချမ်းမလာပြန်ပါဘူး။ တိုင်းရင်းသားတွေနဲ့ စစ်ဖြစ်နေ ပြန်တယ်။ အခု တိုင်းရင်းသားလက်နက်ကိုင်တွေ အစည်းအဝေးတွေ ထိုင်ပြီး ငြိမ်းချမ်းရေး ကြိုးပမ်းနေကြတဲ့အပေါ် သူတို့ အရမ်းစိတ်ဝင်စားပါတယ်။ အစည်းအဝေးတိုင်းမှာ ကိုယ်စားလှယ်လွှတ်ပြီး လေ့လာနေတာပါပဲ။

တရုတ်သမ္မတ ရှီကျင်းဖျင်ဆိုရင် မြန်မာနိုင်ငံသမ္မတကြီး ဦးသိန်းစိန်ကို ရော၊ လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်းကိုရော မြန်မာနိုင်ငံ ငြိမ်းချမ်းရေးကိစ္စ အလေးထားပြီး တိုက်တွန်းခဲ့တာ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့တဲ့အခါမှာတော့ အာဏာလက်ရှိမဟုတ်တဲ့အတွက် ငြိမ်းချမ်းရေး အကြောင်း ထည့်မပြောတော့တာ ဖြစ်မှာပါ။ ဒေါ်အောင်ဆန်းစုကြည်သာ အာဏာလက်ရှိဆိုရင် သေချာပေါက် ငြိမ်းချမ်းရေးအကြောင်း ပြောဦးမှာပါပဲ။

ဖိုးသံချောင်းပြောသလို တရုတ်ပြည်ဟာ သူ့အကျိုးစီးပွားအတွက် လုပ်နေတာဆိုပေမယ့် သူ့အကျိုးစီးပွားအတွက် လုပ်နေတဲ့ကိစ္စတွေဟာ ကိုယ့်

အတွက် နစ်နာဆုံးရှုံးမှုမရှိဘဲ (သစ်တောအပါအဝင် သယံဇာတတွေကို သူခိုးဈေးနဲ့ ရောင်းနေရတာမျိုးမဟုတ်ဘဲ) နှစ်ဦးနှစ်ဖက် တန်းတူရည်တူ အကျိုးရှိမယ်ဆိုရင် ကောင်းတဲ့ကိစ္စပါ။ အခုလည်း ဒေါ်အောင်ဆန်းစုကြည်ကို တရုတ်ပြည်က သူ့အကျိုးစီးပွားအတွက် ခေါ်တွေ့တာလို့ သုံးသပ်မယ်ဆိုရင်တောင် ကိုယ့်နိုင်ငံအတွက် နစ်နာဆုံးရှုံးမှုမရှိဘဲ နှစ်ဦးနှစ်ဖက် တန်းတူရည်တူ အကျိုးရှိမယ်ဆိုရင် ကောင်းတဲ့ကိစ္စပဲ ဖြစ်ပါတယ်။

စောင့်ကြည့်သတင်းဂျာနယ် (၂၃-၆-၂၀၁၅)

❖ ❖ ❖


## သမ္မတလုပ်ချင်လှသူတစ်ဦးရဲ့ ပြုလဲမှုမြင်ကွင်းကျယ်

၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့ညဟာ သတင်းသမားတွေနဲ့ နိုင်ငံရေးစိတ်ပါဝင်စားသူတွေကြား အတော်လေး လှုပ်လှုပ်ရှားရှား ဖြစ်သွားတဲ့ ညပါ။ ဩဂုတ်လ ၁၂ ရက်နေ့ဟာ နှယ်နှယ်ရရ နေ့ရက်တစ်ခုတော့ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ဘီစီ ၃၀ က ကမ္ဘာပေါ်မှာ အလှဆုံး အမျိုးသမီးတစ်ဦးအဖြစ် နာမည်ကြီးခဲ့တဲ့ အီဂျစ်ဘုရင်မ ကလီယိုပါထရာ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတဲ့ နေ့ရက်ဖြစ်ပါတယ်။ ထိုင်းနိုင်ငံက ကြင်ရာတော်မိဖုရားကြီး 'သီရိခေတ်' ရဲ့ ၈၃ နှစ်မြောက် မွေးနေ့လည်း ဖြစ်ပါတယ်။ မြန်မာပြည်မှာတော့ သူရဦးရွှေမန်း ပြုလဲသွားတဲ့နေ့ ဖြစ်ပါတယ်။

ဩဂုတ်လ ၁၂ ရက်နေ့ည ၉ နာရီပတ်ဝန်းကျင်လောက်မှာ နေပြည်တော်မှာရှိတဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီရုံးချုပ်ကို ရဲတွေဝိုင်းထားတယ်ဆိုတဲ့သတင်း ဖြစ်ပေါ်ခဲ့ပါတယ်။ ရုတ်တရက်ကြီး ထူးခြားတဲ့ သတင်းဖြစ်လာတော့ သတင်းသမားတွေဟာ အချင်းချင်း ဆက်သွယ်မေးမြန်းကြပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပါတယ်။ ဗီအိုအေသတင်းထောက်တွေဆိုရင် ကြံ့ခိုင်ဖွံ့ဖြိုးရေးရုံးချုပ်ရှေ့ကို ည ၁၁ နာရီလောက်ကြီး အပြေးအလွှား သတင်းသွားယူခဲ့ကြတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ 'ဖေ့စ်ဘွတ်ခ်' စာမျက်နှာတွေပေါ်မှာလည်း ညကြီးမင်းကြီး သူရဦးရွှေမန်းနဲ့ အပေါင်းပါတစ်စုကို သမ္မတကြီး ဦးသိန်းစိန်ရဲ့ အမိန့်နဲ့ ဖမ်းဆီးထိန်းသိမ်းလိုက်ပြီဆိုတဲ့သတင်း တက်လာခဲ့ပါတယ်။ သူရဦးရွှေမန်းဟာ ဩဂုတ်လ ၁၀ ရက်နေ့တုန်းက မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်ကို လက်ခံတွေ့ဆုံရာက

ဆက်ဆံရေးတင်းမာမှုတွေဖြစ်သွားလို့ ဖမ်းဆီးထိန်းသိမ်းလိုက်တာ ဖြစ်တယ်လို့လည်း အဲဒီသတင်းမှာ ဖော်ပြခဲ့ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် အဲဒီ ဩဂုတ်လ ၁၂ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီရဲ့ ကိုယ်စားလှယ်လောင်းကြိုဆိုပွဲမှာ သမ္မတကြီးဦးသိန်းစိန်နဲ့ ဒုတိယသမ္မတ ဦးဉာဏ်လင်းတို့ ရွေးကောက်ပွဲဝင်တော့မှာ မဟုတ်ဘူးလို့ ပါတီအတွင်းရေးမှူး ဦးသိမ်းဆွေက ပြောကြားခဲ့ပါတယ်။ ဒီတော့ ဒီလိုကြေညာလိုက်ခြင်းဟာ စိန်ခေါ်ခြင်းတစ်ရပ် ဖြစ်သွားပြီး ညတွင်းချင်းပဲ အရေးယူမှုတွေ လုပ်ခဲ့တာလားဆိုတာ ထင်စရာ ဖြစ်သွားပါတယ်။ ဘာပဲဖြစ်ဖြစ် အဲဒီညတစ်ညလုံးနဲ့ နောက်တစ်နေ့ မနက်ပိုင်းမှာ သတင်းဌာနတွေရဲ့ ကြိုးစားပမ်းစား သတင်းလိုက်မှုတွေကြောင့် သတင်းအချက်အလက်တွေ ပြည့်စုံလာခဲ့ပါတယ်။

သေချာသွားတာက သူရဦးရွှေမန်း ပြုတ်သွားတာပါပဲ။ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီရဲ့ အရင်ဥက္ကဋ္ဌ ဦးသိန်းစိန် သမ္မတဖြစ်သွားတော့ သူရဦးရွှေမန်းကို ယာယီဥက္ကဋ္ဌအဖြစ် တာဝန်ပေးထားခဲ့တာပါ။ အခုတော့ သူရဦးရွှေမန်းနဲ့ ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေး အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်သိမ်းတို့ဟာ နေပြည်တော်မှာရှိတဲ့ သူတို့ရဲ့ နေအိမ်တွေမှာပဲ နေနေရ



သူရဦးရွှေမန်းနဲ့
တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်။

တယ်လို့ ဆိုပါတယ်။ ဦးမောင်မောင်သိမ်းအိမ်မှာ အစောင့်တွေ ရှိမရှိမသိရပေမယ့် သူရဦးရွှေမန်းအိမ်အတွင်းမှာတော့ အစောင့်တွေချထားတယ်လို့ သားဖြစ်သူ ဦးတိုးနိုင်မန်းက အေအက်ဖ်ပီသတင်းဌာနကို ပြောပြခဲ့ပါတယ်။

ဗီအိုအေသတင်းဌာနက ပြန်ကြားရေးဝန်ကြီးဦးရဲထွဋ်ကို ဩဂုတ်လ ၁၃ ရက်နေ့မနက် ဆက်သွယ်မေးမြန်းတဲ့အခါမှာတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီအတွင်းမှာ ခေါင်းဆောင်ပိုင်းနေရာတွေ ပြန်လည်ဖွဲ့စည်းမှုတစ်ခုလုပ်နေတယ်လို့ သတင်းကြားသိရကြောင်း အကြမ်းဖျင်း ဖြေကြားသွားပါတယ်။ ပါတီဥက္ကဋ္ဌနေရာကိုတော့ လက်ရှိဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ဦးဌေးဦးကို သမ္မတကြီး ဦးသိန်းစိန်က ခန့်အပ်လိုက်တယ်လို့ သမ္မတရုံး ညွှန်ကြားရေးမှူး ဦးဇော်ဌေးက အာရ်အက်ဖ်အေသတင်းဌာနကို ပြောပြခဲ့ပါတယ်။ ဩဂုတ် လ ၁၃ ရက်နေ့မှာပဲ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှု ဆောင်အစည်းအဝေး အရေးပေါ်ကျင်းပနေပြီး သူရဦးရွှေမန်းနဲ့ ဦးမောင်မောင်သိမ်းတို့ ပါဝင်တက်ရောက်ခွင့် မရကြဘူးလို့ သိရပါတယ်။

အဲဒီအစည်းအဝေးကလည်း အတော့်ကို မြန်ဆန်ပါတယ်။ နေ့လယ်ခင်းအချိန်လောက်မှာပဲ သတင်းထုတ်ပြန်ချက် ထွက်လာခဲ့ပါတယ်။ သတင်းထုတ်ပြန်ချက်မှာ သူရဦးရွှေမန်းဟာ နိုင်ငံတော်အတွက် ကြီးလေးတဲ့တာဝန်တွေဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်နာယကနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် အချိန်ပြည့်တာဝန်ထမ်းဆောင်နေရတာမို့ အခုလို ပါတီလုပ်ငန်းတွေကို ဖိဖိစီးစီး ဆောင်ရွက်ဖို့ လိုအပ်လာတဲ့အချိန်မှာ ပါတီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဒုတိယဥက္ကဋ္ဌ/ဥက္ကဋ္ဌပူးတွဲတာဝန်ကို သူရဦးရွှေမန်းအစား ဒုတိယ ဥက္ကဋ္ဌ ဦးဌေးဦးထံ ၁၂-၈-၂၀၁၅ နေ့မှာ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်လို့ ရေးသားဖော်ပြထားပါတယ်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီအသစ်စာရင်းကိုလည်း ပူးတွဲဖော်ပြပေးခဲ့ပါတယ်။ အထွေထွေအတွင်းရေးမှူးက ဦးတင်နိုင်သိန်း ဖြစ်သွားပါတယ်။

ဒီသတင်းထုတ်ပြန်ချက်အရဆိုရင် သူရဦးရွှေမန်းဟာ ပြည်ထောင်စုလွှတ်တော်နာယကနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတာဝန်ကို ဆက်လက်ထမ်းဆောင်နေရဦးမယ့်သဘော ဖြစ်နေပါတယ်။ လွှတ်တော်ကလည်း သက်တမ်းကုန်ခါနီးနေပါပြီ။ လွှတ်တော်သက်တမ်း ကုန်ဆုံးသွားပြီးနောက် ဆက်လက်

တာဝန် ထမ်းဆောင်ခွင့်ရပါဦးမလားဆိုတာတော့ ကံသေကံမပြောလို့ မရသေးပါဘူး။ ဒါ့အပြင် သူရဦးရွှေမန်းဟာ ဖြူးမြို့နယ်ကနေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲဝင်ဖို့ စီစဉ်ထားတာ ဖြစ်ပါတယ်။ ပါတီပူးတွဲဥက္ကဋ္ဌမဟုတ်တော့လို့ ရွေးကောက်ပွဲဝင်ခွင့်ရဖို့မလွယ်တော့ဘူးလို့ ခန့်မှန်းနေကြသူတွေ ရှိလာပါတယ်။ ရွေးကောက်ပွဲဝင်ခွင့်မရတော့ဘူးဆိုရင်တော့ သူ့ပြိုလဲမှုဟာ တစ်ကနေ တစ်ဆယ် ရေတွက်တာတောင် ပြန်ထဖို့ မလွယ်တော့တဲ့ ပြိုလဲမှုဖြစ်သွားမှာပါ။

သူရဦးရွှေမန်းဟာ သူ သမ္မတ လုပ်ချင်ကြောင်း ပြောင်ဖွင့်ပြောခဲ့သူတစ်ဦးဖြစ်ပါတယ်။ ပြည်တွင်းမှာ ပြောသလို ပြည်ပမှာလည်း ပြောသူပါ။ ဒီနှစ် ဧပြီလထဲမှာ သူဟာ တရုတ်-အမေရိကန်ခရီးစဉ်တစ်ခု ထွက်ခဲ့ပါတယ်။ သူဟာ ဧပြီလ ၂၇ ရက်နေ့မှာ တရုတ်ပြည်၊ ပေကျင်းမြို့ကို ရောက်ခဲ့ပြီး တရုတ်ပြည်ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် မစ္စတာ 'လျိုယွင်စန်း' နဲ့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီနေ့မှာပဲ သူဟာ တရုတ်သမ္မတကြီး မစ္စတာ 'ရှီကျင့်ဖျင်' နဲ့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီလို တရုတ်ထိပ်သီးခေါင်းဆောင်တွေနဲ့ တွေ့ဆုံတဲ့အချိန်မှာ တရားဝင် သတင်းတွေအရ သာမန်ချစ်ကြည်ရေးစကားတွေ ပြောခဲ့ပေမယ့် တရားမဝင် အင်တာနက်သတင်းတွေအရ သူ သမ္မတဖြစ်လာရင် တရုတ်ပြည်နဲ့ နယ်မြေချင်းဆက်စပ်နေတဲ့ မြန်မာပြည် မြောက်ပိုင်းငြိမ်းချမ်းရေးကို ဖြစ်မြောက်အောင်ဆောင်ရွက်ပေးမယ့်အကြောင်း ပြောခဲ့တယ်လို့ သိရပါတယ်။ ဧပြီလ ၂၉ ရက်နေ့မှာ တရုတ်ပြည်ကနေ မြန်မာပြည်ကို ပြန်လာခဲ့ပြီး ၃၀ ရက်နေ့မှာ အမေရိကန်ပြည်ထောင်စုကို ဆက်လက်ခရီးထွက်ခဲ့ပြန်ပါတယ်။ ဝါရှင်တန်မှာ နိုင်ငံတကာငြိမ်းချမ်းရေးဆိုင်ရာ ကာနက်ဂျီအဖွဲ့နဲ့ ဆွေးနွေးစဉ်မှာလည်း သမ္မတဖြစ်ဖို့ မျှော်မှန်းထားကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပူးပေါင်းဆောင်ရွက်သွားမယ့်အကြောင်း ပြောဆိုခဲ့တယ်လို့ ဗီအိုအေသတင်းဌာနက ဖော်ပြခဲ့ပါတယ်။

သမ္မတ လုပ်ချင်နေတဲ့သူရဦးရွှေမန်းဟာ ပြည်သူလူထုနဲ့ အမြင်ချင်းနီးစပ်အောင် ကြိုးစားလာရာကနေ တခြားနိုင်ငံတော်ခေါင်းဆောင်တွေနဲ့ အမြင်ချင်း ကွဲပြားလာပုံပေါ်နေတာကို စာနယ်ဇင်းတွေမှာ ပေါ်ထွက်လာတဲ့

သတင်းတွေအရ နိုင်ငံရေးလေ့လာသူ အသိုင်းအဝန်းက သတိပြုမိနေကြပါတယ်။ ထင်ရှားတဲ့ဥပမာတစ်ခုက ကိုးကန့်ဖုန်ကြားရှင်နဲ့ တိုက်ပွဲတွေဖြစ်ခါစမှာ စစ်တပ်ဘက်က သတင်းစာရှင်းလင်းပွဲလုပ်ပြီး တရုတ်ပြည်က ကူညီနေပါတယ်လို့ တိုက်ရိုက်မပြောခဲ့ပေမယ့် တရုတ်ပြည်ဘက်က ကြေးစားစစ်သားတွေ ပါဝင်နေတယ်လို့ ပြောခဲ့ပါတယ်။ သူရဦးရွှေမန်းကျတော့ တရုတ်ပြည်ဟာ တိုင်းရင်းသားလက်နက်ကိုင်တွေကို ကူညီဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူးလို့ ပြောခဲ့ပါတယ်။ လွှတ်တော်ထဲမှာ စစ်တပ်ကိုယ်စားလှယ်တွေက ကိုယ်စားမဲပေးတဲ့ လက်ပွားကိုယ်တော်တွေ ကိစ္စနဲ့ပတ်သက်လို့လည်း သူက ဒါမျိုး နောင်မလုပ်ဖို့ သတိပေးခဲ့တယ်။ နောက်ပိုင်းမှာ သူဟာ 'ဖေ့စ်ဘွတ်ခ်' သုံးလာတော့ 'ဖေ့စ်ဘွတ်ခ်' စာမျက်နှာပေါ်မှာ သူ့အမြင်အယူအဆတွေကို လွတ်လွတ်လပ်လပ် ရေးသားတာ လုပ်လာတယ်။ ဇူလိုင်လအတွင်း ရေဘေးဖြစ်တော့ သူက သမ္မတကြီးဦးသိန်းစိန်ကို ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးထားတဲ့ နိုင်ငံတော်သမ္မတရဲ့ သီးသန့်ရန်ပုံငွေကျပ် ၁၀၀ ဘီလီယံထဲကနေ ရေဘေးသင့်ပြည်သူတွေအတွက် ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးလုပ်ငန်းတွေမှာ ထိရောက်စွာ အသုံးပြုသွားဖို့ တိုက်တွန်းခဲ့ပါတယ်။ ဒီတိုက်တွန်းမှုကိုလည်း ဆရာကြီးလုပ်တယ်၊ ပြည်သူနဲ့ ရန်တိုက်ပေးတယ်လို့ ယူဆတာ ခံရနိုင်ပါတယ်။ ပိုဆိုးသွားတာက ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သူ့လူအယောက် ၁၄၀ ကျော်ကို ယူနီဖောင်းချွတ်ပြီး ကြံ့ခိုင်ဖွံ့ဖြိုးရေး ပါတီကိုယ်စားလှယ်တွေအဖြစ် ရွေးကောက်ပွဲမှာ ပါဝင်နိုင်ဖို့ လွှတ်ပေးလိုက်တာကို ပြန်စိစစ်လိုက်တဲ့ကိစ္စ ဖြစ်ပါတယ်။ သူရဦးရွှေမန်း ဦးဆောင်နေတဲ့ပါတီက ပြန်စိစစ်လိုက်တဲ့အခါ ရွေးကောက်ပွဲဝင်နိုင်တဲ့ ယူနီဖောင်းချွတ်ကိုယ်စားလှယ်တွေဟာ ၅၉ ယောက်သာ ဖြစ်သွားခဲ့ပါတယ်။ ဒီလိုလုပ်တာဟာ စစ်တပ်ကိုယ်စားလှယ်တွေ အင်အားနည်းသွားအောင် လုပ်တယ်လို့ စွပ်စွဲစရာ ဖြစ်သွားနိုင်ပါတယ်။

သူ့အပေါ်မှာ မကျေနပ်သူတွေရှိနေပြီဆိုတာတော့ ရွေးကောက်ပွဲကော်မရှင်ဆီ သူ့မဲဆန္ဒနယ်ဖြစ်တဲ့ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် မဲဆန္ဒရှင်တွေက တာဝန်ကနေ ပြန်လည်ရုတ်သိမ်းပေးပါဆိုတဲ့ တောင်းဆိုစာကို ၂၄-၇-၂၀၁၅ နေ့စွဲနဲ့ ပို့ခဲ့တဲ့ဖြစ်ရပ်က သက်သေခံနေပါတယ်။ စာပါ

အကြောင်းအရာက ၄၃၆(က) ပြင်ဆင်ရေး လွှတ်တော်ကို တင်သွင်းခဲ့လို့တဲ့။ တပ်မတော်နဲ့ ပြည်သူကို သွေးခွဲတဲ့လုပ်ရပ် လုပ်ခဲ့တာမို့ပါတဲ့။

သူရဦးရွှေမန်းဟာ ပေါ်ပေါ်လွင်လွင် သမ္မတလုပ်ချင်နေပေမယ့် ၂၀၁၆ ခုနှစ်မှာ ဘယ်သူသမ္မတဖြစ်မလဲဆိုတဲ့ တစ်ကြိုခန့်မှန်းမှုတွေက သူ့ဘက်မှာ သိပ်မရှိလှပါဘူး။ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး အကြီးအကဲဟောင်း မစ္စစ် 'ပရက်စီလာ အေ ကလက်ပ်' (Priscilla A. Clapp) ကတော့ ဗိုလ်ချုပ် မှူးကြီးဟောင်း ဦးသန်းရွှေ လိုလားသူက ဦးသိန်းစိန်ပါပဲလို့ ပြောခဲ့ပါတယ်။ "သူ (ဗိုလ်ချုပ်မှူးကြီးဟောင်း သန်းရွှေ) က သူကြိုက်တာမကြိုက်တာကို ပြထားပြီးသားပါ၊ သူ ဘယ်သူ့ကို ကြိုက်သလဲ ကျွန်မတို့အားလုံး သိပါတယ်၊ သူတို့က ဘယ်သူတွေလဲဆိုတာ သူက ပြောပြီးသားပါ၊ ထင်ရှားတဲ့သမ္မတ လောင်းနှစ်ဦးကတော့ ဦးသိန်းစိန် နဲ့ ဦးရွှေမန်းပါ၊ မင်းအောင်လှိုင်ကတော့ ယူနီဖောင်းချွတ်ပြီး ရွေးကောက်ပွဲ ဝင်လာမယ့် လမ်းကြောင်းပေါ်မှာပေါ့၊ ဒါပေမယ့် ဦးသိန်းစိန်ဟာ ရာထူးက ဆင်းပေးစရာမလိုဘူး၊ ကြေညာစရာလည်း မလိုဘူး၊ လုံးဝကို မလုပ်တာ၊ ဘာလို့လဲဆိုတော့ နောက်ဆုံးမိနစ်ကျမှ စစ်တပ်အုပ်စုက ရွေးချယ်တာဆိုပြီး သူက လုပ်နိုင်တယ်လေ" လို့ သူမက ပြောပြခဲ့ပါတယ်။

အခုလိုအခြေအနေမှာတော့ မစ္စစ် 'ပရက်စီလာ အေ ကလက်ပ်' ရဲ့ တစ်ကြိုဟောကိန်းက မှန်မယ့်ဘက်ကို နီးကပ်သွားပါတယ်။ ထင်ရှားတဲ့ သမ္မတလောင်းနှစ်ယောက်ရှိတဲ့အနက် တစ်ယောက်က ပြုတ်လဲသွားတာကိုး။ ဒီတော့ သမ္မတဖြစ်နိုင်သူဟာ ဦးသိန်းစိန် တစ်ယောက်တည်းသာ ထီးထီးကြီး ကျန်နေပါတော့တယ်။ ဒါပေမယ့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တော့ ရှိနေပါသေးတယ်။ မစ္စစ် 'ပရက်စီလာ အေ ကလက်ပ်' ပြောသလို သူ လည်း လုပ်နိုင်တာပဲလေ။ နောက်ဆုံးမိနစ်ကျမှ စစ်တပ်အုပ်စုက ရွေးချယ် တာဆိုပြီးတော့။

**Political Comments page in Facebook, 14th August 2015**

❖ ❖ ❖

## ဒေါ်အောင်ဆန်းစုကြည် ကြွှကြွှခံ ရပ်တည်ရမယ့်အချိန် ရောက်ပြီ

ရွေးကောက်ပွဲနီးခါမှ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို ဝေဖန်တဲ့ဆောင်းပါးတွေ ပလူပျံအောင် ပေါ်ထွက်လာသလို၊ နိုင်ငံတကာမှာ လူမှုရေးဝက်ဘ်ဆိုက်ဖြစ်ပြီး မြန်မာနိုင်ငံမှာတော့ နိုင်ငံရေးဝက်ဘ်ဆိုက်ဖြစ်နေတဲ့ 'ဖေ့စ်ဘွတ်ခ်' မှာလည်း ဝေဖန်ချက်တွေ တက်လာ၊ လေကန်ဝိုင်းတွေမှာလည်း လေကန်သံတွေ ဆူညံလာပါတယ်။ ဒါတွေဟာ အစီအစဉ်ရှိရှိ ကြိုတင်ကြံစည်ထားသလိုတောင် ဖြစ်နေတာမို့ ဒေါ်အောင်ဆန်းစုကြည်ရော သူမရဲ့ ပါတီဝင်ထုတစ်ရပ်လုံးကပါ အထူးသတိထားပြီး ကြွှကြွှခံ ရပ်တည်ရမယ့်အချိန် ရောက်နေပြီလို့ ယူဆရပါတယ်။

ဝေဖန်သူတွေ ဝေဖန်နေတာက စေတနာနဲ့ အပြုသဘော သုံးသပ်သယောင်ယောင်ပါ။ ဒီတော့ လူချင်းတွေ့ရင်တောင် ကျေးဇူးတင်ပါတယ်ဆိုပြီး လက်ဆွဲနှုတ်ဆက်ရမလို ဖြစ်နေပါတယ်။ ဒါပေမယ့် စာဖတ်သူတွေအနေနဲ့တော့ ဝေဖန်တယ်လို့ မမြင်ကြပါဘူး။ ထိုးနှက်တိုက်ခိုက်တယ်လို့ပဲ မြင်ကြပါတယ်။ ဘာ့ကြောင့်လဲဆိုရင် ပုံနှိပ်စာလုံးနဲ့ အိတ်ဖွင့်ပေးစာလုပ်ပြီးဆိုမှတော့ ဖွင့်ချလိုတဲ့ရည်ရွယ်ချက်က ပါပြီးသားဖြစ်လို့ပါပဲ။ တကယ်တမ်း စေတနာထားတဲ့လူတွေက အိတ်ပိတ်ပေးစာရေးပြီး သက်ဆိုင်ရာပါတီနဲ့ ခေါင်းဆောင်ထံ တိုက်ရိုက်ပေးပို့မှာ ဖြစ်ပါတယ်။ စာမျက်နှာပေါ် ရောက်လာမှာ မဟုတ်ပါဘူး။ အခုလို စာမျက်နှာတွေပေါ်မှာ တင်ပေးလိုက်တဲ့အခါ



ဝေဖန်ပိုင်းခြားတတ်သူ ပြည်သူတွေအဖို့ သိပ်ပြဿနာမရှိပေမယ့် လူတချို့ အတွက် ယောင်ဝါးဝါးဖြစ်ပြီး အတိုက်အခံပါတီကိုလည်း မယုံရပါဘူးဆိုတဲ့ အတွေးတွေ ဝင်သွားနိုင်ပါတယ်။ တကယ်တော့ အဲဒီလိုအတွေးမျိုးဝင်သွား စေချင်တဲ့ လူတစ်စုကလည်း အခိုင်အမာ တည်ရှိနေတာကိုး။

ပထမဆုံး ဖော်ပြချင်တာကတော့ ကွယ်လွန်သွားပြီဖြစ်တဲ့ ဗမာပြည် ကွန်မြူနစ်ပါတီ ထိပ်သီးခေါင်းဆောင် ရဲဘော်ထွန်း (ခေါ်) ဗိုလ်ကြင်မောင်ရဲ့ မကွယ်လွန်မီက ဝေဖန်မှုဖြစ်ပါတယ်။ ရဲဘော်ထွန်း (ခေါ်) ဗိုလ်ကြင်မောင်က ၂၀၁၂ ဩဂုတ်လအတွင်း ရေးသားခဲ့တဲ့ ‘ကမ္ဘာ့စနစ်သစ်လွန်ပွဲ ပြင်းထန်လာတော့မည်၊ ဗမာပြည် သတိထားရမည်’ ဆိုတဲ့ဆောင်းပါးထဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ပတ်သက်လို့ အောက်ပါအတိုင်း ရေးသားခဲ့ပါတယ်။

“ပါလီမန်တွင်းဝင်ပြီး ‘အခြေခံဥပဒေ’ ကို ပြင်ဆင်မယ့်လမ်းစဉ်ကို မိမိတို့ စောင့်ကြည့်ပါမည်။ ပါလီမန်ပ လမ်းကြောင်းကိုလည်း မပစ်ပယ် ဟုဆိုသည်။ ကောင်းပါသည်။ သို့သော်- ပါလီမန်တွင်း လမ်းကြောင်းကို ဥက္ကဋ္ဌကိုယ်တိုင်က လိုက်နေတော့ ပါလီမန်ပလမ်းကြောင်းက အရန်လိုဖြစ် နေသည်။ ပါလီမန်ပလမ်းကြောင်းကို မည်သူတွေ ခေါင်းဆောင်မလဲ မသိပါ။ ဥက္ကဋ္ဌကို လမ်းညွှန်နိုင်ပါ့မလား သံသယရှိသည်။ - ဥပဒေပညာရှင်

တွေ အများကြီးရှိတဲ့ပါတီကြီးက 'ကတိသစ္စာပြုချက် ဒါမှမဟုတ် ကျမ်းသစ္စာ ကျိန်ဆိုချက်' ကို သတိမပြုမိဘူးဆိုတာကို အများကြီး သံသယရှိပါသည်။ ရွေးကောက်ပွဲနဲ့ ဘာမှမဆိုင်တဲ့ 'ဗကပ' ကပင် ပုဒ်မ (၁၂၅) နဲ့ ဖယား (၄) ကို သတိပြုမိပါသည်။ အခုတော့ အဲဒီလိုမဟုတ်။ လစ်ဟင်းသွားတာလို့ ဆိုသည်။ အဲဒီလစ်ဟင်းမှုကပဲ အာဏာရသူများရဲ့ NLD အပေါ် နိုင်ကွက်ဖြစ်နေမှာ စိုးပါသည်'' တဲ့။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ ၁၉၈၉ ခုနှစ်မှာ ပြိုကွဲပျက်စီးသွားပြီ ဖြစ်ပေမယ့် မြေအောက်ပါတီအဖြစ် ဆက်လက် ရပ်တည်သွားမယ်လို့ ကြေညာထားခဲ့တာ ဖြစ်ပါတယ်။ ရဲဘော်ထွန်း (ခေါ်) ဗိုလ်ကြင်မောင် မကွယ်လွန်ခင်ကတည်းက ဒေါ်အောင်ဆန်းစုကြည် ပါလီမန်တွင်း လမ်းကြောင်းဝင်တာကို မထောက်ခံပါ။ သူကိုယ်တိုင်က လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်မှတစ်ပါး အခြားလမ်းစဉ်မရှိဆိုပြီး ခံယူထားသူမို့ မထောက်ခံတာ ဖြစ်ပါတယ်။ သူသွားမယ့် လမ်းကြောင်းက ပြည်သူ့ဒီမိုကရေစီအာဏာရှင် စနစ်လမ်းကြောင်း၊ ဒေါ်အောင်ဆန်းစုကြည် သွားမယ့် လမ်းကြောင်းက အရင်းရှင်ဒီမိုကရေစီ လမ်းကြောင်း။ လမ်းကြောင်းချင်း မတူပါဘူး။ လမ်းကြောင်းချင်း မတူပေမယ့် သူက ဘုံရန်သူဦးတည်တိုက်ရေးဆိုတဲ့ တူညီတဲ့ ဦးတည်ချက်အောက်မှာ မဟာမိတ်ပါတီလို့ သဘောထားနိုင်တဲ့ ပါတီတစ်ရပ်ရဲ့ လုပ်ဆောင်ချက်တွေကို အပြုသဘောနဲ့ သတိပေး ဝေဖန်ဦးမှပဲဆိုပြီး ထ ဝေဖန်ခဲ့တာ ဖြစ်ပါတယ်။

သူ့ဝေဖန်ချက်က စာဖတ်သူတွေကို အမြင်ဝေဝါးစေနိုင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် လုပ်နေတာ လွဲနေပြီပဲ လို့ ယူဆသွားစေနိုင်ပါတယ်။ တကယ်က ပါလီမန်ပလမ်းကြောင်းကို အဓိကထားပြီး လိုက်ရမှာလို့ တွေးကောင်းတွေးသွားနိုင်ပါတယ်။ (အဲဒီဆောင်းပါးဖတ်မိသူ လူငယ်တချို့ဆိုရင် ဒေါ်အောင်ဆန်းစုကြည် ဖောက်ပြန်သွားပြီလို့တောင် သုံးသပ်နေကြပါတယ်) ဒါပေမယ့် အစိုးရက ရဲဘော်ထွန်း (ခေါ်) ဗိုလ်ကြင်မောင်ရဲ့ ပြည်သူ့အာဏာဆောင်းပါးများစာအုပ်ကို ဖြန့်ချိခွင့်ပိတ်ပစ်လိုက်လို့ ဖတ်သူအရေအတွက် သိပ်မများလိုက်ပါဘူး။

နောက်ဝေဖန်သူတစ်ဦးက ဝါရင့်ဆောင်းပါးရှင်ကြီး ဒေါက်တာရန်

မျိုးသိမ်း။ သူက ဒေါ်အောင်ဆန်းစုကြည်ကို ဝေဖန်နေတာ ကြာပါပြီ။ ဒေါ်အောင်ဆန်းစုကြည်က မွန်ပြည်နယ်ဘက် ခရီးထွက်ရင်း 'ကျွန်မတို့ပါတီက ပြည်ထောင်စုပါတီပါ' လို့ပြောခဲ့တာကို အဲဒီလို မပြောသင့်ကြောင်း၊ တိုင်းရင်းသားတွေက လက်ခံမှာမဟုတ်ကြောင်း ဆောင်းပါးအရှည်ကြီးတစ်စောင် ရေးသားခဲ့ပါတယ်။ ဒါပေမယ့် 'ပြည်ထောင်စု' ဆိုတဲ့စကားလုံးကို ထိပ်ကတင်ပြီး နာမည်ပေးထားတဲ့ 'ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီ' ကျတော့ အဲဒီလို နာမည်မပေးသင့်ကြောင်း၊ တိုင်းရင်းသားတွေက လက်ခံမှာ မဟုတ်ကြောင်း တစ်လုံးတစ်ပါဒမှ မရေးခဲ့ပါဘူး။

နောက်တစ်ခါ စောင့်ကြည့်ဂျာနယ် အတွဲ ၁၀ အမှတ် ၁၅ မှာ 'နိုင်ငံရေး မီးစာကုန် ဆီခန်းမည့်နိဒါန်းလား' ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးတဲ့ဆောင်းပါးမှာ ဒေါ်အောင်ဆန်းစုကြည်လည်း အာဏာရှင်ပါပဲလို့ မပြောရုံ တမယ်ပါပဲ။ 'ဒီချုပ်နိုင်ငံရေးကို ဦးဆောင်မည့် ဗဟိုစီအီးစီများသည် ဒီမိုကရေစီနည်းကျ ရွေးကောက်ခံရသူများ မဟုတ်။ ဒေါ်အောင်ဆန်းစုကြည်က ခေါင်းခေါက် တာဝန်ပေးခဲ့သူများသာ ဖြစ်သည်' လို့ ရေးထားပါတယ်။ တောင်ပေါက မသာတော့ မြောက်တောက သာသလိုလို။ အာဏာရပါတီဖြစ်တဲ့ ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီကတော့ ဒီမိုကရေစီနည်းကျ ရွေးကောက်ခံရသူများက ဦးဆောင်နေသလိုလို။ သူတို့ကတော့ အာဏာရှင်ပါတီကိုးလို့ ပြောချင်မလား မသိ။ အဲဒီလိုပြောချင်တိုင်း ပြောလို့မရပါဘူး။ သူတို့က အာဏာရှင်ပါတီလို့ ဘယ်တုန်းကမှ မကြွေးကြော်ခဲ့ပါဘူး။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ဦးဆောင်မယ်လို့ပဲ အမြဲပြောနေတာပါ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဘယ်လောက်တောင် စွပ်စွဲထားလိုက်သလဲဆိုတာ သူ့နိဂုံးချုပ်စာပိုဒ်မှာ အပေါ်လွင်ဆုံး ဖြစ်ပါတယ်။ အောက်မှာ ဖော်ပြပေးလိုက်ပါတယ်။

"အနှစ်ချုပ်ရသော် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုခေါင်းဆောင်များအနေဖြင့် မြို့နယ်အများစုတွင် လူသိရှင်ကြား ဖုံးမရဖိမရဖြစ်နေသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ရွေးချယ်ရေးနှင့် ပတ်သက်သည့် မတရားမှုများ၊ မလိမ့်တပတ်လုပ်မှုများ၊ အကွက်ဆင်ကိုယ့်လူသွင်းမှုများ၊ နိုင်ငံရေး ကလိမ်ကကျစ်ကျမှုများ၊ ဗြောင်လိမ်ဗြောင်စား

လုပ်မှုများကို စနစ်တကျ ဗျူဟာမြောက်ချဉ်းကပ် သုံးသပ်လျက် စိန်ခေါ်မှုများနဲ့ အကျပ်အတည်းများကို အခွင့်အလမ်းများအဖြစ် ဆောလျင်စွာ ပြုပြင်ပြောင်းလဲနိုင်ခြင်းမရှိလျှင် လာမည့် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲ အလွန်ကာလသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံရေးမီးစာကုန် ဆီခန်းမည့် ကာလနိဒါန်း ဖြစ်နိုင်ပါကြောင်း သတိပေး ဆော်ဩတိုက်တွန်း လိုက်ရပါသည်'' တဲ့။

ဒီစာပိုဒ်ကို ဖတ်လိုက်ရသူတွေက အတိုက်အခံပါတီ မရိုးမသားဖြစ်နေပါလား၊ မဲထည့်ပေးရင်ရော ဘာထူးတော့မှာလဲ၊ ပါတီ မရွေးတော့ပါဘူး၊ လူကောင်းတာပဲ ရွေးထည့်တော့မယ်ဆိုတဲ့စိတ်မျိုး ပေါက်မသွားနိုင်ဘူးလား။ စာဖတ်သူတွေကို နိုင်ငံရေး အသိစိတ်ဓာတ်သွင်းပေးမယ့်အစား 'လူပုဂ္ဂိုလ်ကြည့်ရေး' အသိစိတ်ဓာတ် သွင်းပေးရာ မရောက်ပေဘူးလား။

နောက် နိုင်ငံရေးဆောင်းပါးရှင်တစ်ဦးကတော့ စည်သူအောင်မြင့်။ သူက ဗီအိုအေသတင်းဌာနရဲ့ မျက်မှောက်ရေးရာ/ ပြည်တွင်းသတင်း သုံးသပ်ချက်ကဏ္ဍအတွက် ၁၇-၈-၂၀၁၅ နေ့စွဲမှာ ရေးပေးခဲ့တဲ့ 'ပြည်ခိုင်ဖြိုးဂိုဏ်းဂဏတိုက်ပွဲနဲ့ ဒေါ်အောင်ဆန်းစုကြည်' ဆိုတဲ့ခေါင်းစဉ်နဲ့ဆောင်းပါးမှာ ဒေါ်အောင်ဆန်းစုကြည်ကို အတော်လေး ထိုးနှက်ခဲ့ပါတယ်။ ကောက်စာအဖြစ် အသားပေးဖော်ပြထားတဲ့ စာသားလေးကို ကြည့်ပါ။ 'တစ်နည်းပြောရရင် ဒေါ်အောင်ဆန်းစုကြည်ဟာ သူရဦးရွှေမန်းဆိုတဲ့ လွှတ်တော်ဥက္ကဋ္ဌ စစ်ဗိုလ်ဟောင်း လူတစ်ယောက်နဲ့ပဲ ရင်းနှီးသွားပြီး တိုင်းပြည်ရဲ့ တကယ့်အရေးကြီးတဲ့ တပ်မတော်နဲ့တော့ ဝေးကွာသွားတာ တွေ့မြင်ရပါတယ်' တဲ့။ အဲဒီပြောလုံးက ဘာနဲ့တူသလဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ အမေရိကန်သမ္မတအိုဘားမားနဲ့သာ ရင်းနှီးသွားပြီး အိုဘားမားရဲ့ ဒီမိုကရက်တစ် ပါတီနဲ့ကျတော့ ဝေးကွာသွားတယ်ဆိုတာမျိုး ဖြစ်နေလေရဲ့။ ဒေါ်အောင်ဆန်းစုကြည်က သူရဦးရွှေမန်းနဲ့ ရင်းနှီးမှုယူခဲ့တာ လူသာမန်တစ်ယောက်အနေနဲ့ ရင်းနှီးမှုယူခဲ့တာမဟုတ်ဘဲ လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်၊ အာဏာရပါတီတစ်ရပ်ရဲ့ အကြီးအကဲတစ်ယောက်အနေနဲ့ ရင်းနှီးမှု ယူခဲ့တာဖြစ်တယ်ဆိုတဲ့အချက်ကို မေ့သွားဟန်တူပါတယ်။

သူ့ရဲ့ ဆောင်းပါးနိဂုံးချုပ်ပုံကိုလည်း ကြည့်လိုက်ပါဦး။

"တခြားတစ်ဖက်မှာတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ လာမယ့်ရွေးကောက်ပွဲမှာ သဘာဝမဟာမိတ်တွေဖြစ်တဲ့ တိုင်းရင်းသားတွေနဲ့တောင် ညှိနှိုင်းအပေးအယူ လုပ်နိုင်တာမတွေ့ရပါဘူး၊ စစ်အာဏာရှင်ရဲ့ဒဏ်ကို အတူတကွ ခံခဲ့ကြရတဲ့၊ ပြည်သူလူထုကလည်း ထောက်ခံအားပေးတဲ့ ၈၈ မျိုးဆက်လို အဖွဲ့အစည်းမျိုးနဲ့လည်း အကွဲအပြဲတွေ အဖြစ်ခံခဲ့ပါသေးတယ်။ ဒေါ်အောင်ဆန်းစုကြည် အဲဒီလိုဖြစ်ရတာဟာ တစ်ဖက်က သူရဦးရွှေမန်းလို လူပုဂ္ဂိုလ်မျိုးနဲ့ နီးစပ်အောင်ကြိုးစားရင်း တကယ့်မဟာမိတ်တွေနဲ့ ဝေးကွာသွားစေတယ်လို့ ပါတီတွင်းက လူတချို့က ထင်မြင်ယူဆတာကိုတောင် တွေ့ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ခုဆို သူရဦးရွှေမန်းဟာ ပြည်ခိုင်ဖြိုးပါတီခေါင်းဆောင်တစ်ယောက် မဟုတ်တော့ပါဘူး၊ လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဆက်ရှိနေသေးပေမယ့် အဲဒီအခြေအနေ မရေရာ မသေချာတော့ပါဘူး၊ ဒီအတွက် ဒေါ်အောင်ဆန်းစုကြည် ဘာလုပ်မလဲ စဉ်းစားသုံးသပ်ဖို့ လိုပါပြီ၊ အဖြစ်သင့်ဆုံးကတော့ အာဏာရ စစ်အုပ်စုအတွင်း ဂိုဏ်းဂဏတိုက်ပွဲတွေကနေ ခပ်ခွာခွာနေပြီး ကိုယ့်ရဲ့သဘာဝမဟာမိတ်တွေနဲ့ ပြန်လည်ပေါင်းစည်းမိအောင် ကြိုးစားသင့်ပါတယ်၊ ဒါ့အပြင် သူရဦးရွှေမန်းလို လူပုဂ္ဂိုလ်တစ်ယောက်တည်းနဲ့ မဟာမိတ်ဖွဲ့ခဲ့တဲ့ လုပ်ရပ်တွေကို ပြန်သုံးသပ်ပြီး တပ်မတော်နဲ့ အမျိုးသား ပြန်လည် ရင်ကြားစေ့ရေးရအောင် ဆက်ကြိုးစားသင့်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်" တဲ့။

နိုင်ငံရေးပါတီ ခေါင်းဆောင်ကြီးတစ်ယောက်ကို ဆရာကြီးလုပ်တဲ့ ဒီနိဂုံးချုပ်ချက်ကလည်း စာဖတ်သူတွေကို ဒေါ်အောင်ဆန်းစုကြည် တစ်ယောက် လမ်းမှားတွေ လျှောက်နေပါရော့လားလို့ ထင်စရာမြင်စရာဖြစ်စေပါတယ်။ ဆောင်းပါးရှင်အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ် အပြုသဘောနဲ့ ပံ့ပိုးပေးချင်တယ်ဆိုရင် ဦးတည်ရေးသားရမှာက ဆောင်းပါးရှင်ပြောတဲ့ တပ်မတော်ကို ဦးတည်ပြီး တပ်မတော်အနေနဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို တကယ်တမ်းလုပ်ချင်ရင် လူထုက အသိအမှတ်ပြုထားတဲ့ လူထုခေါင်းဆောင်ကို မကြိုက်တာ နည်းနည်းရှိရင်တောင် အတတ်နိုင်ဆုံး ညှိနှိုင်းဆောင်ရွက်ကြပါ၊ အဲဒီမကြိုက်တာ နည်းနည်း ရှိတာကိုလည်း ဒီမိုကရေစီနည်းကျကျ ထောက်ပြ ဝေဖန်ပြုပြင်ကြပါ၊ ၄၃၆ ပြင်သင့်တယ်ဆိုရင်

လည်း ပြင်လိုက်ကြပါလို့ တိုက်တွန်းရေးသားပေးရမှာပါ။ ဆောင်းပါးရှင် ရေးတဲ့ တပ်မတော်ဆိုတာလည်း ဘယ်သူဘယ်ဝါဆိုတာ မသိရလေတော့ ဘယ်သူဘယ်ဝါက ရင်ကြားစေ့မှာလဲဆိုတာ မရှင်းမလင်းနဲ့ ပြားတားတား ဝါးတားတားကြီး ဖြစ်နေပါသေးတယ်။

တချို့ဆောင်းပါးရှင်တွေ ရှိပါသေးတယ်။ ဒီချုပ်နဲ့ ရှစ်ပူး ကွဲပြီဆိုပြီး ရှစ်ပူးဘက်က နာသလိုလိုနဲ့ ကိုယ့်ဘာသာ ပါတီထောင်ကြတော့ဆိုတဲ့ အမိန့်ပေးဆောင်းပါးတွေ ရေးနေကြပါတယ်။ စက်ဝိုင်းတစ်ဝိုင်းတည်းရဲ့ အလယ်မှာ ရပ်နေကြသူချင်း သဘောထားကွဲလွဲမှု အနည်းအကျဉ်းဖြစ်ကြတာနဲ့ ဝင်ပြီး သပ်လျှိုမြှောက်ပင့် သွေးခွဲတော့တာပါပဲ။ ကိုယ့်လူအချင်းချင်း သဘောထားကွဲလွဲမှု အနည်းအကျဉ်းဖြစ်တတ်တာဟာ သဘာဝကျပြီး ပြည်သူတွင်းပဋိပက္ခအဖြစ် ကြည့်မြင်ရမယ်ဆိုတာ အဲဒီဆောင်းပါးရှင်တွေ သဘောမပေါက်ကြပါဘူး။

ဆိုလိုတာကတော့ အခုလို ဝါရင့်နိုင်ငံရေး ဆောင်းပါးရှင်ကြီးတွေက အပြုသဘောနဲ့ဖြစ်စေ၊ အပြုသဘော မဟုတ်ဘဲနဲ့ဖြစ်စေ ဝေဖန်နေကြတဲ့ အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ သတိကြီးကြီးနဲ့ ကြံ့ကြံ့ခံရပ်တည်ဖို့ လိုလာပါပြီ။ 'ပတ္တမြားမှန်လျှင် နွံမှာ နစ်စေတော့ မညစ်ပါတဲ့ ဒီအရောင် တိုးလို့သာပြောင်' ဆိုတဲ့ အရည်အချင်းမျိုးနဲ့ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးကို မမှိတ်မသုန် ဆက်လက်ချီတက်သွားနိုင်ဖို့ပဲ ဖြစ်ပါတယ်။

**Political Comments page in Facebook, 18th August 2015**

❖ ❖ ❖

# ရှိတော့ရှိပြီး မရှိသလိုဖြစ်နေတဲ့ အမျိုးသားသဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်း

မြန်မာနိုင်ငံမှာ ရှိတော့ရှိပြီး မရှိသလိုဖြစ်နေတဲ့ အဖွဲ့အစည်းတစ်ခုကတော့ 'အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်း' ဖြစ်ပါတယ်။ လူအတော်များများက ရှိမှန်းတောင် မသိကြပါဘူး။ ဘာ့ကြောင့် အဲဒီလိုဖြစ်နေရတာလဲ။ ဘာ့ကြောင့် တိမ်မြုပ်နေရတာလဲ။ တကယ်တော့ ဒီအဖွဲ့အစည်းဟာ မြန်မာပြည်မှာ နာဂစ်မုန်တိုင်းမဝင်ခင်ကတည်းက တည်ရှိနေပြီး ဖြစ်ပါတယ်။ နာဂစ်မုန်တိုင်း ဝင်တော့မယ်လို့ နိုင်ငံတကာက ကြေညာနေပေမယ့်လည်း အဲဒီအဖွဲ့အစည်းက တုတ်တုတ်မှ မလှုပ်ခဲ့ဘူး။ နာဂစ်မုန်တိုင်းတိုက်နေတုန်းလည်း အဲဒီအဖွဲ့အစည်းရဲ့ နာမည်ပေါ်မလာဘူး။ နာဂစ်မုန်တိုင်းပြီးသွားလို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေလုပ်တော့မှသာ အဲဒီအဖွဲ့အစည်းရဲ့နာမည်က စစ်အစိုးရသတင်းစာတွေထဲမှာ ကြိုးကြားကြိုးကြား ပေါ်လာခဲ့တယ်။ ဒါကို ကြည့်ခြင်းအားဖြင့် 'အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့အစည်း' ဟာ ဖွဲ့တယ်ဆိုရုံလေး ဖွဲ့ထားခဲ့တဲ့သဘောဖြစ်ပြီး စစ်အစိုးရရဲ့ အားပေးမှုမရခဲ့ဘူးလို့ တွက်ဆလို့ရပါတယ်။ ဒီအဖွဲ့အစည်းနဲ့ ပတ်သက်လို့ အားမလိုအားမရဖြစ်ရကြောင်း မိုးလေဝသနဲ့ ဇလဗေဒပညာရှင် ဒေါက်တာဦးထွန်းလွင်က ပြည်မြန်မာဂျာနယ်နဲ့ အင်တာဗျူးမှာ အောက်ပါအတိုင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။



“နာဂစ်မုန်တိုင်းမဖြစ်ခင် အိန္ဒိယသမုဒ္ဒရာ ဆူနာမီဖြစ်တယ်၊ အဲဒီကာလက ကွယ်လွန်သွားပြီဖြစ်တဲ့ ဝန်ကြီးချုပ်ဟောင်း ဦးစိုးဝင်းပေါ့၊ ၂၀၀၄ တုန်းက သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနဲ့ပတ်သက်တဲ့ မြန်မာနိုင်ငံမှာ အကြီးဆုံးအဖွဲ့ကြီးဖွဲ့တယ်၊ ဝန်ကြီးချုပ်က ဥက္ကဋ္ဌ တာဝန်ယူပြီး တိုင်းမှူးတွေ အကုန်လုံး အဖွဲ့ဝင်အဖြစ်ပါတယ်၊ ပြည်ထောင်စုဝန်ကြီးတွေ ၁၇ ဦးပါတယ်၊ မြန်မာနိုင်ငံမှာ ဒါထက်ကြီးတဲ့အဖွဲ့အစည်း မရှိဘူး၊ အဲဒီအဖွဲ့ကြီးထဲမှာ ကော်မတီ ၈ ခုရှိတယ်၊ လေးခုလောက်က မဖြစ်ခင်မှာ ကြိုတင်စီစဉ်ရမယ့် အဖွဲ့တွေ၊ ဒါပေမယ့် အဲဒါကြီးက တစ်ခါမှ အလုပ်မလုပ်ဘူး၊ ပထမဆုံး တွေ့ရတာက ၂၀၀၈ နာဂစ်မှာပေါ့၊ အစည်းအဝေးခေါ်တာ တစ်ခါမှ မကြားမိဘူး၊ အခုလည်း တစ်ခါဖြစ်နေပြန်ပြီ၊ ဘာမှ ထိထိဝင်ဝင် အလုပ်မလုပ်ဘူး၊ နာဂစ်ဖြစ်တော့ အစိုးရက ဌာနတွေအားလုံးကို မြို့နယ်အဆင့်အထိ လုပ်ခိုင်းတာက သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစီမံချက်ရေးဆွဲခိုင်းခဲ့တယ်၊ ဖြစ်လာခဲ့ရင် အလွယ်တကူ လုပ်ကြဖို့ပေါ့၊ နားလည်လည် မလည်လည် အကုန်လုံး လုပ်ထားကြရတယ်၊ ဆရာ့အမြင်ကတော့ အားလုံးက ဗီရိုထဲမှာပဲ ရှိနေတယ်၊ ဒီဟာကို ဘာလို့ ထုတ်မသုံးတာတုန်း၊ အဲဒီအထဲမှာ ဘာဖြစ်ရင် ဘာလုပ်ရမယ်ဆိုတာ အကုန်လုံးပါပြီးသား၊ ဒါပေမယ့် ဒီဟာကို အသုံးပြုပြီးလုပ်တဲ့သူက မရှိသလောက်ကို ရှားနေတယ်၊ အဲတော့ ဒီနိုင်ငံက ဘယ်လို နိုင်ငံဖြစ်နေလဲဆိုတော့ လုပ်စရာရှိတာကိုတော့ ဟန်ပြအဖြစ်

အကုန်လုပ်ပြနေတာပဲ၊ လက်တွေ့အကောင်အထည်ဖော်တာမှာတော့ အလွန်ညံ့တဲ့နိုင်ငံ၊ အဲဒီတော့ ဘယ်လိုမှ မတိုးတက်နိုင်ဘူး၊ တစ်ခုခုဖြစ်လိုက်ကောက်လုပ်လိုက်နဲ့ ကောက်ရိုးမီးပဲ၊ နာဂစ်ကိုပဲ ကြည့်လေ၊ နှစ်နှစ်လောက်တော့ shelter တွေဆောက် ဘာတွေဆောက်နဲ့ပေါ့၊ လုပ်ပြတယ်၊ အခုလည်းကျရော ဘယ်သူမှ လှည့်မကြည့်တော့ဘူး၊ ဒါက နိုင်ငံနဲ့ လူမျိုးရဲ့ ရှက်စရာကောင်းတဲ့အကျင့်ပေါ့၊ နောက်တစ်ခုက အမေရိကန်က နိုင်ငံတစ်ခုချင်းအလိုက် ထုတ်ထားတဲ့ ရာသီဥတုဆိုင်ရာအချက်အလက်တွေမှာ နိုင်ငံပေါင်း ၁၈၄ နိုင်ငံမှာ မြန်မာက အဆင့် ၁၇၉ မှာရှိတယ်၊ တွက်ချက်တာတွေက အဲဒီနိုင်ငံတစ်နိုင်ငံမှာ အစိုးရ ဘယ်လိုပေါ်လစီရှိလဲ၊ လူထုက ဘယ်လိုအသိပညာရှိလဲ၊ အစိုးရက ရန်ပုံငွေဘယ်လိုသုံးစွဲသလဲ စသဖြင့် အခြေခံအချက်အလက်တွေကို ခြုံငုံတွက်ချက်တာလေ၊ အလွန်ညံ့တဲ့ နိုင်ငံပေါ့ဗျာ၊ ဒီနိုင်ငံက အားလုံးက For Show (ဟန်ပြ) ပဲ၊ တကယ် လက်တွေ့မှာ ဘာမှမလုပ်ကြဘူး၊ ဘာကို သုံးရမယ်မှန်းလည်း မသိကြဘူး၊ နောက်ပြီးတော့ မဖြစ်မချင်းကို ထိုင်ကြည့်နေတဲ့ သဘောရှိတယ်၊ ဖြစ်ပြီးမှသာ အူးလျားဖားလျားနဲ့ လုပ်တော့တာ၊ အခု ရေကြီးနေတဲ့နေရာတွေကိုဆိုရင် ပြည်သူတွေက ကူညီချင်ရင်တောင် နာဆာက ရိုက်ပြတဲ့ပုံအရ ဘယ်လိုသွားမလဲ၊ ဒါတွေက အစိုးရပဲ လုပ်နိုင်မှာလေ၊ အစိုးရက အရေးပေါ်အခြေအနေ ကြေညာတာမှာလည်း နိုင်ငံတကာက ကူညီမှုတွေကို ဖိတ်ခေါ်ရတော့မှာ၊ ဆရာလည်း ပြောရတာ သူပုန်ကြီး ကျနေတာပဲ၊ ဒီနှစ်ကိစ္စမှာ ဆရာ အရမ်းစိုးရိမ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ နာဂစ်တုန်းကလည်း ပြောခဲ့တာပဲ၊ အရာမထင်ခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဖွဲ့စည်းပုံကြီးက ရှိနေတယ်လေ (ဖွဲ့စည်းပုံ ရေးဆွဲခဲ့ခြင်းကို ဆိုလိုသည်)၊ အခုတစ်ခါလည်း ပြောတာပဲ၊ ရွေးကောက်ပွဲကြီးက ရှိနေပြန်ပြီလေ၊ ဒီနိုင်ငံက သိတဲ့အတိုင်းပဲ အဲဒီလိုကိစ္စမျိုးကြုံလာရင် ကျန်တာတွေ အကုန် လှည့်တောင် မကြည့်တတ်တဲ့ ဖြစ်စဉ်ရှိခဲ့ဖူးတယ်လေ"

တကယ်တမ်းမှာလည်း 'အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်း' ဟာ စစ်အစိုးရခေတ်ကာလအတွင်း ၂၀၀၄ ခုနှစ်ကတည်းက ပေါ်ထွန်းခဲ့တာပါ။ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးလှုပ်ရှားမှုတွေထဲမှာ ကမ္ဘာ့အတိုင်းအတာ၊ ဒေသတွင်း (အာဆီယံ)

အတိုင်းအတာ လှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့ပါတယ်။ ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ဂျပန်နိုင်ငံ၊ ကိုဘီမြို့မှာ ကျင်းပတဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကမ္ဘာ့ကွန်ဖရင့်မှာ တက်ရောက်ခဲ့တယ်။ အာဆီယံနိုင်ငံတွေရဲ့ သဘာဝဘေး အန္တရာယ် ကာကွယ်စောင့်ရှောက်ရေးကော်မတီ (Asean Committee on Disaster Management-ACDM) အစည်းအဝေးတွေမှာ ပါဝင်ခဲ့ တယ်။ ၁၃ ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် ကာကွယ် စောင့်ရှောက်ရေး အစည်းအဝေး (၂၀၀၉) ကို အိမ်ရှင်နိုင်ငံအဖြစ် နေပြည် တော်မှာ လက်ခံကျင်းပပေးခဲ့တယ်။ ဒါတွေဟာ စစ်အစိုးရခေတ်ကာလ အတွင်း လှုပ်ရှားမှုတွေ ဖြစ်ပါတယ်။ ၂၀၁၀ ကျတော့ စစ်အစိုးရပုံစံနဲ့ မသွားတော့ဘဲ အရပ်သားအစိုးရပုံစံနဲ့ သွားတဲ့အခါမှာလည်း ဒီအဖွဲ့အစည်း ဟာ ပျက်စီးမသွားပါဘူး။ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့မှာ 'အမျိုး သားသဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးဥပဒေ' ကို ပြည်ထောင်စုလွှတ်တော်ကနေ အတည်ပြုပေးခဲ့ပါတယ်။ အဲဒီဥပဒေအရ အဖွဲ့အစည်းဥက္ကဋ္ဌဟာ နိုင်ငံတော်ဝန်ကြီး ချုပ်မဟုတ်တော့ဘဲ ဒုတိယသမ္မတ ဖြစ်သွားပါတယ်။ လက်ရှိမှာ အဖွဲ့အစည်းရဲ့ ဥက္ကဋ္ဌဟာ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဖြစ်ပါတယ်။

ဥပဒေလည်းရှိ အဖွဲ့အစည်းလည်းရှိနေပြီဖြစ်ပေမယ့် အခု ၂၀၁၅ ရေဘေးမှာ အဲအဖွဲ့အစည်းဟာ မြုပ်ကောင်ဖြစ်နေပါတယ်။ အဖွဲ့အစည်းရဲ့ တာဝန်ဖြစ်တဲ့ ကြိုတင်ပြင်ဆင်မှုလုပ်တာလည်း မရှိခဲ့ပါဘူး။ ပြည်သူတွေကို ကြိုတင်သတိပေးမှုတွေလည်း မရှိခဲ့ပါဘူး။ ဖြစ်လာတော့လည်း ကြိုတင်စီစဉ် မှုတွေ မရှိတာ ပေါ်လွင်လွန်းလှပါတယ်။ ရေဘေးသင့်ပြည်သူတွေဟာ ကိုယ့်အစီအစဉ်နဲ့ကိုယ် ကိုယ်လွတ်ရုန်းပြီး ပြေးခဲ့ကြရပါတယ်။ ဒီလို အဖွဲ့ အစည်းကြီးရှိနေတာကို လူအတော်များများက မသိကြတော့ 'လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာန' ဘယ်ပျောက်နေ သလဲလို့ အွန်လိုင်းပေါ်က 'ဖေ့စ်ဘွတ်ခ်' ပေါ်မှာ အော်လာခဲ့ကြပါတယ်။ မှန်ပါတယ်။ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ကြီး မရှိရင်လည်း အဲဒီဝန်ကြီးဌာနက တာဝန်ယူပေးရမှာပါ။ ခုတော့ အဲဒီဝန်ကြီး ဌာနကပါ အချိန်မီ တာဝန်ယူနိုင်ခြင်း မရှိခဲ့ပါဘူး။ ရေဘေးသင့်ဒေသတွေဆီ

အပြေးအလွှား အရောက်သွားခဲ့ကြတာက ပရဟိတ လူမှုအဖွဲ့အစည်းတွေပဲ ဖြစ်ပါတယ်။ ပရဟိတနဲ့ပတ်သက်လို့ ကာတွန်းဆရာ ဆရာအော်ပီကျယ်က ''ပရဟိတဆိုတာ မိခင်က မိခင်နို့ မတိုက်သေးလို့ ကလေးသေသွားမှာစိုးလို့ ခဏ ဝင်တိုက်ပေးတဲ့ ထမင်းရည်ပါ'' လို့ ပြောခဲ့ကြောင်း 'ဖေ့စ်ဘွတ်ခ်' မှာ တက်လာခဲ့ပါတယ်။ မှန်ပါတယ်။ တကယ်က အစိုးရ လုပ်မှဖြစ်နိုင်တဲ့ အချက်တွေ အတော်များပါတယ်။ ပရဟိတအဖွဲ့တွေမှာ လေယာဉ်တွေ၊ ရဟတ်ယာဉ်တွေ၊ စပီဘုတ်တွေ မရှိပါဘူး။ ဒါတွေက အစိုးရ လုပ်ပေးမှ ရမှာတွေ ဖြစ်ပါတယ်။ အစိုးရ လုပ်လာအောင် ဝိုင်းဝန်းတိုက်တွန်းရပါမယ်။ ဒီအစိုးရကိုမကြိုက်လို့ နောက်အစိုးရကို ရွေးကောက်ပွဲကနေ တင်မြှောက်မယ် ဆိုတာက နိုင်ငံရေး ပြဿနာပါ။ ကြိုက်ကြိုက် မကြိုက်ကြိုက် လက်ရှိအစိုးရ လှုပ်ရှားလာအောင် နည်းမျိုးစုံနဲ့ တိုက်တွန်းပေးရပါလိမ့်မယ်။ ဒါမှသာ ရေဘေးသင့်ပြည်သူတွေအတွက် အကျိုးရှိမှာ ဖြစ်ပါတယ်။

အစိုးရအနေနဲ့လည်း လှုပ်ရှားမှုတွေ လုပ်လာခဲ့ပါတယ်။ ရေဘေးသင့်ပြီး နှစ်ပတ်ကျော်ကျော်လောက် ကြာတော့မှ 'အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ' အစည်းအဝေးကို ဩဂုတ်လ ၄



ရက်နေ့မှာ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဦးစီးပြီးကျင်းပကြောင်း သတင်းထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ ဒုတိယသမ္မတက ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ရာမှာ ပျက်စီးဆုံးရှုံးမှု အမျိုးအစားနဲ့ ပမာဏများကို တိကျစွာ သိရှိဖို့လိုအပ်ကြောင်း ညွှန်ကြားခဲ့တယ်လို့ ဆိုပါတယ်။ တကယ်တမ်း လုပ်ဆောင်ကြဖို့တော့ လိုပါတယ်။ အထနှေးရာကနေ အရှိန်အဟုန် တက်လာဖို့ဆိုတာ အတော့်ကို ကြိုးစားရမယ့်သဘော ရှိပါတယ်။

တကယ်တော့ ရေဘေးဖြစ်ပေါ်မှုဟာ လက်ရှိအစိုးရ သက်တမ်းကုန်ခါနီးမှာမှ ပေါ်ပေါက်ခဲ့တာပါ။ လက်ရှိအစိုးရသက်တမ်း ကုန်သွားပြီးရွေးကောက်ပွဲကို ဖြတ်သန်းလို့ ၂၀၁၆ အစိုးရ ပေါ်ထွန်းလာတဲ့အခါမှာလည်း ရေဘေးသင့်ဒေသတွေ ပြန်လည်ထူထောင်ရေးလုပ်ငန်းက ဆက်လုပ်ရဦးမှာပဲ ဖြစ်ပါတယ်။ အစိုးရအပြောင်းအလဲ လူအပြောင်းအလဲတွေ ဖြစ်ပေမယ့် 'သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး' ဆိုတဲ့ ခေါင်းစဉ်ကတော့ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ နောက်အစိုးရဟာ ပိုကောင်းတဲ့အစိုးရဖြစ်ခဲ့ရင် 'သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့' ကို အသက်ပါတဲ့အဖွဲ့ဖြစ်အောင် ထူထောင်ပေးရမှာ ဖြစ်ပါတယ်။ အသက်ပါတဲ့အဖွဲ့ဖြစ်ဖို့ဆိုရင် ဘတ်ဂျက်ရှိဖို့လည်း လိုပါတယ်။ လက်ရှိဥပဒေအရ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ရဲ့ ဘတ်ဂျက်ဟာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်မှာပဲ ရှိပါတယ်။ ဘယ်ဝန်ကြီးဌာနအောက်မှာပဲ ရှိပါစေ အရေးကြီးတာက ဘတ်ဂျက်ကို ထုတ်ယူသုံးစွဲခွင့်ရဖို့ ဖြစ်ပါတယ်။ ဘတ်ဂျက်မရှိရင်တော့ ဘာမှလုပ်လို့ရမှာ မဟုတ်ပါဘူး။

အိန္ဒိယနိုင်ငံမှာလည်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့ (National Disaster Management Authority) ဆိုတာ ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှာ ထားပါတယ်။ ဒါပေမယ့် ဘတ်ဂျက်ကို သီးခြား ခွင့်ပြုပေးထားပါတယ်။ ၂၀၁၀ ကနေ ၂၀၁၅ အတွက် ၅ နှစ်စာ ရူပီးငွေ ၃၃၅၈၀ သမ ၉၃ ကုဋေ ခွင့်ပြုထားပါတယ်။ ဘတ်ဂျက်ရှိတော့ အလုပ်လုပ်ရတာ မြန်ဆန်သွက်လက်ပါတယ်။

ဒါတောင် ဒီတစ်ခေါက် ဇူလိုင်ရေဘေးလေဘေးမှာ အထနေးတယ်လို့ ပြည်သူတွေရဲ့ ဝေဖန်သံတွေ ထွက်ပေါ်ခဲ့ပါသေးတယ်။

တရုတ်ပြည်မှာတော့ သဘာဝဘေးအန္တရာယ်နဲ့ လူမှုကယ်ဆယ်ရေး ဝန်ကြီးဌာန သီးသန့်ရှိပါတယ်။ ဘတ်ဂျက် ဘယ်လောက်ချပေးထားတယ် ဆိုတာ မသိရပေမယ့် သီးသန့်ဝန်ကြီးဌာနဖြစ်တဲ့အတွက် ဘတ်ဂျက်ရှိနေမှာ သေချာပါတယ်။ တရုတ်အစိုးရနဲ့ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က လည်း အရေးကြုံရင် မြန်မြန်ဆန်ဆန် ဝန်းရံပေးနိုင်တာမို့ ဒီအချက်မှာတော့ ကမ္ဘာက အသိအမှတ်ပြုရပါတယ်။ အခု ထိုင်ဝမ်ကို ဝင်မွှေသွားပြီး တရုတ် ပြည်ထဲကိုပါ ဆက်ဝင်မယ့် 'ဆိုဒဲလာ' တိုင်ဖွန်းမုန်တိုင်းအတွက် ပြင်ဆင် မှုတွေ လုပ်ထားပြီးပြီဆိုတာလည်း သံသယရှိစရာ မလိုပါဘူး။

ကမ္ဘာက သံသယရှိနေတာက မြန်မာပြည်ပါပဲ။ နာဂစ်ကာလတုန်းက အချိန်နဲ့တစ်ပြေးညီ ဝင်ရောက်ကယ်တင်ပေးဖို့ အမေရိကန်နဲ့ ပြင်သစ် စစ် သင်္ဘောတွေ ရောက်လာခဲ့ပေမယ့် ဝင်ခွင့်မရလို့ ပြန်လှည့်သွားခဲ့ကြရတယ်။ အဲဒီတုန်းက ပြင်သစ်စစ်သင်္ဘောက ရိုးရိုးပြန်လှည့်မသွားဘဲ မချေမငံတွေ ပြောဆိုသွားလို့ စာနယ်ဇင်းတွေမှာ ပြင်သစ်နိုင်ငံသတင်း မထည့်ရဆိုပြီး စာပေစိစစ်ရေးက တားမြစ်ခဲ့တဲ့အထိ ဆက်ဆံရေးပျက်ခဲ့ဖူးတာကို စာနယ်ဇင်း သမားတိုင်း သိကြပါတယ်။ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက် ရေးမှာ တရုတ်ပြည်က နာမည်ရသလောက် မြန်မာပြည်ကိုကျတော့ အထင် အမြင်သေးကြပါတယ်။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကမ္ဘာကတော့ ကူညီစ ပြုနေပါပြီ။ ကူညီမယ်ဆိုတာကိုလည်း တရားဝင်ပြောဆိုပြီးနေပါပြီ။

ဒါပေမယ့် ပြည်ပအကူအညီကို ထိထိရောက်ရောက် သုံးစွဲနိုင်ဖို့က ပြည်တွင်းအာဏာပိုင်အဖွဲ့အစည်းတွေနဲ့ပဲ သက်ဆိုင်ပါတယ်။ ရှိတော့ရှိပေ မယ့် မရှိသလိုဖြစ်နေတဲ့ အမျိုးသားသဘာဝဘေးအန္တရာယ် ကာကွယ်စောင့် ရှောက်ရေးအဖွဲ့ကို အားကောင်းမောင်းသန် ဖွဲ့စည်းရမှာဖြစ်ပါတယ်။ ပညာရှင် တွေနဲ့ အားဖြည့်ဖို့ လိုပါတယ်။ အခုလာမယ့် စက်တင်ဘာလ ၁၁-၁၂ ရက်နေ့မှာ အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့မှာ ကျင်းပမယ့် ၂၀၁၅ အာရှရေကြီး ရေလျှံထိန်း ချုပ်မှုပြပွဲနဲ့ ကွန်ဖရင့်လိုမျိုး အစီအစဉ်တွေမှာ ပညာရှင်တွေကို

စေလွှတ်လေ့လာခိုင်းတာတွေ လုပ်ဖို့လိုပါတယ်။ တစ်နိုင်ငံလုံးပြည်သူ တစ်ရပ်လုံးရဲ့ အကျိုးစီးပွားကို ထောက်ထားပြီး ဘယ်အစိုးရ တက်တက် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ကို ခိုင်မာတောင့်တင်းအောင် အလေးထား ဖွဲ့စည်းဖို့ လိုအပ်ပါတယ်။

စောင့်ကြည့်သတင်းဂျာနယ် (၁၀-၈-၂၀၁၅)
**Political Comments page in Facebook,**
**10th August 2015**

❖ ❖ ❖

# တစ်ရာခိုင်နှုန်းကတော့ နည်းလွန်းပါတယ်

လွှတ်တော်ကိုယ်စားလှယ် ပြန်လည်ရုတ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်မှာ ဆက်လက်မဆွေးနွေးသင့်ကြောင်း အဆိုကို မဲခွဲဆုံးဖြတ်တဲ့အခါ ထောက်ခံမဲ ၂၆၄ မဲ၊ ကန့်ကွက်မဲ ၂၃၅ မဲ၊ ကြားနေ ၁၂ မဲ ရရှိတဲ့အတွက် ဆက်လက် မဆွေးနွေးတော့ဘဲ ဆိုင်းငံ့လိုက်တယ်လို့ ဩဂုတ်လ ၂၀ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက ကြေညာခဲ့ပါတယ်။ မဲခွဲမဆုံးဖြတ်ခင် လွှတ်တော်ကိုယ်စားလှယ် ပြန်လည်ရုတ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနဲ့ ပတ်သက်လို့ တပ်မတော်သားကိုယ်စားလှယ်၊ ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီ၊ အန်အယ်လ်ဒီပါတီ၊ အမျိုးသားဒီမိုကရေစီပါတီကိုယ်စားလှယ်တွေနဲ့ တိုင်းရင်းသားကိုယ်စားလှယ်တွေ ပါဝင်တဲ့ စုစုပေါင်း ကိုယ်စားလှယ် ၁၅ ဦးက ဆွေးနွေးခဲ့ကြတယ်လို့ ဆိုပါတယ်။ အဲဒီလို ဆွေးနွေးခဲ့ကြရာမှာ တပ်မတော်သားကိုယ်စားလှယ်နဲ့ ကြံ့ခိုင်ရေးပါတီက ကိုယ်စားလှယ်တချို့ဟာ ဒီဥပဒေကြမ်းကို အမြန်ပြဋ္ဌာန်းသင့်ကြောင်း ဆွေးနွေးခဲ့ကြပြီး ကျန်တဲ့ကိုယ်စားလှယ်တွေကတော့ တာဝန်ကို ပြန်လည် ရုတ်သိမ်းခွင့်ပေးထားတဲ့မဲဆန္ဒရှင် တစ်ရာခိုင်နှုန်းဆိုတဲ့ သတ်မှတ်ချက်ကို ပြင်ဆင်ဖို့ ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။

တကယ်က ဒီဥပဒေကြမ်းနဲ့ ပတ်သက်လို့ ဥပဒေကြမ်း ပူးပေါင်းကော်မတီက လွှတ်တော်အတွင်းမှာရှိတဲ့ နိုင်ငံရေးပါတီ ၁၉ ပါတီက လွှတ်တော်ကိုယ်စားလှယ်တွေ၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်တွေ




အမေရိကန်ပြည်ထောင်စု အယ်လ်ဘားမားပြည်နယ်မှာ ပြည်နယ်အဆင့် ရွေးကောက်ခံရသူများကိုပါ ပြန်လည်ရုတ်သိမ်းခွင့်ရရှိရေး ဆန္ဒထုတ်ဖော်နေကြစဉ်

နဲ့ ဩဂုတ်လ ၁၈ ရက်နေ့မှာ ဆွေးနွေးခဲ့ကြပါသေးတယ်။ အဲသလို ဆွေးနွေးကြရာမှာ နိုင်ငံရေးပါတီ ၆ ပါတီကသာ လွှတ်တော်ကိုယ်စားလှယ် ရုတ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို အလျင်အမြန် ပြဋ္ဌာန်းသင့်ကြောင်း ဆွေးနွေးခဲ့ပြီး ကျန်တဲ့နိုင်ငံရေးပါတီ ၁၃ ပါတီက လွှတ်တော်ကိုယ်စားလှယ်တာဝန်ကို သက်ဆိုင်ရာမဲဆန္ဒနယ်က မဲပေးခွင့်ရှိသူ တစ်ရာခိုင်နှုန်းနဲ့ ဖြုတ်ချနိုင်တယ်ဆိုတာ လက်မခံကြောင်း၊ အဲဒီဥပဒေကြမ်းကို အလျင်အမြန် မပြဋ္ဌာန်းသင့်ကြောင်း ဆွေးနွေးကြတယ်လို့ ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဘက်အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဩဂုတ်လ ၁၉ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ကို တင်ပြပြီးသား ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ် ပြန်လည်ရုတ်သိမ်းခြင်းနဲ့ ပတ်သက်လို့ ဘယ်သူမှ ငြင်းချက်မထုတ်ကြပါဘူး။ မဲဆန္ဒရှင်တွေဟာ သူတို့တင်မြှောက်ထားတဲ့ကိုယ်စားလှယ်ကို သူတို့ဘာသာ ပြန်လည်ရုတ်သိမ်းခွင့်ရှိဖို့လည်း လိုအပ်တယ်လို့ အားလုံးက ယူဆကြလို့ပါ။ မတူတဲ့အယူအဆက ပြန်လည်ရုတ်သိမ်းချင်တဲ့ မဲဆန္ဒရှင်အရေအတွက် ရာခိုင်နှုန်းနဲ့ အလျင်အမြန်မပြဋ္ဌာန်းဖို့ဆိုတဲ့ အချက်တွေသာ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ အခုလိုဆိုင်းငံ့

လိုက်တဲ့အခါ ဒီဥပဒေကြမ်းဟာ လက်ရှိ လွှတ်တော်သက်တမ်းကာလမှာ ဆွေးနွေးဖြစ်မှာ မဟုတ်တော့ပါဘူး။ နောက်လွှတ်တော်ကျမှ ဆွေးနွေးကြရတော့မှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ် ပြန်ရုတ်သိမ်းချင်တဲ့ မဲဆန္ဒရှင် အရေအတွက် တစ်ရာခိုင်နှုန်းကို မနှစ်သက်တဲ့အမြင်ကတော့ နည်းလွန်းတယ်ဆိုတဲ့ အမြင်ပါပဲ။ အရေအတွက်နည်းလွန်းတော့ မသမာမှုတွေ ပေါ်ပေါက်လာနိုင်တယ်ဆိုတဲ့ စိုးရိမ်စိတ်နဲ့ပါ။ မဲဆန္ဒနယ်တစ်ခုကနေ ရွေးကောက်ခံခဲ့ရတဲ့ လွှတ်တော်ကိုယ်စားလှယ်ကို ပြန်ဖြုတ်ချင်သူလူတစ်စုက ပြန်လည်ရုတ်သိမ်းပေးဖို့ အဆိုပြုလွှာတင်တဲ့အခါ လူဦးရေနည်းနည်းနဲ့ လက်မှတ်ထိုးတင်ပြနိုင်တဲ့ အခြေအနေဖြစ်သွားပါတယ်။ မဲပေးခွင့်ရှိသူဦးရေ ငါးသောင်းရှိတဲ့ မဲဆန္ဒနယ်တစ်နယ်အတွက်ဆိုရင် မဲပေးခွင့်ရှိသူဦးရေ ၅၀၀ လောက်စုပြီး လက်မှတ်ထိုးရုံနဲ့ တင်ပြခွင့်ရှိသွားတာ ဖြစ်ပါတယ်။ စည်းရုံးရတာလည်း အရမ်းလွယ်သွားပါတယ်။ အခုအများစုနှစ်သက်နေတဲ့ အရေအတွက်က ၂၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၂၀ ရာခိုင်နှုန်းဆိုရင် မဲပေးခွင့်ရှိသူဦးရေ ငါးသောင်းရှိတဲ့ မဲဆန္ဒနယ်တစ်နယ်မှာ မဲပေးခွင့်ရှိသူဦးရေ တစ်သောင်းလောက်စုပြီး လက်မှတ်ထိုးရတော့မှာ ဖြစ်ပါတယ်။ လူတစ်သောင်းကို စည်းရုံးဖို့ကျတော့ တကယ့်ကို မှန်ကန်တဲ့အချက်တွေ ပြောပြစည်းရုံးနိုင်မှသာ လက်မှတ်တွေရမှာ သေချာပါတယ်။ တော်တန်ရုံ မခိုင်မာတဲ့အချက်တွေလောက်နဲ့တော့ အဲဒီလောက် လူအများကြီးက လက်မှတ်ထိုးပေးကြမှာ မဟုတ်တော့ပါဘူး။

နိုင်ငံတကာကို လေ့လာကြည့်တဲ့အခါမှာ ဒီမိုကရေစီ နည်းနာကျင့်သုံးအုပ်ချုပ်တဲ့ နိုင်ငံတွေကြားထဲမှာ အဲဒီလို ပါလီမန်အမတ်တွေ (မြန်မာပြည်မှာတော့ လွှတ်တော်ကိုယ်စားလှယ်တွေ) ကို ပြန်လည်ရုတ်သိမ်းတဲ့ အခွင့်အရေးပေးရာမှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူကြတာ တွေ့ရပါတယ်။ တချို့နိုင်ငံတွေက အဲဒီအခွင့်အရေးကို မဲဆန္ဒရှင်ပြည်သူတွေထံ တိုက်ရိုက် ပေးမထားပါဘူး။ အစိုးရအာဏာပိုင်တွေက ဦးဆောင်ဆုံးဖြတ်ပြီးမှ ပြည်သူတွေက အတည်ပြုပေးရပါတယ်။ တချို့နိုင်ငံတွေကတော့ မဲဆန္ဒရှင်ပြည်သူတွေကို သူတို့ရွေးကောက်ထားသူတွေ ပြန်လည်ရုတ်သိမ်းဖို့ အဆိုပြုလွှာ တင်ခွင့်ပေးထားပါတယ်။ ဒါပေမယ့် အဆိုပြုလွှာတင်ဖို့အတွက် လက်မှတ်ထိုးနိုင်တဲ့ အရေ

အတွက် ရာခိုင်နှုန်းကျတော့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူကြပြန်ဘူး။ (သေချာတာက တစ်ရာခိုင်နှုန်းဆိုတဲ့ အရေအတွက်လောက်နဲ့ အဆိုပြုလွှာ တင်ခွင့်ရတဲ့ ဒီမိုကရေစီနိုင်ငံ မရှိပါဘူး။) ဒါ့အပြင် ရွေးကောက်ခံကိုယ်စားလှယ်တွေရဲ့ ရာထူးအာဏာ အဆင့်အတန်း သတ်မှတ်မှုတွေလည်း မတူကွဲပြားပါသေးတယ်။ ဖယ်ဒရယ်ပြည်ထောင်စုစနစ်နဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ အမေရိကန်ပြည်ထောင်စုမှာဆိုရင် အဲဒီလို ရွေးကောက်ခံရသူတွေကို မဲဆန္ဒရှင်ပြည်သူတွေက ပြန်လည်ရုတ်သိမ်းဖို့ အဆိုပြုလွှာတင်ခွင့်ဆိုတာ ပြည်နယ်အဆင့် ရွေးကောက်ခံရသူတွေကို အဆိုပြုနိုင်ခွင့်ရတာ ၁၈ ပြည်နယ်သာ ရှိပါတယ်။ ဒီနေရာမှာလည်း ပျမ်းမျှအားဖြင့် အဆိုပြုလွှာ လက်မှတ်ထိုးနိုင်တဲ့ အရေအတွက်ဟာ ၂၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၁၀ ရာခိုင်နှုန်း ခွင့်ပြုတာ မွန်တာနာပြည်နယ်တစ်ခုသာ ရှိပါတယ်။ ၃၆ ပြည်နယ်ကျတော့ ပြည်နယ်အဆင့် ရွေးကောက်ခံထားရသူတွေကို ထိပါးခွင့်မပေးဘဲ ဒေသအုပ်ချုပ်ရေးပိုင်းဆိုင်ရာ ရွေးကောက်ခံရသူတွေကိုသာ ပြန်လည်ရုတ်သိမ်းဖို့ တောင်းဆိုပိုင်ခွင့်ရှိပါတယ်။ ကွန်ဂရက်အဆင့်ကိုတော့ ကြီးလေးတဲ့အပြစ်တွေ မကျူးလွန်ရင် ဘယ်ပြည်နယ်၊ ဘယ်ပြည်သူကမှ ထိပါးလို့ မရပါဘူး။ မကျေနပ်ရင် သက်တမ်းကုန်တဲ့အထိ စောင့်ပြီးမှ နောက်သက်တမ်းမှာ ပြန်မရွေးဖို့ပဲ ရှိပါတယ်။

မဲဆန္ဒရှင်ပြည်သူတွေက နိုင်ငံတော်အဆင့် ရွေးကောက်တင်မြှောက်ခြင်းခံရသူတွေကို ပြန်လည်ရုတ်သိမ်းဖို့ အဆိုပြုလွှာတင်မှု၊ အတည်ပြုမှုလုပ်ပေးနိုင်တဲ့နိုင်ငံတွေဟာ ဘဲလားရုပ်စ်၊ အီကွေဒေါ၊ အီသီယိုပီးယား၊ ကာရစ်ဘာတီ၊ ကာဂျစ်စတန်၊ လစ်ချန်စတိုင်း၊ မိုက်ခရိုနီးရှား၊ နိုင်ဂျီးရီးယား၊ ပယ်လောင်း၊ ဗင်နီဇွဲလားနိုင်ငံတို့ဖြစ်ပါတယ်။ အဲဒီနိုင်ငံတော်အဆင့်မှာတောင် ခွဲခြားသတ်မှတ်ထားမှုတွေ ရှိပါတယ်။ မဲဆန္ဒရှင်ပြည်သူတွေကို ပြန်လည်ရုတ်သိမ်းဖို့ အဆိုပြုလွှာ တင်ခွင့်ပေးထားပေမယ့် နိုင်ငံတော်အဆင့် ရွေးကောက်ခံရသူတွေကို ထိပါးခွင့်မပေးဘဲ တိုင်းအဆင့်၊ ဒေသအဆင့်က ရွေးကောက်ခံရသူတွေကိုသာ အဆိုပြုခွင့် ပေးထားတဲ့နိုင်ငံတွေဟာ အာဂျင်တီးနား၊ ကိုလံဘီယာ၊ ဂျာမနီ၊ ပီရူး၊ ထိုင်ဝမ်တို့ ဖြစ်ပါတယ်။ ပြန်လည်ရုတ်သိမ်းခွင့်ကို အစိုးရကသာ ကိုင်ထားပြီး ပြည်သူတွေက အတည်ပြုရုံ ပြုပေးရတဲ့နိုင်ငံ

တွေကတော့ ဩစတြီးယား၊ အိုက်စလန်း၊ ရိုမေးနီးယား၊ ဆာဘီးယား၊ တပ်ခ်မင်နစ်စတန်နိုင်ငံတို့ ဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူတွေကို အဆိုပြုခွင့်ပေးပြီး အာဏာပိုင်တွေက ဆုံးဖြတ်အတည်ပြုပေးတဲ့နိုင်ငံဟာ ယူဂန်ဒါနိုင်ငံဖြစ်ပါတယ်။

ယူကေနိုင်ငံကျတော့ မဲဆန္ဒရှင် ၁၀ ရာခိုင်နှုန်းက ရုတ်သိမ်းရေးအဆိုပြုလွှာတင်နိုင်ပြီး အဲဒီအဆိုပြုလွှာကြောင့် ရုတ်သိမ်းခံရတဲ့ ရွေးကောက်ခံရသူဟာ ထွက်သွားစရာမလိုဘဲ ပြန်လည်ကျင်းပပေးတဲ့ ရွေးကောက်ပွဲမှာဝင် ရောက်ယှဉ်ပြိုင်သူတွေနဲ့အတူ ပြန်လည်အရွေးခံခွင့် ရှိနေပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာလည်း အဲဒီလို ပြန်လည်အရွေးခံခွင့် ရှိပါတယ်။ ရုတ်သိမ်းရေး အဆိုတင်နိုင်တဲ့ အရေအတွက်က ၅၀ ရာခိုင်နှုန်း ဖြစ်ပါတယ်။ အတော်များများ နိုင်ငံတွေမှာ ပြန်လည်အရွေးခံခွင့် ရှိကြပါတယ်။ ရုတ်သိမ်းရေး အဆိုပြုလွှာတင်နိုင်သူ အရေအတွက် ရာခိုင်နှုန်းသာ ကွာခြားမှုရှိကြတာပါ။ ဒါကြောင့် ဒီအရေအတွက် ရာခိုင်နှုန်းသတ်မှတ်မှုမှာ ပြန်လည်ရုတ်သိမ်းခြင်းဆိုင်ရာ ဥပဒေ (Recall Law) ဟာ တစ်ကျောင်း တစ်ဂါထာတစ်ရွာတစ်ပုဒ်ဆန်းလို့ ပြောလို့ရပါတယ်။ ဘယ်လောက်ပဲ တစ်ရွာတစ်ပုဒ်ဆန်းပါစေ အဆိုပြုလွှာတင်နိုင်သူ အရေအတွက် ရာခိုင်နှုန်းကတော့ တစ်ရာခိုင်နှုန်းထက် များတဲ့နိုင်ငံတွေချည်း ဖြစ်နေတာ တွေ့ရပါတယ်။ ဒါ့ကြောင့် တစ်ရာခိုင်နှုန်းကတော့ တစ်ရွာတစ်ပုဒ်ဆန်းလွန်းတယ်လို့ ပြောလို့ရပါတယ်။

ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ဗီအိုအေသတင်းဌာနရဲ့ ဩဂုတ်လ ၂၁ ရက် တွေ့ဆုံမေးမြန်းမှုမှာ အဲဒီ တစ်ရာခိုင်နှုန်းကိစ္စနဲ့ပတ်သက်လို့ အောက်ပါအတိုင်း ပြောကြားခဲ့ပါတယ်။

"ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လွှတ်တော်ကိုယ်စားလှယ်လောင်းကို ပြန်လည်ရုတ်သိမ်းခွင့်ရှိတယ်ဆိုရင် ဒီအခွင့်အရေးကို ရအောင်လုပ်ပေးရမယ်၊ လုပ်တဲ့ဟာက လွှတ်တော်ရဲ့တာဝန်ပဲ၊ ထို့အတူပဲ ၃၉၇ မှာ ဒီဥပဒေပြဋ္ဌာန်းရမယ်လို့ ပြောတယ်၊ ပြဋ္ဌာန်းရမှာက လွှတ်တော်ရဲ့တာဝန်ပဲ၊ အဲဒီမှာသူတို့က ဘာကိုသွားပြီးတော့ allergy ဖြစ်နေသလဲဆိုတော့ တစ်ရာခိုင်နှုန်းဆိုတာကို ဖြစ်တယ်၊ ကျွန်တော်ကလည်း ပြောပါတယ်၊ ဥပဒေကြမ်းကော်မတီမှာ ကျွန်တော်ကိုယ်တိုင် တက်ပြီးတော့ ဆွေးနွေးခဲ့ဖူးပါတယ်၊

တစ်ရာနှုန်းကို မစိုးရိမ်ပါနဲ့၊ တစ်ရာနှုန်းဆိုတာ စံစမ်းတာပဲ ရှိပါတယ်၊ စုံစမ်းတာ မှားတယ်ဆိုရင် ပယ်ချလိုက်ပါ့မယ်၊ စုံစမ်းတာ မှန်ပြီဆိုရင် ဒါ စိုးရိမ်စရာ မရှိဘူး၊ ခုနကပြောတဲ့ မဲပြန်ပေးရပါမယ်၊ အဲဒီကျရင် ၅၀ ရာခိုင်နှုန်းအထက် ရနေရင် ခင်ဗျားတို့ ပြုတ်စရာအကြောင်း မရှိဘူး၊ ဒါတော့ ခင်ဗျားတို့ ရင်ဆိုင်ရဲရမယ်၊ ဒီလိုလုပ်တဲ့အတွက် ခင်ဗျားတို့ ချေပပိုင်ခွင့်တွေ၊ သက်သေပြပိုင်ခွင့်တွေ ရှိပါတယ်"

အထက်ဖော်ပြပါစကားအရဆိုရင် တစ်ရာခိုင်နှုန်းဆိုတာကို မနှစ်သက်သူတွေဟာ လွှတ်တော်ကိုယ်စားလှယ်ကနေ ပြုတ်သွားမှာ ကြောက်လို့ မနှစ်သက်သလို ဖြစ်နေပါတယ်။ ဒီလိုတော့ ဟုတ်ဟန်မတူပါဘူး။ အရေအတွက် အရမ်းနည်းလွန်းလို့ မသမာမှုဖြစ်မှာကို စိုးရိမ်ကြတာ ဖြစ်ပါလိမ့်မယ်။ အခုလို ပြန်လည်ရုတ်သိမ်းခြင်းဆိုင်ရာဥပဒေကို ဆိုင်းငံ့လိုက်ခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်အားလုံး ခေါင်းအေးအေးနဲ့ ပြန်စဉ်းစားသွားနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီအားလုံးလည်း ခေါင်းအေးအေးနဲ့ စဉ်းစားပြီး နောက်တစ်ကြိမ်လွှတ်တော်မှာ တင်ပြဆွေးနွေးနိုင်သွားမှာ ဖြစ်ပါတယ်။ တစ်ရာခိုင်နှုန်းကို သဘောကျနေတဲ့ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ကိုယ်တိုင်လည်း ပြန်လည်စဉ်းစားသုံးသပ်ချိန် ရသွားပါတယ်။ ဒီလိုနဲ့ နောက်တစ်ကြိမ်လွှတ်တော်မှာ ဒီတစ်ရာခိုင်နှုန်းကိစ္စကို ယထာဘူတကျကျ သုံးသပ်ပြင်ဆင်သွားနိုင်မှာ ဖြစ်ပါတယ်။ တကယ်လည်း တစ်ရာခိုင်နှုန်းကတော့ နည်းလွန်းတာ အမှန်ပါပဲ။

**ကိုးကား။** ။ Direct Democracy Handbook chapter ၅

စောင့်ကြည့်သတင်းဂျာနယ် (၁-၉-၂၀၁၅)
Political Comments page in Facebook, 24th August 2015

❖ ❖ ❖

# စီးပွားရေး

# ရွှေမြန်မာတို့ လက်တွဲမှာလား မျက်နှာလွှဲမှာလား

## ယနေ့တရုတ်ပြည်ရဲ့ စီးပွားရေးမဟာဗျူဟာခြေလှမ်းသစ်

ဒီနေ့မြန်မာပြည်မှာ တရုတ်ပြည်အပေါ် အမြင်မကြည်လင်သူတွေ အတော်များများ ရှိကြပါတယ်။ မြန်မာပြည်တွင်းက သစ်တောတွေ ပြုန်းတီးပြီး တောင်ကတုံးတွေ ဖြစ်ကုန်တာ၊ ကျောက်စိမ်းအစရှိတဲ့ တွင်းထွက်သယံဇာတတွေ သူခိုးဈေးနဲ့ နယ်စပ်ဖြတ်ကျော်ပြီး တရုတ်ပြည်ထဲ ရောက်ကုန်တာ အစရှိတဲ့အချက်တွေကြောင့် တရုတ်ပြည်ဟာ မြန်မာပြည်အပေါ် စီးပွားရေးအရ သွေးစုပ် အမြတ်ထုတ်နေတယ်လို့ ရှုမြင်သုံးသပ်ထားကြလို့ပါပဲ။ တကယ်တော့ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ ပေါ်လစီချမှတ်ထားတဲ့ တရုတ်ပြည်အဖို့ မြန်မာပြည်အပေါ်မှာသာမက ဘယ်နိုင်ငံအပေါ်မှာမဆို စီးပွားရေးအရ သွေးစုပ်အမြတ်ထုတ်မှာကတော့ သေချာပါတယ်။ တရုတ်ပြည်ကနေ အလွန်တရာ အလှမ်းဝေးလှတဲ့ အာဖရိကတိုက်ဆီကိုတောင် အရင်းအနှီးတွေ လှမ်းတင်ပို့ပြီး အမြတ်ထုတ်နေတာကိုလည်း တွေ့မြင်နိုင်ပါတယ်။ တရုတ်ပြည်ရဲ့ ဒီသဘောသဘာဝကို သိထားရင် အဲဒီသဘောသဘာဝကို ကိုယ့်အတွက် အကျိုးရှိအောင် ဘယ်လိုအသုံးချမလဲ၊ ကိုယ့်အတွက် အကျိုးမရှိတာတွေကို ဘယ်လိုရှောင်ရှားမလဲဆိုတာ မိမိဘာသာ ဆုံးဖြတ်နိုင်ဖို့က အရေးကြီးပါတယ်။ စီးပွားရေးကျားကွက်မှာ တစ်ကွက်မှားရင်တော့ ကိုယ်ပဲ အစားခံရမှာပါ။ အစားခံရမှာစိုးလို့၊ ရှုံးမှာစိုးလို့ဆိုပြီး မကစားဘဲ နေလို့ကလည်း မဖြစ်ပြန်ပါဘူး။ တရုတ်ပြည်နဲ့ မဆက်ဆံဘဲ ဖြတ်လိုက်ဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး။ ကိုယ့်ရဲ့ အိမ်နီးချင်းတိုင်းပြည်ဖြစ်တဲ့အပြင် ကမ္ဘာ့စီးပွားရေးမှာ နံပါတ်တစ်ဖြစ်သွားတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်လို့ပါပဲ။



တရုတ်ပြည်၊ ပေကျင်းမြို့တော်မှာ ကျင်းပခဲ့တဲ့
'အေအိုင်အိုင်ဘီ' ဘဏ် သဘောတူစာချုပ်လက်မှတ်ထိုးပွဲအခမ်းအနား။

အမေရိကန်ပြည်ထောင်စုထက် စီးပွားရေးအရ နှာတစ်ဖျား သာလွန်နေတဲ့ တရုတ်ပြည်ဟာ အခုလည်းပဲ စီးပွားရေးမဟာဗျူဟာ ခြေလှမ်းသစ်တစ်ခုကို အခိုင်အမာ လှမ်းလိုက်ပြန်ပါပြီ။ အဲဒါကတော့ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့က သူ့ရဲ့ ဦးစီးခေါင်းဆောင်မှုနဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ 'အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်' (Asian Infrastructure Investment Bank-AIIB) ရဲ့ သဘောတူညီချက်စာချုပ် (Articles of Agreement) ကို လက်မှတ်ရေးထိုးလိုက်နိုင်ခြင်း ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ဇွန်လ ၂၉ ရက် တနင်္လာနေ့မှာ ဘဏ်လုပ်ငန်း ထူထောင်သူ အဖွဲ့ဝင်နိုင်ငံပေါင်း ၅၇ နိုင်ငံက ကိုယ်စားလှယ်တွေဟာ တရုတ်ပြည်၊ ပေကျင်းမြို့မှာ စုစည်းပြီး 'အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်' ဆိုင်ရာ သဘောတူညီချက် လက်မှတ်ထိုးပွဲ အခမ်းအနားတစ်ခု ကျင်းပခဲ့ပါတယ်။ အခမ်းအနား တက်ရောက်လာတဲ့ ကိုယ်စားလှယ် ၅၇ ယောက်ထဲကနေ ကိုယ်စားလှယ် ၅၀ က သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ကျန်တဲ့ ကိုယ်စားလှယ် ၇ ဦးဟာ ၂၀၁၅ ခုနှစ်

ဒီဇင်ဘာလမတိုင်မီ လက်မှတ်ရေးထိုးကြလိမ့်မယ်လို့ သိရပါတယ်။ လက်မှတ်မထိုးသေးဘဲ ကျန်နေသေးတဲ့နိုင်ငံ ၇ နိုင်ငံဟာ ဒိန်းမတ်၊ ကူဝိတ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ ပိုလန်၊ တောင်အာဖရိကနဲ့ ထိုင်းတို့ ဖြစ်ကြပါတယ်။

အဲဒီဘဏ်လုပ်ငန်းမှာ တရုတ်ပြည်ဟာ အစုရှယ်ယာ ၃၀ သမ ၃၄ ရာခိုင်နှုန်းကို ရယူထားတဲ့အတွက် မဲအရေအတွက် ရှယ်ယာ ၂၆ သမ ၀၆ ရာခိုင်နှုန်းကို အလိုအလျောက် ပိုင်ဆိုင်ပြီးသား ဖြစ်သွားပါတယ်။ အဲဒီမဲအရေအတွက်ကို ပိုင်ဆိုင်ထားတဲ့အတွက် ဘဏ်ဥက္ကဋ္ဌရွေးချယ်ခြင်း ကိစ္စရပ်လို အရေးကြီးတဲ့ ကိစ္စရပ်တွေမှာ ဗီတိုအာဏာ သုံးခွင့်ရသွားပါတယ်။ ဒီလိုမျိုးအနေအထားနဲ့ အတိုင်းအတာ ကျယ်ပြန့်ကြီးမားတဲ့ ဘဏ်လုပ်ငန်း တစ်ခု ထူထောင်နိုင်ဖို့ဆိုတာ တရုတ်ပြည်အနေနဲ့ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ဆိုရင် စိတ်ကူးယဉ်အိပ်မက်တောင် မမက်နိုင်ခဲ့ပါဘူးလို့ တရုတ်အစိုးရ အာဘော် 'ဂလိုဘယ် တိုင်းမ်' သတင်းစာ ခေါင်းကြီးပိုင်းမှာ ဝန်ခံရေးသား ထားခဲ့ပါတယ်။ ဒါ့အပြင် အဲဒီလို ဘဏ်လုပ်ငန်း ထူထောင်ရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ထိုးတဲ့ နိုင်ငံပေါင်း ၅၀ ပါဝင်လာတာဟာ 'အာရှဖွံ့ဖြိုးရေးဘဏ်' ထူထောင်စဉ်က လက်မှတ်ရေးထိုးတဲ့ နိုင်ငံ အရေ အတွက်ထက် ပိုများတယ်လို့လည်း ဂုဏ်ယူနေပါတယ်။ ဒါဟာ တရုတ်ပြည် ရဲ့ စတော့ခ်ရှယ်ယာဈေးကွက်ကို ယုံကြည်သူများနေတယ်ဆိုတာ ဖော်ပြနေလို့ ပါပဲ။ တရုတ်ပြည်က ဦးဆောင်ထူထောင်လိုက်တဲ့ ဒီဘဏ်လုပ်ငန်းဟာ နိုင်ငံတကာမှာ နေရာယူထားပြီးသားဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံ ငွေအဖွဲ့ (International Monetary Fund-IMF)၊ ကမ္ဘာ့ဘဏ် (World Bank) နဲ့ အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank-ADB) တို့နဲ့ ရင်ဘောင်တန်းမှာ ဖြစ်ပါတယ်။

ဒီ 'အေအိုင်အိုင်ဘီ' (AIIB) ဘဏ်လုပ်ငန်းမှာ လုပ်ငန်းထူထောင်သူ အဖွဲ့ဝင်လောင်းလျာတွေအဖြစ် ပါဝင်ဖို့သဘောတူထားတဲ့ နိုင်ငံ ၅၇ နိုင်ငံ မှာ ၃၇ နိုင်ငံဟာ အာရှဒေသတွင်းကဖြစ်ပြီး နိုင်ငံ ၂၀ ဟာ အာရှဒေသရဲ့ အပြင်ဘက်ကနိုင်ငံတွေ ဖြစ်ကြပါတယ်။ အဲဒီ ၅၇ နိုင်ငံဟာ အောက်ပါ အတိုင်း ဖြစ်ပါတယ်။ (အင်္ဂလိပ်နာမည် အက္ခရာစဉ်အရ ရှေ့နောက် စီထား တာဖြစ်ပါတယ်။)

**ဒေသတွင်းနိုင်ငံများ** (၁) ဩစတြေးလျ (၂) အဇာဘိုင်ဂျန် (၃) ဘင်္ဂလားဒေ့ရှ် (၄) ဘရူနိုင်း (၅) ကမ္ဘောဒီးယား (၆) တရုတ်ပြည်-ဦးဆောင် မတည်သူ (၇) ဂျော်ဂျီယာ (၈) အိန္ဒိယ (၉) အင်ဒိုနီးရှား (၁၀) အီရန် (၁၁) အစ္စရေး (၁၂) ဂျော်ဒန် (၁၃) ကာဇတ်စတန် (၁၄) ကူဝိတ် (၁၅) ကာဂျစ် စတန် (၁၆) လာအို (၁၇) မလေးရှား (၁၈) မောလ်ဒိုက်ဗ်စ် (၁၉) မွန်ဂိုလီးယား (၂၀) မြန်မာ (၂၁) နီပေါ (၂၂) နယူးဇီလန် (၂၃) အိုမန် (၂၄) ပါကစ္စတန် (၂၅) ဖိလစ်ပိုင်-လျှောက်ထားပြီးဖြစ်ပေမယ့် ဆက်သွယ်ဖို့ စဉ်းစားဆဲ (၂၆) ကာတာ (၂၇) တောင်ကိုရီးယား (၂၈) ရုရှား (၂၉) ဆော်ဒီအာရေးဘီးယား (၃၀) စင်္ကာပူ (၃၁) သီရိလင်္ကာ (၃၂) တာဂျီကစ္စတန် (၃၃) ထိုင်း (၃၄) တူရကီ (၃၅) အာရပ်စော်ဘွားများပြည်ထောင်စု (၃၆) ဥဇဘက် ကစ္စတန် (၃၇) ဗီယက်နမ် (၃၈) ဟောင်ကောင် (စိစစ်ဆဲ) **ဒေသပြင်ပနိုင်ငံများ** (၃၉) ဩစတြီးရီးယား (၄၀) ဘရာဇီးလ် (၄၁) ဒိန်းမတ် (၄၂) အီဂျစ် (၄၃) ဖင်လန် (၄၄) ပြင်သစ် (၄၅) ဂျာမနီ (၄၆) အိုင်စလန် (၄၇) အီတလီ (၄၈) လူဇင်ဘတ် (၄၉) မယ်လတာ (၅၀) နယ်သာလန် (၅၁) နော်ဝေ (၅၂) ပိုလန် (၅၃) ပေါ်တူကီ (၅၄) တောင်အာဖရိက (၅၅) စပိန် (၅၆) ဆွီဒင် (၅၇) ဆွစ်ဇာလန် (၅၈) ယူကေနိုင်ငံတို့ ဖြစ်ကြပါတယ်။




'အေအိုင်အိုင်ဘီ' ဘဏ် သဘောတူညီချက်စာချုပ်ကို ပထမဦးဆုံးလက်မှတ်ထိုးခဲ့တဲ့ ဩစတြေးလျဘဏ္ဍာရေးဝန်ကြီး 'ဂျိုးဟော့ကီ'။

ဟန်ဂေရီနဲ့ တရုတ်တိုင်ပေတို့ဟာ သာမန်အဖွဲ့ဝင်တွေ ဖြစ်ကြပါတယ်။ (တရုတ်တိုင်ပေက လုပ်ငန်းထူထောင်သူအဖွဲ့ဝင်အဖြစ် လျှောက်ထားပေမယ့် 'အေအိုင်အိုင်ဘီ' ဘဏ်ရဲ့ ကြားဖြတ်အတွင်းရေးမှူးများအဖွဲ့က ပယ်ချခဲ့ပြီး သာမန်အဖွဲ့ဝင်အဖြစ်သာ လက်ခံခဲ့ပါတယ်။)

ဒီဘဏ်ထဲမှာ မြောက်ကိုရီးယားကလည်း ပါဝင်ချင်လို့ လျှောက်ထားခဲ့ပေမယ့် ဘဏ်ရဲ့ ပထမဦးဆုံးအထွေထွေအတွင်းရေးမှူးချုပ် 'ကျင်းလိချွင်' က ပယ်ချခဲ့ပါတယ်။ မြောက်ကိုရီးယားဟာ သူ့နိုင်ငံရဲ့ စီးပွားရေးနဲ့ ဘဏ္ဍာရေး ဈေးကွက်အခြေအနေတွေကို အသေးစိတ်ဖော်ပြပေးရမယ့် ဘဏ်စည်းကမ်းကို မလိုက်နာလို့ ပယ်ချခဲ့တာလို့ ဆိုပါတယ်။

ဂျပန်ကတော့ စဉ်းစားဆဲပါ။

အမေရိကန်ပြည်ထောင်စုကတော့ 'အေအိုင်အိုင်ဘီ' ဘဏ်စီမံကိန်းကို ပြောင်ပြောင်တင်းတင်း မဆန့်ကျင်ပေမယ့် အုပ်ချုပ်ရေး ပိုင်းရေချိန်မြင့်မားမှု ရှိမရှိ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ လူမှုရေးအပိုင်းတွေမှာ အာမခံချက် ပေးနိုင်ခြင်းရှိမရှိဆိုတဲ့ အပိုင်းတွေကို ထောက်ပြနေပါတယ်။ ဩစတြေးလျလို အရေးပါတဲ့ မဟာမိတ်တွေကို 'အေအိုင်အိုင်ဘီ' နဲ့ မဆက်သွယ်ဖို့ သံတမန်ရေးအရ ပိတ်ပင်တားဆီးတာတွေ လုပ်ခဲ့ပါတယ်။ ယူကေနိုင်ငံက ဆက်သွယ်ခဲ့တာကို စိတ်ပျက်လက်ပျက်ဖြစ်မိကြောင်း ဖော်ပြခဲ့ပါတယ်။ အမေရိကန်ရဲ့ အမြင်မှာတော့ တရုတ်က ဦးစီးထူထောင်တဲ့ ဒီဘဏ်လုပ်ငန်းဟာ 'အနုနည်းနဲ့ ဩဇာထူထောင်ခြင်း' ကို ကျယ်ပြန့်အောင် လုပ်နေတာပဲလို့ မြင်ပါတယ်။ အမေရိကန်ဟာ သူ့ပြိုင်ဘက်ဖြစ်တဲ့ တရုတ်ကို ဒီလိုကြည့်မြင်တာ သဘာဝကျပါတယ်။

အမေရိကန် ကြည့်မြင်တဲ့အတိုင်း တခြားနိုင်ငံတွေက လိုက်ပြီး ကြည့်မြင်မယ်ဆိုရင် အမေရိကန်ရဲ့ နောက်လိုက်စစ်စစ်တွေ ဖြစ်ကုန်မှာ သေချာပါတယ်။ အမေရိကန်ရဲ့ မဟာမိတ်တွေကတော့ အမေရိကန် ကြည့်မြင်သလို မကြည့်မြင်ကြပါဘူး။ စီးပွားရေးရည်ရွယ်ချက်ကိုသာ ကြည့်တာဖြစ်ပါတယ်။ စီးပွားရေးအမြင်ကျယ်တဲ့ ယူကေနိုင်ငံ၊ ဂျာမနီ၊ ဩစတြေးလျ၊ တောင်ကိုရီးယားတို့က 'အေအိုင်အိုင်ဘီ' ဘဏ်ရဲ့ စီးပွားရေး ရည်မှန်းချက်တွေဟာ လက်တွေ့အခြေအနေနဲ့ ကိုက်ညီမှုရှိပြီး ရေရှည်အာမခံချက်

ရှိနိုင်တယ်လို့ ယုံကြည်ကြပါတယ်။ 'အေအိုင်အိုင်ဘီ' ဘဏ်ဟာ အိုင်အမ်အက်ဖ်၊ ကမ္ဘာ့ဘဏ်၊ အေဒီဘီတို့နဲ့ ရင်ဘောင်တန်းမယ် ဆိုပေမယ့် အဲဒီငွေကြေးအဖွဲ့အစည်းတွေလို နိုင်ငံရေးအခြေအနေနဲ့ ရပ်တည်ချက်တွေ အပေါ် ကြည့်ပြီး ငွေချေးပေးတာမျိုး လုပ်မှာမဟုတ်ဘဲ နိုင်ငံတစ်နိုင်ငံရဲ့ လမ်းတံတား၊ ဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍအစရှိတဲ့ အခြေခံ အဆောက်အအုံတွေအပေါ်မှာသာ ရင်းနှီးမြှုပ်နှံပေးမှာ ဖြစ်ပါတယ်။ ဒီစီးပွားရေးရည်ရွယ်ချက်ကို သဘောကျတဲ့အတွက် အမေရိကန်ရဲ့ မဟာမိတ်တွေ ပါဝင်လာတာပါ။

တရုတ်နိုင်ငံဟာ သူ့ပြည်တွင်းမှာ အလွန်အားကောင်းတဲ့ဆောက်လုပ်ရေးလုပ်ငန်းကြီးတွေ ရှိနေပါတယ်။ ဒါ့ကြောင့် နိုင်ငံတစ်နိုင်ငံက 'အေအိုင်အိုင်ဘီ' ဘဏ်ကို မှီခိုပြီး လမ်းဖောက် တံတားဆောက်ချင်တယ်ဆိုရင် အဲဒီလုပ်ငန်းကြီးတွေကို ထုတ်သုံးလိုက်ရုံပါပဲ။ သူ့အနေနဲ့တော့ အများကြီး တွက် ခြေကိုက်တဲ့လုပ်ငန်းပါပဲ။ သမ္မတ 'ရှီကျင်းဖျင်' ဦးဆောင်တဲ့ နောက်ပိုင်းမှာ အဲဒီလို 'မာစတာစီမံကိန်း' တွေ အတော်များများ အကောင်အထည်ဖော်နိုင်လာတယ်လို့ လေ့လာသူတွေက သုံးသပ်ထားပါတယ်။

'အေအိုင်အိုင်ဘီ' ဘဏ်ဟာ ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းကနေစပြီး အခိုင်အမာ စတင်လည်ပတ်သွားမယ်လို့ ဆိုပါတယ်။ စစချင်းမှာ အမေရိကန်ဒေါ်လာ ဘီလျံ ၅၀ နဲ့ စတင်လည်ပတ်ပြီး တဖြည်းဖြည်း အမေရိကန်ဒေါ်လာ ၁၀၀ ဘီလျံရောက်အောင် တိုးမြှင့်သွားမယ်လို့ ဆိုပါတယ်။ အစုရှယ်ယာ အများဆုံးပိုင်ဆိုင်ထားသူက တရုတ်ပြည်ဖြစ်ပြီး အိန္ဒိယက ဒုတိယ၊ ရုရှားက တတိယ၊ ဂျာမနီက စတုတ္ထ အစုရှယ်ယာအများဆုံး ဖြစ်ပါတယ်။ နံပါတ် ၅ အစုရှယ်ယာအများဆုံးက တောင်ကိုရီးယားပါ။

တရုတ်ပြည်ရဲ့ 'အေအိုင်အိုင်တီ' ဘဏ်စီမံကိန်းဟာ အဓိကအားဖြင့် အာရှ-ပစိဖိတ်ဒေသကို ရည်ရွယ်ထားပါတယ်။ အာရှ- ပစိဖိတ်ဒေသက နိုင်ငံတွေဟာ ၂၀၁၀-၂၀၂၀ ခုနှစ်တွေအတွင်း အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ရမယ့် အနေအထားတွေ ရှိနေလို့ပါပဲ။ ဒီဘဏ်စီမံကိန်းရဲ့ ခြေလှမ်းတွေကြောင့် အမေရိကန်ပြည်ထောင်စုအနေနဲ့ ငွေကြေးဆိုင်ရာ စီမံကိန်းတွေကို အလှည့်အပြောင်းတွေ လုပ်ဖို့လိုလာပြီလို့ အမေရိကန် စီးပွားရေးပညာရှင်တွေက သတိပေးလာကြပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီလိုအခြေအနေမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ တရုတ်ပြည်ကို ပစ်ပယ်ထားလို့ မရနိုင်ပါဘူး။ အထူးသဖြင့် အခြေခံအဆောက်အအုံဖြစ်တဲ့ လမ်းတံတားဆောက်လုပ်ရေးတွေ၊ ဆက်သွယ်ရေးစနစ် ထွန်းကားရေးတွေ၊ ပညာရေး တိုးတက်အောင်လုပ်ရမယ့် လုပ်ငန်းတွေ လုပ်ရဦးမယ့် နိုင်ငံတွေဟာ တရုတ်ဦးဆောင်တဲ့ ဒီဘဏ်စီမံကိန်းနဲ့ မပတ်သက်ဘဲနေလို့ မရနိုင်ပါဘူး။ ဒီစီမံကိန်းကနေ ဖော်ပြလိုက်တဲ့ အထင်ရှားဆုံး အချက်တစ်ချက်က ကမ္ဘာ့စီးပွားရေးနယ်ပယ်မှာ အရင်ကလို အရှေ့အုပ်စု၊ အနောက်အုပ်စုရယ်လို့ သီးခြားစီ ကင်းကွာနေတာ မဟုတ်တော့ဘဲ 'အကျိုးရှိရေး' ဦးတည်ချက်နဲ့ ရောထွေး ပေါင်းစပ်နေကြပြီဆိုတာပါပဲ။ အရှေ့တောင်အာရှနိုင်ငံတွေ အတွင်းမှာလည်း ဘယ်နိုင်ငံကတော့ အရှေ့မှီခိုတဲ့ နိုင်ငံ၊ ဘယ်နိုင်ငံကတော့ဖြင့် အနောက်မှီခိုတဲ့ နိုင်ငံပဲလို့ ပြတ်ပြတ်သားသား သတ်မှတ်လို့ မရတော့ပါဘူး။ အားလုံးဟာ ကိုယ်အကျိုးရှိရေးအပေါ်ကနေ ဆောင်ရွက်သွားနေကြပါပြီ။

ဒါကြောင့် မြန်မာပြည်အနေနဲ့လည်း တရုတ်က ကိုယ့်နိုင်ငံကို စီးပွားရေးအရ သွေးစုပ်အမြတ်ထုတ်နေတာလား၊ ကိုယ်ကပဲ သွေးစုပ်အမြတ်ထုတ်တာ ခံနေတာလားဆိုတာ ကွဲပြားအောင် လုပ်ပြီး တစ်ကမ္ဘာလုံးက နိုင်ငံကြီး၊ နိုင်ငံငယ်တွေနည်းတူ ကိုယ်အကျိုးရှိရေး၊ ကိုယ်မနစ်နာရေး အခြေခံပေါ်ကသာ စဉ်းစားဖို့ လိုအပ်ပါတယ်။ တရုတ်ပြည်ကတော့ စီးပွားရေးမဟာဗျူဟာခြေလှမ်းသစ်ကို လူမျိုးမရွေး၊ ဘာသာမရွေး၊ နိုင်ငံကြီး နိုင်ငံငယ်မရွေး၊ အရှေ့အနောက် မရွေးဘဲ လက်တွဲဖော်တွေ တစ်အုံတစ်မကြီးနဲ့ အခိုင်အမာဆက်လှမ်းနေပါပြီ။

အရှေ့တိုင်းသတင်းဂျာနယ် (၁၀-၈-၂၀၁၅)

**Political Comments page in Facebook, 4th July 2015**

❖ ❖ ❖

# ကိုးကန့်အရေး

## ကိုးကန့်အရေး ပြည်တွင်းရေး

လောက်ကိုင်မှာ ဖုန်ကြားရှင်အဖွဲ့နဲ့ သေနတ်သံတွေ စထွက်ပြီး တစ်ရက်သာ ကြာသေး၊ တရုတ်ပြည် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ကိုးကန့်အဖွဲ့နဲ့ စေ့စပ်ဆွေးနွေးပါလို့ တိုက်ရိုက်မပြောပေမယ့် (မြန်မာနိုင်ငံမြောက်ပိုင်း ပဋိပက္ခများ၊ တင်းမာမှု များကို သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းရန်) ဆိုတဲ့အချက်ကို အလေးထားပြောဆိုခဲ့တာ ဖြစ်ပါတယ်။ တရုတ်ပြည်ဆိုတာ ကမ္ဘာ့ကုလသမဂ္ဂမှာ ဗီတိုအာဏာသုံးစွဲခွင့်ရှိနေတဲ့ ကြီးငါးကြီးဝင် နိုင်ငံကြီး တစ်နိုင်ငံ ဖြစ်နေတာက (မြန်မာပြည်အရေးနဲ့ ပတ်သက်ရင် ဗီတိုအာဏာ သုံး အကာအကွယ်ပေးနိုင်လေတော့) တစ်ကြောင်း၊ တရုတ်မြန်မာနယ်စပ် မှာ သေနတ်သံ တည်ညံလုပ်ခဲ့တဲ့ ဗကပဗဟိုကော်မတီဝင်တွေကို အငြိမ်းစား လစာတွေပေးပြီး အနားယူခိုင်းလိုက်နိုင်အောင် ဩဇာတိက္ကမ ကြီးမားလှတဲ့ (ကမ္ဘာပေါ်မှာ ဘယ်ကွန်မြူနစ်ပါတီမှ အဲဒီလိုအခွင့်အရေးမျိုးမရတဲ့ ထူးခြားတဲ့ ဗကပဖြစ်အောင် လုပ်ပေးနိုင်တဲ့) နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်တာကတစ်ကြောင်း၊ ဗကပ လက်အောက်ကနေ ခွဲထွက်လိုက်တဲ့ ခွဲထွက်တိုင်းရင်းသားတွေအနေ နဲ့ မြန်မာစစ်အစိုးရဆီမှာ လက်နက်အပ်စရာမလိုဘဲ ငြိမ်းချမ်းရေးလုပ်နိုင် အောင် ရင်ကြားစေ့ပေးနိုင်တဲ့ နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်တာကတစ်ကြောင်း၊ မြန်မာနိုင်ငံကနေ ရေနံပိုက်လိုင်း၊ ဓာတ်ငွေ့ပိုက်လိုင်းတွေ သွယ်တန်းပြီး ဝယ်ယူနေတဲ့ နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်တာကတစ်ကြောင်း သူ့မှာ အဲဒီလို



ဖုန်ကြားရှင်

တိုက်တွန်းပိုင်ခွင့် ရှိနေတာအမှန်ပါပဲ။ မြန်မာပြည်ငြိမ်းချမ်းလေ သူ့အနေနဲ့ စီးပွားရေးလုပ်လို့ကောင်းလေ ဆိုတဲ့အချက်ကလည်း သိသာမြင်သာတဲ့ အချက် ဖြစ်နေတာကိုး။ ဒါပေမယ့် သေနတ်သံထွက်တာမှ မကြာသေးဘူး။ ဇေ့စပ်ဖို့ ထပြောလာတော့ မပြေးသော်လည်း ကန်ရာရှိ ဆိုသလို ဖုန်ကြားရှင် အဖွဲ့ဘက်ကနေ ကူပြီးပြောနေလေသလားလို့ ထင်မှတ်စရာ ဖြစ်သွားပါ တယ်။

နောက်ပိုင်းမှာ မြန်မာ့တပ်မတော်က လောက်ကိုင်တိုက်ပွဲမှာ တရုတ်ကြေးစားစစ်သားတွေ ပါလာတယ်ဆိုပြီး သတင်းစာရှင်းလင်းပွဲမှာ ထုတ်ဖော်ပြောကြားလိုက်တဲ့အခါ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ 'ဟုန်လေ့' က ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှာ အပြေးအလွှား ဖြေရှင်းပြန်ပါတယ်။ မြန်မာ–တရုတ် ဆက်ဆံရေးနဲ့ နယ်စပ်ဒေသ တည်ငြိမ်ရေးကို ထိခိုက်စေမယ့် လုပ်ရပ်မျိုးလုပ်ဖို့ ဘယ်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကိုမှ တရုတ်ပိုင်နယ်မြေကို အသုံးပြုခွင့်ပေးမှာ မဟုတ်ပါဘူးတဲ့။ ဒါလည်း ခင်ဗျားတို့က ရှင်းလေ၊ ကျုန်တော်က ရှုပ်လေဆိုတဲ့ တရုတ်

ပြည်သူ့စာရေးဆရာကြီး 'လူထွက်' ပြောဖူးတဲ့ စကားလိုပါပဲ။ အသုံးပြုခွင့် ပေးခဲ့ဖူးတဲ့ အစဉ်အလာတွေကို သိထားလေတော့ အခုမပေးဘူးလို့ ပြောလာ တဲ့အခါ အင်းလေ - မပေးဘူးလို့ ပြောရင် မပေးဘူးလို့ ပြောတယ်ပဲ မှတ်ရတော့မှာပေါ့။ တရုတ်ရဲ့ ဖြေရှင်းချက်ကို ထောက်ခံသူတွေ ရှိပါတယ်။ ထောက်ခံသူတွေက ဘယ်သူတွေလဲဆိုတော့ ဘယ်သူတွေလဲဆိုတာ အားလုံး က သိနေတာမို့ မိတ်ဆက်ပေးစရာတောင် မလိုသူတွေ ဖြစ်ပါတယ်။ ထောက်ခံသူတွေကတော့ အောက်ပါ ဒီဗီဘီသတင်းနဲ့ ဗီအိုအေသတင်းပါ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဖြစ်ပွားခဲ့တဲ့ လောက်ကိုင် တိုက်ပွဲဖြစ်စဉ်တွေမှာ တရုတ်စစ်သည်ဟောင်းတွေဟာ စစ်ရေးအကြံပေး၊ နည်းပြ၊ ကြေးစားစစ်သည် တစ်နည်းနည်းနဲ့ ပါဝင်ပတ်သက်မှုတွေ ရှိနေ တယ်လို့ မြန်မာ့တပ်မတော်က ဖေဖော်ဝါရီ ၂၁ ရက်နေ့က ထုတ်ဖော်ပြော ကြားလိုက်ပါတယ်။ ဒီအပေါ် ဗမာပြည်ကွန်မြူနစ်ပါတီ ပြောခွင့်ရ ရဲဘော် သံချောင်းက "တရုတ်ပြည်ထဲမှာ ကြေးစားစစ်သားဆိုတာ မရှိဘူး၊ အစိုးရ အနေနဲ့ တရုတ် ပါဝင်ပတ်သက်ရိုးမှန်ရင် သံတမန်လမ်းကြောင်းက တရားဝင် ကန့်ကွက်သင့်တယ်၊ တရုတ် ပါဝင်ပတ်သက်တယ်ဆိုတဲ့ စွပ်စွဲပြောဆိုချက် မှာ ဝန်ကြီးဦးအောင်မင်း ပြောတဲ့စကားနဲ့ စစ်တပ်က ပြောတဲ့စကား လုံးဝ ကွဲလွဲနေတယ်" လို့ ဒီဗီဘီကို ပြောပါတယ်။

တရုတ်အစိုးရရဲ့ ကိုးကန့်အရေး ရပ်တည်ချက်နဲ့ ပတ်သက်လို့ တရုတ် မြန်မာ ဆက်ဆံရေးလေ့လာနေသူ ဒေါက်တာ 'လှကျော်ဇော' က အခုလို ပြောကြောင်း ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက် ဗီအိုအေသတင်းက ဖော်ပြပေးထားပါတယ်။

"တရုတ်ဘက်ကလည်း ကိုးကန့်စစ်ပြေးဒုက္ခသည်တွေကို လက်ခံ ထားလိုက်တဲ့အောက်မှာ ဦးသိန်းစိန်အစိုးရ နည်းနည်းတော့ အနေတော့ ချောင်သွားတာပေါ့လေ၊ တရုတ်အစိုးရအနေနဲ့ ဗမာအစိုးရကိုရော၊ ကိုးကန့် ဘက်ကိုရော တစုံတရာ ဖျောင်းဖျတာတော့ ရှိကောင်း ရှိနိုင်ပါလိမ့်မယ်၊ ကိုးကန့်အဖွဲ့ရဲ့ ရည်ရွယ်ချက်ကတော့ သူတို့ကို ငြိမ်းချမ်းရေး ဆွေးနွေးပွဲစားပွဲ မှာ ပြန်ပြီးတော့ လက်ခံဆွေးနွေးဖို့ ကြိုးစားတာပဲ။ ဒါက သူတို့တတ်နိုင်တဲ့

ဘက်က သူတို့ ကြိုးစားတာ၊ အစောပိုင်းတုန်းကတော့ သူတို့ အမျိုးမျိုး နည်းပေါင်းစုံနဲ့ အစိုးရကို တင်ပြတယ်။ အခြား လက်နက်ကိုင်အဖွဲ့အစည်း တွေကလည်း တင်ပြတယ်။ ဒီ 'ကိုးကန့်' ကို ထည့်သွင်းသင့်တယ်ဆိုတာ၊ ကိုးကန့်လူမျိုးဆိုတာ ကျွန်မတို့ တိုင်းရင်းသားလူမျိုးပဲ ဖြစ်တာကိုးနော်။ တိုင်းရင်းသားပဲဖြစ်တော့ သူတို့က အဲဒီဟာကို ပြန်လိုချင်တာပဲ၊ ဒါကြောင့် သူတို့ရဲ့ တိုက်ခိုက်မှုကလည်း အကန့်အသတ်ပဲဖြစ်မယ်''

ဒေါက်တာလှကျော်ဇော ပြောတဲ့အကန့်အသတ်ဆိုတာ ရန်ကုန်အထိ သိမ်းဖို့ မဟုတ်ပါဘူး။ ကိုးကန့်နယ်မြေကိုပဲ သိမ်းမှာပါဆိုတဲ့ သဘောဖြစ် ပါတယ်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲစားပွဲမှာ ထိုင်ခုံတစ်နေရာ လိုချင်တာ လောက်ပဲ ဖြစ်ပါတယ်ဆိုတဲ့ သဘောပါပဲ။

ဘာပဲဖြစ်ဖြစ် ယုံသည်ဖြစ်စေ မယုံသည်ဖြစ်စေ ကမ္ဘာ့အင်အားကြီး နိုင်ငံ တစ်နိုင်ငံက သူမပါပါဘူးလို့ ခြေကန်ငြင်းနေရင် လက်ခံပေးရမှာပါ။ တကယ်တော့လည်း ကိုးကန့်အရေးဟာ ပြည်တွင်းရေး ဖြစ်ပါတယ်။

ကိုးကန့်အရေးနဲ့ ပတ်သက်လို့ စိတ်ပူနေတဲ့ နောက်ထပ်အင်အားကြီး နိုင်ငံတစ်နိုင်ငံလည်း ရှိပါသေးတယ်။ အဲဒါကတော့ အမေရိကန်ပြည်ထောင် စု ဖြစ်ပါတယ်။

ရှမ်းပြည်အရှေ့မြောက် ကိုးကန့်ဒေသမှာ ပဋိပက္ခ ပိုပြီးကြီးလာနေတာ ကို အထူးစိုးရိမ်မကင်းဖြစ်နေကြောင်း အမေရိကန်အစိုးရက တနင်္လာနေ့မှာ ပြောခဲ့ပါတယ်။ စစ်မှန်တဲ့ အမျိုးသားရင်ကြားစေ့ရေးအတွက် မြန်မာအစိုးရ တပ်နဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်တို့ကြား စေ့စပ်ဆွေးနွေးဖို့ တိုက်တွန်း လိုက်ပါတယ်။ တချိန်တည်းမှာပဲ စစ်ပြေးဒုက္ခသည်တွေအတွက် လူသားချင်း စာနာမှု အကူအညီတွေကို အနှောင့်အယှက်ကင်းစွာ ခွင့်ပြုဖို့ အစိုးရအာဏာ ပိုင်တွေကို အမေရိကန်အစိုးရက မေတ္တာရပ်ခံလိုက်ပါတယ် ဆိုတာကိုလည်း ဖေဖော်ဝါရီလ ၂၄ ရက် ဗီအိုအေသတင်းမှာ ဖော်ပြခဲ့ပါတယ်။

ဒီတော့ ကိုးကန့်အရေးနဲ့ ပတ်သက်လို့ စိုးရိမ်ပူပန်ပေးတဲ့ အင်အား ကြီးနိုင်ငံ နှစ်နိုင်ငံရှိနေတာကို အားတက်စရာ တွေ့ရပါတယ်။ တခြား အင်အားကြီးနိုင်ငံတွေကတော့ ဖုတ်လေတဲ့ငပိ ရှိတယ်လို့တောင် မထင်ကြ ပါဘူး။ အရေးမကြီးပါဘူး။ ကိုယ့်တိုင်းပြည်ကို ဂရုတစိုက်ရှိကြတဲ့ ဒီအင်အား

ကြီးနိုင်ငံ နှစ်နိုင်ငံလောက်နဲ့ မိတ်ဆွေဖြစ်နေရတာ မဆိုးလှပါဘူး။ နိုင်ငံတကာ ဆက်ဆံရေးကောင်းတယ်လို့ပဲ သုံးသပ်ရမှာပါ။ အဲဒီလို မိတ်ဆွေအင်အားကြီးနိုင်ငံ နှစ်နိုင်ငံက စေ့စပ်ဆွေးနွေးဖို့ချည့် ပြောနေတဲ့အခါကျတော့ စေ့စပ်ဆွေးနွေးရေးဆိုတာလည်း စဉ်းစားစရာ ဖြစ်လာပြန်ပါတယ်။

စေ့စပ်မယ် မစေ့စပ်ဘူးဆိုတာကို စဉ်းစားဖို့ဆိုတာ အချိန်တော့ပေးရလိမ့်မယ် ထင်တယ်။ ဖုန်ကြားရှင်းကို တိုက်ထုတ်ခဲ့တာက စစ်အစိုးရလက်ထက်မှာဖြစ်ပြီး အခု ဖုန်ကြားရှင်းက ပြန်လာတိုက်တဲ့ အချိန်ကျတော့ အရပ်သားအစိုးရ (အရပ်သားအစိုးရ) လက်ထက်မှာ ဖြစ်နေတယ်။ ဒီလိုဖြစ်ရတဲ့အတွက် ကောင်းတာလည်း ရှိ၊ မကောင်းတာလည်း ရှိပါတယ်။

ကောင်းတာကတော့ စစ်အစိုးရလက်ထက်မှာ တိုက်ထုတ်ခဲ့တဲ့ ဖုန်ကြားရှင်ကို လက်ရှိအရပ်သားအစိုးရက မျက်နှာပူစရာမလိုဘဲ (နောက်ကြောင်းကိုလည်း ပြန်မဆွေးနွေးဘဲ) စားပွဲဝိုင်းထိုင်ပြီး ခပ်တည်တည်နဲ့ စေ့စပ်ဆွေးနွေးလို့ ရပါတယ်။ မကောင်းတာတစ်ခုက ဖုန်ကြားရှင် လာတိုက်တဲ့အချိန်က လက်ရှိအစိုးရ သက်တမ်းကုန်တော့မယ့်အချိန် ဖြစ်နေတယ်။ စေ့စပ်မလား၊ ဆက်တိုက်မလားဆိုတာ စဉ်းစားရင်း သက်တမ်း ကုန်သွားနိုင်တယ်။ အင်အားကြီးနိုင်ငံ နှစ်နိုင်ငံက စေ့စပ်ဖို့ တိုက်တွန်းနေတာတောင် လက်ရှိအစိုးရက အားနာပါးနာ မစဉ်းစားဘဲ ဆက်တိုက်မယ်ကွာလို့ ဆုံးဖြတ်



ရင်လည်း ဖုန်ကြားရှင်ကို အရှင်ဖမ်းပြီး သူ့စစ်တပ်ကို အပြုတ် ချေမှုန်းဖို့ ဆိုတာ သက်တမ်းမကုန်ခင် ဆောင်ရွက်နိုင်ဖို့ ခဲယဉ်းပါတယ်။ ဒီလိုပြော တာဟာ လက်ရှိအစိုးရရဲ့ စစ်ရေးသေနင်္ဗျူဟာနဲ့ နည်းပရိယာယ်တွေကို အထင်သေးလို့ မဟုတ်ပါဘူး။ တိုင်းရင်းသား လက်နက်ကိုင်တွေကို နှစ် ပေါင်းများစွာ တိုက်လာခဲ့တာမှာ 'အပြုတ်' တိုက်ဖို့ မလွယ်ကူတဲ့ သမိုင်း အတွေ့အကြုံအရ ပြောဆိုရခြင်းဖြစ်ပါတယ်။ တိုင်းရင်းသား လက်နက်ကိုင် တွေဆိုတာ တစ်ပြည်လုံးကို တက်မသိမ်းနိုင်ပေမယ့် သူတို့ဒေသမှာကျတော့ မျိုးမပြုတ်အောင် ထိန်းသိမ်းနိုင်စွမ်း ရှိကြပါတယ်။ လူနည်းနည်း လက်နက် ခဲယမ်း နည်းနည်းနဲ့တောင် ချောင်းပစ် ပြန်ပြေးစနစ်သုံးပြီး ရေရှည် ရပ်တည် နိုင်ကြလို့ ဖြစ်ပါတယ်။ အဲဒီသမိုင်းအတွေ့အကြုံနဲ့ ကွဲလွဲစွာ သုံးလအတွင်း အပြုတ်ချေမှုန်းနိုင်ရင်တော့လည်း ပြောစရာ မရှိတော့ပါဘူး။ သုံးလအတွင်း အပြုတ်မချေမှုန်းရင် ဒါမှမဟုတ် လက်ရှိအစိုးရ သက်တမ်းမကုန်ခင် အပြုတ် မချေမှုန်းနိုင်ရင် ဒီပြဿနာကို နောက်အစိုးရဆီ ဆက်လွှဲခဲ့ရတော့မှာပါပဲ။ (မြစ်ဆုံစီမံကိန်းလိုပေါ့) ဒါဆိုရင် ပြည်တွင်းငြိမ်းချမ်းရေး ဆိုတာကိုလည်း နောက်အစိုးရဆီ ပခုံးပြောင်းတာဝန် ပေးရတော့မှာပါ။

တကယ်တမ်းကျတော့ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့ဆိုတာ ပြည်တွင်း ငြိမ်းချမ်းရေးရဖို့ လိုအပ်ပါတယ်။ ပြည်ထောင်စုသားချင်း လက်နက်ကိုင် တိုက်ခိုက်နေကြခြင်းအားဖြင့် စစ်ဆင်ရေးစရိတ်တွေ ကုန်ကျသလို စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အများကြီး အဟန့်အတားဖြစ်စေပါတယ်။ ဒါပေမယ့် ပြည်တွင်းငြိမ်းချမ်းရေးကို စားပွဲဝိုင်း တစ်ခါနှစ်ခါလောက် ထိုင် လိုက်ရုံနဲ့လည်း ပြီးမြောက်ဖို့ မလွယ်ပါဘူး။ အခုဆိုရင် မပြီးပြတ်နိုင်သေးတဲ့ ပြည်တွင်းငြိမ်းချမ်းရေး စားပွဲဝိုင်းမှာ ထိုင်ခုံတစ်နေရာစာ လိုချင်ပါတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ဖုန်ကြားရှင် ပြန်လည်ပေါ်ထွက်လာခဲ့ပြီ ဖြစ်ပါတယ်။ အင်အားကြီးနိုင်ငံတွေက ဘယ်လိုပဲ တိုက်တွန်းတိုက်တွန်း ကိုးကန့်အရေး ဟာ ပြည်တွင်းရေးဖြစ်တာမို့ ပြည်တွင်းက ခေါင်းဆောင်တွေသာ သုံးသပ် ဆုံးဖြတ်ရမယ့်အရေး ဖြစ်ပါတယ်။

**Political Comments page in Facebook, 27th February 2015**

❖ ❖ ❖


**မှတ်ချက်**

ဒီဆောင်းပါးကို Home & Services Journal, Volume 3, No. 39 မှာ ဖော်ပြခဲ့ပြီး ကလောင်အမည်ကို ရဲဘော်ထွန်းသိန်း (တောခို ကျောင်းသားဟောင်းတစ်ဦး) လို့ သုံးခဲ့ပါတယ်။ အယ်ဒီတာအဖွဲ့က 'ဖုန်ကြားရှင်ကို ငြိမ်းချမ်းရေးစားပွဲဝိုင်းမှာ ထိုင်ခွင့်ပေးမည်လား' ဆိုတဲ့ ခေါင်းစဉ်နဲ့ ဖော်ပြပေးခဲ့ပါတယ်။

# ကိုးကန့်ဖုန်ကြားရှင်တပ်ဖွဲ့တွေ ဘာ့ကြောင့် တောင့်ခံနေနိုင်တာလဲ

၂၀၀၉ ခုနှစ်မှာ မြန်မာ့တပ်မတော်နဲ့ စစ်ဖြစ်ပြီး တိမ်းရှောင်သွားခဲ့တဲ့ ဖုန်ကြားရှင်နဲ့အဖွဲ့ဟာ ၆ နှစ်လောက် အချိန်ယူပြီး အင်အားစုဆောင်းခဲ့ရာက ဒီနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့မှာ မြန်မာ့တပ်မတော်ကို ပြန်လည်တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီနေ့က စပြီး တိုက်ပွဲတွေ ဆက်တိုက်ဖြစ်လာခဲ့ရာမှာ မြန်မာ့တပ်မတော်ရဲ့ ထုတ်ပြန်ကြေညာချက်တွေအရ သာမန်တိုက်ပွဲတွေ မဟုတ်ဘဲ တိုက်ပွဲကြီးတွေဖြစ်နေတာကို လေ့လာတွေ့ရှိရပါတယ်။ မြန်မာ့တပ်မတော်ဘက်ကလည်း လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူတွေနဲ့ တိုက်ခိုက်နေတာဖြစ်ပြီး အဲဒီလို အင်တိုက်အားတိုက် ထိုးစစ်ဆင်နေတာကို ကိုးကန့်အဖွဲ့က တောင့်ခံနိုင်နေတာ အံ့သြဖွယ်ရာ တွေ့ရှိရပါတယ်။ ဘာ့ကြောင့် အံ့သြဖွယ်ရာလို့ ပြောရသလဲဆိုရင် ကိုးကန့်တပ်ဖွဲ့တွေရဲ့ သမိုင်းတစ်လျှောက်လုံးမှာ အခုလောက် အင်တိုက်အားတိုက် တိုက်ခိုက်ဖူးတဲ့ အတွေ့အကြုံ နည်းပါးလွန်းလို့ ဖြစ်ပါတယ်။

ဗကပလက်အောက်မှာ ကွန်မြူနစ်တပ်အဖြစ်နဲ့ နေခဲ့ကြတုန်းကလည်း ဗကပအတွက် အားကိုးလောက်တဲ့တပ်ဖွဲ့တွေ မဖြစ်ခဲ့ပါဘူး။ ဗကပရဲ့ စစ်ဆင်ရေးကြီးတွေမှာ အဓိကကျတဲ့နေရာတွေက ပါဝင်ခဲ့ရတာ မဟုတ်ဘဲ နယ်မြေထိန်း တပ်အဆင့်လောက်နဲ့သာ နေခဲ့ကြရတာပါ။ လူဦးရေနည်းပါးတဲ့ ကိုးကန့်နယ်မြေမှာ တပ်ထဲဝင်သူလည်း နည်းပါးတဲ့အခါကျတော့ ကိုးကန့်



တရုတ်မြန်မာအရေး စောင့်ကြည့်လေ့လာသူ
ဒေါက်တာ လှကျော်ဇော

တပ်ဖွဲ့ဟာ အင်အားအရလည်း ချည့်နဲ့ခဲ့ပါတယ်။ နောက်ပိုင်း ဗကပဗဟိုကို ပုန်ကန်ခွဲထွက်ရာမှာ ဖုန်ကြားရှင်ဦးဆောင်တဲ့ ကိုးကန့်တပ်ဖွဲ့တွေက ပထမဦးဆုံး ပုန်ကန်ခွဲထွက်တဲ့အဖွဲ့ဖြစ်ပြီး အစိုးရနဲ့ ငြိမ်းချမ်းရေးယူရာမှာလည်း ပထမဆုံးယူခဲ့တဲ့အဖွဲ့ ဖြစ်ပါတယ်။ ဒါ့ကြောင့် အစိုးရနဲ့ ပလဲနံပအသင့်ဆုံး တပ်ဖွဲ့တစ်ဖွဲ့ ဖြစ်ပါတယ်။ တပ်အင်အားတောင့်တင်းအောင် ဆောင်ရွက်ခဲ့ခြင်း မရှိဘဲ ငြိမ်းချမ်းရေးရပြီဆိုပြီး ပေါ့ပေါ့တန်တန်နေတဲ့ တပ်ဖွဲ့ဖြစ်တယ်လို့ ဝအဖွဲ့စစ်ခေါင်းဆောင်တစ်ဦးက ပြောပြဖူးပါတယ်။ ဒါ့ကြောင့်လည်း ၂၀၀၉ ခုနှစ်မှာ မြန်မာ့တပ်မတော်နဲ့ စစ်ဖြစ်ကြတော့ ဖရိုဖရဲ ပြိုကွဲပြီး နယ်မြေ လက်လွှတ် ရှောင်တိမ်းခဲ့ကြရတာ ဖြစ်ပါတယ်။ အဲဒီလို အစဉ်အလာမရှိတဲ့ ကိုးကန့်တပ်ဖွဲ့က ၆ နှစ်တာကာလအတွင်း တန်ခိုးရှင်တစ်ဦးက ဖန်ဆင်းပေးလိုက်သလို တိုက်ရည်ခိုက်ရည်ရှိတဲ့ တပ်ဖွဲ့တစ်ဖွဲ့အဖြစ် ဘယ်လိုနည်းနဲ့ အသွင်ပြောင်းသွားရတာလဲ။ ဒီအချက်ဟာ တကယ်ပဲ အံ့သြစရာကောင်းတဲ့ အချက် ဖြစ်ပါတယ်။

ဒီနေရာမှာ မတ်လ ၁၈ ရက်နေ့က ထုတ်လွှင့်ခဲ့ ဗီအိုအေသတင်းဌာန ရဲ့ မျက်မှောက်ရေးရာအစီအစဉ်ကို လေ့လာကြည့်သင့်ပါတယ်။ အဲဒီအစီအစဉ်မှာ တရုတ်-မြန်မာအရေး စောင့်ကြည့်လေ့လာသူ ဒေါက်တာလှကျော်ဇော (ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောရဲ့ သမီး) နဲ့ ဦးကျော်ဇံသာတို့ ဆွေးနွေးခဲ့ကြပါတယ်။ ဒီနေရာမှာ ဦးကျော်ဇံသာက မေးခဲ့တဲ့ မေးခွန်းတစ်ခွန်းအပေါ် ဒေါက်တာလှကျော်ဇော ပြန်ဖြေခဲ့ပုံလေးကို လေ့လာကြည့်ကြပါစို့။

***ဦးကျော်ဇံသာ***။ ။ *အဲဒီတော့ အခုတိုက်ပွဲမှာကြည့်ရင် ဗမာစစ်တပ်ဘက်က အထိအခိုက်အကျအဆုံး တော်တော်များတယ်လို့ တွေ့ရပါတယ်။ ကိုးကန့်မှာ လူတွေ အရင်ကထင်ခဲ့သလို တရုတ်မရှိဘူး၊ ဗမာပြည်ကွန်မြူနစ်ပါတီလည်း သူတို့နဲ့ မဟုတ်တော့ဘူး၊ သူတို့က အဲဒီကခွဲထွက်ပြီး လာခဲ့တာဆိုတော့ ဘယ်လိုအင်အားတွေ ရပြီးတော့ မြန်မာ့တပ်မတော်ကို ခုခံနိုင်နေသလဲဆိုတာကို စဉ်းစားမိပါတယ်။*

***ဒေါက်တာလှကျော်ဇော***။ ။ *ကျွန်မ စဉ်းစားတာက ဒီလို။ ဗမာ တပ်မတော်က ငြိမ်းချမ်းရေးယူထားတာ ၁၇ နှစ် ရှိပြီ။ အဲဒီ ၁၇ နှစ် ၁၈ နှစ်အတွင်းမှာ ငြိမ်းချမ်းရေးယူထားတဲ့တပ်ဟာ စစ်တိုက်ရမှာကို တော်တော့်ကို ခက်ခဲသွားပြီ။ နောက်တစ်ခုက ဗမာတပ်မတော်မှာ ဖြစ်ပျက်နေတာက အောက်ခြေရဲဘော်လေးတွေရဲ့ နေထိုင်စားသောက်ရေး အတော့်ကို ခက်ခဲစဉ်းစားကြတာ ဖြစ်တယ်။ ရှေ့တန်းမှာပဲ ဖိထားတော့ သူတို့ပြောတဲ့စကားရှိတယ်။ ဖိအားတွေ အင်မတန်ကြီးတယ်။ ဒါကြောင့်မို့ အရပ်သူ အရပ်သားတွေကို နှိပ်စက်တာ၊ ရက်စက်တာ၊ ခိုးဆိုးလုယက်တာတွေ တပုံကြီးဖြစ်တာ။ ထို့အတူပဲ ကေအိုင်အေဖြစ်ဖြစ်၊ ကိုးကန့်တပ်ဖြစ်ဖြစ် ဒီဘက်က လူတွေက ကိုးကန့်တပ်ကို ၂၀၀၉ ခုနှစ် နအဖတပ်က ဝင်တိုက်လိုက်ပြီးတဲ့နောက် ရက်ရက်စက်စက် နှိပ်စက်တာဖြစ်တယ်။ ရက်ရက်စက်စက် ပစ္စည်းပစ္စယတွေ လုယက်တာဖြစ်တယ်။ အဲဒီဟာက ငြိမ်းချမ်းရေး ရယူထားတယ်ဆိုတဲ့ အဖွဲ့တွေအားလုံးကို မျက်စိပွင့်သွားစေတယ်။ ဒီစစ်အစိုးရက ဘာမှ ယုံကြည်ရမှု မရှိဘူး။ ငါတို့ကိုယ်ငါတို့ ကြိုတင်ပြင်ဆင်ထားရမယ်ဆိုတဲ့ အသိကို ပေးလိုက်သလို ဖြစ်တယ်။ အဲဒါကြောင့်မို့ ကျန်တဲ့အဖွဲ့အစည်းတွေက*

*ကိုယ့်လက်နက် ကိုယ်စုတယ်။ ကိုယ့်လက်နက် ကိုယ်ကိုင်ထားတယ်။ ဒါတွေကို ဘယ်တော့မှ မစွန့်တော့ဘူးဆိုတဲ့ စိတ်မျိုးတွေ ဝင်သွားတာ ဖြစ်တယ်။ အဲဒီတော့ လက်နက်ဆိုတာကလည်း နယ်စပ်ဒေသမှာ ဝယ်ချင်သလို ဝယ်လို့ရတယ်။ ခင်ဗျား ကြားမယ်ထင်တယ်။ တရုတ်ပြည်မှာ လာဘ်ယူလာဘ်စား ကိစ္စတွေနဲ့ ဗိုလ်ချုပ်တွေ အယောက် ၃၀ ရှိပြီ ဖမ်းရတာ။ အဲဒီယိုပေါက်တွေက အများကြီးရှိတယ်။ ပိုက်ဆံရှိလို့ကတော့ အကုန်ဝယ်လို့ရတယ်။ သူတို့က အဲဒီအသိနဲ့ နိုင်ငံရေးအသိနဲ့ စုဆောင်းထားတဲ့ လက်နက်တွေ။ အခု ကိုးကန့်နဲ့ကျမှ ဘာဖြစ်လို့ စစ်သည်တော်တွေ သေကြေတာတွေ ပြောသလဲ။ တကယ်တော့ ကြာလှပြီ။ အစောကြီးကတည်းက ကျွန်မတို့နဲ့ တိုက်ခိုက်တုန်းကလည်း ရာနဲ့ချီ ကျသေခဲ့တာပဲ။ ကေအိုင်အေနဲ့ တိုက်တုန်းကလည်း ရာနဲ့ချီ ကျခဲ့တယ်။ အဲဒီတုန်းက မပြောဘဲနဲ့ ကိုးကန့်နဲ့ကျမှ ပြောသလဲဆိုတာ သိပ်ထူးဆန်းတယ်။ ကျွန်မ ထင်တာကတော့ ဗမာစစ်တပ်အနေနဲ့ အမေရိကန်နဲ့ ဆက်ဆံရေး သိပ်ကောင်းချင်တယ်။ အဲဒီလို ဆက်ဆံရေးကောင်းချင်တဲ့အတွက်ကို တရုတ်ကို demonize လုပ်ပစ်တာ။ တရုတ်ကို ကြောက်စရာသတ္တဝါကြီး လုပ်ပြီးတော့ တမင်သက်သက်လုပ်နေတယ်လို့ ကျွန်မ ထင်တယ်"*

တကယ်တော့ ဘယ်လိုအင်အားတွေ ရပြီးတော့ မြန်မာ့တပ်မတော်ကို ခုခံနိုင်နေသလဲဆိုတာကို စဉ်းစားမိပါတယ်ဆိုတဲ့ ဦးကျော်ဇံသာရဲ့ မေးခွန်းဟာ မေးသင့်မေးထိုက်တဲ့ မေးခွန်းဖြစ်ပါတယ်။ စစ်တိုက်မယ်ဆိုတဲ့တပ်ဖွဲ့ တစ်ဖွဲ့အတွက် လူအင်အား၊ လက်နက်အင်အား၊ တိုက်ခိုက်ရေး အတတ်ပညာအင်အား၊ ထောက်ပို့အင်အား အစရှိတဲ့ အင်အားတွေကို ပြင်ဆင်ရပါတယ်။ အဲဒီအင်အားတွေကို တရုတ်က မကူညီဘူးဆိုရင် ဘယ်လိုများ ရနေသလဲလို့ ထောက်လိုက်တဲ့ မေးခွန်းလည်း ဖြစ်ပါတယ်။ တရုတ်က မထောက်ပံ့ဘူးဆိုတာ ဟုတ်ပါ့မလားလို့ ဆိုလိုရာလည်း ရောက်ပါတယ်။ အဲဒီမေးခွန်းကို ဒေါက်တာလှကျော်ဇောက ဟိုလှည့်ပြော ဒီလှည့်ပြော ပြောပြီး နောက်ဆုံး *"လက်နက်ဆိုတာကလည်း နယ်စပ်ဒေသမှာ ဝယ်ချင်သလို ဝယ်လို့ရတယ်။ ခင်ဗျား ကြားမယ်ထင်တယ်။ တရုတ်ပြည်မှာ လာဘ်ယူလာဘ်စား ကိစ္စတွေနဲ့ ဗိုလ်ချုပ်တွေ အယောက် ၃၀ ရှိပြီ ဖမ်းရတာ။ အဲဒီယိုပေါက်တွေ*

*က အများကြီးရှိတယ်။ ပိုက်ဆံရှိလို့ကတော့ အကုန်ဝယ်လို့ရတယ်''* လို့ ပြောထည့်လိုက်တယ်။ ဆိုလိုတာက တရုတ်အစိုးရက ကူညီတာ မဟုတ်ဘူး၊ အကျင့်ပျက် ဗိုလ်ချုပ်အယောက် ၃၀ လို အကျင့်ပျက် ဗိုလ်ချုပ်တွေက ခိုးရောင်းပေးနေတာမို့ ပိုက်ဆံရှိရင် အကုန် (လက်နက်ခဲယမ်းတွေ) ဝယ်လို့ရတယ်လို့ ပြောချင်တာပဲ။ ဒီပြောဆိုချက်ဟာ တရုတ်အစိုးရဘက်က နေ ဖာပြီး ပြောလိုက်တာဖြစ်ပေမယ့် တစ်ဖက်ကလည်း တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်မှာ အကျင့်ပျက် ထိပ်တန်းစစ်ဗိုလ်ချုပ်ကြီး တွေ ရှိနေတယ်လို့ ပြောလိုက်သလို ဖြစ်သွားတယ်။ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်ကို သိက္ခာချလိုက်တာပဲ။ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်မှာ အဲဒီလို လက်နက်ခဲယမ်းတွေ ခိုးရောင်းတဲ့ အကျင့်ပျက်ဗိုလ်ချုပ်ကြီးတွေ ရှိနေပြီဆိုတာကို ကိုးကန့်တိုက်ပွဲတွေက သက်သေပြလိုက်သလို ဖြစ်နေတယ်။

ပိုက်ဆံရှိရင် အကုန်ဝယ်လို့ ရတယ်ဆိုပေမယ့် လူအင်အား ၁၀၀၀ စာ (ကိုးကန့်တပ်ဖွဲ့ဟာ လူအင်အား ၁၀၀၀ လောက်နဲ့ ဝင်တိုက်ခဲ့တာလို့ အစိုးရ သတင်းထုတ်ပြန်ချက်က ခန့်မှန်းဖော်ပြခဲ့လို့ပါ။ ဒီ့ထက် များချင်လည်း များနိုင်ပါတယ်။) လက်နက်ခဲယမ်းတွေကို သူ့အထက်က မသိဘဲ ထုတ်ရောင်းရဲတဲ့ စစ်ဗိုလ်ချုပ်ကြီးမျိုး တရုတ်မှာ ရှိပါ့မလားဆိုတာ သံသယ ဖြစ်ဖို့ ကောင်းပါတယ်။ ရောင်းပြီးရင် ငွေထုပ်ပိုက်ပြီး တရုတ်ပြည်က ထွက်ပြေးချင်ပြေး၊ မပြေးဘဲ မိသွားလို့ကတော့ သေဒဏ်ပဲ။ ပြီးတော့ တရုတ်ထောက်လှမ်းရေးကလည်း အရမ်းကောင်းပါတယ်။ ကိုးကန့်တပ်ဖွဲ့ က မြန်မာပြည်ထဲမှာ ဘယ်လိုလက်နက်ခဲယမ်းတွေနဲ့ တိုက်နေတာလဲဆိုတာ လေ့လာပြီး ချက်ချင်းလိုက်ရင် ချက်ချင်းပေါ်မှာပါ။ မပေါ်ဘဲ မနေပါဘူး။ ဒီတော့ ကိုးကန့်အဖွဲ့ရဲ့ လက်နက်အင်အားတွေဟာ တရုတ်စစ်ဗိုလ်ချုပ် သူခိုးကြီးတွေဆီက ထွက်လာတယ်ဆိုတဲ့ သုံးသပ်ချက်ဟာ လက်ခံနိုင်စရာ မရှိပါဘူး။ တကယ်ကတော့ ငွေရှိရင် ဝယ်လို့ရတဲ့နေရာဟာ အိန္ဒိယနယ်စပ် နဲ့ ယိုးဒယားနယ်စပ်တို့မှာ ဖြစ်ပါတယ်။ အဲဒီမှာက လက်နက်မှောင်ခိုဂိုဏ်း တွေ ရှိတယ်။ တရုတ်နယ်စပ်မှာ လက်နက်မှောင်ခိုဂိုဏ်းတွေ ရှိတယ်လို့ တစ်ခါမှ မကြားဖူးပါဘူး။ ဒါ့အပြင် အိန္ဒိယနယ်စပ်နဲ့ ယိုးဒယားနယ်စပ်မှာ

သွားဝယ်မယ်ဆိုရင်လည်း သွားဝယ်ရမယ့် ခရီးလမ်းကြောင်းက အတော်ရှည်ပါတယ်။ ကိုးကန့်ဒေသရောက်အောင် ပြန်သယ်လာဖို့ဆိုတာ ဆင်ဖိုးထက်ချွန်းဖိုး ကြီးသွားပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် ဝယ်မယ်ဆိုရင် အနီးအနားမှာပဲ ဝယ်ရမှာ ဖြစ်ပါတယ်။ ထားပါတော့။ အကျင့်ပျက်ဗိုလ်ချုပ်ကြီးတွေနဲ့ ဆက်သွယ်ဝယ်ယူလိုက်တယ်လို့ပဲ ဆိုကြပါစို့ရဲ့။

လက်နက်ခဲယမ်းတွေ (လက်နက်ခဲယမ်းတွေဆိုတာမှာ လက်နက်ငယ်ရော၊ လက်နက်ကြီးတွေ အပါအဝင်) တွေ ဝယ်လို့ရတယ်ဆိုတာ သဘောပေါက်သွားပြီးနောက် လက်နက်ဝယ်ဖို့ငွေ ဘယ်ကရသလဲဆိုတာပါ ထည့်တွက်ဖို့ လိုလာပါတယ်။ ဖုန်ကြားရှင်ဟာ ဘိန်းဘုရင်တစ်ဦးမို့ ငွေကြေးချမ်းသာကြွယ်ဝတယ်ဆိုပေမယ့် သူ ချမ်းသာသမျှ ငွေကြေးကို ကိုးကန့်နယ်မြေမှာ ဗိုလ်ပြန်လုပ်ချင်စိတ်တစ်ခုထဲနဲ့ ပုံအောပြီး သုံးစွဲပါ့မလား။ တခြားသူ့စီးပွားဖက်တွေရဲ့ ကိုယ်ပိုင်ငွေကြေးတွေကို ကိုးကန့်နယ်မြေပြန်ရရင် ပြန်ပေးမယ်လို့ ပြောပြီး ထည့်ဝင်ခိုင်းလို့ရော ရပါ့မလား။ ဒီကိစ္စဟာ လောင်းကစားတစ်ခုလိုမို့ အဲဒီလူတွေက ကိုယ်ပိုင်ငွေတွေကို ပုံအောပြီး လောင်းရဲပါ့မလား။ လူတစ်ထောင်စာ စစ်ဝတ်စစ်စား၊ စစ်အသုံးအဆောင်ပစ္စည်းတွေနဲ့ စားစရိတ်တွေကလည်း နည်းတာမှ မဟုတ်တာ။ ပြီးတော့ စစ်ဆင်ရေးစရိတ်။ တိုက်ပွဲက တစ်ပွဲထဲနဲ့ ပြီးမှာမဟုတ်တော့ တိုက်သမျှ တိုက်ပွဲတွေအတွက် စစ်ဆင်ရေးစရိတ်။ ကျဆုံးသွားသူတွေအတွက် ထည့်မတွက်ရင်တောင် ဒဏ်ရာရတပ်ဖွဲ့ဝင်တွေအတွက် ဆေးကုသစရိတ်။ တိုက်ပွဲတစ်ပွဲပြီးသွားတိုင်း ထပ်မံဖြည့်တင်းပေးရမယ့် ခဲယမ်းစရိတ်။ အဲဒါတွေဟာ သန်းနဲ့ချီပြီး ကုန်ကျမယ့်စရိတ်တွေ ဖြစ်ပါတယ်။ ပြီးတော့ ဖြည့်တင်းမယ့် ခဲယမ်းတွေကို သိုလှောင်ထားရမယ့် ဂိုဒေါင်ပြဿနာ။ တိုက်ပွဲတစ်ခါ ဖြစ်လိုက်၊ ဖြည့်တင်းဖို့ နည်းနည်းပြေးဝယ်လိုက်နဲ့ လက်လီစိတ်နေလို့ ရတဲ့အမျိုးမဟုတ်လေတော့ ခဲယမ်းတွေကို ဂိုဒေါင်နဲ့ သိုလှောင်ထားမှ အဆက်မပြတ် တိုက်ပွဲဝင်လို့ရမှာ ဖြစ်ပါတယ်။

လက်ရှိဖြစ်ပေါ်နေတဲ့ တိုက်ပွဲတွေရဲ့ အနေအထားအရဆိုရင် ကိုးကန့်တပ်ဖွဲ့တွေဟာ နေရာကောင်းတွေကို တက်ထိုင်ပြီး အခိုင်အမာ ကတုတ်ကျင်းတွေနဲ့ ခံစစ်ဆင်နေတဲ့သဘောတွေ တွေ့နေရပါတယ်။ ဒီလိုလုပ်နိုင်တဲ့အဆင့်

ဟာ သာမန်ပြောက်ကျားတပ်အဆင့် မဟုတ်တော့ပါဘူး။ အမြဲတမ်း တပ်အဆင့်ကို ရောက်နေတာ တွေ့ရပါတယ်။ တစ်ချိန်က ဗကပ ကျင့်သုံးခဲ့တဲ့ နည်းနာမျိုး ဖြစ်နေပါတယ်။ 'ခံစစ်နဲ့ သတ်' ဆိုတဲ့ နည်းနာဖြစ်ပါတယ်။ တောင်တန်းဒေသဖြစ်တဲ့အတွက် တောင်ကုန်းတစ်ကုန်းမှာ ခံစစ်ယူမယ်။ ထိုးလာတဲ့ရန်သူကို အပေါ်စီးကနေ ပစ်မယ်။ ခံလို့မနိုင်ရင် ဆုတ်မယ်။ နောက်တောင်ကုန်းတစ်ကုန်းမှာ ပြန်ပြီး ခံစစ်ယူမယ်။ လာထိုးမယ့်ရန်သူကို စောင့်မယ်။ ဒီနည်းနဲ့ ရန်သူ့သက်ရှိအင်အားကို ချေမှုန်းမယ်ဆိုတဲ့သဘောပါပဲ။ ဒီလိုလုပ်ဖို့ဆိုတာ သာမန်ပြောက်ကျားတပ်ဖွဲ့ကလေးတွေ လုပ်နိုင်တဲ့ အနေအထား မရှိပါဘူး။ ခိုင်မာတဲ့ အခြေခံတစ်ခုရှိနေပြီး လက်နက်ခဲယမ်းအင်အား၊ ငွေအင်အား တောင့်တင်းမှသာ လုပ်နိုင်တာ ဖြစ်ပါတယ်။ စစ်ဆင်ရေးစီမံချက်ကြီးတစ်ခု ရေးဆွဲထားနိုင်တဲ့ အဖွဲ့အစည်းတစ်ရပ်ကသာ လုပ်နိုင်တဲ့ အလုပ်ပါ။ အရင့်အရင်က အင်အားချည့်နဲ့တဲ့ ကိုးကန့်တပ်ဖွဲ့ဟာ ၆ နှစ်လောက် အချိန်ယူလိုက်တာနဲ့ အဲဒီလိုအဖွဲ့အစည်းမျိုးအဆင့်ကို ရောက်သွားခဲ့တာလား။ အံ့သြစရာကောင်းတာတော့ အမှန်ပါပဲ။

နောက်တစ်ချက်က လူအင်အား။ လူအင်အား အရင်းအမြစ်ဟာ ကိုးကန့်ဒေသတစ်ခုထဲကနေ စစ်သားစုဆောင်းခဲ့ပုံ မရပါဘူး။ ဖုန်ကြားရှင်ဟာ အခုလိုပြန်တိုက်ဖို့အတွက် ၅ နှစ်ကျော် ၆ နှစ် စစ်သားစုဆောင်းလေ့ကျင့်ပေးဖို့ လိုပါတယ်။ စစ်သားစုဆောင်းမှုကို ကိုးကန့်နယ်မြေထဲမှာ လုပ်ခဲ့ရင် အဲဒီအချိန်က ကိုးကန့်မှာ အုပ်ချုပ်နေတဲ့ 'ပိုင်စောက်ချဉ်' နဲ့ သူ့နယ်ခြားစောင့်တပ်က မသိဘဲနေပါ့မလား။ ဘူးတစ်ရာကိုသာ ပိတ်လို့ရချင်ရမယ်၊ ပါးစပ်တစ်ပေါက်ကို ပိတ်ဖို့လွယ်တာမှ မဟုတ်ဘဲ။ ကိုးကန့်လူငယ်တွေကို စည်းရုံးသိမ်းသွင်းလိုက်တာနဲ့ တစ်ဆင့်စကား တစ်ဆင့်နားဆိုသလို "ကောင်လေးတွေ ဖုန်ကြားရှင်နောက်ကို လိုက်ကုန်ကြပြီ၊ ဖုန်ကြားရှင်က စစ်သား စုဆောင်းနေတာ၊ ယူနီဖောင်းတွေ ထုတ်ပေးမှာ၊ လစာက ဘယ်လောက်ရတယ်ဆိုပဲ" အစရှိတဲ့ စကားသံတွေဟာ ကိုးကန့်နယ်မြေတစ်ခုလုံးမှာ ပျံ့နှံ့သွားမှာ သေချာပါတယ်။ ဒါဆိုရင် သေချာပေါက် 'ပိုင်စောက်ချဉ်' တို့ ကြားမှာပဲ။ အခုဟာက 'ပိုင်စောက်ချဉ်' တို့ ဘာမှမကြားမသိဘဲ အလစ်အငိုက် ခံလိုက်ရတယ်ဆိုတော့ ဖြစ်နိုင်တာက နှစ်ခု



**ကိုးကန့်အဖွဲ့ ရှေ့တန်းစစ်စခန်းတစ်နေရာ**

ပါပဲ။ တစ်ခုက ဖုန်ကြားရှင်တို့ တိတ်တဆိတ် စစ်သားစုဆောင်းတာ ပိရိလွန်းလို့ ဖြစ်နိုင်တယ်။ နောက်တစ်ခုက သတင်းပေါက်ကြားမှာ စိုးရိမ်လို့ ကိုးကန့်ဒေသထဲက လူငယ်တွေကို လုံးဝ စစ်သားမစုဆောင်းဘဲ သတင်းမပေါက်နိုင်တဲ့နယ်မြေမှာ သွားပြီး စစ်သားစုဆောင်းလေ့ကျင့်တာ ဖြစ်နိုင်တယ်။ ဒါဆိုရင် ဘယ်နယ်မြေမှာ သွားပြီး စစ်သားစုဆောင်းမလဲ။ 'ဝ' နယ်မှာ သွားပြီး စစ်သားစုဆောင်းမလား။ ဝလူငယ်တွေက သူတို့နယ်မြေရဲ့ စစ်တပ်အတွက် အင်အားအရင်းအမြစ်တွေမို့ ဝလူငယ်တွေကို စစ်သားစုဆောင်းဖို့ရာ ဝခေါင်းဆောင်တွေက ခွင့်ပြုမှာ မဟုတ်ပါဘူး။ ကောင်းပါပြီ။ ဒါဆိုရင် ဖုန်ကြားရှင်နဲ့ သားမက်တော်တယ် ဆိုတဲ့ 'ဦးစိုင်းလင်း' ခေါင်းဆောင်တဲ့ မိုင်းလားနယ်မြေမှာ သွားပြီး စစ်သားစု ဆောင်းမလား။ ဒါကလည်း မဖြစ်နိုင်ပြန်ဘူး။ သားမက်က သဘောတူဦးတော့ ကျန်တဲ့ ခေါင်းဆောင်တွေက ကန့်ကွက်မှာပေါ့။ သူတို့မှာလည်း သူတို့ နယ်မြေကာကွယ်ရေးစစ်တပ်အတွက် စစ်သားစုဆောင်းရဦးမယ်လေ။ ကိုးကန့်ဒေသ ပြန်လည်သိမ်းပိုက်ရေးအတွက်တော့ သူတို့နယ်မြေက အရပ်သားလူငယ်တွေကို စစ်သားစစ်စုဆောင်းခွင့် မပေးဖို့က များပါတယ်။ ဒါဆိုရင် ဖုန်ကြားရှင်ဟာ သူ့ရဲ့ ကိုးကန့်ပြန်လည်သိမ်းပိုက်ရေးစီမံချက်အတွက် လူအင်အားတစ်ထောင်

ရဖို့ရာ ဘယ်မှာ စစ်သားစုဆောင်းခဲ့ပါသလဲ။ ဒီအချက်ကလည်း အံ့သြစရာ ဖြစ်နေပါတယ်။ စဉ်းစားရခက်တဲ့လျှို့ဝှက် နက်နဲမှုကြီးတစ်ခုပါပဲ။ ဖုန်ကြားရှင် ကိုယ်တိုင်ကို မေးကြည့်မှ သိနိုင်တော့မှာပါ။

ဒါ့အပြင် ကိုးကန့်တပ်ဖွဲ့နဲ့အတူ တခြားတိုင်းရင်းသားလက်နက်ကိုင်တွေ ပါဝင်ပူးပေါင်းတိုက်ခိုက်ခဲ့တယ်လို့ မြန်မာ့တပ်မတော်က ပြောဆိုခဲ့ပေမယ့် မြန်မာ့တပ်မတော် နာမည်ထုတ်ပြောတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေက တရားဝင် ငြင်းဆိုခဲ့ပါတယ်။ မငြင်းတာဆိုလို့ တအောင်းပလောင်အဖွဲ့နဲ့ ရခိုင်အဖွဲ့တို့ပဲ ဖြစ်ပါတယ်။ အဲဒီတော့ တအောင်းပလောင်အဖွဲ့နဲ့ ရခိုင်အဖွဲ့က ကိုးကန့်နဲ့ ဘယ်လိုပူးတွဲပါဝင်လာတာလဲ။ သူတို့က ကိုးကန့်နဲ့ ဘယ်လို ဆက်စပ်ပတ်သက်မှုရှိတာလဲ။ စဉ်းစားစရာတွေ ဖြစ်လာပါတယ်။ တအောင်းပလောင်အဖွဲ့ကတော့ ထားပါတော့။ သူတို့က ကိုးကန့်နဲ့ နယ်မြေချင်း ဆက်စပ်တယ်။ ကိုးကန့်နယ်မြေထဲမှာတောင် ပလောင်ရွာတွေရှိတယ်။ ဒါပေမယ့် ရခိုင်က ဘာဆိုင်လို့လဲ။ အဝေးကြီး။ သူက ကိုးကန့်တပ်ဖွဲ့နဲ့ ဘယ်လိုပတ်သက်မှုရှိလို့ ဝင်ပါနေရတာလဲ။ ကိုးကန့်အဖွဲ့က ဘာတွေ မက်လုံးပေးထားလို့ ဝင်ပါနေရတာလဲ။ ရခိုင်ပြည်နယ်ကို ပြန်ဝင်ဖို့ အကူအညီပေးမယ်လို့များ ကိုးကန့်ခေါင်းဆောင် ဖုန်ကြားရှင်က မက်လုံးပေးထားသလား။ ကိုးကန့်တပ်ဖွဲ့က ဆရာကြီးလား။ ကိုးကန့်တပ်ဖွဲ့က ဆရာကြီး မဟုတ်ရင် ဆရာကြီးက ဘယ်သူလဲ။

ကိုးကန့်မှာ တိုက်ပွဲတွေ စဖြစ်တော့ ကာတွန်းလေးတစ်ကွက် ဖတ်လိုက်ရတယ်။ လူတစ်ယောက်က (ခြေထောက်ပိုင်းပဲ ဆွဲထားပါတယ်။) တံခါးကို ခြေထောက်နဲ့ ကန်ဖွင့်နေတယ်။ "ကိုယ့်အိမ် ကိုယ်ပြန်လာတာကွ" လို့လည်း အော်တယ်။ တံခါးမှာက လောက်ကိုင်လို့ စာရေးထားတယ်။ ကာတွန်းဆရာရဲ့ စိတ်ကူးလေး အတော်ကောင်းပါတယ်။ သူ ပြောသလို ဖုန်ကြားရှင် ပြောနေတာပါ။ ကိုယ့်အိမ်ကိုယ် ပြန်လာတာလို့။ ဒါပေမယ့် သူပြန်လာတာက ခမ်းနားလွန်းနေတယ်။ တံခါးကို ဆောင့်ကန်တဲ့ခြေထောက်က သာမန်ခြေထောက်မဟုတ်ဘဲ 'ဆူပါမန်း' ခြေထောက်ဖြစ်နေတယ်။ သူ့တပ်ဖွဲ့တစ်ဖွဲ့ထဲ လာခဲ့တာမဟုတ်ဘဲ အနည်းဆုံး တအောင်းပလောင်အဖွဲ့နဲ့ ရခိုင်အဖွဲ့ကို လက်တွဲခေါ်လာခဲ့တယ်။ တစ်ချိန်က ကိုးကန့်တပ်ဖွဲ့လို

ရဖို့ရာ ဘယ်မှာ စစ်သားစုဆောင်းခဲ့ပါသလဲ။ ဒီအချက်ကလည်း အံ့သြစရာ ဖြစ်နေပါတယ်။ စဉ်းစားရခက်တဲ့လျှို့ဝှက် နက်နဲမှုကြီးတစ်ခုပါပဲ။ ဖုန်ကြားရှင် ကိုယ်တိုင်ကို မေးကြည့်မှ သိနိုင်တော့မှာပါ။

ဒါ့အပြင် ကိုးကန့်တပ်ဖွဲ့နဲ့အတူ တခြားတိုင်းရင်းသားလက်နက်ကိုင်တွေ ပါဝင်ပူးပေါင်းတိုက်ခိုက်ခဲ့တယ်လို့ မြန်မာ့တပ်မတော်က ပြောဆိုခဲ့ပေမယ့် မြန်မာ့တပ်မတော် နာမည်ထုတ်ပြောတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေက တရားဝင် ငြင်းဆိုခဲ့ပါတယ်။ မငြင်းတာဆိုလို့ တအောင်းပလောင်အဖွဲ့နဲ့ ရခိုင်အဖွဲ့တို့ပဲ ဖြစ်ပါတယ်။ အဲဒီတော့ တအောင်းပလောင်အဖွဲ့နဲ့ ရခိုင်အဖွဲ့က ကိုးကန့်နဲ့ ဘယ်လိုပူးတွဲပါဝင်လာတာလဲ။ သူတို့က ကိုးကန့်နဲ့ ဘယ်လို ဆက်စပ်ပတ်သက်မှုရှိတာလဲ။ စဉ်းစားစရာတွေ ဖြစ်လာပါတယ်။ တအောင်းပလောင်အဖွဲ့ကတော့ ထားပါတော့။ သူတို့က ကိုးကန့်နဲ့ နယ်မြေချင်း ဆက်စပ်တယ်။ ကိုးကန့်နယ်မြေထဲမှာတောင် ပလောင်ရွာတွေရှိတယ်။ ဒါပေမယ့် ရခိုင်က ဘာဆိုင်လို့လဲ။ အဝေးကြီး။ သူက ကိုးကန့်တပ်ဖွဲ့နဲ့ ဘယ်လိုပတ်သက်မှုရှိလို့ ဝင်ပါနေရတာလဲ။ ကိုးကန့်အဖွဲ့က ဘာတွေ မက်လုံးပေးထားလို့ ဝင်ပါနေရတာလဲ။ ရခိုင်ပြည်နယ်ကို ပြန်ဝင်ဖို့ အကူအညီပေးမယ်လို့များ ကိုးကန့်ခေါင်းဆောင် ဖုန်ကြားရှင်က မက်လုံးပေးထားသလား။ ကိုးကန့်တပ်ဖွဲ့က ဆရာကြီးလား။ ကိုးကန့်တပ်ဖွဲ့က ဆရာကြီး မဟုတ်ရင် ဆရာကြီးက ဘယ်သူလဲ။

ကိုးကန့်မှာ တိုက်ပွဲတွေ စဖြစ်တော့ ကာတွန်းလေးတစ်ကွက် ဖတ်လိုက်ရတယ်။ လူတစ်ယောက်က (ခြေထောက်ပိုင်းပဲ ဆွဲထားပါတယ်။) တံခါးကို ခြေထောက်နဲ့ ကန်ဖွင့်နေတယ်။ "ကိုယ့်အိမ် ကိုယ်ပြန်လာတာကွ" လို့လည်း အော်တယ်။ တံခါးမှာက လောက်ကိုင်လို့ စာရေးထားတယ်။ ကာတွန်းဆရာရဲ့ စိတ်ကူးလေး အတော်ကောင်းပါတယ်။ သူ ပြောသလို ဖုန်ကြားရှင် ပြောနေတာပါ။ ကိုယ့်အိမ်ကိုယ် ပြန်လာတာလို့။ ဒါပေမယ့် သူပြန်လာတာက ခမ်းနားလွန်းနေတယ်။ တံခါးကို ဆောင့်ကန်တဲ့ခြေထောက်က သာမန်ခြေထောက်မဟုတ်ဘဲ 'ဆူပါမန်း' ခြေထောက်ဖြစ်နေတယ်။ သူ့တပ်ဖွဲ့တစ်ဖွဲ့ထဲ လာခဲ့တာမဟုတ်ဘဲ အနည်းဆုံး တအောင်းပလောင်အဖွဲ့နဲ့ ရခိုင်အဖွဲ့ကို လက်တွဲခေါ်လာခဲ့တယ်။ တစ်ချိန်က ကိုးကန့်တပ်ဖွဲ့လို



တပ်ဖွဲ့မျိုး မဟုတ်တော့ဘဲ နတ်ရေကန်ထဲဆင်းပြီးမှ ပြန်တက်လာသလို ခွန်အားအပြည့်နဲ့ ကိုးကန့်တပ်ဖွဲ့ဖြစ်နေတယ်။ စဉ်းစားစရာတွေ၊ သံသယဖြစ်စရာတွေ အများကြီးရှိနေတယ်။ အဓိကအချက်ကတော့ ကိုးကန့်ဖုန်ကြားရှင် တပ်ဖွဲ့တွေ ဘာ့ကြောင့် တောင့်ခံနေနိုင်တာလဲ။

**Political Comments page in Facebook, 20th March 2015**

❖ ❖ ❖

မှတ်ချက်


*ဒီဆောင်းပါးကို မြန်မာ့ခေတ်ဂျာနယ် (၁၃-၃-၂၀၁၅) မှာ ဖော်ပြခဲ့ပြီး ကလောင်အမည်ကို 'ရဲဘော်ထွန်းသိန်း' လို့ သုံးခဲ့ပါတယ်။*

# ငြိမ်းချမ်းရေး

# ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် တက်လှမ်းကြပါစို့

ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဆိုတာ များသောအားဖြင့် စားပွဲပေါ်က တိုက်ပွဲတွေ ဖြစ်နိုင်ပါတယ်။ စစ်မြေပြင်မှာ စစ်တိုက်နေသူတွေ အချင်းချင်း စားပွဲပေါ် လာတိုက်နေတတ်ကြတယ်။ ဒီလိုနဲ့ ညှိနှိုင်းမရကြတာတွေဖြစ်ပြီး စစ်မြေပြင်မှာ ပြန်တိုက်ကြပြန်ပါတယ်။ စစ်မြေပြင်မှာ ပြန်တိုက်ကြရာက အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လုပ်ကြတာလည်း ရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့်ဆိုတဲ့အထဲမှာ စစ်ပန်းလာလို့ ခဏ တဖြုတ် အနားယူချင်လို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အကြောင်းပြပြီး နားကြတဲ့ အကြောင်းလည်း အပါအဝင်ပါပဲ။ ဗီယက်နမ်နိုင်ငံကို အမေရိကန်က ကျူး ကျော်စစ် ဆင်နွှဲခဲ့တုန်းကဆိုရင် စစ်ပွဲရှည်ကြာတာနဲ့အမျှ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေလည်း မကြာခဏ လုပ်ခဲ့ကြပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကနေ ပြဿနာကို ပြေလည်အောင် မဖြေရှင်းနိုင်ခဲ့ကြပါဘူး။ နောက်ဆုံး အမေရိကန် အရှုံးကြီးရှုံးလို့ စစ်ပွဲရပ်ဆိုင်းလိုက်တဲ့အခါကျမှပဲ ပြဿနာက ပြီးဆုံးသွားပါတော့တယ်။ ဒါ့ကြောင့် တစ်ဖက်ဖက်က အပြတ် အသတ် အနိုင်မရမချင်း စစ်ပွဲတွေဟာ ဆက်လက် တည်ရှိနေဦးမှာဖြစ်သလို အခါအားလျော်စွာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေလည်း ပေါ်ပေါက်နေဦးမှာပါပဲ။

ပြည်တွင်းစစ်ဆိုတဲ့ တိုင်းပြည်တစ်ခုအတွင်း အချင်းချင်းလက်နက်ကိုင် တိုက်နေတဲ့စစ်ပွဲမျိုးတွေကျတော့ များသောအားဖြင့် နိုင်ငံတကာက ဖိအားပေး မှုအောက်မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပေါ်ပေါက်လာတတ်ပါတယ်။



၁၉၆၃ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားပြီးနောက် ပဲခူးရိုးမအခြေခံစခန်းဆီ ပြန်လည်ထွက်ခွာသွားကြတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်များ။

အဲဒီလို ငြိမ်းချမ်းရေးဆွေးနွေးပွဲမျိုးတွေကျတော့ နိုင်ငံတကာက ဖိအားပေးမှုကြောင့်သာ မလုပ်ချင်လုပ်ချင် လုပ်ကြရတဲ့ပွဲတွေမို့ မပြေလည်ကြတာက များပါတယ်။ မြန်မာနိုင်ငံမှာလည်း လွတ်လပ်ရေး ရပြီးဆိုကတည်းက ပြည်တွင်းစစ်ကပါ ကပ်ပါလာခဲ့တာ ယနေ့တိုင်ပဲမို့ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ အစိုးရနဲ့ အစိုးရကို လက်နက်ကိုင်တိုက်ခိုက်နေတဲ့ အဖွဲ့အစည်းတွေအကြား တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပေါ်ပေါက်ခဲ့ကြတာ များပါပြီ။ ပြေလည်မှုမရခဲ့လို့လည်း ဒီနေ့အထိ ပြည်တွင်းစစ်မီး ဆက်လက်တောက်လောင်နေတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကို ဗိုလ်ချုပ်ကြီးနေဝင်းက စစ်တပ်နဲ့ အာဏာသိမ်းပြီး တော်လှန်ရေးကောင်စီနာမည်ခံ အုပ်ချုပ်ခါစမှာ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲကို တရားဝင် ကျင်းပခဲ့ပါသေးတယ်။ အဲဒီတုန်းက လက်နက်ကိုင် တိုက်ခိုက်မှုတွေလုပ်နေတဲ့ အဖွဲ့အစည်းတွေအတွင်းမှာ နိုင်ငံရေးအရ အခိုင်မာဆုံး အဖွဲ့အစည်းက ဗမာပြည်ကွန်မြူနစ်ပါတီ ဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ညှိနှိုင်းလို့ မရတဲ့အဆုံး အဲဒီပြည်တွင်းငြိမ်းချမ်းရေး

ဆွေးနွေးပွဲလည်း ပျက်ပြားသွားခဲ့ပါတယ်။ နောက်ပိုင်းမှာ ဗိုလ်ချုပ်ကြီး နေဝင်းက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ထူထောင်ပြီး တစ်ပါတီ အာဏာရှင်စနစ်နဲ့ အုပ်ချုပ်ခဲ့ပါတယ်။ အဲဒီကာလတွေအတွင်းမှာလည်း မဆလပါတီနဲ့ ဗကပပါတီဆိုတာ ရည်မှန်းချက်ပန်းတိုင်ချင်း သိပ်မကွာလို့ ညှိနှိုင်းသင့်တယ်ဆိုပြီး တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ စေ့စပ်ပေးမှုနဲ့ ပြည်သူကို အသိမပေးတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပေါ်ပေါက်ခဲ့ပါသေးတယ်။ ညှိနှိုင်းလို့ မရတဲ့အတွက် စစ်ပွဲတွေ ဆက်ဖြစ်နေခဲ့ပါတယ်။ နောက်ဆုံး ၁၉၈၉ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီ ပြိုကွဲသွားတဲ့အခါကျမှ ဗမာပြည် ကွန်မြူနစ်ပါတီနဲ့ တိုက်ခိုက်ခဲ့ရတဲ့စစ်ပွဲတွေ ငြိမ်းအေးသွားခဲ့ရပါတယ်။

မဆလပါတီ ပြိုကွဲပြီးနောက်ပိုင်း တိုင်းပြည်ကို ဆက်လက်အုပ်ချုပ်ခဲ့တဲ့ စစ်အစိုးရအဆက်ဆက်ဟာ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ စစ်ဖြစ်တုန်းကလို တိုက်ပွဲကြီးတွေ ဆက်တိုက်မဖြစ်တော့ပေမယ့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ကတော့ တိုက်ပွဲကြီးငယ်တွေ ဆက်ဖြစ်နေခဲ့တာပါ။ အခု ၂၀၁၀ ခုနှစ် အရပ်သားအစိုးရတစ်ရပ် ပေါ်ထွန်းလာပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွေ လုပ်မယ်ဆိုတော့ ပြည်တွင်းငြိမ်းချမ်းရေးက လိုအပ်လာပြီလေ။ တကယ်တော့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်သည်ဖြစ်စေ မလုပ်သည်ဖြစ်စေ တိုင်းပြည်တစ်ပြည်မှာ ပြည်တွင်းငြိမ်းချမ်းရေး မရဘူးဆိုရင် ဖွံ့ဖြိုးတိုးတက်ဖို့က မလွယ်ကူလှပါဘူး။ တိုင်းပြည်ရဲ့ ဘဏ္ဍာဟာ စစ်အသုံးစရိတ်ထဲ ဝင်သွားတာနဲ့တင် တခြားဘက်အသီးသီးမှာ ချွတ်ခြုံကျကုန်တော့တာပါပဲ။ တိုင်းပြည်တစ်ပြည် ဆင်းရဲမွဲတေလာပြီဆိုရင် အဲဒီဆင်းရဲမွဲတေမှုဟာ လိမ်ညာဟန်ဆောင်ထားလို့ မရပါဘူး။ အဆိုးဆုံးက ပြည်ပကြေးမြီတွေကို ပြန်မဆပ်နိုင်ဖြစ်လာပြီဆိုရင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတဲ့ အစိုးရတစ်ရပ်အဖို့ အနာဂတ် မကောင်းနိုင်တော့ပါဘူး။

ဘာပဲဖြစ်ဖြစ် ၂၀၁၀ အစိုးရအနေနဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွေ လုပ်မယ်၊ တိုင်းပြည်ကို ပြန်လည်ထူထောင်မယ်ဆိုတော့ ပြည်တွင်းငြိမ်းချမ်း ရေးရအောင်လုပ်ရမယ်ဆိုတာ မလွှဲမရှောင်သာတဲ့ အချက်တစ်ချက်ဖြစ်လာပါတယ်။ ပြည်တွင်းစစ်ဖြစ်နေတဲ့ တိုင်းပြည်ဟာ ပြည်ပအကူအညီတွေရဖို့၊ ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုတွေ ရရှိလာဖို့ရာ သိပ် မလွယ်ကူလှပါ

ဘူး။ မြန်မာနိုင်ငံမှာ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံချင်လို့ လာရောက်လေ့လာတဲ့ နိုင်ငံခြားကုမ္ပဏီ အတော်များများဟာ စစ်ဖြစ်နေတဲ့ အခြေအနေတွေကြောင့် တွန့်ဆုတ်သွားရတာလည်း ရှိပါတယ်။ ဥပမာအားဖြင့် မြေအောက်သယံဇာတနဲ့ သတ္တုတူးဖော်ရေး ကုမ္ပဏီတွေဆိုရင် လုပ်ကွက်ဖော်ရမယ့်နေရာတွေက လုံခြုံရေးစိတ်မချရတဲ့ အမည်းရောင်နယ်မြေ၊ အညိုရောင်နယ်မြေတွေဖြစ်နေလို့ ဆုတ်ပြန်သွားကြတာလည်း မနည်းပါဘူး။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ စိုးမိုးလွှမ်းမိုးရှားနေတဲ့ နယ်မြေတွေမှာ သတ္တုတူးဖော်ချင်တယ်ဆိုရင် အစိုးရကိုလည်း အခွန်ဆောင်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေကိုလည်း ဆက်ကြေးပေးရမှာဆိုတော့ တော်ရုံတန်ရုံပြည်ပကုမ္ပဏီတွေဟာ တွက်ကြည့်လေ မကိုက်လေဖြစ်တာမို့ မလုပ်ဖြစ်ကြတော့ပါဘူး။

အဖက်ဖက်က တွေးကြည့်ရင် ပြည်တွင်းငြိမ်းချမ်းရေးဟာ တကယ်ပဲလိုအပ်ပါတယ်။ ၁၃၅ မျိုးရှိတဲ့ မြန်မာပြည်တိုင်းရင်းသား လူမျိုးပေါင်းစုံပြည်သူတွေသာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အလုပ်လုပ်နိုင်ရင် တစ်ပြည်လုံး အတိုင်းအတာနဲ့ ဖွံ့ဖြိုးတိုးတက်လာမယ်ဆိုတာ စီးပွားရေးပညာရှင် မဟုတ်ရင်တောင်လူတိုင်း ခန့်မှန်းမိကြမှာပါ။ ဒါကြောင့် ၂၀၁၀ အစိုးရက ဖော်ဆောင်လာတဲ့ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းမှုတွေဟာ ကြိုဆိုရမယ့် ကြိုးပမ်းမှုတွေဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မူကြမ်းကို ရန်ကုန်မြို့မှာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ အဲဒီမူကြမ်းကို အစိုးရနဲ့အတူ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၆ ဖွဲ့က လက်မှတ်ရေးထိုးခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီလိုလက်မှတ်ရေးထိုးနိုင်မှုအပေါ် ကုလသမဂ္ဂက သမိုင်းတွင်တဲ့ အောင်မြင်မှုအဖြစ် ချီးကျူးလိုက်ပါတယ်။ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးကလည်းအမေရိကန်အစိုးရအနေနဲ့ ဝမ်းမြောက်ကြိုဆိုကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့ပါတယ်။

တချို့နိုင်ငံရေးအကဲခတ်တွေကတော့ ဒီသဘောတူညီချက် မူကြမ်းစာချုပ်ဟာ အဖြစ်သဘောပဲရှိတယ်လို့ သုံးသပ်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမူကြမ်း လက်မှတ်ရေးထိုးမှုမှာ တချို့တိုင်းရင်းသားလက်နက်ကိုင်

အဖွဲ့အစည်းတွေ မပါဝင်ခဲ့ကြလို့ ဖြစ်ပါတယ်။ ဒါ့အပြင် ကိုးကန့်ဒေသ၊ ကချင်ဒေသနဲ့ ရခိုင်ဒေသတွေမှာ တိုက်ပွဲတွေ ဆက်ဖြစ်နေတာကိုလည်း တချို့နိုင်ငံရေးအကဲခတ်တွေက သဘောမကျကြပါဘူး။ တကယ်မှာလည်း အခု လက်မှတ်ရေးထိုးခဲ့ကြတဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မူကြမ်းဆိုတာ ပထမဆုံး ခြေလှမ်းတစ်လှမ်းသာဖြစ်ပြီး လှမ်းစရာ ခြေလှမ်းတွေ အများကြီး ကျန်ရှိနေပါသေးတယ်။

ဒီအခြေအနေမှာ ဝအဖွဲ့ကနေ တိုင်းရင်းသားထိပ်သီးညီလာခံကို သူတို့နယ်မြေ 'ပန်ဆန်းမြို့' မှာ မေလ ၁ ရက်နေ့မှာ ကျင်းပခဲ့တာကလည်း စိတ်ဝင်စားစရာ ဖြစ်ခဲ့ပါတယ်။ ပထမ သုံးရက်သာ ကျင်းပမယ်လို့ သတင်းထွက်ခဲ့ပေမယ့် တကယ်တမ်း ကျင်းပတော့ ၆ ရက်ကြာခဲ့ပါတယ်။ ညီလာခံပြီးဆုံးသွားလို့ ကြေညာချက်ထွက်လာတဲ့အခါ အဲဒီကြေညာချက်ဟာ စဉ်းစားစရာအချက်အလက်တွေပါရှိတဲ့ ကြေညာချက်တစ်ခု ဖြစ်နေတာ တွေ့ရပါတယ်။ 'ဝ' ပြည်နယ် တောင်းဆိုတဲ့အချက်ဟာ အချို့တိုင်းရင်းသားတွေက အမြင်ကတ်စရာအချက်တစ်ချက် ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် တကယ်တော့ ဒါဟာ သိပ်အရေးကြီးတဲ့ ပြဿနာတော့ မဟုတ်ပါဘူး။ အများဆန္ဒမဟုတ်လို့ မပေးဘူးဆိုရင်လည်း 'ဝ' အဖွဲ့အနေနဲ့ အနည်းစုက အများစုကို နာခံရေးမူနဲ့ နာခံရမှာပါ။ ဖွဲ့ကောင်းရင်တော့ မရမချင်း တောင်းနေရုံပေါ့။ အရေးကြီးတာက လက်နက်ကိုင်တိုက်မလာရင် ပြီးတာပါပဲ။ ဒါပေမယ့် အခု ညီလာခံက ငြိမ်းချမ်းရေးကို ဦးတည်ထားတာဖြစ်လို့ တိုက်သံခိုက်သံ အရိပ်အယောင်တော့ မတွေ့ရပါဘူး။

အဲဒီ မေ ၁-၆ တိုင်းရင်းသားထိပ်သီးညီလာခံက ထုတ်ပြန်တဲ့ ကြေညာချက်ပါ အချက် ၁၂ ချက်ထဲမှာ အချက်အမှတ် (၆) ဟာ သင့်လျော်တဲ့ အချက်တစ်ချက်ဖြစ်ပြီး တိုင်းရင်းသားတိုင်း အလေးအနက်ထားသင့်တဲ့အချက် ဖြစ်ပါတယ်။ "ဗမာမဟုတ်သော တိုင်းရင်းသားအသီးသီး နေထိုင်ကြသော နယ်မြေများသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အစိတ်အပိုင်းများ ဖြစ်သည်နှင့်အညီ စစ်မှန်သော ဒီမိုကရက်တစ်ပြည်ထောင်စုအတွင်းမှ ခွဲထွက်မည်မဟုတ်ဘဲ အတူတကွ စုပေါင်းနေထိုင်ကြမည်" ဆိုတဲ့အချက် ဖြစ်ပါတယ်။ ဒီအချက်ဟာ မှန်ကန်တဲ့ဆုံးဖြတ်ချက် ဖြစ်ပါတယ်။ နဂိုကမှ



ပန်ဆန်း (ပန်ခမ်း) မြို့ တိုင်းရင်းသားထိပ်သီးညီလာခံမြင်ကွင်း

မြေအကျယ်အဝန်း သေးငယ်လှတဲ့ တိုင်းပြည်ကလေးတစ်ပြည်ဟာ ဟိုက ခွဲထွက်၊ ဒီကခွဲထွက် လုပ်လာခဲ့ရင် ဘာမှကျန်တော့မှာ မဟုတ်ပါဘူး။ တချို့တိုင်းရင်းသားတွေက စားအိုးသေးရင် ပိုဖြေရှင်းရလွယ်တယ်လို့ တွေး ကောင်း တွေးနိုင်ပေမယ့် စားအိုးကြီးလို့ အင်အား ပိုတောင့်သွားတယ်ဆိုတဲ့ အားကောင်းချက်လည်း ရှိပါတယ်။ နွားကွဲရင် ကျားဆွဲမယ့် အန္တရာယ်လည်း ရှိတာမို့ 'ခွဲထွက်ရေး' ဆိုတာ မြန်မာနိုင်ငံအတွက် ကောင်းကျိုး မပေးနိုင်ပါ ဘူး။ တကယ်တမ်း နိုင်ငံရေးအရ ညှိနှိုင်းနိုင်ကြလို့ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုကြတဲ့အခါ အဲဒီအချက်ဟာ မဖြစ်မနေ ထည့်သွင်းချုပ်ဆိုရမယ့်အချက် ဖြစ်ပါတယ်။

ဒုတိယ အရေးကြီးတဲ့ အချက်တစ်ချက်က အချက်အမှတ် (၅) ဖြစ်ပါတယ်။ ''အနာဂတ်တွင် ငြိမ်းချမ်းတည်ငြိမ် တိုးတက်သော နိုင်ငံ တော်ကို တည်ဆောက်သွားနိုင်ရန်အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြောင်းလဲပြီး ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဖယ်ဒရယ် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်သွားရန် တညီတညွတ်တည်း တောင်း ဆိုသည်'' လို့ ရေးသားထားပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ

ပြင်ဆင်ရေးဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း တောင်းဆိုနေတဲ့ အချက် ဖြစ်ပါတယ်။ ဒီအချက်ကို လက်ရှိ ၂၀၁၀ အစိုးရက အလျှင်အမြန် ဆောင်ရွက်ပေးဖို့ရာ အခက်အခဲရှိနိုင်တဲ့ အနေအထားပါ။ သို့သော်လည်း ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လမ်းကြောင်းအရ အဆင့်တစ်နေရာရာမှာ ပြင်ကိုပြင်ရမှာကတော့ သေချာပါတယ်။ လောလောဆယ် ပြင်ဖို့ဆိုတာကျ တော့ သိပ်လွယ်လှမယ် မထင်ပါဘူး။

အဲဒီလို မေ ၁–၆ တိုင်းရင်းသားထိပ်သီးညီလာခံကြေညာချက် ထွက်လာပြီး သုံးရက်အကြာ မေလ ၉ ရက်နေ့မှာ ပြည်ထောင်စုငြိမ်းချမ်းရေး လုပ်ငန်းကော်မတီ အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဦးအောင်မင်းက "အပစ်အခတ် ရပ်စဲရေးကို ပထမအဆင့်အနေနဲ့ အစိုးရ လက်ခံထားတဲ့ ၁၆ ဖွဲ့နဲ့သာ စတင် လုပ်ဆောင်သွားမယ်" လို့ ဗီအိုအေသတင်းဌာနကို ပြောပြခဲ့ပါတယ်။ အခုလို အဆင့်ခွဲပြီး လုပ်မယ်ဆိုတဲ့ဖော်ပြချက်အပေါ် ပြည်တွင်းပြည်ပက ခါးခါးသီးသီး ဆန့်ကျင်လာစရာတော့ အကြောင်းမရှိလှပါဘူး။ တစ်ပြည်လုံး အတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေး မလုပ်ဘူးလို့ ငြင်းတာမှ မဟုတ်တာ ကိုး။ လုပ်မယ်။ ဒါပေမယ့် အဆင့်ခွဲမယ်လို့ ပြောတာမို့ပါ။

အဲဒီအချိန်မှာပဲ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီနဲ့ ကရင် အမျိုးသား အစည်းအရုံးတို့က မြန်မာငြိမ်းချမ်းရေးစင်တာနဲ့ ပူးပေါင်းပြီး



ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲတစ်ခု ရန်ကုန်မှာ ကျင်းပသွားမယ်ဆိုတဲ့ သတင်းကို ဘီဘီစီသတင်းဌာနက ဖော်ပြလာခဲ့ပါတယ်။ အင်းလျားလိပ်ခ် ဟိုတယ်မှာ ပြုလုပ်သွားမယ့်အဲဒီပွဲကို နိုင်ငံရေးပါတီ ၇၀ ကျော်နဲ့ လက်နက်ကိုင် အဖွဲ့အစည်း ၁၆ ခုကိုလည်း ဖိတ်ကြားထားတယ်လို့ ဆိုပါတယ်။ ဒီပွဲကနေ ဘယ်လိုကြေညာချက်မျိုးတွေ ထပ်ထွက်လာဦးမလဲ ဆိုတာတော့ စောင့်ကြည့်ရဦးမှာပါ။

အခုလို ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေ ပေါ်ထွက်နေတာဟာ ကောင်းတဲ့ ကိစ္စ ဖြစ်ပါတယ်။ စားပွဲပေါ်က တိုက်ပွဲတွေဖြစ်စေဦးတော့ စစ်မြေပြင်က တိုက်ပွဲတွေထက်တော့ ကောင်းတဲ့လက္ခဏာ ရှိပါတယ်။ ပိုပြီးကောင်းတဲ့ အချက်တစ်ချက်ကတော့ အစိုးရရဲ့ ဒီကနေ့ ငြိမ်းချမ်းရေး ဆွေးနွေးဘက်တွေဟာ ကိုယ့်ဒေသဖွံ့ဖြိုးရေးအတွက်သာ ဦးတည်ချက်ထားတဲ့ တိုင်းရင်းသားတွေ ဖြစ်နေတာပါ။ တစ်ချိန်တုန်းကလို့ မြန်မာပြည်တစ်ပြည်လုံးကို သိမ်းပိုက်အုပ်ချုပ်ချင်တဲ့ အဖွဲ့အစည်းမျိုးတွေနဲ့ ဆွေးနွေးနေရတာ မဟုတ်တဲ့အတွက် သိပ်ပြီး မတင်းမာနိုင်ပါဘူး။ အဆင့်ခွဲတာဖြစ်ဖြစ် မခွဲတာဖြစ်ဖြစ် အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုနိုင်ပြီဆိုရင်တော့ ငြိမ်းချမ်းရေးဘက်ကို ခြေလှမ်းတစ်လှမ်း တက်လှမ်းနိုင်သွားမှာ ဖြစ်ပါတယ်။

စောင့်ကြည့်သတင်းဂျာနယ် (၂၆-၅-၂၀၁၅)

**Political Comments page in Facebook, 10th May 2015**

❖ ❖ ❖

## ငြိမ်းချမ်းရေးကြိုးပမ်းမှု နှစ်ခြမ်းကွဲသွားမလား

တိုက်ပွဲသံတွေ ဆူညံနေတဲ့ကြားထဲက ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မူကြမ်းကို ရန်ကုန်မြို့မှာ လက်မှတ်ထိုးခဲ့ကြပါတယ်။ အဲဒီမူကြမ်းမှာ အခန်း ၇ ခန်း၊ အပိုဒ် ၃၃ ပိုဒ်၊ အပိုဒ်ငယ် ၈၆ ပိုဒ်ပါတယ်လို့ ဆိုပါတယ်။ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့တို့အကြား သဘောတူလက်မှတ်ထိုးနိုင်ခဲ့တဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်း ဖြစ်တာမို့ သမိုင်းတွင်တဲ့ အောင်မြင်မှုရယ်လို့ ကုလသမဂ္ဂက ချီးကျူးခဲ့ပါတယ်။ ဒီလို လက်မှတ်ရေးထိုးနိုင်တဲ့အတွက် အမေရိကန်အစိုးရအနေနဲ့ ဝမ်းမြောက်ကြိုဆိုပါတယ်လို့ ရန်ကုန်မြို့ အမေရိကန်သံရုံးက မတ်လ ၃၁ ရက်နေ့စွဲနဲ့ပဲ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံရေး အကဲခတ်အချို့ကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး ပါဝင်တာ မဟုတ်လို့ အဖြစ်သဘောပဲလုပ်တာလို့ သုံးသပ်ခဲ့ကြပါတယ်။

အဲဒီလက်မှတ်ထိုးပွဲပြီးနောက် 'ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖယ်ဒရယ်ကောင်စီ' (UNFC) က ကောင်စီမျက်နှာစုံညီ အစည်းအဝေးကို ထိုင်းမြန်မာနယ်စပ်မှာ သုံးရက်ကြာ ကျင်းပခဲ့ပါတယ်။ ဧပြီလ ၁၃ ရက်နေ့မှာ ပြီးဆုံးသွားတဲ့ အဲဒီအစည်းအဝေးနဲ့ ပတ်သက်လို့ UNFC အထွေထွေ အတွင်းရေးမှူး ဦးခူးရယ်က အာရ်အက်ဖ်အေသတင်းဌာနကို ရှင်းပြခဲ့ရာမှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းကိစ္စ၊ '၀' သွေးစည်း




'ဝ' အဖွဲ့ခေါင်းဆောင် ဦးပေါက်ယိုချန်း

ညီညွတ်ရေးပါတီ (UWSP) က ပန်ဆန်း (ပန်ခမ်း) ဌာနချုပ်မှာ ကျင်းပ ပေးမယ့် တိုင်းရင်းသားထိပ်သီးညီလာခံ ကျင်းပရေးကိစ္စတွေ ပါဝင်တယ်လို့ ပြောပြခဲ့ပါတယ်။

'ဝ' သွေးစည်းညီညွတ်ရေးပါတီက ကမကထလုပ်ပြီး တိုင်းရင်း သား ထိပ်သီးညီလာခံကျင်းပမယ့်ကိစ္စက အခိုင်အမာ ဖြစ်လာတဲ့အခါကျ တော့ အစိုးရတပ်တွေနဲ့ တိုက်ပွဲဖြစ်နေတဲ့ ဖုန်ကြားရှင်ဦးစီး ကိုးကန့် လက် နက်ကိုင်တပ်ဖွဲ့ (MNDAA)၊ ရက္ခိုင်တပ်ဖွဲ့(AA)၊ တအာန်းပလောင် လွတ်မြောက်ရေးတပ်ဖွဲ့ (TNLA) တို့ကို အစည်းအဝေးမဖိတ်ဖို့ တားမြစ်ခဲ့ တယ်လို့ 'ဝ' သွေးစည်းညီညွတ်ရေးပါတီ ပြောခွင့်ရပုဂ္ဂိုလ်ဦးအောင်မြင့်က ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် နောက်ဆုံးမှာတော့ အဲဒီအဖွဲ့ ၃ ဖွဲ့ဟာ ပန်ဆန်းတိုင်းရင်း သားထိပ်သီးညီလာခံကို တက်ရောက်ခွင့်ရခဲ့ကြပါတယ်။ အစိုးရနဲ့ တစ်နိုင်ငံ လုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် လက်မှတ် ရေးထိုးခဲ့တဲ့ 'တစ်နိုင်ငံ လုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့' (NCCT) ထဲက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အတော်များများဟာ အဲဒီညီလာခံကို တက်ရောက်ကြမှာဖြစ်တဲ့အတွက် သူတို့ရဲ့ အဖွဲ့အစည်း အဝေးကို ရက်ရွှေ့ဆိုင်းခဲ့ပါတယ်။ အဲဒီလို ဝဒေသမှာလုပ်မယ့် တိုင်းရင်းသား

ထိပ်သီးညီလာခံ ကျင်းပမယ်ဆိုကတည်းက ပြည်တွင်းနိုင်ငံရေး ဆောင်းပါးရှင်အချို့က ဒီညီလာခံကြောင့် သမ္မတကြီးဦးသိန်းစိန် လက်မှတ်ရေးထိုးခဲ့တဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မူကြမ်းကို အဟန့်အတား ဖြစ်စေလိမ့်မယ်လို့ သုံးသပ်ရေးသားခဲ့ကြပါတယ်။

'ဝ' သွေးစည်းညီညွတ်ရေးပါတီက ဦးစီးကျင်းပတဲ့ တိုင်းရင်းသား ထိပ်သီးညီလာခံကို မေလ ၁ ရက်နေ့မှာ စတင်ကျင်းပခဲ့ပြီး ညီလာခံအဖွင့်အမှာစကားကို 'ဝ' သွေးစည်းညီညွတ်ရေးပါတီ အတွင်းရေးမှူးချုပ်လည်းဖြစ်၊ 'ဝ' သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ စစ်သေနာပတိချုပ်လည်းဖြစ်၊ ဝနယ်ပြည်သူ့အစိုးရဥက္ကဋ္ဌလည်း ဖြစ်တဲ့ 'ပေါက်ယိုချန်း' က ပြောကြားခဲ့ရာမှာ "လက်နက်ကိုင်တိုက်ပွဲတွေ မရပ်ဘူးဆိုရင်၊ မရပ်နိုင်သေးသမျှ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဆိုတာ စက္ကူပေါ်မှာ ရေးထားတဲ့ စာသားတွေပဲ ဖြစ်သွားလိမ့်မယ်" လို့ ထည့်သွင်းပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့ပါတယ်။ အဲဒီညီလာခံမှာ တက်ရောက်ခဲ့ကြတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေကတော့ (၁) ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO)၊ (၂) ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ (၃) ကရင်အမျိုးသားအစည်းအရုံး (KNU)၊ (၄) ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF)၊ (၅) ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ (၆) မွန်ပြည်သစ်ပါတီ (NMSP)၊ (၇) မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ် တပ်မတော် (MNDAA)၊ (၈) ရက္ခိုင့်တပ်မတော် (AA)၊ (၉) ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ (၁၀) ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)၊ (၁၁) ရှမ်းပြည်နယ်အရှေ့ပိုင်း အမျိုးသားဒီမိုကရေစီမဟာမိတ် တပ်ဖွဲ့ (NDAA) နဲ့ (၁၂) 'ဝ' ပြည်နယ်သွေးစည်းညီညွတ်ရေးပါတီ (UWSP) တို့ ဖြစ်ကြပါတယ်။ အဲဒီအဖွဲ့ ၁၂ ဖွဲ့ရဲ့ ထိပ်သီးခေါင်းဆောင်ကိုယ်စားလှယ်တွေနဲ့ လေ့လာသူတွေ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့တယ်လို့ ဆိုပါတယ်။ အစောပိုင်းတုန်းက ၃ ရက် ကျင်းပမယ်လို့ သတင်းထွက်ခဲ့ပေမယ့် တကယ်တမ်း ကျင်းပတဲ့အခါ ၆ ရက်ကျင်းပခဲ့ပြီး မေလ ၆ ရက်နေ့ကျမှ ပြီးဆုံးခဲ့ပါတယ်။ အဲဒီ မေလ ၆ ရက်နေ့မှာ 'တိုင်းရင်းသား

လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ မျက်နှာစုံညီ အစည်းအဝေး ထုတ်ပြန်ကြေညာချက်' ဆိုတဲ့ခေါင်းစဉ်နဲ့ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာချက်မှာ အချက် ၁၂ ချက် ပါဝင်ပါတယ်။ (ညီလာခံကျင်းပနေစဉ်အတွင်း ကိုးကန့်အဖွဲ့၊ တအာန်းပလောင်အဖွဲ့၊ ရက္ခိုင်အဖွဲ့ ၃ ဖွဲ့က သူတို့အဖွဲ့ဝင်အဖြစ် ပါဝင်ထားတဲ့ 'တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့' (NCCT) ဟာ သူတို့အဖွဲ့တွေ အစိုးရတပ်တွေနဲ့ တိုက်ပွဲဖြစ်နေတုန်း တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်မူကြမ်းကို လက်မှတ်ရေးထိုးခဲ့တာကို ကန့်ကွက်တဲ့အနေနဲ့ အဖွဲ့ဝင်အဖြစ်က နုတ်ထွက်မယ်လို့ တင်ပြထားပါတယ်။ အဲဒီအချက်ကိုတော့ ကြေညာချက်မှာ ထည့်သွင်းဖော်ပြခြင်း မရှိခဲ့ပါဘူး။)

အဲဒီအချက် ၁၂ ချက်မှာ ပြည်တွင်းနိုင်ငံရေးဆောင်းပါးရှင်တချို့ ကြိုတင်သုံးသပ်ခဲ့သလို တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မူကြမ်းကို အဟန့်အတားဖြစ်စေတဲ့ အချက်တွေက ရှေ့ဆုံးက ပါဝင်လာပါတယ်။ ဆိုလိုတာက လက်ရှိလက်မှတ်ထိုးထားကြတဲ့ တိုင်းရင်းသားအဖွဲ့ ၁၆ ဖွဲ့သာမက တိုက်ပွဲဖြစ်နေတဲ့အဖွဲ့တွေကိုပါ ပါဝင်စေချင်တာ ဖြစ်ပါတယ်။ ကချင်ဒေသ၊ တအာန်းဒေသ၊ ကိုးကန့်ဒေသနဲ့ ရခိုင်ဒေသတွေမှာ အစိုးရစစ်တပ်က ဆင်နွှဲနေတဲ့ထိုးစစ်တွေကို ရပ်တန့်ဖို့လည်း တောင်းဆိုထားပါတယ်။ ဒါဟာ သဘောတူညီချက်မူကြမ်းကို လက်မှတ်ရေးထိုးခဲ့သူတွေ ပြန်စဉ်းစားသွားလောက်တဲ့ အချက်တွေ ဖြစ်ပါတယ်။

ကြေညာချက်မှာ အလေးအနက်ထား ဖော်ပြခဲ့တာကတော့ ပြည်ထောင်စုကနေ 'ခွဲမထွက်ရေး' ဆိုတဲ့အချက် ဖြစ်ပါတယ်။ ''ဗမာမဟုတ်သော တိုင်းရင်းသားအသီးသီး နေထိုင်ကြသော နယ်မြေများသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အစိတ်အပိုင်းများ ဖြစ်သည်နှင့်အညီ စစ်မှန်သော ဒီမိုကရက်တစ်ပြည်ထောင်စုအတွင်းမှ ခွဲထွက်မည်မဟုတ်ဘဲ အတူတကွ စုပေါင်းနေထိုင်ကြမည်'' လို့ ရေးသားထားပါတယ်။ ဒီအချက်က 'ပြည်ထောင်စု မပြိုကွဲရေး' ဆိုတဲ့ အစိုးရစစ်တပ်က ထမ်းဆောင်နေတဲ့ တာဝန်ကြီးတစ်ရပ်ကို ထောက်ခံထားတဲ့အချက် ဖြစ်ပါတယ်။

ဒါပေမယ့် အဲဒီကြေညာချက်ထဲမှာ လက်ရှိ '၂၀၁၀ အစိုးရ' က အားပြုအုပ်ချုပ်နေတဲ့ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ပေးဖို့ တောင်းဆိုထားပါတယ်။ ၂၀၀၈ အခြေခံဥပဒေပြင်ပြီး ဖယ်ဒရယ်ပြည်ထောင်စုနိုင်ငံတော် ထူထောင်ဖို့ပါ။ ဒီတောင်းဆိုချက်ကတော့ လက်ရှိ '၂၀၁၀ အစိုးရ' က လက်ခံဆောင်ရွက်ဖို့ ခက်ခဲမယ့်သဘော ရှိပါတယ်။ ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ရေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်တဲ့ ဒီမိုကရေစီအင်အားစုတွေက တောင်းဆိုခဲ့တာ ကြာပါပြီ။ အခုထိ ဟိုလိုလို ဒီလိုလိုပဲ ဖြစ်နေသေးတာပါ။

အဲဒီကြေညာချက်ပါ အချက် ၁၂ ချက်မှာ တခြားတိုင်းရင်းသား လက်နက်ကိုင်တွေနဲ့ တိုက်ရိုက်မပတ်သက်ဘဲ ဝအဖွဲ့နဲ့သာ တိုက်ရိုက်သက်ဆိုင်တဲ့ အချက်တစ်ချက် ပါလာပါတယ်။ အဲဒါကတော့ ဝပြည်နယ်တောင်းဆိုမှုနဲ့ ပတ်သက်လို့ ညီလာခံတက်ခဲ့တဲ့ အဖွဲ့အစည်းအများစုက နားလည်ထောက်ခံကြတယ်လို့ ဖော်ပြထားတဲ့အချက်ပါ။ အများစုက နားလည်ထောက်ခံပေးတယ်ဆိုတော့ နားလည်မပေး၊ ထောက်ခံမပေးတဲ့အဖွဲ့တွေ ရှိနေသေးတယ်ဆိုတာ ပေါ်လွင်နေပါတယ်။ ဒီအချက်ကတော့ အငြင်းပွားစရာ အချက်တစ်ချက်အဖြစ် ဆက်လက်တည်ရှိနေမှာပါ။ ဒီအချက်နဲ့ ပတ်သက်လို့ ၂၀၀၈ အခြေခံဥပဒေကို ဖက်တွယ်နေသူများက လုံးဝ လက်ခံနိုင်ဖွယ် မရှိပါဘူး။ ၂၀၀၈ အခြေခံဥပဒေမှာက ရှမ်းပြည်နယ်အတွင်းက ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်၊ ပန်ဆန်း (ပန်ခမ်း) မြို့နယ်ဆိုတဲ့ ၆ မြို့နယ်ကို ခရိုင် ၂ ခု ခွဲပြီး 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ် သတ်မှတ်ပေးထားတာ ဖြစ်ပါတယ်။ အခြေအနေအမှန်ကို အမှန်အတိုင်း ကြည့်မြင်တတ်ပြီး အတွေးအခေါ် လွတ်လပ်သူများသာ လက်ခံဖွယ်ရှိပါတယ်။ ဒီအချက်နဲ့ ပတ်သက်လို့ ဧရာဝတီသတင်းထောက် 'ကျော်ခ' က လူပုဂ္ဂိုလ်အချို့ရဲ့ သဘောထားကို ဆက်သွယ်မေးမြန်းပြီး မေလ ၆ ရက်နေ့ထုတ် ဧရာဝတီသတင်းစာစောင်မှာ ဖော်ပြပေးခဲ့ပါတယ်။ အတော်များများက လက်မခံနိုင်တဲ့ဘက်ကနေ အဖြေပေးခဲ့ကြတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းဆိုရင် တိုင်းပြည်အစိတ်စိတ်အမွှာမွှာ ကွဲသွားလိမ့်မယ်လို့ ထိတ်လန့်တကြား

ပြောခဲ့တယ်။ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနဲ့ ပွင့်လင်းလူ့အဖွဲ့အစည်းက တိုင်းရင်းသားရေးရာတာဝန်ခံ ကိုမြအေးကတော့ သမာသမတ်ကျတဲ့ နည်းလမ်းကို ဖြေကြားသွားခဲ့ပါတယ်။ "ကျွန်တော်တို့ သဘောထားဆိုတာထက်ဗျာ၊ တိုင်းရင်းသားတွေအားလုံး အထူးသဖြင့် 'ဝ' ဒေသက ရှမ်းပြည်နယ်ထဲမှာ ရှိနေတာဗျာ၊ ဆိုတော့ ရှမ်းတိုင်းရင်းသားတွေနဲ့ 'ဝ' တိုင်းရင်းသားတွေနဲ့ ရှမ်းပြည်နယ်ဆိုင်ရာ ညှိနှိုင်းရမယ့်ကိစ္စလို့ မြင်တယ်ဗျ။ အရင်ဦးဆုံးလေ၊ နှစ်ဖက်ပြေလည်ပြီးတဲ့အခါကျတော့မှ နိုင်ငံလုံးဆိုင်ရာ အစည်းအဝေးကြီးက ဆုံးဖြတ်မှာဗျ။ နိုင်ငံလုံးဆိုင်ရာ ဆွေးနွေးပွဲကနေပြီးတော့မှ ကျေနပ်ရင်ကျေနပ်သလို ဆုံးဖြတ်ရမယ့်ကိစ္စတွေလို့ မြင်ပါတယ်၊ ရှမ်းပြည်နယ်ဆိုတာ ပြည်နယ်ကြီးဖြစ်တယ်ဗျာ၊ ပြည်နယ်ကြီးထဲမှာမှ 'ဝ' က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရထားတယ်ဗျာ၊ ပအိုးဝ်လည်း ရထားတာ ရှိတယ်ဗျာ၊ အစရှိသည်ပေါ့ဗျာ၊ ခုနပြောသလို ဒီနေရာမှာတော့ ညှိနှိုင်းဆွေးနွေးပြီးတော့မှ ကျေလည်တဲ့အခါ ပြေလည်တဲ့အဖြေတစ်ခု ထွက်လာတဲ့အပေါ်မှာ မူတည်ပြီး စဉ်းစားဆုံးဖြတ်ရမယ့်ကိစ္စလို့ မြင်ပါတယ်၊ အထူးသဖြင့်တော့ဗျာ၊ တစ်ဖက်တည်းမှာရှိနေတဲ့ တိုင်းရင်းသားအချင်းချင်း ညှိနှိုင်းဖြေရှင်းတာ ပိုကောင်းတယ်လို့ မြင်ပါတယ်" လို့ သူက ဖြေကြားခဲ့ပါတယ်။

ဘာပဲဖြစ်ဖြစ် မေ ၁-၆ တိုင်းရင်းသားထိပ်သီးညီလာခံရဲ့ ကြေညာချက်ဟာ တိုင်းရင်းသားတွေကို လမ်းကြောင်းတစ်ခုတော့ မီးမောင်းထိုးပြခဲ့ပါတယ်။ ဒီထိုးပြခဲ့တဲ့မီးမောင်းက မတ်လ ၃၁ ရက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မူကြမ်းအပေါ် ဘယ်လောက်အထိ ရိုက်ခတ်သလဲဆိုတာကတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ မူကြမ်းကို မူချောဖြစ်အောင်လုပ်တဲ့အခါ ဘယ်လိုအချက်အလက်တွေ ထပ်တိုးလာမလဲ၊ အဲဒီလို ထပ်တိုးအချက်အလက်တွေကြောင့် မူချောလက်မှတ်ရေးထိုးရေးဟာ အချိန် ပိုကြာသွားနိုင်သလားဆိုတာပါ။

၂၀၁၀ အစိုးရ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ဟာ လာအို-မြန်မာ ချစ်ကြည်ရေးတံတားဖွင့်ပွဲအတွက် ခရီးထွက်ရင်း မေလ ၈ ရက်နေ့ ကျိုင်းတုံမှာ ခဏနားတုန်း ဝအဖွဲ့၊ မိုင်းလားအဖွဲ့(NDAA)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီတို့က ခေါင်းဆောင်တချို့နဲ့ မွန်းလွဲ ၂ နာရီ

ကနေ ညနေ ၄ နာရီ ၄၀ မိနစ်အထိ တွေ့ဆုံခဲ့ပါတယ်။ အဲဒီအဖွဲ့ ၃ ဖွဲ့ကို သီးခြားစီ တွေ့ဆုံခဲ့တာဖြစ်ပြီး တွေ့ဆုံစဉ်မှာ 'လက်ရှိကျန်ရှိနေတဲ့ သမ္မတသက်တမ်း ကာလအတွင်း တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးချင်တာမို့ တိုက်တိုက်တွန်းတွန်း လုပ်ပေးကြပါ' လို့ပြောခဲ့ကြောင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီက ဗိုလ်မှူးကြီးစိုင်းငင်းက ဗီအိုအေသတင်းထောက် မေခကို ပြောပြခဲ့ပါတယ်။

သမ္မတကြီး ဦးသိန်းစိန်နဲ့ တွေ့ဆုံစဉ်မှာ 'ပေါက်ယိုယိ' ဦးဆောင်တဲ့ ဝအဖွဲ့ (ခေါင်းဆောင် ၃ ဦး) က ပန်ဆန်းညီလာခံဖြစ်စဉ်တွေကို ရှင်းပြတဲ့ အကြောင်း၊ အပစ်အခတ်ရပ်စဲရေးမလုပ်နိုင်သေးတဲ့အဖွဲ့တွေကို တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ် (Nationwide Ceasefire Agreement-NCA) မှာ ပါဝင်လာအောင် တိုက်တွန်းသွားမယ်လို့ ပြောဆိုခဲ့ကြောင်း၊ ပြည်နယ်ကိစ္စ ထည့်ပြောမသွားကြောင်း သမ္မတပြောခွင့်ရ ပုဂ္ဂိုလ် ဦးရဲထွဋ်က သတင်းမီဒီယာတွေကို ပြောပြခဲ့ပါတယ်။ မိုင်းလားအဖွဲ့ကတော့ ဦးစိုင်းလင်းနဲ့ဇနီး လာရောက်တွေ့ဆုံခဲ့တာပါ။ မိုင်းလားအဖွဲ့ကလည်း NCA နဲ့ ပတ်သက်တာသာ ပြောဆိုခဲ့ပြီး ဦးစိုင်းလင်းဇနီးဟာ ဖုန်ကြားရှင်ရဲ့ သမီးဖြစ်တာမို့ မိသားစုအရေးတွေ ပြောဆိုခဲ့ကြောင်း ဦးရဲထွဋ်က ရှင်းပြခဲ့ပါတယ်။ မိသားစုကိစ္စတွေမို့ သူ့မှာ ပြောပိုင်ခွင့်မရှိဘူးလို့ ဆိုပါတယ်။

သေချာတာကတော့ သမ္မတကြီးဦးသိန်းစိန်အနေနဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ်ကို အမြန် လက်မှတ်ထိုးချင်ပုံ ရပါတယ်။ ဒါကြောင့် အထက်ပါအဖွဲ့ ၃ ဖွဲ့ကို ခေါ်ယူတွေ့ဆုံ တိုက်တွန်းခဲ့တာပါ။ ဒါပေမယ့် အဲဒီလို အမြန်ထိုးချင်တယ်ဆိုရင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ်မှာ နှစ်ဆင့်ဖြစ်သွားပါလိမ့်မယ်။ လက်ရှိ မူကြမ်းလက်မှတ်ရေးထိုးထားပြီးသား တိုင်းရင်းသားအဖွဲ့ ၁၆ ဖွဲ့ကတစ်ဆင့်၊ ကျန်တဲ့ (တိုက်ပွဲဆက်ဖြစ်နေသေးတဲ့) တိုင်းရင်းသားအဖွဲ့တွေကတစ်ဆင့် စုစုပေါင်းနှစ်ဆင့် ဖြစ်သွားနိုင်ပါတယ်။ (ဝအဖွဲ့နဲ့ မိုင်းလားအဖွဲ့ကတော့ အပစ်အခတ်ရပ်စဲထားတာ ၂၅ နှစ်လောက် ရှိခဲ့ပြီဆိုတော့ သူတို့က နိုင်ငံရေးဆွေးနွေးပွဲကျမှ တန်းပြီး ဝင်ထိုင်လိုက်ရုံဖြစ်ပါတယ်။)



**နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နဲ့ လက်ဆွဲနှုတ်ဆက်နေတဲ့**
**ဝအဖွဲ့ ဒုတိယခေါင်းဆောင် ဦးပေါက်ယိုယိ**

မေလ ၉ ရက်နေ့မှာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ရန်ကုန်မြို့ အင်းယားလိတ်ခ်ဟိုတယ်မှာ ကျင်းပတဲ့ 'ငြိမ်းချမ်းရေးနဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဆွေးနွေးပွဲ' အပြီးမှာ ဗီအိုအေသတင်းထောက် မေခရဲ့အမေးကို အခုလို ပြန်လည်ဖြေကြားခဲ့ပါတယ်။

"ကျွန်တော်တို့ ပထမအဆင့်အနေနဲ့က ၁၆ ဖွဲ့နဲ့ပဲ လုပ်ပါမယ်၊ နောက်အဖွဲ့တွေကတော့ ဒုတိယအဆင့်အနေနဲ့ပဲ ကျွန်တော်တို့ သွားပါမယ်၊ အဆင့်ခွဲထားပါတယ်၊ အခု စကားပြောနေတဲ့ ၁၆ ဖွဲ့ထဲမှာ ၁၅ ဖွဲ့နဲ့က ကျွန်တော်တို့က bilateral ရှိထားပြီးသားနဲ့ လက်မှတ်ရေးထိုးထားပြီး ဖြစ်တယ်၊ အဲဒီအဖွဲ့တွေနဲ့ တစ်ဆင့်တက်ပြီး Nationwide Ceasefire ac: NC ကို ကျွန်တော်တို့ ဆက်ပြီး ဆွေးနွေးနေတာ ဖြစ်ပါတယ်။ အခုနက ပြောတဲ့ ကိုးကန့်အဖွဲ့၊ ပလောင်အဖွဲ့၊ AA အဖွဲ့တွေက bilateral မဆွေးနွေးရသေးပါဘူး၊ bilateral ဆွေးနွေးတဲ့အခါမှာလည်း အချက်အလက်တွေ အများကြီး ထွက်လာပါတယ်၊ သူတို့ကို စောင့်ပြီးခေါ်မယ်ဆိုရင် ငြိမ်းချမ်းရေး ကြာနေလိမ့်မယ်၊ ဆွေးနွေးနေတဲ့ ၁၆ ဖွဲ့နဲ့ပဲ ရှေ့ကနေ ဆက်ပြီးတော့ ပထမအဆင့်အနေနဲ့ သွားပါမယ်၊ ကျန်တဲ့အဖွဲ့တွေကတော့ bilateral ဆိုတဲ့



နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နဲ့ တွေ့ဆုံနေတဲ့
မိုင်းလားအဖွဲ့ခေါင်းဆောင် ဦးစိုင်းလင်းနဲ့ ဇနီး

အဆင့် ခံနေတဲ့အတွက် သူတို့က နောက်ဒုတိယအဆင့်အနေနဲ့ ကျွန်တော်တို့က ဆောင်ရွက်ဖို့ရှိပါတယ်" လို့ ဖြေကြားခဲ့တာ ဖြစ်ပါတယ်။

တကယ်တော့ အဲဒီလိုသာ အဆင့်နှစ်ဆင့်ခွဲမယ်ဆိုရင် မြန်မာပြည်ရဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုဟာ နှစ်ခြမ်းကွဲသွားမှာ ဖြစ်ပါတယ်။ မြန်မာပြည်အောက်ပိုင်း ငြိမ်းချမ်းရေးကြိုးပမ်းမှုနဲ့ မြန်မာပြည်မြောက်ပိုင်း ငြိမ်းချမ်းရေးကြိုးပမ်းမှုတို့ပဲ ဖြစ်ပါတယ်။ မြန်မာပြည်အောက်ပိုင်း ငြိမ်းချမ်းရေးကြိုးပမ်းမှုက အပစ်အခတ်ရပ်စဲထားပြီး ဖွံ့ဖြိုးရေးတွေ လုပ်နေတဲ့အချိန်မှာ မြန်မာပြည်မြောက်ပိုင်းငြိမ်းချမ်းရေးကြိုးပမ်းမှုက အပြန်အလှန်နားလည်မှု မရကြလို့ စစ်ပွဲတွေ ဆက်ဖြစ်နေဦးမှာပါ။ အပစ်အခတ်ရပ်ထားတဲ့နယ်မြေနဲ့ စစ်ဖြစ်နေတဲ့နယ်မြေဆိုပြီး နယ်မြေတွေလည်း နှစ်မျိုးနှစ်စား ဖြစ်သွားပါလိမ့်မယ်။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံလို့ရတဲ့နယ်မြေနဲ့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံလို့မရတဲ့နယ်မြေဆိုပြီး နှစ်မျိုးကွဲသွားပါလိမ့်မယ်။ ကမ္ဘာလှည့်ခရီးသည်တွေ လည်ပတ်လို့ရတဲ့နယ်မြေနဲ့ လည်ပတ်လို့မရတဲ့နယ်မြေဆိုပြီး ကွဲပြားသွားပါလိမ့်မယ်။


ဒါပေမယ့် အဲဒီလို အဆင့်နှစ်ဆင့်ခွဲလို့ ရမရဆိုတာကတော့ 'တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့' ရဲ့ ထိပ်သီး အစည်းအဝေးကအဖြေကို စောင့်ဆိုင်းရဦးမှာ ဖြစ်ပါတယ်။

**Political Comments page in Facebook, 19th May 2015**

❖ ❖ ❖

# အစိုးရက လက်လွတ်မခံသင့်တဲ့ လော်ခီးလာ ငြိမ်းချမ်းရေးခေါ်သံ

၂၀၁၀ အစိုးရဟာ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းခဲ့ပါတယ်။ ကြိုးပမ်းခဲ့တဲ့အတိုင်းလည်း ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာ 'တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်' (Nationwide Ceasefire Agreement-NCA) မူကြမ်းကို ရန်ကုန်မြို့မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့နဲ့ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ မူကြမ်းလက်မှတ်ရေးထိုးပွဲအပြီးမှာ မူချောကို အမြန်ဆုံးလက်မှတ်ရေးထိုးချင်တဲ့အတွက် သမ္မတကြီးဦးသိန်းစိန်က ၂၀၁၅ ခုနှစ် မေလ ၈ ရက်နေ့ကျိုင်းတုံမှာ ဝအဖွဲ့၊ မိုင်းလားအဖွဲ့ (NDAA) နဲ့ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီတို့ကို ခေါ်ယူတွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံစဉ်မှာ 'လက်ရှိကျန်ရှိနေတဲ့ သူ့သမ္မတသက်တမ်းကာလအတွင်း တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးချင်တာမို့ တိုက်တိုက်တွန်းတွန်း လုပ်ပေးကြပါ' လို့ ပြောခဲ့ကြောင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီက ဗိုလ်မှူးကြီးစိုင်းငင်းက ဗီအိုအေသတင်းထောက်မေခကို ပြောပြခဲ့ပါတယ်။ သမ္မတကြီးကသာ အမြန်ဆုံး လက်မှတ်ရေးထိုးချင်ပေမယ့် တပ်မတော်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့နဲ့ တိုက်ပွဲတွေ ဆက်ဖြစ်နေခဲ့ပါတယ်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး မဟုတ်တော့ဘဲ နိုင်ငံတစ်စိတ်တစ်ပိုင်း အပစ်အခတ်ရပ်စဲရေး ဖြစ်နေပါတယ်။ အဲသလိုအစိတ်အပိုင်းခွဲပြီး လုပ်သွားချင်တဲ့



'လော်ခီးလာ' အစည်းအဝေးကို တက်ရောက်လာကြတဲ့
နိုင်ငံတကာက လေ့လာသူတွေ

ရည်ရွယ်ချက်ရှိကြောင်းကိုလည်း ''ကျွန်တော်တို့ ပထမအဆင့်အနေနဲ့က ၁၆ ဖွဲ့နဲ့ပဲ လုပ်ပါမယ်၊ နောက်အဖွဲ့တွေကတော့ ဒုတိယအဆင့်အနေနဲ့ပဲ ကျွန်တော်တို့ သွားပါမယ်၊ အဆင့်ခွဲထားပါတယ်'' လို့ မေလ ၉ ရက်နေ့မှာ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းက ရန်ကုန်မြို့၊ အင်းယား လိတ်ခ်ဟိုတယ်မှာ ကျင်းပတဲ့ 'ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဆွေးနွေးပွဲ' အပြီး ဗီအိုအေသတင်းထောက် မေခကို ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် အဲဒီလို အဆင့်နှစ်ဆင့်ခွဲလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အတော်များများက သဘောကျပုံ မရပါဘူး။ တစ်ဖက်ကို အပစ်အခတ်ရပ်စဲထားပြီး တစ်ဖက်ကို ဖိတိုက်နေမယ်ဆိုရင် အတိုက်ခံရတဲ့ တိုင်းရင်းသားတွေ နစ်နာတယ်ဆိုတဲ့ အတွေးအမြင်ကြောင့်ပါ။ ဒီအတွေးအမြင် ပေါ်ပေါက်လာတာကြည့်ခြင်းအားဖြင့် တိုင်းရင်းသားတွေဟာ အချင်းချင်း စာနာထောက်ထားမှုရှိကြတယ်ဆိုတာ သိသာထင်ရှားလာပါတယ်။ ဒါ့ကြောင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး

သဘောတူညီချက်မူကြမ်းအပေါ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အားလုံးက ထိပ်သီးခေါင်းဆောင်တွေ ဝိုင်းဝန်းဆွေးနွေးကြဖို့အတွက် 'လော်ခီးလာ' အစည်းအဝေးကြီး ပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။

ကရင်အမျိုးသားအစည်းအရုံး (KNU) ထိန်းချုပ်နယ်မြေ၊ ဘားအံခရိုင်၊ 'လော်ခီးလာ' ဒါမှမဟုတ် လေးဝါးဒေသမှာ ကျင်းပတဲ့အတွက် 'လော်ခီးလာတိုင်းရင်းသားညီလာခံ' လို့ ခေါ်ဆိုကြပါတယ်။ အဲဒီလော်ခီးလာ အစည်းအဝေးကြီးကို မူလက ဇွန်လ ၂ ရက်နေ့ကနေ ၆ ရက်နေ့အထိ ကျင်းပမယ်လို့ သတ်မှတ်ထားပေမယ့် တကယ်တမ်းကျတော့ ဆွေးနွေးမှုတွေ မပြီးပြတ်ခဲ့လို့ ရက်ထပ်တိုးပြီး ဇွန်လ ၉ ရက်နေ့ကျမှ အဆုံးသတ်ခဲ့ရပါတယ်။ အစည်းအဝေးကို 'တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့' (Nationwide Ceasefire Coordination Team-NCCT) ထဲမှာပါဝင်ခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့စလုံး တက်ရောက်ခဲ့ပါတယ်။ အဲဒီ ၁၆ ဖွဲ့ မှာ ပါဝင်တဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေကတော့ (၁) ရက္ခိုင့်တပ်မတော် (Arakan Army-AA) (၂) ရခိုင်လွတ်မြောက်ရေးပါတီ (Arakan Liberation Party-ALP) (၃) ရခိုင်အမျိုးသားကောင်စီ (Arakan National Council-ANC) (၄) ချင်းအမျိုးသားတပ်ဦး (Chin National Front-CNF) (၅) ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (Democratic Karen Benevolence Army-DKBA) (၆) ကချင်လွတ်လပ်ရေးအဖွဲ့ (Kachin Independence Organization-KIO) (၇) ကရင်အမျိုးသားအစည်းအရုံး (Karen National Union-KNU) (၈) ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (Karen National Union/ Karen National Liberation Army (Peace Council)-KNU/KNLAPC) (၉) ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (Karenni National Progressive Party-KNPP) (၁၀) လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (Lahu Democratic Union-LDU) (၁၁) မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (Myanmar National Democracy Alliance Army-MNDAA) (၁၂) မွန်ပြည်သစ်ပါတီ



'လော်ခီးလာ' တိုင်းရင်းသားညီလာခံမြင်ကွင်း

(New Mon State Party-NMSP) (၁၃) ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (Pa-O National Liberation Organization-PNLO) (၁၄) ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (Palaung State Liberation Front/Taang National Liberation Army-PSLF/TNLA) (၁၅) ရှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော် (Shan State Progressive Party/Shan State Army-SSPP/SSA) (၁၆) ဝအမျိုးသားအဖွဲ့ချုပ် (Wa National Organization-WNO) တို့ ဖြစ်ကြပါတယ်။ ဖော်ပြပါအဖွဲ့ ၁၆ ဖွဲ့အနက်မှ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ 'ကိုးကန့်အဖွဲ့' လို့ လူသိများနေတဲ့ မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်၊ ရက္ခိုင့်တပ်မတော်ဆိုတဲ့အဖွဲ့ ၃ ဖွဲ့ကတော့ ထိပ်သီးခေါင်းဆောင်တွေ တက်ရောက်မလာဘဲ ကိုယ်စားလှယ်အဖွဲ့သာ တက်ရောက်ခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီ 'အန်စီစီတီ' အဖွဲ့ ၁၆ ဖွဲ့အပြင် 'အန်စီစီတီ' အဖွဲ့ဝင်မဟုတ်တဲ့ 'မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး' (All Burma Students' Democratic Front-

ABSDF) ကလည်း ကိုယ်စားလှယ်ခေါင်းဆောင်တွေ တက်ရောက်ခဲ့ပါတယ်။

'အန်စီစီတီ' အဖွဲ့ဝင်မဟုတ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေဖြစ်တဲ့ ဝပြည်နယ်သွေးစည်းညီညွတ်ရေးတပ် (United Wa State Army-UWSA)၊ 'မိုင်းလားအဖွဲ့'လို့ လူသိများတဲ့ အမျိုးသားဒီမိုကရေ စီမဟာမိတ်တပ် (National Democratic Alliance Army) နဲ့ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (Restoration Council of Shan State/Shan State Army-RCSS/SSA) အဖွဲ့ ၃ ဖွဲ့ကတော့ တက်ရောက်ခြင်း မရှိပါဘူး။ ဝအဖွဲ့နဲ့ မိုင်းလားအဖွဲ့တို့ကတော့ အစိုးရနဲ့ အပစ်အခတ်ရပ်စဲထားတာ အနှစ်နှစ်ဆယ်ကျော် ကြာမြင့်နေပြီမို့ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲတွေမှာ ပါဝင်စရာမလိုဘဲ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ရောက်မှ ပါဝင်မယ်လို့ ခံယူထားကြတာမို့ မတက်ရောက်ကြတာပါ။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ မတက်ရောက်တာကတော့ တခြားအကြောင်းတွေ ရှိပုံရပါတယ်။ အဲဒီအဖွဲ့ဟာ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့က အစိုးရနဲ့ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ဖူးပါတယ်။ လက်မှတ်ထိုးပြီး ၂ နှစ်တာကာလအတွင်း အစိုးရတပ်တွေနဲ့ တိုက်ပွဲပေါင်း ၁၄၄ ကြိမ် ထပ်မံဖြစ်ပွားခဲ့တယ်လို့ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာ ကြေညာချက် ထုတ်ပြန်ဖူးပါတယ်။ ဒါပေမယ့် အဲဒီအဖွဲ့က လည်း အပစ်အခတ်ရပ်စဲရေးလှုပ်ရှားမှုကို ထောက်ခံကြောင်း ၂၀၁၅ ခုနှစ် ဖွန်လ ၃ ရက်နေ့မှာ သဘောထားကြေညာချက် ထုတ်ပြန်လိုက်ပါတယ်။

'ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖယ်ဒရယ်ကောင်စီ' (United Nationalities Federal Council-UNFC) ကိုယ်စားပြုအဖြစ် 'ယူအန်အက်ဖ်စီ' ဥက္ကဋ္ဌဖြစ်သူ ကေအိုင်အေဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘာန်လနဲ့ 'ယူအန်အက်ဖ်စီ' အထွေထွေအတွင်းရေးမှူးဖြစ်သူ ကရင်နီတိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌခူဦးရယ်တို့ တက်ရောက်ခဲ့ပါတယ်။

အဲဒီအစည်းအဝေးကြီးကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်မစ္စတာ ဗီဂျေနမ်ဘီးယား၊ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာဆွင်ကော်

ရှန်း၊ ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းက မစ္စတာယူဂျီမိုရီ တို့နဲ့တကွ လေ့လာသူတွေလည်း တက်ရောက်ခဲ့ပါတယ်။ ဒါကြောင့် ကမ္ဘာ့သိအစည်းအဝေးကြီးတစ်ရပ် ဖြစ်ပါတယ်။

လော်ခီးလာအစည်းအဝေးကြီးကနေ အများသဘောတူ ဆုံးဖြတ်ချက်ချမှတ်ရာမှာ အရေးအကြီးဆုံး ဆုံးဖြတ်ချက်ကတော့ လက်မှတ်ရေးထိုးထားပြီးသား 'တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မူကြမ်း' ကို အစိုးရနဲ့ အပြီးသတ်ညှိနှိုင်းဖို့အတွက် 'တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့' (Senior Delegation for Nationwide Ceasefire Negotiation) ကို ဖွဲ့စည်းလိုက်တာဖြစ်ပါတယ်။ အဖွဲ့ဝင် ၁၅ ဦး ပါဝင်ပြီး 'ကေအန်ယူ' ဒုတိယဥက္ကဋ္ဌ နော်စီဖိုးရာစိန်ကို အဖွဲ့ခေါင်းဆောင်အဖြစ် ရွေးကောက်တင်မြှောက်လိုက်ကြပါတယ်။ ကေအိုင်အိုအထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာက ဒုတိယအဖွဲ့ခေါင်းဆောင် (၁) အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ချင်းအမျိုးသားတပ်ဦး အထွေထွေအတွင်းရေးမှူးချုပ် ပူးဇင်ကျုံးက ဒုတိယအဖွဲ့ခေါင်းဆောင် (၂) အဖြစ် ရွေးကောက်တင်မြှောက်ခံရပါတယ်။

အဲဒီအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ကိုယ်စားလှယ် ၃ ဦး ယပ်မံရွေးချယ်ပြီး အစိုးရရဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (Union Peace-Making Work Committee-UPWC) နဲ့ ဇွန်လ ၂၂ ရက်နေ့မှာ ရန်ကုန်မြို့မှာ အလွတ်သဘောတွေ့ဆုံဖို့ စေလွှတ်ခဲ့ပါတယ်။ စေလွှတ်ခြင်းခံရတဲ့ အဆင့်မြင့်ကိုယ်စားလှယ် ၃ ဦးဟာ 'အန်စီစီတီ' အဖွဲ့ခေါင်းဆောင် မွန်ပြည်သစ်ပါတီဒုတိယဥက္ကဋ္ဌ နိုင်ဟံသာ၊ 'အန်စီစီတီ' ဒုတိယခေါင်းဆောင် ကေအန်ယူ အထွေထွေအတွင်းရေးမှူး ဖဒိုစောကွယ်ထူးဝင်း၊ ရခိုင်အမျိုးသားကောင်စီက ကိုထွန်းဇော်တို့ ဖြစ်ကြပါတယ်။ အစိုးရရဲ့ ငြိမ်းချမ်းရေးကော်မတီဘက်ကနေ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ တပ်မတော်ကိုယ်စားလှယ် ဒုဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီတို့ ဦးဆောင်ပြီး တွေ့ဆုံခဲ့တယ်လို့ သိရပါတယ်။ အဲဒီ ဇွန်လ ၂၂ ရက် အလွတ်သဘောတွေ့ဆုံမှုပြီးနောက် ဇွန်လ ၂၃ ရက်နေ့မှာ တိုင်းရင်းသား



**အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်**
**'ကေအန်ယူ' ဒုတိယဥက္ကဋ္ဌ နော်စီဖိုးရာစိန် (ရပ်နေသူ)**

တွေရဲ့ အဆင့်မြင့်ကိုယ်စားလှယ် ၃ ဦးက ရန်ကုန်မြို့ Green Hill hotel မှာ သတင်းစာရှင်းလင်းပွဲ လုပ်ခဲ့ပါတယ်။ အဲဒီသတင်းစာရှင်းလင်းပွဲမှာ အစိုးရရဲ့ သဘောထားအချို့ကို ရှင်းပြခဲ့ပြီး လာမယ့် ဇူလိုင်လ ပထမပတ်လောက်မှာ အစိုးရရဲ့ ငြိမ်းချမ်းရေးကော်မတီနဲ့ ပြန်လည်တွေ့ဆုံညှိနှိုင်းသွားဖို့ရှိတယ်လို့ ပြောခဲ့ပါတယ်။ ဇူလိုင်လအတွင်း ညှိနှိုင်းမှု မပြီးဆုံးသေးရင် ရွေးကောက်ပွဲကျင်းပပြီးနောက်မှ ဆက်လက်ညှိနှိုင်းသွားဖို့ စီစဉ်ထားတယ်လို့လည်း ပြောသွားပါတယ်။ ဒါဟာ ၂၀၁၆ အစိုးရနဲ့ပါ ဆက်လက်ညှိနှိုင်းသွားမယ်ဆိုတဲ့ သဘောထားဖြစ်ပါတယ်။ ဦးသိန်းစိန်အစိုးရရဲ့ သာမက ဘယ်သူဘယ်ဝါ သမ္မတဖြစ်မယ်မှန်းမသိသေးတဲ့ နောင်လာမယ့် အစိုးရနဲ့ပါ ဆက်လက်ညှိနှိုင်းသွားမယ်ဆိုတဲ့ ပြင်းပြတဲ့ဆန္ဒကို ဖော်ပြနေတာ ဖြစ်ပါတယ်။

တကယ်တမ်းမှာလည်း 'တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်' ဆိုတာ ဖုတ်ပူမီးတိုက်လုပ်လို့ မဖြစ်ပါဘူး။ ဒီသဘောတူညီချက်မှာ သဘောတူထားတဲ့အချက်တွေဟာ နောင်လာမယ့် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ရောက်တဲ့အခါ အရေးပါတဲ့အချက်တွေအဖြစ် ဆွေးနွေးကြရတော့မှာဖြစ်ပါတယ်။ ပြီးလွယ်စီးလွယ် လက်မှတ်ထိုးလိုက်ကြရင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးလိုက်၊ ပြန်တိုက်လိုက်နဲ့ ဖြစ်နေနိုင်ပါတယ်။ အပစ်အခတ်

ရပ်စဲ ရေးလက်မှတ်ထိုးပြီးမှ ပြန်တိုက်နေကြတယ်ဆိုရင် အပစ်အခတ်ရပ်စဲတဲ့ အတွက် ငြိမ်းချမ်းရေးခြေလှမ်း စပြီဆိုပြီး ငြိမ်းချမ်းရေးရန်ပုံငွေအဖြစ် ဝမ်းပန်းတသာ ငွေကြေးအကူအညီပေးကြတဲ့ ပြင်ပနိုင်ငံတွေကိုလည်း အားနာဖို့ ကောင်းပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေဘက်ကတော့ သူတို့လိုလားတဲ့ 'တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်' ကို လော်ခီးလာအစည်းအဝေးကြီးမှာ ပြင်ဆင်ဖြည့်စွက်လိုတဲ့ အချက်တွေနဲ့တကွ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်အတည်ပြုပြီးကြပါပြီ။ ဒီလို တစ်ညီ တစ်ညွတ်တည်း ဆုံးဖြတ်အတည်ပြုနိုင်တာဟာလည်း သမိုင်းမှာ မှတ်တမ်းတင်လောက်ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးက တစ်ညီတစ်ညွတ်တည်း အပစ်အခတ်ရပ်စဲချင်ကြတယ်ဆိုတာ ရတောင့်ရခဲ ကြုံတောင့်ကြုံခဲ အခွင့်အလမ်းကြီးတစ်ရပ် ဖြစ်ပါတယ်။ ဒီလိုအခွင့်အလမ်းကြီးကို အစိုးရအနေနဲ့ လက်လွှတ်မခံဘဲ 'တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး' အတွက် အားသွန်ခွန်စိုက် လုံးပန်းသင့်ပါတယ်။ အခုလက်ရှိအခြေအနေအရတော့ အစိုးရဘက်ကလည်း လက်လွှတ်မခံဘဲ ကြိုးစားနေပုံရပါတယ်။ ဇူလိုင်လ ၃ ရက်နေ့နဲ့ ၄ ရက်နေ့တွေမှာ ဦးအောင်မင်းခေါင်းဆောင်တဲ့ အစိုးရအဖွဲ့နဲ့ နော်စီဖိုးရာစိန် ခေါင်းဆောင်တဲ့ တိုင်းရင်းသားအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တို့ဟာ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့မှာ နှစ်ရက်ဆက်တိုက် ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးပွဲအပြီးမှာ အစိုးရအဖွဲ့ခေါင်းဆောင် ဦးအောင်မင်းက ချင်းမိုင်ဆွေးနွေးပွဲ အောင်မြင်တယ်လို့ မီဒီယာအဖွဲ့ကို ပြောပြခဲ့ကြောင်း ဒီဗီဘီသတင်းဌာနက သတင်းထုတ်ပြန်ခဲ့ပါတယ်။ ဇူလိုင်လ တတိယပတ်အတွင်း ရန်ကုန်မှာ ဆက်ဆွေးနွေးမယ်လို့လည်း ပြောခဲ့ကြောင်း သိရပါတယ်။ ငြိမ်းချမ်းရေးခရီးစဉ် ချောမွေ့ပါစေ။

စောင့်ကြည့်သတင်းဂျာနယ် (၁၄-၇-၂၀၁၅)


**Political Comments page in Facebook, 6th July 2015**

❖ ❖ ❖

## ဝ သွေးစည်းညီညွတ်ရေးပါတီ ဆိုတဲ့ ဝအဖွဲ့ ဘာလုပ်နေတာလဲ

၂၀၁၅ ခုနှစ်အတွင်းမှာ 'ဝ' သွေးစည်းညီညွတ်ရေးပါတီဆိုတဲ့ ဝအဖွဲ့ဟာ တော်တော်လေး နာမည်ထွက်လာပါတယ်။ နာမည်ထွက်ရခြင်း အကြောင်းရင်းတွေထဲမှာ အပေါ်လွင်ဆုံးအကြောင်းရင်းကတော့ မေလ ၁ ရက်နေ့မှာ တိုင်းရင်းသားထိပ်သီးညီလာခံကို ကမကထလုပ်ပြီး ကျင်းပပေးခဲ့လို့ ဖြစ်ပါတယ်။ အဲဒီညီလာခံကို မေလ ၆ ရက်နေ့အထိ ကျင်းပခဲ့ပြီး 'တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ မျက်နှာစုံညီအစည်းအဝေး ထုတ်ပြန်ကြေညာချက်' ဆိုတဲ့ ခေါင်းစဉ်နဲ့ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာချက်မှာပါဝင်တဲ့အဓိကအချက်ကတော့ ၂၀၀၈ အခြေခံဥပဒေပြင်ပြီး ဖယ်ဒရယ်ပြည်ထောင်စုနိုင်ငံတော် ထူထောင်ဖို့ပါ။ ဘာပဲဖြစ်ဖြစ် အဲဒီကြေညာချက်ဟာ တိုင်းရင်းသားတွေရဲ့ လိုလားချက်နဲ့ လမ်းကြောင်းကို မီးမောင်းထိုးပြနိုင်ခဲ့ပါတယ်။

ဝအဖွဲ့ဟာ အဲဒီလိုသမိုင်းဝင်တိုင်းရင်းသား ထိပ်သီးညီလာခံတစ်ခုကို ကမကထလုပ်ပြီး ကျင်းပပေးခဲ့တဲ့အတွက် သူတို့အဖွဲ့အတွက်လည်း အများကြီး အကျိုးရှိသွားခဲ့ပါတယ်။ အဲဒီညီလာခံရဲ့သတင်းယူဖို့ရာ မီဒီယာတွေကို ဖိတ်ကြားလိုက်တဲ့အတွက် ဝအဖွဲ့ထိန်းချုပ်နယ်မြေနဲ့ ပတ်သက်လို့ ပြည်တွင်းပြည်ပကို အသိပေးနိုင်တဲ့အခွင့်အလမ်း ရသွားပါတယ်။ ညီလာခံကျင်းပရာ





'ဝ' အဖွဲ့ထိန်းချုပ်နယ်မြေ မြေပုံ

ဝနယ် 'ပန်ခမ်း' (ပန်ဆန်း) မြို့ရဲ့ တိုးတက်စည်ပင်နေမှုဟာ သတင်းဓာတ်ပုံတွေ ဝေဝေဆာဆာနဲ့ စာစောင်တွေမှာ နေရာရသွားပါတယ်။ တိုက်တာအဆောက်အဦတွေ၊ ကတ္တရာလမ်းတွေ၊ အထူးသဖြင့် လမ်းတွေမှာ အမှိုက်ကင်းစင်ပြီး သန့်ရှင်းသပ်ရပ်နေမှုဟာ ပြည်မက မြို့ကြီးတွေထက်တောင် သာလွန်နေတာတွေကို လူတိုင်းက အသိအမှတ်ပြုသွားရပါတယ်။ ဓာတ်ပုံတွေထဲမှာ တွေ့ရတဲ့ သန့်ရှင်းရေးဝန်ထမ်းတွေ၊ လုံခြုံရေးရဲ့ ဒါမှမဟုတ် ပုလိပ်တပ်ဖွဲ့ဝင်တွေ၊ အစည်းအဝေးအတွက် လုံခြုံရေးယူပေးနေတဲ့ စစ်သားတွေဟာလည်း သားနားတဲ့ယူနီဖောင်းတွေနဲ့ အထင်ကြီးလောက်စရာ ပေါ်လွင်နေပါတယ်။ ဘိန်းစိုက်ပြီး အသက်မွေးခဲ့တဲ့နယ်မြေကနေ ဘိန်းစိုက်ပျိုးမှုလုံးဝမရှိတော့ဘဲ ဘိန်းအစား လက်ဖက်၊ ကော်ဖီ အစရှိတဲ့ သီးနှံတွေ အစားထိုးစိုက်ပျိုးပြီး အသက်မွေးနေပြီဆိုတာကို မီဒီယာတွေကတစ်ဆင့် တင်ပြနိုင်ခဲ့ပါတယ်။ ချုပ်ပြောရရင်တော့ ဝနယ်ဟာ ဖွံ့ဖြိုးတိုးတက်နေပြီလို့

ထိထိရောက်ရောက် ဝါဒဖြန့်ချိနိုင်ခဲ့ပါတယ်။ ထင်ပေါ်အောင် လုပ်နိုင်ခဲ့ပါတယ်။

ထင်ပေါ်ရင် စင်တော်က ကောက်တယ်ဆိုတဲ့ ဆိုရိုးစကားရှိပါတယ်။ ဒါပေမယ့် အဲဒီဆိုရိုးစကားဟာ ရှင်ဘုရင်တွေခေတ်မှာ ကျန်ခဲ့ပြီ ထင်ပါတယ်။ ဒီနေ့ခေတ်မှာတော့ 'သစ်ပင်မြင့်လေ လေတိုက်လေ' ဆိုတဲ့စကားကပိုပြီး အံဝင်ခွင်ကျဖြစ်နေတာ တွေ့ရတယ်။ ဝအဖွဲ့ကို တိုက်လိုက်တဲ့လေတွေ တဝုန်းဝုန်း ဖြစ်သွားတယ်။ စာနယ်ဇင်းတွေမှာရော၊ 'ဖေ့စ်ဘွတ်ခ်' မှာပါ ဝအဖွဲ့ကို တိုက်တဲ့လေတွေ အတော်ပြင်းခဲ့တယ်။ စာနယ်ဇင်းတွေပေါ် တက်လာတဲ့လေက သိပ်မပြင်းလှပေမယ့် ဝအဖွဲ့ခေါင်းဆောင်တွေကို ဘိန်းဘုရင်တွေ၊ မူးယစ်ဆေးဝါးရာဇာတွေဆိုတဲ့ သဘောမျိုးပေါက်အောင် ရေးသားမှုတွေ ရှိလေတော့ အထိတော့နာတယ်။ ဒါ့ကြောင့်လည်း ဝအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဦးအောင်မြင့်က မေလ ၂၄ ရက်နေ့မှာ "ကျွန်တော်တို့က ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ တစ်လျှောက်လုံး မားမားမတ်မတ် ခိုင်ခိုင်မာမာ စွဲကိုင်ပြီးတော့ ရပ်တည်လာတဲ့ အဖွဲ့အစည်းဖြစ်တယ်၊ ကျွန်တော်တို့ ပန်ဆန်းအစည်းအဝေးပြီးတဲ့နောက်မှာ ပြည်တွင်းသတင်းတွေမှာ တော်တော့်ကို ရှုပ်ထွေးပြီးတော့ 'ဝ' ရဲ့ပန်ဆန်းအစည်းအဝေးရဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေကို သူ့အမြင်နဲ့သူ ဘာတွေညာတွေ အကုန်လုံးမဟုတ်တာတွေ လျှောက်ရေးတာတွေ သတင်းလွှင့်တာတွေ ရှိပါတယ်၊ ပန်ဆန်းအစည်းအဝေးက ဘိန်းကိစ္စ၊ မူးယစ်ကိစ္စ ဘာညာနဲ့ ဒါတွေက အလကားလျှောက်ပြီးတော့ ရေးတဲ့ကိစ္စတွေဖြစ်တယ်၊ တိုင်းရင်းသားခေါင်းဆောင်တွေအားလုံး ဒီမှာ ရှိနေကြတယ်၊ အားလုံးက နိုင်ငံရေးကိစ္စ ဆွေးနွေးနေကြတာဖြစ်တယ်၊ ငြိမ်းချမ်းရေးကိစ္စ အပစ်အခတ်ရပ်စဲရေးကိစ္စ ဆွေးနွေးနေကြတာ ဖြစ်တယ်၊ ဒါပေမယ့် အခုဖြစ်နေတဲ့ကိစ္စက တစ်ဖက်ကနေပြီးတော့ ရန်စနေတဲ့သဘောမျိုးလည်း တွေ့ရတယ်၊ ဒီကိစ္စကိုတော့ ကျွန်တော်တို့ ဝအဖွဲ့အစည်းအနေနဲ့ ဒီလိုရေးသားတဲ့ - - - ဆိုတဲ့ ကလောင်ရှင်ပေါ့ဗျာ၊ တရားစွဲဖို့ လူကြီးတွေရဲ့ ပြောဆိုမှုက ရှိနေ၊ ထွက်နေပါတယ်၊ ပြောရဲရင် အထောက်အထားရှိရမယ်၊ မဟုတ်တာတွေ လျှောက်ပြောရင် တာဝန်ယူရမယ်" လို့ ပြောကြားခဲ့တဲ့ အကြောင်း news-eleven.com မှာ ဖော်ပြခဲ့ပါတယ်။



'ဝ' အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ 'ဦးအောင်မြင့်'

ဝအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဦးအောင်မြင့်ရော၊ ဝအဖွဲ့ဝိုင်းတော်သားတွေပါ သတိမထားမိတာလား၊ မသိချင်ယောင်ဆောင်ပြီး ပြောနေတာလားမသိတာကတော့ ဝအဖွဲ့ကို ရန်စသလို၊ အပုပ်ချသလိုရေးထားတဲ့ ဆောင်းပါးဆိုတာက အစိုးရအာဘော်သတင်းစာထဲမှာ ပါခဲ့တာ ဖြစ်တယ်ဆိုတာပဲ။ အဲဒီတော့ အဲဒီအမြင်တွေဟာ အစိုးရအာဘော်အမြင်တွေ မဟုတ်ပါဘူးလို့ မပြောနိုင်ဘူး မဟုတ်လား။ အစိုးရ အာဘော်မဟုတ်ဘူးဆိုရင် ကိစ္စမရှိ။ အစိုးရအာဘော်များ ဖြစ်နေခဲ့ရင် အစိုးရဟာ ဝအဖွဲ့အပေါ် အမြင်မကြည်လင်ဘူးဆိုတာ သိသာနေတာ မဟုတ်လား။ ဒါဆိုရင် တရားစွဲမယ်တွေ ဘာတွေ ထအော်မနေဘဲ စဉ်းစားဆင်ခြင်သုံးသပ်ရတော့မယ် မဟုတ်လား။

ဆောင်းပါးရေးသားတယ်ဆိုတာ အချက်နဲ့အလက်နဲ့ ရေးရတာဆိုတော့ သိပ် အထိမနာလှပါဘူး။ နိုင်ငံတကာမှာတော့ လူမှုရေးကွန်ရက်၊ မြန်မာနိုင်ငံမှာတော့ 'နိုင်ငံရေးကွန်ရက်' ဝက်ဘ်ဆိုက်တစ်ခုဖြစ်နေတဲ့ 'ဖေ့စ်ဘွတ်ခ်' မှာ ဝအဖွဲ့ကို ဒဲ့တွယ်တီးနေသူတွေ အများကြီးရှိနေတယ်ဆိုတာ

တွေ့ရပါတယ်။ ဝအဖွဲ့ဦးစီးခေါင်းဆောင်တွေဟာ ဝလူမျိုးတွေမဟုတ်ဘဲ တရုတ်လူမျိုးတွေ ဖြစ်ကြတယ်လို့ စွပ်စွဲပြောဆိုနေသူတွေရှိသလို 'တရုတ်နောက်လိုက်ခွေး' လို့ တံဆိပ်ကပ်နေသူတွေလည်း ရှိကြပါတယ်။ လွန်ခဲ့တဲ့ ဖွန်လ ၁ ရက်နေ့မှာ မိုင်းတုံမြို့နယ်အတွင်း ဝအဖွဲ့က ခုတ်ခိုင်းလို့ သစ်ခုတ်နေတဲ့ သစ်ခုတ်သမား ၁၆ ယောက်ကို အစိုးရစစ်တပ်က ဖမ်းသွားလို့ အပြန်အလှန် စစ်ရေးတင်းမာမ တွေ ပေါ်ပေါက်ခဲ့ပါသေးတယ်။ (အခုတော့ ပြေလည်သွားပါပြီ) အဲဒီတုန်းက 'ဖေ့စ်ဘွတ်ခ်' စာမျက်နှာတွေမှာ 'ဝတွေကို အပြုတ်တိုက်ပစ်' ဆိုတဲ့ ကွန်မင့်တွေ တစ်ပုံတစ်ခေါင်းကြီး တက်လာခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို တိုက်တွန်းသူတွေစကားကို လက်ခံပြီး အစိုးရစစ်တပ်က ဖိတိုက်လိုက်ရင် ၂၆ နှစ်လုံးလုံး အစိုးရနဲ့ အပစ်အခတ်ရပ်စဲထားလို့ ကိုယ့်နယ်မြေကိုယ် တိုးတက်ဖွံ့ဖြိုးအောင် လုပ်ထားတဲ့ရလဒ်တွေ ဆုံးရှုံးသွားတော့မှာ မဟုတ်လား။ ဝပြည်သူတွေဟာ စစ်ဘေးစစ်ဒဏ်ကို ခံစားကြရတော့မှာ မဟုတ်လား။ အဲသလို အဖြစ်ခံနိုင်လို့လား။ အဖြစ်မခံနိုင်ဘူးဆိုရင် ဝအဖွဲ့က ဘာလုပ်မှာလဲ။

တခြားတိုင်းရင်းသားတွေဟာ 'တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့' (NCCT) အဖွဲ့မှာပါဝင်ပြီး အစိုးရနဲ့ အပစ်အခတ်ရပ်စဲ ရေးဆိုင်ရာညှိနှိုင်းမှုတွေ လုပ်ခဲ့တာ အတော်ခရီးပေါက်နေတယ်လို့ ပြောလို့ရပါတယ်။ 'အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့' ဖွဲ့စည်းပြီး အစိုးရရဲ့ 'ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ' (UPWC) နဲ့ ဇူလိုင်လ ၂၂ ရက်နေ့ကစလို့ ရန်ကုန်မြို့၊ မြန်မာ့ငြိမ်းချမ်းရေးစင်တာမှာ 'အပစ်အခတ်ရပ်စဲရေးစာချုပ် အပြီးသတ်ရေး' အစည်းအဝေးကို ကျင်းပခဲ့ပါတယ်။ အစည်းအဝေးကို ၂ ရက်ကျင်းပဖို့ လျာထားခဲ့ပေမယ့် ဇူလိုင်လ ၂၄ ရက်အထိ ကျင်းပခဲ့ပါတယ်။ ညှိနှိုင်းလို့တော့ မပြီးပြတ်သေးပါဘူး။ ဩဂုတ်လ ၇ ရက်နေ့မှာ ပြန်လည်တွေ့ဆုံညှိနှိုင်းကြပါတယ်။ ၂ ရက်ကြာ ဆွေးနွေးခဲ့ပေမယ့် မပြီးပြတ်သေးပါဘူး။ ဒီအစိုးရလက်ထက်မှာ ညှိနှိုင်းလို့ မပြီးပြတ်သေးရင် နောက်အစိုးရလက်ထက်အထိ ဆက်လက်ဆွေးနွေးသွားဖို့လည်း 'တိုင်းရင်းသားအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့' က

ဆုံးဖြတ်ထားပြီး ဖြစ်ပါတယ်။ တိုင်းရင်းသားတွေ စုစုစည်းစည်းနဲ့ အဲဒီလို ဆွေးနွေးပွဲတွေ ဖော်ဆောင်နေတာဟာ အနာဂတ်ငြိမ်းချမ်းရေးအတွက် ကောင်းမွန်တဲ့ခြေလှမ်းတွေ ဖြစ်ပါတယ်။ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲ ကာလအတွင်း သေနတ်သံတွေ ထွက်နေတာဟာ ကောင်းတဲ့ကိစ္စ မဟုတ်ပေမယ့် သေနတ်သံတွေ ထွက်နေလို့ဆိုပြီး ငြိမ်းချမ်းရေး ခြေလှမ်းတွေကို ရပ်ပစ်လိုက်လို့ မဖြစ်ပါဘူး။ ဒီလိုစစ်ပွဲတွေ ဆက်ဖြစ်နေရတာ ဘယ်သူ့ အလွန်လဲဆိုတာ နောင်မှာ ပြန်လည်သုံးသပ်လို့ရပါတယ်။ လက်ရှိမှာလည်း ဩဂုတ်လ ၁၂ ရက်နေ့မှာ သမ္မတကြီး ဦးသိန်းစိန်က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၅ ဖွဲ့ကို လက်မှတ်အရင်ထိုးကြဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်လို့ တိုင်းရင်းသားခေါင်းဆောင်တွေဟာ အဖွဲ့အားလုံး ပါဝင်နိုင်ရေးအတွက် အကြိတ်အနယ် ညှိနှိုင်းနေကြပါတယ်။

ဝအဖွဲ့ကျတော့ 'ပန်ဆန်း' (ပန်ခမ်း) မှာ 'တိုင်းရင်းသားထိပ်သီး ညီလာခံ' ကို ကမကထ လုပ်ပေးခဲ့ရုံနဲ့ တာဝန်ကျေပြီဆိုပြီး ထိုင်နေသလို ဖြစ်နေပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံပြင်ပေးပါလို့ ထအော်လိုက်ရုံနဲ့ ဟုတ်လှပြီလို့ ထင်နေပုံရပါတယ်။ ကိုယ်က အစိုးရနဲ့ အပစ်အခတ်ရပ်စဲရေး လုပ်ထားတာ ၂၆ နှစ်ရှိပြီမို့ အပစ်အခတ်ရပ်စဲရေးလှုပ်ရှားမှုမှာ ပါစရာမလိုဘူးဆိုပြီး ငြိမ် နေပါတယ်။ ကိုယ်က အပစ်အခတ်ရပ်စဲရေး လုပ်ထားတာမို့ တခြားအဖွဲ့တွေ ပဲ ပါဖို့လိုတယ်ဆိုတာဟာလည်း အထီးတည်းဖြစ်နေတဲ့ လုပ်ရပ်ပါပဲ။ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ကျမှ ပါဝင်မယ်ဆိုတော့ နိုင်ငံရေးဆွေးနွေးပွဲအဆင့် မရောက်မချင်း အထီးကျန်ဖြစ်နေမှာကို ထည့်မတွေးတဲ့သဘော ဖြစ်နေပါ တယ်။ အဲဒီလို အထီးကျန်ကာလအတွင်းမှာ 'ဖွေ့ဘွတ်ခ်' နိုင်ငံရေးသမားတွေ ပြောသလို အစိုးရစစ်တပ်က ဝင်တိုက်လိုက်ရင် အထီးကျန်ဘဝနဲ့ နိဂုံး ချုပ်သွားရမှာ မဟုတ်ပါလား။ ကိုယ့်ရဲ့ ဝတိုင်းရင်းသားလူမျိုးတွေကို ချစ်လှ ပါတယ်ဆိုတဲ့ ပြောစကားဟာ ရေပေါ်အရုပ်ရေးသလို ဖြစ်သွားမှာ မဟုတ် ပါလား။ ကိုယ့်မှာ ဘာလက်နက်တွေရှိတယ်၊ တပ်ကို ဘယ်လိုဖွဲ့စည်းထား တယ်ဆိုပြီး ဘဝင်မြင့်နေတယ်ဆိုရင် အစိုးရစစ်တပ်ကို အထင်သေးရာ ကျပါလိမ့်မယ်။ အစိုးရစစ်တပ်အနေနဲ့ သိပ်မကြာခင်ကပဲ နိုင်ငံတကာ



'ဝ' စစ်သားတစ်ဦးပုံ

လှည့်ပြီး လက်နက်ဝယ်ခဲ့တာ စာနယ်ဇင်းတွေမှာ အတိအလင်း ဖော်ပြထား တာတွေကို မမြင်ချင်ယောင်ဆောင်နေသလို ဖြစ်နေပါလိမ့်မယ်။ ပြည်တွင်း ငြိမ်းချမ်းရေးကို ပန်းတိုင်မထားသလို ဖြစ်နေပါလိမ့်မယ်။

တကယ်တော့ 'တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်း ရေးအဖွဲ့' က တိုင်းရင်းသားခေါင်းဆောင်တွေဟာ ဝအဖွဲ့ကို အစဉ်သဖြင့် လက်ကမ်းကြိုဆိုနေခဲ့တာ ဖြစ်ပါတယ်။ ဝအဖွဲ့ကို တရုတ်နောက်လိုက်လို့၊ မူးယစ်ဆေးဝါးအဖွဲ့ကြီးလို့ တစ်ခါမှ အပုပ်မချခဲ့ကြပါဘူး။ ကိုယ့်ပြည်တွင်း က တိုင်းရင်းသားအဖွဲ့အစည်းတစ်ရပ် ဖြစ်တာနဲ့အညီ ငြိမ်းချမ်းရေးလုပ်ရှား မှုမှာ ပူးပေါင်းပါဝင်စေချင်ကြပါတယ်။ ဝအဖွဲ့ကို တိုင်းရင်းသားအဖွဲ့တစ်ဖွဲ့ အနေနဲ့ အသိအမှတ်ပြုတဲ့အတွက် ဝအဖွဲ့က 'တိုင်းရင်းသားထိပ်သီးညီလာခံ' ကို ကမကထ ပြုလုပ်ကျင်းပပေးမယ်ဆိုတုန်းကလည်း တလေးတစား လက်ခံခဲ့ကြတာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲတွေမှာ ပါဝင်တက်ရောက်ဖို့ ဝအဖွဲ့ကို ဖိတ်ကြားခဲ့ပေမယ့် အစဉ်အဆက် ဆွေးနွေးပွဲတွေမှာ တစ်ကြိမ်တစ်ခါပဲ လေ့လာသူအနေနဲ့ တက်ရောက်ဖူးတယ်လို့ ဘီဘီစီသတင်းဌာနက ဖော်ပြခဲ့ပါတယ်။ လက်ရှိ အခြေအနေအရလည်း တိုင်းရင်းသားခေါင်းဆောင်တွေဟာ တစ်ဖက်မှာ

အချင်းချင်း အကြိတ်အနယ် ဆွေးနွေးနေကြသလို ဝအဖွဲ့ကိုလည်း လက်ကမ်းနေဆဲပါပဲ။

အဲဒီလို တခြားတိုင်းရင်းသားခေါင်းဆောင်တွေရဲ့ လက်ကမ်းကြိုဆိုမှုကို ဝအဖွဲ့က လျစ်လျူမရှုသင့်ပါဘူး။ 'ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်' ဆိုသလို ကမ္ဘာ့နိုင်ငံရေးအခြေအနေ၊ ပြည်တွင်းနိုင်ငံရေး အခြေအနေဆိုတာ အချိန်နဲ့အမျှ ပြောင်းလဲနေတာ ဖြစ်ပါတယ်။ ပြောင်းလဲနေတဲ့ အခြေအနေတိုင်းကို တိုင်းရင်းသားခေါင်းဆောင်တိုင်းက စဉ်ဆက်မပြတ် ခေါင်းချင်းဆိုင် တိုင်ပင်ပြီး ဆုံးဖြတ်ချက်တွေ ချမှတ်ရမှာ ဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး ရယူဖို့၊ ဖယ်ဒရယ်ပြည်ထောင်စုနိုင်ငံ ထူထောင်ဖို့ ဆိုတာ ပန်းခင်းလမ်းလို ချောမွေ့နေမှာ မဟုတ်ပါဘူး။ အခက်အခဲတွေ အများကြီး ရှိနိုင်ပါတယ်။ ဒီကွေ့မှာ ဒီတက်နဲ့ လှော်ပြီး ဟိုကွေ့မှာ ဟိုတက်နဲ့ လှော်ရတာမျိုးတွေ ရှိပါလိမ့်မယ်။ ကွေ့စရာရှိရင် တစ်ညီတစ်ညာတည်း ကွေ့ကြရမှာပါ။ ဟိုတစ်ယောက်က ဘယ်ကွေ့၊ ဒီတစ်ယောက်က ညာကွေ့ လုပ်လို့မရပါဘူး။ ဒီကွေ့မှာ ဒီတက်နဲ့လှော်ကြမယ်ဆိုရင်လည်း အားလုံးက ဒီတက်နဲ့ပဲ လှော်ကြရမှာ ဖြစ်ပါတယ်။ ဟိုကွေ့မှာ ဟိုတက်နဲ့ လှော်ကြမယ် ဆိုရင်လည်း အားလုံးက ဟိုတက်နဲ့ပဲ လှော်ကြရမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးပန်းတိုင်ကို တစ်ကွဲတစ်ပြားစီ ချီတက်နေလို့ မရပါဘူး။ စည်းလုံးညီညွတ်ပြီး ဘယ်ကိစ္စမဆို တိုင်တိုင်ပင်ပင် လုပ်နိုင်ကြမှသာ ရည်မှန်းချက်ပန်းတိုင်ကို ဆုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ 'တစ်ယောက်အားနှင့် ယူသော်မရ၊ တစ်သောင်းအားနှင့် ယူသော်ရ၏' ဆိုတဲ့ ဆိုရိုးစကားလည်း ရှိပါတယ်။ ဒီတော့ ဒီကနေ့ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးတည်ပြီး တိုင်းရင်းသားတွေ စည်းလုံးညီညွတ်နေတဲ့အချိန်မှာ ဝအဖွဲ့က ဘာလုပ်နေတာလဲလို့ မေးခွန်းထုတ်ဖို့ လိုအပ်နေပါတယ်။

**Political Comments page in Facebook, 25th July 2015**

❖ ❖ ❖

# ဗမာပြည်ကွန်မြူနစ်ပါတီ

အရေး

စာပေအမျိုးအစား ။ ။ စာအုပ်ဝေဖန်ချက်

ဝေဖန်တဲ့စာအုပ် ။ ။ ပြည်သူ့အာဏာဆောင်းပါးများ (၂၀၀၉-၂၀၁၃)

စာအုပ်ရေးသူ ။ ။ ရဲဘော်ကြင်မောင်

စာအုပ်ထုတ်ဝေသည့်ကာလ ။ ။ ၂၀၁၅ ဇန်နဝါရီလ

ထုတ်ဝေသူ ။ ။ ဦးချစ်ညွှန့်
ဇင်ရတနာစာပေ (၀၄၀၀၄)
အမှတ် ၂၅၉-က၊ ၄ လမ်း၊ မြို့သစ် (က+ခ)
ရပ်ကွက်၊ အင်းစိန်။

ဖြန့်ချိသူ ။ ။ နှင်းဆီနီစာပေ
ဖုန်း-၀၉၄၂၁၀၁၈၈၅၄၊ ၀၉၄၂၅၀၂၂၈၅၅

ဝေဖန်ချက်ရေးသူ ။ ။ ရဲဘော်ထွန်းသိန်း
(တောခိုကျောင်းသားဟောင်းတစ်ဦး)


# ပြည်သူ့အာဏာဆောင်းပါးတွေလား
# တရုတ်မှီခိုသူတစ်ဦးရဲ့ဆောင်းပါးတွေလား

**ဝေဖန်ချက်အမှတ် (၁)**

ရဲဘော်ကြင်မောင် (ခ) ရဲဘော်ထွန်းဟာ သူ့စာအုပ် ထွက်တဲ့အချိန်မှာ ကွယ်လွန်သွားပါပြီ။ သူ ကွယ်လွန်သွားတဲ့သတင်းကို ဗကပဝက်ဘ်ဆိုက်မှာ ဗကပ ဗဟိုစည်းရုံးရေးကော်မတီနာမည်ခံပြီး ထုတ်ပြန်ကြေညာခဲ့ပါတယ်။ သူ (၁၉၂၃-၂၀၁၅) ဟာ ကွယ်လွန်ချိန် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့မှာ အသက်အားဖြင့် ၉၂ နှစ်ရှိခဲ့ပြီး ဗကပပါတီအထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့တာ ဖြစ်ပါတယ်။

ရဲဘော်ကြင်မောင်ဟာ ကွယ်လွန်သွားပြီဖြစ်ပေမယ့် သူ့စာအုပ်က ဩဇာသက်ရောက်ပြီး ကျန်ခဲ့တာဖြစ်တာမို့ ထောက်ပြဝေဖန်သင့်တယ်လို့ ယူဆလို့ ထောက်ပြဝေဖန်လိုက်တာ ဖြစ်ပါတယ်။ သူ့စာအုပ်မှာ သူ အလေးထားဖော်ပြခဲ့တာက ဗမာပြည်ကွန်မြူနစ်ပါတီ မပြိုကွဲ မပျက်စီးသေးဘူး၊ မြေအောက်ရောက်သွားတာပဲ ဖြစ်တယ်။ ဗကပပါတီဗဟို တည်ရှိနေသေးတာမို့ ဗဟိုကို နာခံရမယ်။ မြေအောက်လှုပ်ရှားမှုတွေ လုပ်သွားမယ်ဆိုတဲ့ သဘောပါပဲ။ ပြီးတော့ နိုင်ငံတကာအခြေအနေ၊ ပြည်တွင်းအခြေအနေတွေကို သုံးသပ်တင်ပြပြီး ပြည်ချစ်လမ်းစဉ် ချမှတ်ထားကြောင်း ဖော်ပြထားပါတယ်။

တကယ်တော့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ၁၉၈၉ ခုနှစ်မှာ ကျဆုံးခဲ့ရပြီဖြစ်ပါတယ်။ အဲဒီလို အခြေအနေဖြစ်လိမ့်မယ်ဆိုတာ ကြိုတင်သိပါလျက်နဲ့ လုပ်သင့်တာတွေ မလုပ်ခဲ့ဘဲ တရုတ်အလိုကျတွေပဲ လိုက်လုပ်ခဲ့တာမို့



**ဗမာပြည်ကွန်မြူနစ်ပါတီ တတိယအကြိမ် ကွန်ဂရက်မှာ ပါဝင်ဆွေးနွေးနေတဲ့ ရဲဘော်ကြင်မောင် (ခေါ်) ရဲဘော်ထွန်း**

ရဲဘော်ကြင်မောင်နဲ့ အပေါင်းပါတစ်စုသာ နာမည်ခံကွန်မြူနစ်ပါတီဘဝနဲ့ ကျန်နေရတဲ့ အခြေအနေပါ။ ရဲဘော်ကြင်မောင်က မြေအောက်ပါတီဘဝနဲ့ ဆက်လက်လှုပ်ရှားသွားမယ်လို့ ကြုံးဝါးနေတာဟာ ငြိမ်းခါနီး ထတောက်တဲ့ ဖယောင်းတိုင်မီးသာ ဖြစ်ပါတယ်။ တရုတ်နဲ့ နားလည်မှုယူပြီး လုပ်နေရသူက ဘယ်လောက်များ တတ်နိုင်ဦးမှာမို့လို့လဲ။ သူ အားကိုးနိုင်တာ တစ်ခုပဲ ရှိပါတယ်။ လူထုက ရှေ့တန်းရောက်ကောင်း ရောက်လာနိုင်တာမို့ လူထုက ရှေ့တန်းရောက်လာရင် သူဦးဆောင်တဲ့ အမည်ခံကွန်မြူနစ်ပါတီက နောက်မြီးဆွဲ လိုက်လုပ်ဖို့ပဲ ဖြစ်ပါလိမ့်မယ်။

သူဦးဆောင်တဲ့ အမည်ခံကွန်မြူနစ်ပါတီလို့ ဘာဖြစ်လို့ သုံးစွဲရသလဲ ဆိုရင် တရုတ်က အမည်ကလေးတစ်ခု ချိတ်ခွင့်ပြုပြီး နားလည်မှုနဲ့ အားနာပါးနာ ဆက်လုပ်ခွင့်ပြုထားခဲ့မို့ သူ လုပ်နိုင်နေသေးတာပါ။ ဒီကနေ့ တရုတ်က မလုပ်နဲ့တော့လို့ တားမြစ်လိုက်ရင် သူမသေခင်ချန်ထားခဲ့တဲ့ သူ့မျိုးဆက်တွေဟာလည်း ဘာမှလုပ်လို့မရတော့ဘဲ ရပ်တန်းကရပ်သွားမှာ ဖြစ်ပါတယ်။

အရှေ့မြောက်ပိုင်းစစ်ဒေသ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ

ဟာ တရုတ်နောက်လိုက်ဖြစ်ပြီး တရုတ်အလိုကျ အားလုံးလိုက်ပါဆောင်ရွက်ခဲ့တယ်ဆိုတာကို ရဲဘော်ကြင်မောင်ရဲ့ ပြည်သူ့ အာဏာဆောင်းပါးများ စာအုပ်က '၁၉၈၉ က ရတဲ့သင်ခန်းစာ' ဆိုတဲ့ဆောင်းပါးမှာ အတိအလင်း မြင်နိုင်ပါတယ်။ ပြည်သူ့အာဏာဆောင်းပါးများ စာအုပ် စာမျက်နှာ ၁၃၇ မှာ အောက်ပါစာပိုဒ်တစ်ပိုဒ် ရေးသားဖော်ပြထားပါတယ်။

*(၄) ၇၅ ဗဟိုက ပြည်တွင်းမှာ အခြေခံစခန်းများ ပြန်လည် ထူထောင်ဖို့ ၇၅၁၀ စီမံကိန်း (၁၉၇၅ အောက်တိုဘာထဲမှာ ချမှတ်တဲ့စီမံကိန်း) ကို လုပ်ခဲ့တယ်။ ၁၉၇၀ လွန်နှစ်ကတည်းက မော်စီတုန်း၊ ချူအင်လိုင်းတို့က CPC အနေနဲ့ အရင်ကလို ထောက်ပံ့အကူအညီပေးနိုင်မှာ မဟုတ်တော့ဘူး၊ ကမ္ဘာ့ကုလသမဂ္ဂထဲ ရောတော့မယ်၊ မူ (၅) ချက်ကို ပြန်လည်ထိန်းသိမ်းရတော့မယ်၊ ဒါ့ကြောင့် ကိုယ့်အားကိုယ်ကိုးလုပ်ကြဖို့ ဆော်သြခဲ့တယ်။ လိုအပ်တဲ့အကြံဉာဏ်များလည်း ပေးခဲ့တယ်။ ဗိုလ်နေဝင်းနဲ့ သခင်ဗသိန်းတင်တို့ တွေ့ဆုံဖို့ ကြားကဝင်ပြီး အောင်သွယ်လုပ်ပေးခဲ့တယ်။ (CPCရဲ့ ခေါင်းဆောင်များ (မော်၊ ဟွ၊ တိန့်) တို့က အဲဒီလိုပဲ အချိန်မီ အကြံပေး ကူညီခဲ့ကြတာချည်းပဲ)*

အထက်ဖော်ပြပါ စာပိုဒ်ကို ဖတ်ကြည့်ရင် တရုတ်အလိုကျ လိုက်လုပ်ခဲ့ရတာ ထင်ရှားပါတယ်။ သူက စကားလှအောင် လိုအပ်တဲ့အကြံဉာဏ်များလည်း ပေးခဲ့တယ်လို့ ရေးသားထားတာပါ။ ဆိုလိုတာက သခင်ဗသိန်းတင်ရေ၊ ဗိုလ်နေဝင်းနဲ့ တွေ့လိုက်ပါဦးကွာဆိုရင် တွေ့ရတာပါပဲ။ တရုတ်က အကူအညီတွေ လျှော့ပေးတော့လည်း ဘာမှမတတ်နိုင်ပါဘူး။

တကယ်တော့ တရုတ်ပြည်မှာ မော်စီတုန်း ကွယ်လွန်ပြီးနောက် မော်စီတုန်းရဲ့ အမွေဆက်ခံသူ ဟွကိုဖုန်း တက်လာ၊ ဟွကိုဖုန်းကို ဖယ်ရှားပြီး တိန့်ရှောက်ဖျင် အာဏာပြန်ရလာတဲ့အခါ (တိန့်ရှောက်ဖျင်ရဲ့လူတွေ အာဏာပြန်ရလာတဲ့အခါ) တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ လမ်းစဉ် ပြောင်းသွားပါပြီ။ မော်စီတုန်းပြောခဲ့သလို ဂြိုဟ်တုမိုးပျံပြီး အလံနီ မြေခသွားပါပြီ။ နိုင်ငံတကာ ကွန်မြူနစ်ပါတီတွေကို အကူအညီမပေးတော့ပါဘူး။ ကိုယ့်အားကိုယ်

ကိုးနိုင်ရင် ကိုး၊ မကိုးနိုင်ရင် ပျက်၊ ပျက်ပျက် မပျက်ပျက် သူတို့သွားချင်တဲ့ လမ်းကြောင်းကို ကန့်လန့်ကန့်လန့်ဖြစ်နေရင်တော့ အတင်းဖျက်တော့မယ့် သဘောထား ဖြစ်နေပါတယ်။ အင်ဒိုနီးရှားကွန်မြူနစ်ပါတီ ပျက်ပါတယ်။ ထိုင်းကွန်မြူနစ်ပါတီ ပျက်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီကတော့ တရုတ်က ထောက်ပံ့ထားတဲ့ လက်နက်ခဲယမ်းတွေကို ဂိုဒေါင်ထဲ ထည့်ထားနိုင်တော့ တော်တော်နဲ့ မပျက်ခဲ့ပါဘူး။ ဝတိုင်းရင်းသားတွေနဲ့ချည့် ဖွဲ့စည်းထားတဲ့ ဗကပ ပြည်သူ့တပ်မတော်ကလည်း အင်အားတစ်စုံတစ်ရာ ရှိနေလေတော့ တော်တော်နဲ့ မပျက်ဘဲ ဟိုတိုက်ဒီတိုက်တွေ လုပ်နေနိုင်ပါသေးတယ်။ ဒါဟာ တရုတ်အဖို့ကျတော့ သူတို့သွားချင်တဲ့လမ်းကြောင်းကို ဗကပက ကန့်လန့်ကန့်လန့် လုပ်နေတာလို့ မြင်တယ်။ တရုတ်က ဗကပကို အထင်မကြီးဘူး။ အောင်ပွဲရမယ်လို့ မထင်ဘူး။ ဗမာစစ်တပ်နဲ့ ပေါင်းလိုက်မှသာ သူတို့ အကျိုးရှိမယ်လို့ တွက်ထားတာကိုး။ အဲဒီအချိန်မှာ ၁၉၈၈ ခုနှစ်အရေးအခင်းကြီးပေါ်လာတော့ တရုတ်က ပိုလန့်သွားတယ်။ တကယ်တော့ ၁၉၈၈ ခုနှစ် အရေးတော်ပုံကြီးဟာ ပြည်သူလူထုကြီးရဲ့ အရေးတော်ပုံကြီးဖြစ်တယ်။ အဲဒီအရေးတော်ပုံကြီးကနေ လူထုခေါင်းဆောင်တွေကို မွေးထုတ်ပေးနိုင်ခဲ့တယ်။ ဗကပကျတော့ ၈၈ အရေးတော်ပုံကြီး ဖြစ်ပြီလည်းဆိုရော ကဗျာကရာ နောက်မီးဆွဲပြီး ဝင်လှုပ်ရှားတယ်။ လူထုဆန္ဒနဲ့ မကိုက်ညီတော့ ဘာမှ ရေရေရာရာ မလုပ်နိုင်ခဲ့ဘူး။ စစ်အစိုးရက ဗကပယူဂျီတွေ လုပ်တာလို့ ထောက်ပြနိုင်အောင် အကျိုးပြုပေးတာသာ ဖြစ်ခဲ့တယ်။ တရုတ်ကတော့ ၈၈ အရေးတော်ပုံကြီးကို လန့်တယ်။ ကိုယ့်လူ ဗကပကလည်း ဘာမှမလုပ်နိုင်တော့ လက်ယာအင်အားစုတွေ အသာစီးရသွားပြီး အမေရိကန်တပ်ကြီးဝင်လာမှာစိုးလို့ တရုတ်စစ်တပ်ကြီးကိုတောင် နယ်စပ်မှာ အသင့်ပြင်ထားခဲ့တယ်လို့ အရပ်သတင်းတွေ ဖြစ်ခဲ့တယ်။ ဒီမှာတင် တရုတ်က ဗမာစစ်အစိုးရနဲ့ ပေါင်းဖို့အတွက် ကန့်လန့်ကန့်လန့် လုပ်နေတဲ့ဗကပကို ဖျက်ပစ်ဖို့ စီမံချက် ရေးဆွဲတော့တာပါပဲ။

အဲဒီစီမံချက်ကို နယ်စပ်ဒေသ တိုင်းရင်းသားခေါင်းဆောင်တွေက သဘောကျကြတယ်။ အောင်မြင်နိုင်ဖွယ်မရှိတဲ့ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးကြီးကို ဆက်လက်ဆင်နွှဲနေကြမယ့်အစား ကိုယ့်ဒေသ ကိုယ်အုပ်ချုပ်ပြီး

ဒေသဖွံ့ဖြိုးအောင် လုပ်ချင်ကြတယ်။ တရုတ်က ချပေးတဲ့စီမံချက်ဆိုတော့ စိတ်ချကြတယ်။ သူတို့ကိုယ်တိုင်ကလည်း ဗကပနဲ့ မတွေ့ခင်ကတည်းက တရုတ်အားကိုးပြီး လှုပ်ရှားခဲ့တာကိုး။ ဒီလိုနဲ့ သူတို့က ဗကပဗဟိုကို ပုန်ကန် ခွဲထွက်ခဲ့ကြတာပဲ။ တရုတ်အလိုကျ စစ်အစိုးရနဲ့ ညှိနှိုင်းပြီး ကိုယ့်ဒေသကို ကိုယ်အုပ်ချုပ်ခဲ့ကြတယ်။ ဒီအခြေအနေကို ရဲဘော်ကြင်မောင်က သူ့စာအုပ်ရဲ့စာမျက်နှာ ၁၃၉ မှာ အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့ပါတယ်။

*(၆) CPC က ဗမာပြည်ဆိုင်ရာ ပေါ်လစီအပြောင်းအလဲလုပ်တော့မယ်ဆိုရင် ဗကပ (ဗဟို) ကို ကြိုတင်ပြီး အသိပေးလေ့ရှိတာချည့်ပဲ။ သူတို့ လွှဲပေးထားတဲ့အဖွဲ့တွေ ခွဲထွက်ကြတော့မယ်ဆိုတော့လည်း ကြိုတင်အသိပေးခဲ့တာပဲ။ ဗကပ (ဗဟို) က သူတို့ကို ခေါ်ယူဆွေးနွေးဖို့ အကြံလည်း ပေးခဲ့တာပဲ။ ဒါပေမယ့် ဗဟိုက (နောင်မှာ) ခွဲထွက်ကြမယ့် တပ်မမှူး၊ တပ်မဟာမှူးတွေရဲ့ သန္နိဋ္ဌာန်စာတမ်းလိမ်ကို ယုံကြည်နေတယ်။ သူတို့တတွေက ပါတီဗဟိုနဲ့အတူ ရပ်တည်မယ်။ ပါတီ (ဗဟို) နဲ့ ဗဟိုစစ်ကော်မရှင်ရဲ့အမိန့်ကို တသဝေမတိမ်း နာခံမယ်ဆိုတဲ့ သန္နိဋ္ဌာန်စာတမ်း (အလိမ်) ကို တင်ပြတယ်။ ဗဟိုက ယုံစားမိတယ်။ ဒါကြောင့်ပဲ ခွဲထွက်သူတွေဟာ တန်ပြန်တော်လှန်ရေးသမားတွေပဲ၊ သူတို့ကို ချေမှုန်းပစ်ကြဆိုတဲ့ အမိန့်ကို ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌက လက်မှတ်ထိုးပြီး ကလာပ်စည်းတွေအထိ (တိုက်ရိုက်) အမိန့်ထုတ်ပြန်လိုက်တယ်။*

လက်တွေ့ကတော့ ဗကပ (ဗဟို) ပဲ ချေမှုန်းခံလိုက်ရတာပဲ။ ဗဟိုခေါင်းဆောင်တွေထဲက တယောက်ချန်ပြီး အားလုံး အနားယူလိုက်ကြရတယ်။

တယောက်ချန်တာကလည်း တပါတီလုံးမြေလျှိုးဖို့ (U/G လုပ်ဖို့) သာဖြစ်တယ်။

ရဲဘော်ကြင်မောင်ရဲ့ အထက်ပါရေးသားဖော်ပြချက်မှာ အမှန်ဆုံးစာကြောင်းက CPC က (တရုတ်ပြည်ကွန်မြူနစ်ပါတီက) ဗမာပြည်ဆိုင်ရာ ပေါ်လစီအပြောင်းအလဲ လုပ်တော့မယ်ဆိုရင် ဗကပ (ဗဟို) ကို ကြိုတင်ပြီး အသိပေးလေ့ရှိတာချည့်ပဲဆိုတဲ့ စာကြောင်းဖြစ်ပါတယ်။ ကျန်တာက ဗကပဗဟိုမှာ တာဝန်မရှိသယောင်ယောင် ရှောင်လွှဲပြီး ရေးသွားတာပါ။

တကယ်က ဗကပ (ဗဟို) အပုန်ကန်ခံလိုက်ဖို့အရေးကို တရုတ်က ကြိုတင်အသိပေးတဲ့အခါ တရုတ်အလိုကျ လိုက်လုပ်ခဲ့တာက တစ်ပိုင်း၊ တစ်ဖက်ကလည်း ကိုယ့်တိုင်းရင်းသားခေါင်းဆောင်တွေကို စည်းရုံးလို့ရလို ရငြား စည်းရုံးကြည့်တာက တစ်ပိုင်း၊ နှစ်ပိုင်း လုပ်ခဲ့တာပါ။ တရုတ်ရဲ့ စီမံချက်ကို အကြီးမားဆုံး အနှောင့်အယှက်ပေးနိုင်တာက နယ်စပ်ဒေသနဲ့ဝေး တဲ့ အလယ်ပိုင်းဗျူရိုက အခြေခံဒေသနဲ့ ရွှေလီချိုင့်ဝှမ်းအခြေခံဒေသတို့ ပဲ ဖြစ်ပါတယ်။ နယ်စပ်က ဗကပဗဟို အပုန်ကန် ခံလိုက်ရတယ်ဆိုတဲ့ နာမည်နဲ့ ရှောင်သွားတဲ့အခါ အဲဒီအခြေခံဒေသနှစ်ခုကများ ကျန်နေခဲ့ရင် တရုတ်အလိုကျ မဟုတ်တော့ဘူး။ သူတို့က အချိန်ကာလတစ်ခုအထိ ပြောက်ကျားစစ် ဆက်ဆင်နွှဲနေနိုင်သေးတယ်။ ဒါကြောင့် အဲဒီအခြေခံဒေသ တွေပါ တရုတ်အလိုကျ ဖျက်ပေးဖို့လိုတယ်။ ဒါကြောင့် ဗကပဗဟိုက အဲဒီအခြေခံဒေသတွေက ခေါင်းဆောင်တွေ၊ တပ်တွေကို ပြန်ခေါ်တယ်။ ပုန်ကန်မှုမဖြစ်ခင်ကတည်းက ခေါ်တဲ့အပြင် လက်ကျန်တွေကိုလည်း ပုန်ကန် တပ်ဖွဲ့တွေနဲ့ ညှိနှိုင်းပြီး လူလွတ်တပ်လွတ်ပြီး ခေါ်ခိုင်းတယ်။ တရုတ်ရဲ့ စီမံချက်ကို နောက်ထပ် အနှောင့်အယှက်ဖြစ်စေနိုင်တာတစ်ခုက နယ်စပ် အခြေခံဒေသထဲက လူထုနဲ့ ပြည်သူ့စစ်တွေပဲ။ နယ်စပ်အခြေခံဒေသထဲက လူထုနဲ့ ပြည်သူ့စစ်တွေက တရုတ်စီမံချက်ကို လက်မခံဘဲ ဝနီအဖွဲ့လိုမျိုး၊ ဝဗကပအဖွဲ့လိုမျိုး တစ်စင်ထောင်လာရင် ချောချောမောမော မဖြစ်တော့ဘဲ ကိုယ့်နယ်ထဲမှာ သေနတ်သံတွေ ဆက်ထွက်နေဦးမယ်။ ဒါကြောင့် ပုန်ကန် ရက်မတိုင်ခင် နှစ်လလောက် ကြိုတင်ပြီး ပြည်သူ့စစ်တွေ ပြန်လည်ဖွဲ့စည်း မယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ပြည်သူ့စစ်တွေဆီက လက်နက်တွေကို အကုန်ပြန်သိမ်းတယ်။ ဒါတင်မကဘူး ဒေသအုပ်ချုပ်ရေးအာဏာပိုင်တွေ၊ ဒေသအုပ်ချုပ်ရေး စစ်တပ်တွေကို အသုံးချပြီး ဒေသတွင်း ပြန့်ကျဲတည်ရှိနေ တဲ့ လက်နက်ပုန်းတွေကို အကုန်ဖော်ထုတ် သိမ်းဆည်းခဲ့တယ်။ တော်တယ်။ ဗကပဗဟိုဟာ အဲဒီလှုပ်ရှားမှုတွေကို အတည်ပေါက်ကြီး လုပ်ပေးခဲ့တယ်။

ကိုယ့်တိုင်းရင်းသားခေါင်းဆောင်တွေကို စည်းရုံးလို့ရလိုရငြား စည်းရုံးကြည့်သေးပေမယ့် သိပ်တော့ထင်ထားတာ မဟုတ်ပါဘူး။ စည်းရုံးလို့ မရရင်လည်း အရေးမကြီးဘူးလေ။ ခွဲထွက်ပုန်ကန်မယ့် အဖွဲ့တွေကလည်း

တကယ်တမ်း ဗကပဗဟိုကို စိတ်နာလို့ ပုန်ကန်တာမဟုတ်ဘဲ တရုတ်စီမံချက်အတိုင်းသာ လုပ်ရတာဆိုတော့ သတ်မှာဖြတ်မှာ စွဲချက်တင်မှာ မပူရပါဘူး။ တရုတ်ပြည်ကလည်း ဗဟိုကော်မတီဝင်တွေကို နိုင်ငံရေးပင်စင်ပေးဖို့ စီစဉ်ထားတာ သိပြီးသားဆိုတော့ နောင်ရေးလည်း မပူရဘူးလေ။ (တရုတ်ပြည်က နိုင်ငံရေးပင်စင်ပေးရာမှာ ၁၉၈၅ ဗဟိုကော်မတီဝင်တွေကို အသိအမှတ် မပြုတဲ့အတွက် ၇၅ ခုနှစ်ကျမှ ဗဟိုကော်မတီဝင်ဖြစ်ခဲ့တဲ့ စိုင်းအောင်ဝင်းခမျာ အလင်းဝင်ခဲ့ရပါတယ်။ ဒါလည်း အလင်းဝင်လို့သာ တရုတ်က လက်ခံတာပါ။ အလင်းမဝင်ဘဲ ဟိုအဖွဲ့နဲ့ဆက်၊ ဒီအဖွဲ့နဲ့ဆက်ပြီး တစ်စင်ထောင်မယ်ဆိုရင် တရုတ်ကရော၊ တရုတ်နောက်လိုက်ဗကပဗဟိုကရော လက်ခံမှာ မဟုတ်ပါဘူး။)

နိုင်ငံရေးပင်စင်ပေးထားမယ့် တရုတ်တွေ အလိုမကျဖြစ်မှာတော့ ဗကပဗဟိုက မလိုလားပါဘူး။ ဒါ့ကြောင့်လည်း တစ်စင်ထောင်နိုင်တယ်လို့ ယူဆရတဲ့ မြို့ပေါ်ကလာတဲ့ ပါတီဝင်အုပ်စုတစ်စုကို တရုတ်လက်အပ်၊ တရုတ်က ဗမာစစ်တပ်လက်အပ်နဲ့ လုပ်ခဲ့တာဖြစ်ပါတယ်။

အထက်မှာ ဖော်ပြခဲ့တဲ့ရဲဘော်ကြင်မောင်ရဲ့ စာသားထဲကအတိုင်း *'ဗဟိုခေါင်းဆောင်တွေက တစ်ယောက်သာ ချန်ထားပြီး အားလုံး အနားယူလိုက်ကြရတယ်'* ဆိုတာ တရုတ်စီမံချက်အတိုင်း လိုက်လုပ်ခဲ့ကြတာပါပဲ။ တရုတ်စီမံချက်အတိုင်း ပြည်တွင်းက အခြေခံဒေသတွေကိုပါ ဖျက်သိမ်းပြီး ငြိမ်းငြိမ်းချမ်းချမ်း ပင်စင်စားဘဝတွေနဲ့ နေလိုက်ကြတာပါ။ တစ်ယောက်သာ ချန်ထားတယ်ဆိုတာလည်း 'သူ' ပါပဲ။ ပြည်တွင်းကဖြစ်စေ၊ ပြည်ပကဖြစ်စေ တစ်စင်ထောင်လိုသူတွေ တစ်စင်ထောင်မလာနိုင်အောင် ဗမာပြည်ကွန်မြူနစ်ပါတီဗဟို ရှိသေးတယ်ဆိုပြီး ဆိုင်းဘုတ်ကလေး ထောင်ပေးထားတာဟာလည်း တရုတ်စီမံချက်ကို ယနေ့ထက်တိုင်အောင် ဆက်လက်အကောင်အထည်ဖော်ပေးနေတာ ဖြစ်ပါတယ်။

**ရဲဘော်ကြင်မောင် (ခ) ရဲဘော်ထွန်းဟာ သခင်ဗသိန်းတင်တို့လိုပဲ လေးစားဖွယ် ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမယ့် တရုတ်စီမံချက်ထဲက လွတ်အောင်ရုန်းထွက်ခွင့် မရခဲ့ပါဘူး။** တရုတ် စီမံချက်ကို ရောင်ပြန်ဟပ်တဲ့ ပြည်သူ့အာဏာဆောင်းပါးတွေကိုသာ ရေးထုတ်



တရုတ်သမ္မတကြီး 'ရှီကျင့်ဖျင်' ဦးစီးကျင်းပနေတဲ့
တရုတ်ပြည်ပြည်သူ့ကွန်ဂရက်

နိုင်ခဲ့ပါတယ်။ အခု သူ ကွယ်လွန်သွားတဲ့အချိန်အထိ တရုတ်စီမံချက်၊ တရုတ်အရိပ်ကနေ ရုန်းထွက်မသွားနိုင်ခဲ့တာကို စိတ်မကောင်းဖွယ်ရာ တွေ့ရပါတယ်။

နိဂုံးချုပ်ရရင် ဗမာပြည်ကွန်မြူနစ်ပါတီဆိုတဲ့ ဆိုင်းဘုတ်ဟာ တရုတ်စီမံချက်ကို ဆက်လက် အကောင်အထည်ဖော်နေတဲ့ ဆိုင်းဘုတ်သာဖြစ်တဲ့အတွက် လေးစားဖွယ်ရာ မရှိတော့ပါဘူး။ ဗမာပြည်ကွန်မြူနစ်ပါတီကို ဂုဏ်နဲ့ဒြပ် ကိုက်ညီအောင် ဆက်လက် အလံထူချင်တယ်ဆိုရင် တရုတ်အရိပ်ကနေ လွတ်အောင်ရုန်းထွက်နိုင်မှသာ ဗမာပြည်အလုပ်သမားလူတန်းစားက လေးစားတဲ့ပါတီတစ်ရပ် ဖြစ်လာမှာပါ။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက် (ပြည်ထောင်စုနေ့)

မြန်မာ့ခေတ်သတင်းဂျာနယ် (၂၃-၂-၂၀၁၅)

**Political.Comments page in Facebook, 12th February 2015**

❖ ❖ ❖

# ပါတီကို ယုံကြည်ရမယ်ဆိုတာ ဘယ်ပါတီကို ယုံကြည်ရမှာလဲ

**ဝေဖန်ချက် (၂)**

ရဲဘော်ကြင်မောင် မကွယ်လွန်မီ ရေးသားခဲ့ပြီး ကွယ်လွန်ပြီးနောက် 'ပြည်သူ့အာဏာ ဆောင်းပါးများ' အမည်နဲ့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း ထုတ်ဝေနိုင်ခဲ့တဲ့စာအုပ်ရဲ့ စာမျက်နှာ ၈ မှာ အောက်ဖော်ပြပါ စာပိုဒ် တစ်ပိုဒ်ကို တွေ့ရပါတယ်။

*(၃) 'ပါတီစိတ်ဓာတ်' ကို မြှင့်တင်ပေးရေးသည် ယနေ့တွင် အကြီးဆုံးတာဝန် ဖြစ်သည်။ ရဲဘော်မော်စီတုန်းက 'ပြည်သူကို ယုံကြည်ရမယ်၊ ပါတီကို ယုံကြည်ရမယ်၊ ဒီ ၂ ခုဟာ အရင်းခံမူ ၂ ရပ် ဖြစ်တယ်၊ ဒီ ၂ ခု မရှိရင် ဘာမှ အောင်မြင်မှာမဟုတ်' လို့ သွန်သင်ခဲ့သလို မိမိတို့လည်း ပြည်သူကို ယုံကြည်ရမည်။ ပါတီကို ယုံကြည်တဲ့ 'ပါတီစိတ်ဓာတ်' မြှင့်တင်ရမည်။*

ရဲဘော်ကြင်မောင်ပြောတဲ့ ပါတီကို ယုံကြည်တဲ့ 'ပါတီစိတ်ဓာတ်' မြှင့်တင်ရမည်ဆိုတဲ့ စာကြောင်းက ဘယ်ပါတီကို ဆိုလိုတာပါလဲ။ 'ဗကပ' လို့ အတိုကောက်ခေါ်တဲ့ 'ဗမာပြည်ကွန်မြူနစ်ပါတီ' ရဲ့ နာမည်ကို ဆက်လက်ခံယူထားတဲ့ တရုတ်ပြည်ထဲက လူနည်းစုတစ်စုကို ဆိုလိုတာပါပဲ။ အဲဒီလူနည်းစုတစ်စုကို ယုံကြည်ဖို့ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်ပါတော့မလဲ။ တစ်ချိန်က ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ပါတီအထွေထွေအတွင်းရေးမှူး



သခင်သန်းထွန်း ဦးဆောင်ခဲ့တဲ့
ပဲခူးရိုးမ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ


တာဝန်ယူခဲ့၊ ဖွဲ့စည်းခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ထင်ရှားတဲ့သမိုင်းကြောင်းရှိခဲ့တာလည်း အမှန်ပါပဲ။ ဗိုလ်ချုပ်အောင်ဆန်းက ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ လမ်းခွဲလိုက်တယ်ဆိုပေမယ့် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်တို့ရဲ့ အရှိန်အဟုန်၊ နိုင်ငံတကာအခြေအနေ၊ ပြည်တွင်း အခြေအနေတွေရဲ့ အရှိန်အဟုန်၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးရဲ့ အရှိန်အဟုန်တွေကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီဟာ အလံမလဲခဲ့ပါဘူး။ သခင်သန်းထွန်း၊ သခင်ဇင်၊ သခင်ချစ်အစရှိတဲ့ မာ့က်စ်ဝါဒီတွေရဲ့ ခေါင်းဆောင်မှုအောက်မှာ လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲနိုင်ခဲ့ပါတယ်။ ဒါပေမယ့် တရုတ်ပြည်ကွန်မြူနစ်ပါတီဦးဆောင်တဲ့ ယဉ်ကျေးမှုတော်လှန်ရေးရဲ့ ရိုက်ခတ်မှုကနေ ဖြုတ်ထုတ်သတ်လမ်းစဉ်ကအစ လမ်းစဉ်အမှား၊ ပေါ်လစီအမှားတွေ အောက်မှာ ပဲခူးရိုးမ ဗမာပြည်ကွန်မြူနစ်ပါတီဗဟို ပြိုကွဲခဲ့ရပါတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ ၁၉၆၈ ခုနှစ်ကစလို့ တရုတ်ပြည် ကွန်မြူနစ်ပါတီရဲ့ အင်တိုက်အားတိုက် အကူအညီပေးမှုအောက်မှာ ဗကပအခြေခံဒေသတွေကို အရှေ့မြောက်ပိုင်းစစ်ဒေသဆိုတဲ့နာမည်နဲ့ တရုတ်နယ်စပ်မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ဝ၊ ကိုးကန့်၊ အခါ အစရှိတဲ့တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့တွေနဲ့ တရုတ်က ဆက်စပ်ပေးခဲ့လို့ အင်အားရော နယ်မြေပါ တစ်ဟုန်ထိုး ကြီးထွား ခဲ့ပါတယ်။ ခက်တာက ရှေ့တရုတ်က ထောင်ပေးခဲ့တာကို နောက်တရုတ်က ဖျက်တဲ့အခါ အလွယ်တကူပဲ ပျက်သွားခဲ့ရပါတယ်။

နောက်တရုတ်က ဘယ်လိုဖျက်ဖျက် ကိုယ်ကသာ အမှီခိုကင်းတယ် ဆိုရင် တရုတ်ရဲ့ အဖျက်စီမံကိန်းကို လိုက်ပါအကောင်အထည်ဖော်နေစရာ မလိုပါဘူး။ အခုတော့ အလယ်ပိုင်းဗျူရို၊ ရွှေလီချိုင့်ဝှမ်းဒေသ အစရှိတဲ့ အခြေခံဒေသတွေကိုပါ တရုတ်စီမံချက်အတိုင်း ဖျက်ပေး၊ ပါတီကို ယုံကြည် လို့ တောခိုလာပြီး ပါတီကပေးအပ်တဲ့တာဝန်တွေကို ဆယ်စုနှစ်တစ်နှစ်ကျော် အသက်ပေးထမ်းဆောင်ခဲ့တဲ့ အနယ်နယ်အရပ်ရပ်က တော်လှန်ရေးသမား တွေကို ယွမ်ငွေ ၅၀၀ ပေးပြီးပြန်လွှတ်၊ ယွမ်ငွေ ၅၀၀ ယူပြီး အိမ်မပြန်ဘဲ ပါတီနဲ့ တော်လှန်ရေးကို ဆက်လက် ဖက်တွယ်နေသူတွေကျတော့ အမြင်မတူ တာနဲ့တင် တစ်စင်ထောင်ချင်သူတွေလို့ တရုတ်ကို သတင်းပေးပြီး တရုတ် လက်အပ် အစရှိတဲ့ တရုတ်အလိုကျ လိုက်ပါအကောင်အထည်ဖော်ပေးခဲ့တာ ဟာ ဘယ်လိုမှ ငြင်းလို့မရတဲ့ အချက်အလက်တွေပါပဲ။ တရုတ်နဲ့ နားလည်မှု ယူပြီး တရုတ်ပြည်ထဲမှာ ပါတီအလံလေး ဆက်ထောင်ထားတဲ့ အမည်ခံ ဗကပ ဗဟိုကို ဘယ်လို ယုံကြည်ရပါ့မလဲ။

ဒါ့အပြင် အဲဒီအမည်ခံ ဗကပ ဗဟိုဟာ တရုတ်စီမံချက်ကို တက်ညီ လက်ညီ ပူးတွဲအကောင်အထည်ဖော်ခဲ့ကြတဲ့ 'ခွဲထွက်လူမျိုးစု' တွေကို အပြစ်မတင်ပါဘူး။ အထူးသဖြင့် ခွဲထွက်လူမျိုးစုတွေထဲက ဗမာပြည် ကွန်မြူနစ် ပါတီဝင်တွေကို အပြစ်မတင်ပါဘူး။ ခွဲထွက်လူမျိုးစုတွေထဲက ဗမာပြည်ကွန်မြူနစ်ပါတီဝင်တွေကို ဘယ်လိုသဘောထားတယ်လို့ ပြတ်သား တဲ့ ပြောဆိုချက်၊ ထုတ်ဖော်ကြေညာချက်တွေ မလုပ်ခဲ့ပါဘူး။ ဘယ်လုပ် ရဲပါ့မလဲ။ ခွဲထွက်လူမျိုးစုပါတီဝင်တွေကလည်း တရုတ်အလိုကျ လုပ်ခဲ့ကြ တာဆိုတော့ တရုတ်ထမင်းစားတဲ့ 'တူ' လို တုတ်တံနှစ်ချောင်းပေါင်းမှ တစ်စုံဖြစ်နေကြတာမို့ပါ။

တကယ်ဆို ဗကပဗဟိုကို ပုန်ကန်ခွဲထွက်ခဲ့ကြတဲ့ လူမျိုးစုပါတီဝင် တွေကို တန်ပြန်တော်လှန်ရေးသမားတွေ ဖြစ်တယ်၊ သစ္စာဖောက်တွေ ဖြစ်



အရှေ့မြောက်ပိုင်းစစ်ဒေသ ဗမာပြည်ကွန်မြူနစ်ပါတီမြင်ကွင်းတစ်ကွက်

တယ် စသဖြင့် ပြတ်သားတဲ့ပြောဆိုချက်မျိုး မပြောနိုင် မပြောရဲပါဘူး။ အဲဒီလို မပြောရဲတဲ့အပြင် ရဲဘော်ကြင်မောင်က 'ပြည်သူ့အာဏာဆောင်းပါးများ' စာအုပ်ရဲ့ စာမျက်နှာ ၂၆ မှာ အောက်ပါအတိုင်း ဖေးဖေးမမ ဖော်ပြပေးခဲ့ပါတယ်။

*လူမျိုးစုပါတီဝင်တွေက 'ကွန်မြူနစ်အလံ' အောက်က 'လူမျိုးစုအမျိုးသားရေးဝါဒအလံ' အောက်ကို ပြတ်ပြတ်သားသား ကူးပြောင်းသွားကြတာသာဖြစ်တယ်။ ကွန်မြူနစ်ပါတီအလံကို မလုပါဘူး။* ... တဲ့။ တော်လိုက်ကြတာနော်။ သူတို့က ကွန်မြူနစ်ပါတီအလံကို မလုခဲ့တာ အရမ်းကို ကျေးဇူးတင်ဖို့ ကောင်းတာပဲ။ ဝနီ၊ ကိုးကန့်နီ၊ အခါနီ ဘာနီညာနီဆိုပြီး ကွန်မြူနစ်ပါတီအလံကိုသာ လုသွားကြရင် ဒုက္ခပါလား။ မလုပါဘူး။ သူတို့ကလည်း မလုပါဘူး။ သူတို့ကို တရုတ်က အဲဒီလို လုပ်ခိုင်းတာ မဟုတ်ပါဘူး။ ကိုယ့်လူမျိုးစုဒေသ ကောင်းစားရေးကိုသာ လုပ်ခိုင်းတာပါ။

ဒါပေမယ့် အမည်ခံဗကပဗဟိုက ဗမာလူမျိုးပါတီဝင်တွေကိုတော့ ကြောက်တယ်။ အဲဒီလို ကြောက်တဲ့အကြောင်းကို အခုလို ဆက်လက်ရေးသား ဖော်ပြပေးထားတာ တွေ့ရပါတယ်။

*အဲဒီလို ခေတ်ပျက်အခြေအနေမှာ ပါတီတွင်းက ဗမာလူမျိုးပါတီဝင်*

*အချို့က 'ကွန်မြူနစ်အလံ' ကို ကိုင်ပြီး တစင်ထောင်ဖို့ ကြိုးစားလာကြတယ်။ (DC) ချည့်နဲ့သွားတယ်။ သူတို့က ပါတီရဲ့ခေါင်းဆောင်မှုကို သဘောမတွေ့ ဖြစ်နေကြတာ ကြာပါပြီ။ 'ခွဲထွက်ရေး' တွေပေါ်တော့ ချက်ကောင်းရပြီဆိုပြီး သီးခြားပါတီ (ကွန်မြူနစ်ပါတီ) ခွဲထောင်ကြတယ်။ ဒါပေမယ့် သက်ဆိုးမရှည်ကြဘူး။ ခွဲထွက်တဲ့ အဖွဲ့တွေက သူတို့ကို လက်သင့်ခံပြီးနေနိုင်ပေမယ့် ဗိုလ်ခင်ညွန့်က ကွန်မြူနစ်ဆိုရင် ဘယ်သူမှမထားနဲ့ မောင်းထုတ်ပစ်လိုက်ဖို့ ညွှန်ကြားလို့ မောင်းထုတ်ပစ်လိုက်ကြတယ်။ ဒီလိုနဲ့ သူတို့တွေ ဓာတ်ခေါင်းကွဲပြီး လက်နက်ချသွားကြတယ်။ 'ကွန်မြူနစ်' ဘဝကနေပြီး 'လစ်ဘရယ်ဒီမိုကရက်တစ်' ဘဝ ကို ပြောင်းသွားကြတယ်။*

ရဲဘော်ကြင်မောင်က အဲဒီလိုရေးထားတာဆိုပေမယ့် အမည်ခံဗကပ ဗဟိုကို ကိုယ်စားပြု ရေးထားတာမို့ အမည်ခံဗကပဗဟိုရဲ့ အဖြစ်မှန်ကို မျက်လှည့်ပြထားတဲ့ ရေးသားချက်လို့ ပြောရပါလိမ့်မယ်။ အဲဒီမှာ ရေးထားသလို ဘယ်ဗမာလူမျိုးပါတီဝင်မှ ချက်ကောင်းရပြီဆိုပြီး သီးခြားပါတီ (ကွန်မြူနစ်ပါတီ) ခွဲမထောင်ကြပါဘူး။ ဗဟိုက ထားရာနေ စေရာသွားနေရင်းကနေ မတူတဲ့အမြင်သဘောထားတွေ ပြောလာတဲ့အပေါ် မျက်မှန်တော်ရှုပြီး နေရာပြောင်းပေးမယ်လို့ အကြောင်းပြ၊ အုပ်စုလိုက်ကြီး ကားပေါ်တင်ပြီး တရုတ်လက် အပ်ပေးလိုက်တာကမှ ဖြစ်ရပ်မှန်ပါ။ အဲဒီဗမာလူမျိုး ပါတီဝင်တွေ မသေကြသေးပါဘူး။ သက်ရှိထင်ရှား ရှိပါသေးတယ်။ ဖြစ်ရပ်မှန်ကို လှည့်စားတာဟာ သမိုင်းအမှန်ကို ဖုံးကွယ်တာ ဖြစ်ပါတယ်။

ကောင်းပါပြီ။ ဗကပဗဟိုဟာ မတတ်သာလို့ တရုတ်ကြိုးဆွဲရာကခဲ့ရတာပါဆိုပြီး ခွင့်လွှတ်ချင်တယ်ဆိုရင်လည်း အဲဒီကြိုးဆွဲနေတဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီကရော ဘယ်လောက်တောင် ယုံကြည်ရတာမို့လဲ။ ဗမာပြည်အလုပ်သမားလူတန်းစားနဲ့ ဗမာပြည်ပြည်သူလူထုကြီးက တရုတ်ပြည်ကွန်မြူနစ်ပါတီအပေါ် ဘယ်လောက်များ ယုံကြည်မျှော်လင့်စရာ ကောင်းနေလို့လဲ။ တကယ်တော့ တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ နာမည်ခံကွန်မြူနစ်သာ ဖြစ်နေတော့တာပါ။ ရက်စွဲအတိအကျ မမှတ်မိတော့ပေမယ့် ၂၀၀၀ ပြည့်နှစ် နှစ်ကာလတွေတုန်းက တရုတ်ပြည်ကွန်မြူနစ်ပါတီဝင်အဖြစ် ဓနရှင်လူတန်းစားတွေပါ ဝင်ခွင့်ပြုလိုက်တယ်ဆိုပြီး တရုတ်ပြည်ပါတီကွန်

ဂရက်က ကြေညာချက် ထုတ်ပြန်လိုက်ပါတယ်။ တကယ်က ကွန်မြူနစ်ပါတီဆိုတာ အလုပ်သမားလူတန်းစားရဲ့ တပ်ဦးပါတီဖြစ်ပါတယ်။ အမျိုးသားနေရှင်လူတန်းစားကို မဟာမိတ်အဖြစ် သဘောထားတာကလွဲလို့ ပါတီဝင်အဖြစ် လက်ခံလို့မရပါဘူး။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ရဲ့အခြေခံမှုကို လုံးဝ စွန့်လွှတ်ပစ်ပယ်လိုက်တာဖြစ်ပါတယ်။ အဲဒီတုန်းက တိုင်းမ်မဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ ကာတွန်းတစ်ကွက်ဟာ အတော်ပဲထိမိပါတယ်။ တရုတ်ကွန်မြူနစ်ပါတီကွန်ဂရက် ကျင်းပနေပုံကို သရုပ်ဖော်ရေးဆွဲထားပြီး ကွန်ဂရက်တက်ရောက်သူ ပါတီကိုယ်စားလှယ်တွေက 'ပစ္စည်းမဲ့လူတန်းစားမှာ အရင်းမှတစ်ပါး ဆုံးရှုံးစရာမရှိ' လို့ ကြွေးကြော်နေတာပါ။ အရင်တုန်းက ကြွေးကြော်သံက 'ပစ္စည်းမဲ့လူတန်းစားမှာ နှောင်ကြိုးမှတစ်ပါး ဆုံးရှုံးစရာမရှိ' ဖြစ်ပါတယ်။ အခုတော့ အရင်းရှင်တွေကိုပါ လက်ခံလိုက်တာ မို့ ဆုံးရှုံးစရာက 'နှောင်ကြိုး' မဟုတ်တော့ဘဲ 'အရင်း' ဖြစ်သွားတာပါပဲ။

ဆိုလိုတာက ဗကပအမည်ခံလူတစ်စုကိုရော သူ့နောက်က တရုတ်ပြည်ကွန်မြူနစ်ပါတီ ဆိုတာကိုပါ ဗမာပြည်ပြည်သူလူထုကြီးက မျှော်လင့်ယုံကြည်နေရဦးမှာလား။ ရဲဘော်မော်စီတုန်းရဲ့ စကားတစ်ခွန်းကို ကိုးကားလိုက်ရုံနဲ့တော့ ဗကပအမည်ခံပါတီကို ယုံကြည်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တာပါ။

ပြီးတော့ ရဲဘော်ကြင်မောင် မျှော်လင့်ခဲ့တာ ရှိပါတယ်။ အဲဒါကတော့ အထက်မှာဖော်ပြခဲ့တဲ့ စာပိုဒ်နောက်မှာ ဆက်လက်ဖော်ပြခဲ့တဲ့စာပိုဒ် ဖြစ်ပါတယ်။ ဆောင်းပါးတစ်ခုလုံးရဲ့ နိဂုံးချုပ်စာပိုဒ်လည်း ဖြစ်ပါတယ်။

*ဗဟိုစည်းရုံးရေးကော်မတီ (COC) ၏တာဝန်မှာ ပါတီစိတ်ဓာတ်မြင့် တင်ပေးဖို့နဲ့ နောင်မျိုးဆက်သို့ ပါတီအလံလွှဲခဲ့ဖို့ ဖြစ်သည်။ ပထမမျိုးဆက်မှာ သေသူသေကြပြီ။ ရှင်နေသူ အိုလှပြီ။ COC သည် ဒုတိယမျိုးဆက်ဖြစ်သည်။ သူတို့လည်း အသက်ကြီးလှပြီ။ ၆၀ ကျော် ၇၀ တန်းဖြစ်သည်။ တတိယမျိုးဆက်ကို အလံလွှဲပေးရမည်။ ဖြစ်နိုင်လျှင် (ဖြစ်နိုင်လျှင်) 'စတုတ္ထကွန်ဂရက်' ကျင်းပဖို့ ကြိုးစားရမည်။ စတုတ္ထကွန်ဂရက်က 'ဗဟိုကော်မတီ' ကို ရွေးရမည်။ ဒီလိုလုပ်ပြီးမှ တတိယ*

*မျိုးဆက်ကို အလံလွှဲနိုင်လျှင် ကောင်းပါသည်။ 'ပါတီစိတ်ဓာတ်' ထက်သန်နေပါမှ ပါတီအသက် အဓွန့်ရှည်ပါလိမ့်မည်။*

စိတ်မကောင်းပါ။ တရုတ်နဲ့ နားလည်မှုယူပြီး ထောင်ထားရရှာတဲ့ ဗကပဗဟိုဆိုင်းဘုတ်ကလေးကို နောင်မျိုးဆက်ဆီ လွှဲပေးချင်နေသေးတဲ့ဆန္ဒ ရှိနေသေးတာ တွေ့ရပါတယ်။ သူ့အာရုံမှာ စတုဗ္ဗာကွန်ဂရက်ကို မြင်ယောင်ကြည့်နေပါသေးတယ်။ အဲဒီ စတုဗ္ဗာကွန်ဂရက်ကို ဘယ်နေရာမှာ လုပ်မယ်လို့များ စိတ်ကူးထားသလဲမသိပါ။ ရွှေလီ၊ ဝမ်တိန်၊ မန်စီ၊ ထိန်ချုံးတို့လောက်နဲ့တော့ ကျေနပ်စရာမရှိလှပါ။ 'ပေကျင်း' လောက်မှာ လုပ်နိုင်မှ ဂုဏ်ထည်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီပေကျင်းကွန်ဂရက်ကို တက်မယ့် တတိယမျိုးဆက်က ရှိရောရှိလာဦးမှာတဲ့လား။ ရှိလာမယ်ဆိုရင်လည်း အဲဒီ တတိယမျိုးဆက်ဟာ မျက်ကန်းကွန်မြူနစ်တွေ၊ မော်က်စ်ဝါဒလီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်ကို နားမလည်တဲ့ ကွန်မြူနစ်တွေ၊ တရုတ် ဘာလုပ်လုပ် တရုတ်ဩဇာခံမယ်ဆိုတဲ့ ကွန်မြူနစ်တွေပဲဖြစ်နေမှာ သေချာပါတယ်။ အဲဒီလိုကွန်မြူနစ်တွေက ဗမာပြည်အလုပ်သမားလူတန်းစားနဲ့ ပြည်သူလူထုကြီးကို ဘယ်လိုအနာဂတ်မျိုး တည်ဆောက်ပေးနိုင်မှာမို့ပါလဲ။

ချုပ်ပြောရရင် အမည်ခံဗကပဗဟိုဟာ ဘယ်လောက်ပဲ မာယာပရိယာယ်တွေ သုံးနေနေ၊ စကားနဲ့တစ်မျိုး၊ စာပေနဲ့တစ်ဖုံ ဝါဒဖြန့်နေနေ အမှန်တရားကို ဖုံးကွယ်လို့ မရနိုင်ပါဘူး။ ဗဟိုနာမည် ခံယူဖို့ရာ၊ ဗမာပြည်အလုပ်သမားလူတန်းစားရဲ့ တပ်ဦးပါတီအဖြစ်ခံယူဖို့ရာ ဂုဏ်နဲ့ ဒြပ် ကိုက်ညီမှု မရှိတော့ဘူးဆိုတာ သမိုင်းက သက်သေပြထားပြီးပါပြီ။

မြန်မာ့ခေတ်သတင်းဂျာနယ် (၂-၃-၂၀၁၅)


**Political Comments page in Facebook, 19th February 2015**

❖ ❖ ❖

## ဗကသ ဟာ ဗကပ မဟုတ်ပါဘူး

**ဝေဖန်ချက်အမှတ် (၃)**

ရဲဘော်ကြင်မောင်ရဲ့ ပညာသူ့အာဏာဆောင်းပါးများ စာအုပ်ထဲမှာ ၂၀၀၉ ခုနှစ် ဩဂုတ်လနေ့စွဲနဲ့ အံ့ဩစရာ ဆောင်းပါးအတိုလေးတစ်ခု ပါလာတယ်။ ဘာဖြစ်လို့ အံ့ဩစရာကောင်းတာလဲဆိုတာ သိရအောင် ဖော်ပြပေးလိုက်ပါတယ်။ (စာအုပ်က ထုတ်ဝေတဲ့ အုပ်ရေနည်းလို့ အတော်များများက ဖတ်ခွင့်မရတာက တစ်ကြောင်း၊ ဖြန့်ချိခွင့် မပြုဖို့ ယာယီတားဝရမ်းထုတ်ပြန်ခြင်း ခံလိုက်ရတော့ ပိုပြီးဖတ်ခွင့်မရ ဖြစ်ကုန်ကြတာ တစ်ကြောင်းဖြစ်တာမို့ ဖော်ပြပေးလိုက်တာပါ။ ဖြန့်ချိခွင့်ပိတ်ပင်ရခြင်း အကြောင်းရင်းက ပုံနှိပ်ထုတ်ဝေ နည်းဥပဒေသစ်နဲ့ ငြိစွန်းနေလို့ ဖြစ်တယ်လို့ သိရပါတယ်။ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေမယ့်အကြောင်းအရာတွေ ပါဝင်နေတယ်လို့ ပြန်ကြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးရဲတင့်က မှတ်ချက်ပေးထားတယ်လို့ သတင်းဖော်ပြချက်တွေအရ သိရပါတယ်။ အခု ကျွန်တော် ဝေဖန်ချင်တဲ့ ဆောင်းပါးအတိုလေးမှာလည်း အဲဒီလိုအကြောင်းအရာမျိုးတွေ ပါဝင်နေမလား မပြောတတ်ပေမယ့် မူရင်းကို ဖော်ပြမပေးရင် ဝေဖန်လို့မရနိုင်တာကြောင့် ဖော်ပြပေးလိုက်ခြင်းလည်း ဖြစ်ပါတယ်။ မူရင်းကို ဝါဒဖြန့်ချိချင်လို့ မဟုတ်ပါ။) ဝေဖန်ချင်တဲ့ ဆောင်းပါးအတိုလေးရဲ့ ခေါင်းစဉ်က '**ဗကပနဲ့ ကျောင်းသားသမဂ္ဂ**' ဖြစ်ပါတယ်။



၁၉၁၇ ခုနှစ် အောက်တိုဘာလတော်လှန်ရေးစတင်ဖို့
အချက်ပေးအမြောက်ဖောက်ခဲ့တဲ့ အော်ရိုးရားစစ်သင်္ဘောကြီး

## ဗကပ၏ ဇာတိဇာစ်မြစ်

တကာသ၊ ဗကသ နဲ့ တို့ဗမာအစည်းအရုံး (သခင်ပါတီ) တို့အထဲမှာ ဗကပ သန္ဓေတည်ပြီး ၁၉၃၉ မှာ မွေးဖွားလာတာ ဖြစ်ပါတယ်။

ဗမာပြည်က ခေတ်ပညာတတ်တွေဟာ ၁၉၁၇ ရုရှား အောက်တိုဘာ တော်လှန်ရေးအမြောက်သံကို ၁၉၂၀ မတိုင်မီကတည်းက ကြားပါတယ်။ ၁၉၂၀ လွန်တော့ ဗမာပြည်မှာ အိန္ဒိယကွန်မြူနစ်ပါတီနဲ့ တရုတ်ကွန်မြူနစ် ပါတီတို့ရဲ့ လှုပ်ရှားမှုများကတဆင့်လည်း အောက်တိုဘာ တော်လှန်ရေး၊ ဘော်ရှီဗစ်ပါတီ ကွန်မြူနစ်ပါတီသဘောတရားများကို လေ့လာမှတ်သားရပါ တယ်။ ဘိလပ်ပြန်များက ယူလာတဲ့ မာ့က်စ်လီနင်စတာလင်တို့ရဲ့ ကွန်မြူနစ် သဘောတရားစာအုပ်များကိုလည်း လေ့လာရပါတယ်။ ဒီလိုနဲ့ (တကာသ၊ ဗကသ) ကျောင်းသားတွေ၊ သခင်ပါတီထဲက သခင်ပါတီဝင်တွေဟာ မာ့က်စ်ဝါဒ လေ့လာရေးအစုများဖွဲ့ပြီး မာ့က်စ်ဝါဒ လေ့လာကြပါတယ်။ စာအုပ်စာတမ်းရေးပြီး ထုတ်ဝေကြတယ်။

၁၉၃၆၊ ၁၉၃၈ ကျောင်းသားသပိတ်များနဲ့ ၁၃၀၀ ပြည့်အရေးတော်ပုံ ပြီးတဲ့နောက်မှာတော့ ဗမာပြည်ကွန်မြူနစ်ပါတီဖွဲ့စည်းဖို့ အခြေအနေပေးလာ

တယ်။ ဖွဲ့စည်းတော့ သဘာဝကျစွာပဲ လှေ့လာရေး အုပ်စုခေါင်းဆောင်တွေဟာ ဗကပရဲ့ခေါင်းဆောင်တွေ ဖြစ်လာကြတယ်။ အစုဝင်တွေက ပါတီဝင်တွေ ဖြစ်လာကြတယ်။

လွတ်လပ်ရေး တိုက်ပွဲဝင်ကာလက တိုးတက်တဲ့နိုင်ငံရေး ကျောင်းသားများဟာ တို့ဗမာအစည်းအရုံး (သခင်ပါတီ) ဝင်စမြဲပဲ။ ဒါကြောင့်ပဲ ဗကပရဲ့ ခေါင်းဆောင်ရော၊ ပါတီဝင်တွေပါ သခင်ဘွဲ့ ခံယူသူတွေချည်း ဖြစ်လာရတာပဲ။

ကြုံကြိုက်လို့ အဖြစ်အပျက်ကလေးတခုကို ပြောချင်တယ်။ KIO နဲ့ ဗကပ မဟာမိတ်ဖွဲ့တုန်းက ဖြစ်တာပါ။ ဗကပ က KIO ကို လက်နက်တွေ ကူညီခဲ့တယ်။ လက်နက်မပေးခင် KIA တပ်ဖွဲ့တွေကို ပြည်သူ့ဒီမိုကရေစီ လုပ်ငန်းစဉ်သဘောတရားသင်တန်း ပေးတယ်။ သင်တန်းဆရာက ဗကပ သမိုင်းပြောတော့ ပါတီခေါင်းဆောင်တွေအားလုံးက သခင်ဘွဲ့ခံသူတွေချည်း ဖြစ်နေတယ်။ နားကလောလာလို့ ထင်ပါရဲ့။ KIA ဗိုလ်တစ်ယောက်က ထပြီး ကောတယ်။ သခင်ယေရှုတစ်ယောက်ပဲ ကြားဖူးတယ်။ ခုတော့ ဗကပမှာ သခင်တွေ များလှပါလားလို့ ပြောဖူးတယ်။

## ၁၉၄၅ အလွန် ဗကပရဲ့ ရေသောက်မြစ်

ရေသောက်မြစ်က ဗကသ၊ အလုပ်သမားသမဂ္ဂ၊ တောင်သူလယ်သမားသမဂ္ဂ စတာတွေ ဖြစ်လာတယ်။ သခင်ပါတီက တဖြတ်သိမ်းသွားပြီ။ ဖောက်ပြန်သွားပြီ။

အဲဒီတုန်းက ဗကပ လည်း ဥပဒေတွင်း O/G ပါတီဖြစ်သလို ဗကသ၊ အလုပ်သမားလယ်သမားသမဂ္ဂတွေလည်း တရားဝင်တွေချည်း ဖြစ်တယ်။ ဒါကြောင့် ဘာမှ လျှို့လျှို့ဝှက်ဝှက် လုပ်နေစရာ မလိုဘူး။ ဗကပရဲ့ ကွန်ဖရင့်တွေ၊ အစည်းအဝေးတွေမှာ ဗကသ ကျောင်းသားတွေ တက်မြဲဖြစ်တယ်။ ဒါကြောင့်လည်း ဘယ်ကျောင်းသားက ကွန်မြူနစ်ပဲဆိုတာ အားလုံးက သိကြတာပဲ။ ဗကပရဲ့ တင်းကျပ်တဲ့စည်းမျဉ်းကို မလိုက်နာနိုင်တော့လို့ ကိုသန်းထွန်း (ဒေါက်တာသန်းထွန်း) က ပါတီက ထွက်ပြီး ကျောင်းဆရာလုပ်တယ်။ နိုင်ငံခြားပညာတော်သင် သွားဖို့လျှောက်

တော့ ပညာသင်ရွေးချယ်ရေးအဖွဲ့က လူခေါ်တွေ့တယ်။ အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက သူ့ကို ကွန်မြူနစ် ယူဂျီလုပ်နေတယ်လို့ သံသယဖြစ်ပြီး မေးမြန်းစစ်ကြောခဲ့တာပဲ။ မေးပုံဖြေပုံကို ငါပြောချင်သမျှ ငါ့အကြောင်းမှာ ဖတ်ရတယ်။

## ၁၉၄၈ အလွန်ကာလ

ဗကပ ပါတီက တောထဲရောက်သွားပြီ။ ဗကသ က တရားဝင်အဖွဲ့ အစည်းပဲ။ အာဏာပိုင်တွေက ဗကသ ကို မယုံဘူး။ ဦးနုက စပြီး ဦးကျော်ငြိမ်း၊ ဗိုလ်ခင်မောင်လေးတို့ကလည်း ဗကသကို ရန်ဘက်လို့ပဲ သဘောထားတယ်။ သူတို့က တချိန်က ဗကသ ခေါင်းဆောင်တွေချည်းပဲ။ ဒါပေမဲ့ ဗကသကို ရန်ဘက်လို့ပဲ သတ်မှတ်ကြတယ်။ ဗကသ ကို ဗကပ (ယူဂျီ) လို့ပဲ သံသယ ရှိကြတယ်။

ဦးနုက ပါးစပ်နဲ့ပဲ ခြိမ်းခြောက်တယ်။ ဦးကျော်ငြိမ်းက သေနတ်နဲ့ ခြိမ်းခြောက်တယ်။ ဗိုလ်ခင်မောင်လေးကတော့ သူကိုယ်တိုင် သေနတ်ဖောက် ပြီး ခြိမ်းခြောက်တယ်။ ဒါက ဗကသ ခေါင်းဆောင်ဟောင်းတွေရဲ့ ရန်လုပ်ပုံ ဖြစ်တယ်။

## ၁၉၄၆ အလွန်မှ အခုအထိ

စစ်အာဏာသိမ်းအစိုးရခေတ်မှာလည်း ဗကသကို ဗကပ (ယူဂျီ) လို့ပဲ သံသယရှိတယ်။ သူတို့က ဗကသမှာ တခါမှ မလုပ်ဖူးဘူး။ သံယောဇဉ်မရှိဘူး။ ဒါကြောင့် သေနတ်နဲ့ ခြိမ်းခြောက်ရုံ မကဘူး။ သေနတ် နဲ့ ပစ်တယ်။ ပစ်တာကလည်း သေအောင် ချိန်ပစ်တာ။ အစုလိုက်အပြုံလိုက် သေအောင် ပစ်တာပဲ။

ဒီလိုနဲ့ ဗကသလည်း မြေလျှိုးရပြီ။ မြေလျှိုးရတာ နှစ် ၅၀ နီးနေပြီ။ ရှေ့မှာလည်း မြေလျှိုး နေရဦးမှာပဲ။

## ရှေ့တခေါ် မျှော်ကြည့်

ဗကသ နဲ့ ဗကပ ရပ်တည်ချက်တူနေလို့ အမြင်တူ၊ အတွေးတူ၊


အလုပ်တူခဲ့ကြတယ်။ ရှေ့တခေါ် မျှော်ကြည့်တော့ ၂၀၀၈ အခြေခံဥပဒေနဲ့ ၂၀၁၀ ရွေးကောက်ပွဲကိစ္စဟာ ဘီလူးစည်း-လူစည်းခွဲမယ့် စည်းကြောင်းလို့ မြင်ပါတယ်။ တပြည်လုံးမှာ အကြီးအကျယ် ကွဲပြားမှုကြီး ဖြစ်မယ်။ ပြီးရင် အကြီးအကျယ် ပြန်လည်စုစည်းမှုကြီးဖြစ်မယ်လို့ ဗကပက မျှော်မြင်ပါတယ်။ ဘယ်သူတွေ ဘယ်လိုလုပ်ကြမလဲ မပြောတတ်ပါ။ သတင်းတွေတော့ အများကြီး ကြားပါတယ်။ ရွေးကောက်ပွဲဥပဒေ ထွက်လာရင် ရှင်းလာပါလိမ့်မယ်။

*ဒီအခါမှာလည်း ဗကပနဲ့ ဗကသ အမြင်တူ၊ အတွေးတူ၊ အလုပ်တူကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ချီတက်ရမယ့်ခရီး ဝေးပါတယ်။ အခက်အခဲတွေ တင်းကျမ်းဖြစ်နေပါတယ်။ ဘာပဲဖြစ်ဖြစ် မိမိတို့က သန္နိဋ္ဌာန် ခိုင်မာစွာနဲ့ ချီတက်ရင် ကျော်နင်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါဟာ ဗကပရဲ့ နှစ် ၇၀ ပြည့်သဝဏ်လွှာ ဖြစ်ပါတယ်။ ဗကသ ဟာ ၇၃ နှစ်ပါ။ မကြာမီ ၇၅ နှစ် ပြည့်ပါ့မယ်။ ပိုမို ကောင်းမွန်တဲ့ တောက်ပတဲ့အနာဂတ်ဆီသို့ ချီတက်ကြပါစို့။* .... တဲ့။

စာဖတ်သူအနေနဲ့ အထက်ဖော်ပြပါ ဆောင်းပါးတိုကလေးကို ဘယ်လို ခံစားမိပါသလဲ။ အံ့သြစရာကောင်းတယ်လို့များ မထင်မိဘူးလား။ ဗကပဟာ ဗကသနဲ့ အတူတူပဲလို့ ပြောလိုက်တာ မဟုတ်ဘူးလား။ အဲဒီလို ပြောလိုက်တာဟာ စာဖတ်သူတွေကို နားလည်မှုရှုပ်ထွေးအောင် တမင်ပြောလိုက်တာလား ဒါမှမဟုတ် သူကိုယ်တိုင်က အဲဒီလို ခံယူထားလို့လား။ ကျွန်တော်တော့ အတော်လေးကို အံ့သြသွားခဲ့ရပါတယ်။

ဒါပေမယ့် သေသေချာချာ ပြန်စဉ်းစားကြည့်တော့ ရဲဘော်ကြင်မောင်ဟာ သာမန်လူတစ်ဦးမှ မဟုတ်တာပဲ။ ဗကပရဲ့ ဝါရင့်ခေါင်းဆောင်တစ်ဦးဖြစ်ပြီး အတွေ့အကြုံလည်း အံ့မခန်း ရင့်ကျက်တာကြောင့် သူကိုယ်တိုင်ကတော့ အဲဒီလို ခံယူထားလိမ့်မယ် မထင်ပါဘူး။ စာဖတ်သူတွေ နားလည်မှုရှုပ်ထွေးသွားအောင် တမင်တကာ အကြံအစည်ရှိရှိ ရေးလိုက်ပုံရပါတယ်။

**တကယ်တော့ ဗကပဟာ ပါတီဖြစ်ပြီး ဗကသဟာ သမဂ္ဂဖြစ်ပါတယ်။** လုံးဝကို မတူခြားနားတဲ့ အဖွဲ့အစည်းနှစ်ခုဖြစ်ပါတယ်။ ပါတီ



၁၉၃၆ ခုနှစ် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ
ဦးဆောင်ကော်မတီ

ဆိုတာရဲ့ ဖွဲ့စည်းပုံနဲ့ သမဂ္ဂ ဆိုတာရဲ့ ဖွဲ့စည်းပုံဟာ မတူညီပါဘူး။ ဖွဲ့စည်းပုံမတူသလို ဦးတည်ချက်ချင်းလည်း ကွဲပြားခြားနားကြပါတယ်။

ပါတီတစ်ရပ်ဟာ နိုင်ငံရေးပါတီဖြစ်တယ်ဆိုရင် နိုင်ငံရေးဦးတည်ချက်တစ်ရပ် ရှိပါတယ်။ အဲဒီနိုင်ငံရေးဦးတည်ချက်ကို အကောင်အထည်ဖော်ရာမှာ ဦးဆောင်မယ့်ဗဟိုကော်မတီ ရှိရပါတယ်။ အဲဒီဗဟိုကော်မတီကနေ ပါတီဖွဲ့စည်းပုံ ရေးဆွဲခြင်း၊ ပါတီစည်းမျဉ်းတွေ ရေးဆွဲခြင်း၊ လမ်းစဉ်ပေါ်လစီတွေ ရေးဆွဲခြင်း လုပ်ရပါတယ်။ ပြီးတော့ ပါတီဝင်တွေ သိမ်းသွင်းရပါတယ်။ ဘယ်လို အရည်အချင်းတွေနဲ့ ပြည့်စုံမှ ပါတီဝင်အဖြစ် လက်ခံမယ်ဆိုတဲ့ စံသတ်မှတ်ချက်တွေ ထားရှိရပါတယ်။ အဲဒီပါတီဝင်တွေကတစ်ဆင့် ပြည်သူလူထုနဲ့ ဆက်သွယ်ပြီး ပြည်သူလူထုကြီးကို ဦးဆောင်ရပါတယ်။ ပြည်သူလူထုကြီးရဲ့ ထောက်ခံမှုနဲ့ ပါတီရဲ့ နိုင်ငံရေးဦးတည်ချက်ကို အကောင်အထည်ဖော်ရပါတယ်။ ပါတီစုံဒီမိုကရေစီခေတ်ဆိုရင် မိမိပါတီ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ရင် ဘာတွေ လုပ်သွားမယ်ဆိုတဲ့ စီမံကိန်းတွေလည်း အသင့်ရှိထားရပါတယ်။

သမဂ္ဂ ဆိုတာက နယ်ပယ်တစ်ခုက အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။

အလုပ်သမားနယ်ပယ်မှာဆိုရင် အလုပ်သမားသမဂ္ဂ၊ လယ်သမားနယ်ပယ်မှာ လယ်သမားသမဂ္ဂ၊ ကျောင်းသားနယ်ပယ်မှာ ကျောင်းသားသမဂ္ဂ စသဖြင့်ပေါ့။ အဲဒီလို နယ်ပယ်အလိုက် တည်ရှိနေတဲ့ အဖွဲ့အစည်းဖြစ်တဲ့အတွက် နိုင်ငံရေးပါတီလို ကျယ်ပြန့်ခြင်း မရှိပါဘူး။ ကျောင်းသားသမဂ္ဂဟာ ကျောင်းသားတွေနဲ့ချည့် ဖွဲ့စည်းရတဲ့သမဂ္ဂ ဖြစ်ပါတယ်။ အလုပ်သမားတွေ၊ လယ်သမားတွေ ပါဝင်လို့မရပါဘူး။ ကျောင်းဆရာဆရာမတွေ၊ ကျောင်းအုပ်ချုပ်ရေးအာဏာပိုင်တွေ ပါဝင်ခွင့် မရှိပါဘူး။ ကျောင်းဆရာဆရာမတွေက သူတို့ဘာသာ သီးခြားသမဂ္ဂ ဖွဲ့ရပါတယ်။ ကျောင်းသားသမဂ္ဂမှာ လာရောလို့မရပါဘူး။ ကျောင်းသားသမဂ္ဂဟာ ကျောင်းသားကျောင်းသူတွေနဲ့ပဲ ပါဝင်ဖွဲ့စည်းထားတာဖြစ်လို့ ကျောင်းပြီးသွားတာနဲ့ ဒါမှမဟုတ် ကျောင်းထွက်လိုက်တာနဲ့ ကျောင်းသားသမဂ္ဂဝင် မဟုတ်တော့ပါဘူး။ ဒီတစ်ချက်တည်းနဲ့တင် ကျောင်းသားသမဂ္ဂဟာ နိုင်ငံရေးပါတီတစ်ရပ်နဲ့ လုံးဝ ကွဲလွဲသွားပါတော့တယ်။

ဗမာပြည်မှာ ကျောင်းသားသမဂ္ဂ ပေါ်ထွန်းလာခဲ့တာ အင်္ဂလိပ်နယ်ချဲ့လက်အောက်မှာ ဖြစ်ပါတယ်။ တကသ (တက္ကသိုလ်ကျောင်းသားများသမဂ္ဂ) ကို ၁၉၂၇ ခုနှစ်က ဖွဲ့စည်းခဲ့တာလို့ သိရပါတယ်။ နယ်ချဲ့လက်အောက် ရောက်နေတာမို့ ကိုလိုနီပညာရေးစနစ်ကို ဆန့်ကျင်ခဲ့ပြီး ဗမာပြည်နိုင်ငံရေးခေါင်းဆောင်တွေ ပေါ်ထွက်ခဲ့တဲ့ ကျောင်းသားအဖွဲ့အစည်း ဖြစ်ပါတယ်။ ၁၉၃၆ ခုနှစ်မှာ ဗကသ (ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်) ဖြစ်လာတယ်လို့ ဆိုပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးအတွက် လှုပ်ရှားတိုက်ပွဲဝင်ခဲ့တဲ့ ကျောင်းသားအဖွဲ့အစည်းကြီး ဖြစ်တယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဒါပေမယ့် ကျောင်းသားအဖွဲ့အစည်း ဖြစ်တဲ့အတိုင်း ကျောင်းသားမဟုတ်တော့သူတွေဟာ အဖွဲ့အစည်းထဲ မပါဝင်နိုင်တော့ပါဘူး။ နောက်တက်လာတဲ့ ကျောင်းသားမျိုးဆက်တွေက ရှေ့ကဦးဆောင်သွားခဲ့တဲ့ နောင်တော် ကျောင်းသားတွေရဲ့ အစဉ်အလာကို ဆက်လက် ထိန်းသိမ်းခဲ့ကြရတာပါပဲ။

ရဲဘော်ကြင်မောင်ရေးထားသလို *"အဲဒီတုန်းက ဗကပလည်း ဥပဒေတွင်း O/G ပါတီဖြစ်သလို ဗကသ၊ အလုပ်သမားလယ်သမားသမဂ္ဂတွေ*

*လည်း တရားဝင်တွေချည်းဖြစ်တယ်။ ဒါကြောင့် ဘာမှ လျှို့လျှို့ဝှက်ဝှက် လုပ်နေစရာမလိုဘူး။ ဗကပရဲ့ ကွန်ဖရင့်တွေ၊ အစည်းအဝေးတွေမှာ ဗကသ ကျောင်းသားတွေ တက်မြဲဖြစ်တယ်။ ဒါကြောင့်လည်း ဘယ်ကျောင်းသားက ကွန်မြူနစ်ပဲဆိုတာ အားလုံးက သိကြတာပဲ"* ဆိုတာ မမှားနိုင်ပါဘူး။ ဒါပေမယ့် တကသ၊ ဗကသ ကျောင်းသား ခေါင်းဆောင်တိုင်းကတော့ ကွန်မြူနစ် မဖြစ်နိုင်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းတို့ခေတ်မှာလည်း ဗိုလ်ချုပ် အောင်ဆန်းသာ ကွန်မြူနစ်ဘက်ကို စိတ်လည်ခဲ့ပေမယ့် ဦးနုက လုံးဝ စိတ်မလည်ပါဘူး။ ကျောင်းသားခေါင်းဆောင်ဖြစ်ဖြစ် ခေါင်းဆောင်မဟုတ်တဲ့ ကျောင်းသားတွေဖြစ်ဖြစ် ကိုယ်ယုံကြည်တဲ့ နိုင်ငံရေးဆိုတာ ရှိကြမှာ ချည်းပါပဲ။ နိုင်ငံရေးယုံ ကြည်ချက်၊ နိုင်ငံရေးခံယူချက် မတူကြပေမယ့် ကျောင်းသားအရေး၊ မိဘပြည်သူတွေအရေးကို ဆောင်ရွက်ကြမယ်ဆိုရင်တော့ ခွပ်ဒေါင်းအလံအောက်မှာ အတူတကွ လက်တွဲနိုင်ခဲ့ကြတဲ့သမိုင်းကို လေ့လာတွေ့ရှိရပါတယ်။ **ဒါကြောင့် တကသ၊ ဗကသနဲ့ တို့ဗမာအစည်းအရုံး ထဲကနေ ဗကပက သန္ဓေတည်ပြီး မွေးဖွားလာခဲ့တယ်ဆိုတာ ပြောလို့ရပေမယ့် တကသ၊ ဗကသနဲ့ တို့ဗမာ အစည်းအရုံးဝင်တွေဟာ ဗကပတွေချည်းပဲလို့ အပြန်အလှန်သဘော ပြောလို့မရပါဘူး။** ရဲဘော်ကြင်မောင်ရဲ့ မသိမသာ ပြောကြားချက်က တကသ၊ ဗကသဆိုရင် ဗကပ စည်းရုံးထားတဲ့ လူတွေ ချည့်ပဲဆိုတဲ့ အဓိပ္ပာယ်ဆောင်သွားပါတယ်။ ဒါ သဘာဝမကျပါဘူး။ ဒါ့အပြင် အဲဒီပြောကြားချက်က တဆိတ်ရှိ ဗကပ၊ တဆိတ်ရှိ ယူဂျီလို့ အပြစ်ပုံချချင်နေတဲ့ ဒီဘက်က လူကြီးတချို့ကို ထောက်ခံပေးရာ ရောက်နေပါတယ်။

နောက်တစ်ခါ ရဲဘော်ကြင်မောင် မလိမ့်တပတ် သုံးသွားတာရှိသေးတယ်။ *"ဒီလိုနဲ့ ဗကသလည်း မြေလျှိုးရပြီ။ မြေလျှိုးရတာ နှစ် ၅၀ နီးနေပြီ။ ရှေ့မှာလည်း မြေလျှိုးနေရဦးမှာပဲ"* တဲ့။

တကယ်က တကသတို့ ဗကသတို့ဆိုတာ မြေလျှိုးသွားတာ မဟုတ်ပါဘူး။ ၁၉၆၂ ခုနှစ်မှာ အာဏာသိမ်းခဲ့တဲ့ ဗိုလ်ချုပ်ကြီးနေဝင်း စစ်အစိုးရက ဖိနှိပ်လို့ ပျောက်ကွယ်သွားခဲ့တာပဲ ဖြစ်ပါတယ်။ မြေလျှိုးသွားတယ်ဆိုတာ ယူဂျီ လုပ်သွားသလိုလို ဖြစ်နေပါတယ်။ တကသတွေ၊ ဗကသတွေမှာ


ယူဂျီလုပ်တဲ့ အစဉ်အလာမရှိပါဘူး။ တကသတို့၊ ဗကသတို့ဆိုတာ နိုင်ငံရေးပါတီတွေ မဟုတ်တော့ ယူဂျီလုပ်လို့ မရပါဘူး။ မြေအောက်တကသ၊ မြေအောက်ဗကသရယ်လို့ ဘယ်တက္ကသိုလ်မှာ ပေါ်ထွန်းခဲ့ဖူးလို့လဲ။ ၁၉၆၅ ခုနှစ်က စပြီး ၁၉၇၅ ခုနှစ်ဆိုတဲ့ ဆယ်စုနှစ် တစ်နှစ်လုံးမှာရော၊ ၁၉၇၅ ခုနှစ်ကနေ ၁၉၈၅ ခုနှစ်ဆိုတဲ့ ဆယ်စုနှစ် တစ်နှစ်လုံးမှာရော စုစုပေါင်း ဆယ်စုနှစ် ၂ နှစ်ဆိုတဲ့ အနှစ် ၂၀ အတွင်းမှာ တစ်ပါတီအာဏာရှင်စနစ်ဆန့်ကျင်ရေး ကျောင်းသားလှုပ်ရှားမှုတွေ ဆက်တိုက် ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီကျောင်းသားလှုပ်ရှားမှုတွေမှာ ဘယ်မြေအောက် တကသ၊ ဘယ်မြေအောက် ဗကသကမှ လာရောက်ခေါင်းဆောင်ခဲ့ခြင်း မရှိဘူးဆိုတာကို အဲဒီတုန်းက ကျောင်းသားလှုပ်ရှားမှုတွေမှာ ပါဝင်လှုပ်ရှားခဲ့ကြပြီး ထောင်တွေကျကြ၊ တောတွေခိုကြ ဖြစ်ခဲ့ကြတဲ့ကျောင်းသားတိုင်း သိကြပါတယ်။ အဲဒီတုန်းက ကျောင်းသားလှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့ဖူးသူတွေဟာ ကြိုးပေးခံရသူက ကြိုးပေးခံရ (ကျောင်းသားခေါင်းဆောင် ကိုတင်မောင်ဦး)၊ တောခိုကျဆုံးတွေလည်း ရှိခဲ့ကြပေမယ့် အသက်မသေ ကျန်နေသေးသူတွေ အခုဒီဆောင်းပါးရေးနေတဲ့အချိန်အထိ အများကြီး ရှိနေကြပါသေးတယ်။ အဲဒီအချိန်က မြေအောက် တကသ၊ မြေအောက် ဗကသအဖွဲ့အစည်းတွေ မရှိကြောင်း၊ ကျောင်းသားတွေကိုယ်တိုင်လည်း ဖွဲ့စည်းဖို့ မကြိုးစားနိုင်ခဲ့ကြကြောင်း အားလုံးသိကြပါတယ်။

ဒါကြောင့် ရဲဘော်ကြင်မောင် ပြောသလို ဗကသဟာ မြေလျှိုးသွားတာမဟုတ်ပါဘူး။ အခွင့်မသာလို့ ပျောက်ဆုံးသွားတာသာ ဖြစ်ပါတယ်။ အဲဒီတုန်းက ကျောင်းသားလှုပ်ရှားမှုတွေဟာ ဘယ်အဖွဲ့အစည်းရဲ့ ဦးဆောင်မှုဆိုတာထက် လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ခဲ့ကြတာပဲ ဖြစ်ပါတယ်။

ပျောက်ကွယ်သွားတဲ့ ဗကသ ဘယ်အချိန်ကျမှ ပြန်ပေါ်သလဲ။ သိရသလောက်တော့ ၁၉၈၈ ခုနှစ် ၈ လေးလုံး အရေးတော်ပုံကြီးကျမှ အရေးတော်ပုံကြီးရဲ့ အရှိန်အဝါနဲ့ တိုးတက်တဲ့ ကျောင်းသားတွေက ပြန်လည်ဖွဲ့စည်းခဲ့ကြတာ ဖြစ်ပါတယ်။ ဗကသဥက္ကဋ္ဌအဖြစ် ကိုမင်းကိုနိုင် တာဝန်ယူခဲ့တယ်လို့ သိရတယ်။ သိရသလောက် ကိုမင်းကိုနိုင်ဟာ ဗကပ မဟုတ်ပါဘူး။ ဒီမိုကရေစီလိုလားသူတစ်ယောက်လို့သာ အားလုံးက ရှုမြင်ကြ

ပါတယ်။ ဒါကြောင့် အဲဒီအချိန်က ပြန်လည်ပေါ်ထွန်းလာခဲ့တဲ့ ဗကသ ဟာ ရဲဘော်ကြင်မောင်ပြောသလို ဗကပနဲ့ အမြင်တူ၊ အတွေးတူဖွယ်ရာ မရှိလှပါဘူး။ နောက်တစ်ချက် ရှိပါသေးတယ်။ ၁၉၈၈ ခုနှစ် အရေးတော်ပုံကြီးမှာ ပါဝင်လှုပ်ရှားခဲ့ကြတဲ့ ကျောင်းသားတွေထဲမှာ နိုင်ငံရေး အရောင်အသွေးတော့ အမျိုးမျိုးရှိနိုင်ပါတယ်။ ကွန်မြူနစ်ဝါဒကို လိုလားသူတွေ ပါနိုင်သလို၊ ဒီမိုကရေစီလမ်းကြောင်းကို လိုလားသူတွေလည်း ပါဝင်နိုင်ပါတယ်။ ကွန်မြူနစ် လိုလားတဲ့ကျောင်းသားနဲ့ ဒီမိုကရေစီလိုလားတဲ့ ကျောင်းသား ဘယ်သူက ပိုများမယ် ထင်ပါသလဲ။ ၁၉၈၈ ခုနှစ်မှာ စစ်အစိုးရက နှိပ်ကွပ်တဲ့အချိန်လည်းကျရော အိန္ဒိယနယ်စပ်နဲ့ ထိုင်းနယ်စပ်ကို ထွက်ပြေးတဲ့ ကျောင်းသားတွေက ထောင်နဲ့ ချီနေပြီး ဗကပနယ်မြေဆီ ခိုလှုံသွားတဲ့ ကျောင်းသားအရေအတွက်က တစ်ရာမပြည့်ပါဘူး။ ဒါကို ကြည့်ခြင်းအားဖြင့် ဒီမိုကရေစီလိုလားတဲ့ ကျောင်းသားအရေအတွက်က ကွန်မြူနစ်ဝါဒလိုလားတဲ့ ကျောင်းသားအရေအတွက် (ဗကပ လိုလားတဲ့ ကျောင်းသားအရေအတွက်) ထက် အဆမတန် ပိုမိုများပြားနေတာမို့ လူငယ်တွေ အတွေးအခေါ် ပြောင်းနေပြီဆိုတာ သိသာနေပါတယ်။ ဒီအခြေအနေကို လျစ်လျူရှုပြီး ရဲဘော်ကြင်မောင်က ဗကပနဲ့ ဗကသကို တစ်သားတည်း လာလုပ်နေတာဟာ လက်တွေ့နဲ့ ကင်းကွာတာပဲ ဖြစ်ပါတယ်။

၁၉၈၈ ခုနှစ် အရေးတော်ပုံကြီးမှာ မျိုးဆက်သစ်ကျောင်းသားတွေက ဗကသ ကို ပြန်လည်ဖွဲ့စည်းခဲ့ကြပေမယ့် ဗကပယူကျီတွေ မဟုတ်ဘူးဆိုတာတော့ တစ်ထစ်ချ ပြောနိုင်ပါတယ်။ ၈၈ နောက်ပိုင်းနှစ်ကာလတွေဟာ ကမ္ဘာမှာရော ဗမာပြည်မှာပါ နိုင်ငံရေးအသွင်အပြင်တွေ ပြောင်းလဲကုန်ပါပြီ။ ၁၉၈၈ ခုနှစ်မှာ မဆလပါတီ ပျက်တယ်။ ၁၉၈၉ မှာ ဗကပပါတီ ပျက်တယ်။ (ရဲဘော်ကြင်မောင်ကတော့ ကွယ်လွန်သာသွားရော မပျက်သေးဘူး ချည့် စွတ်တင်ခဲ့ပါတယ်။ သူ့လိုသာ ပြောစတမ်းဆိုရင် မဆလလည်း မပျက်သေးပါဘူး။ 'တစည' လို့ နာမည်ပြောင်းပြီး ဆက်လက်တည်ရှိနေသေးတယ်လို့ ပြောရပါလိမ့်မယ်။) နိုင်ငံတကာမှာ ကွန်မြူနစ်တွေ နာမည်ပျက်တဲ့ခေတ်ဘက် ရောက်လာနေပါတယ်။ ဆိုဗီယက်ယူနီယံ ပြိုကွဲတယ်။ ဥရောပကွန်မြူနစ်နိုင်ငံတွေက ဒီမိုကရေစီနိုင်ငံတွေ ဖြစ်ကုန်တယ်။



၁၉၈၈ ခုနှစ် ဗကသဥက္ကဋ္ဌ ကိုမင်းကိုနိုင်

တရုတ်ကွန်မြူနစ်ပါတီက ဆိုင်းဘုတ်ကလေး ချိတ်ထားပြီး အင်အားလွန် နိုင်ငံတစ်ခုဖြစ်အောင် တည်ဆောက်နေတယ်။ မြောက်ကိုရီးယား ကွန်မြူနစ် ပါတီက အဖေသေရင် သားကို အာဏာလွှဲပေးတဲ့ ကွန်မြူနစ်ပါတီအဖြစ် အသွင်ပြောင်းသွားပါတယ်။ ပြည်တွင်းမှာလည်း ကွန်မြူနစ်ဝါဒက ခေတ် မစားတော့ဘဲ ဒီမိုကရေစီဘက်ကို အလေးတင်းသူတွေ များသထက် များ လာတယ်။ နောက်ဆုံး အစိုးရကိုယ်တိုင်က ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်မယ်ဆိုပြီး လမ်းညွှန်ဒီမိုကရေစီပုံစံကို စတင် စမ်းသပ်လာခဲ့တယ်။ ဒီမိုကရေစီစစ်စစ်ကြီးပုံစံကို လုပ်လို့မဖြစ်သေးဘူးဆိုတဲ့ စဉ်းစားချက်နဲ့ပေါ့။

မမွှတာပဲ၊ လမ်းညွှန်ဒီမိုကရေစီဆိုပေမယ့် ဒီမိုကရေစီပြုပြင်ပြောင်းလဲ ရေးဆိုတဲ့ ဦးတည်ချက်အောက်မှာ ဒီမိုကရေစီရေးလှုပ်ရှားမှုက ပေါ်ပေါက် လာတာပါပဲ။ တကသတွေ၊ ဗကသတွေဟာလည်း အဲဒီရေခံမြေခံမှာ အမြု တေသဘာဝနဲ့ ပေါ်ပေါက်လာခဲ့ကြတယ်။ ပြည်တွင်းပြည်ပ နိုင်ငံရေး အကဲ ခတ်တွေ အံ့သြရလောက်အောင် အမျိုးသားပညာရေး ဥပဒေပြင်ဆင်ပေးရေး

ဆိုတဲ့ ခေါင်းစဉ်နဲ့ တစ်ပြည်လုံးအတိုင်းအတာရှိတဲ့ ကျောင်းသားသပိတ်ကြီး ဆင်နွှဲလာခဲ့ကြတယ်။ ဒါဟာ တကယ့်ကို ဒီမိုကရေစီရေး လှုပ်ရှားမှုကြီး ဖြစ်ပါတယ်။ ဗကပ လှုပ်ရှားမှုမဟုတ်ပါဘူး။ (လှုပ်ရှားသူတွေထဲမှာ ဗကပ ကို သဘောကျသူတွေ၊ တူတံစဉ်အလံကို နှစ်သက်သူတွေ အနည်းအကျဉ်း ပါကောင်း ပါနိုင်ပါတယ်၊ ဒါပေမယ့် လုံးဝအနည်းစုပဲ ဖြစ်ပါလိမ့်မယ်၊ အဲဒီအနည်းစုကလည်း သူတို့ရဲ့ ဦးတည်ချက်တွေကို စွတ်တင်နေကြတာ ရှိကောင်း ရှိနိုင်ပါတယ်။ သူတို့မှာလည်း အိပ်မက်တွေ ရှိနိုင်ပါတယ်။) ကျောင်းသားတွေရဲ့ တောင်းဆိုချက်တွေကို စာနယ်ဇင်းတွေထဲ ဖတ်ကြည့် လိုက်တော့ တကယ့်ဒီမိုကရေစီရေးစစ်စစ်၊ အမျိုးသားပညာရေးကို ခေတ်မီ တိုးတက်စေချင်တဲ့ မွန်မြတ်သန့်စင်တဲ့ ရည်ရွယ်ချက်တွေဖြစ်နေတာ တွေ့ရ ပါတယ်။ ဒီမိုကရေစီစစ်ပေတံနဲ့မဟုတ်ဘဲ လမ်းညွှန်ဒီမိုကရေစီအဆင့်ပေတံနဲ့ တိုင်းရင်တောင် လက်ခံသင့်တဲ့ အကြောင်းအချက်တွေ ဖြစ်ပါတယ်။ အားနည်းချက်တွေ၊ လိုအပ်ချက်တွေ ရှိနိုင်ပေမယ့် မိဘပြည်သူတွေနဲ့ တစ်သား တည်းဖြစ်နေတဲ့ တောင်းဆိုချက်တွေပါ။

ဒီတော့ ရဲဘော်ကြင်မောင် ရေးချထားသလို "*ဒီအခါမှာလည်း ဗကပနဲ့ ဗကသ အမြင်တူ၊ အတွေးတူ၊ အလုပ်တူကြလိမ့်မယ်လို့ ယုံကြည် ပါတယ်။ ချီတက်ရမယ့်ခရီး ဝေးပါတယ်။ အခက်အခဲတွေ တင်းကျမ်း ဖြစ်နေပါတယ်။ ဘာပဲဖြစ်ဖြစ် မိမိတို့က သန္နိဋ္ဌာန်ခိုင်မာစွာနဲ့ ချီတက်ရင် ကျော်နင်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါဟာ ဗကပရဲ့ နှစ် ၇၀ ပြည့်သဝဏ်လွှာ ဖြစ်ပါတယ်။ ဗကသဟာ ၇၃ နှစ်ပါ။ မကြာမီ ၇၅ နှစ် ပြည့်ပါ့မယ်။ ပိုမိုကောင်းမွန်တဲ့ တောက်ပတဲ့ အနာဂတ်ဆီသို့ ချီတက် ကြပါစို့*" ဆိုတဲ့ ပြောဆိုချက်၊ ရေးသားချက်ကို ခွဲထုတ်ရပါလိမ့်မယ်။ ဒီနေ့ ဗကသဟာ အခြေအနေသစ်တစ်ခုပေါ်က ဗကသ ဖြစ်ပါတယ်။ ဒီနေ့ ကျောင်းသားထုကြီးတစ်ရပ်လုံးဟာ အမျိုးသားဒီမိုကရေစီ ပညာရေးကို ဦးတည်ဖော်ဆောင်ဖို့ စည်းလုံးညီညွတ်စွာ တည်ရှိနေကြတာ ဖြစ်ပါတယ်။ ဗကပက ဆုတ်ယုတ်ပျက်စီးသွားပြီး အမည်ခံပါတီတစ်ရပ်ဘဝနဲ့ မှုန်ပျပျ ရပ်တည်နေချိန်မှာ ဗကသက ရေခံမြေခံ အသစ်တစ်ခုပေါ်ကနေ အားကောင်း မောင်းသန် ဒီမိုကရေစီရေးလှုပ်ရှားမှုကို ထက်ထက်မြက်မြက် ချီတက်နေတာ

ဖြစ်ပါတယ်။ (ဗကပ လိုလားသူတစ်ဦး နှစ်ဦး ဝင်ပါနေတာနဲ့ ဗကသ ဟာ ဗကပ ပါလို့ ပြောလို့မရပါဘူး။ သစ်ပင် တစ်ပင်တည်းကို မကြည့်ဘဲ တောအုပ်တစ်အုပ်လုံးကိုသာ ကြည့်ရမှာပါ) ရဲဘော်ကြင်မောင်ရဲ့ ရေးသား ချက်ကိုသာ အဟုတ်မှတ်နေရင် ဒီနေ့ ဗကသကို ဗကပလူတွေလို့ အထင် ရောက်သွားပါလိမ့်မယ်။

ဒါကြောင့် အားကောင်းနေတဲ့ကျောင်းသားလှုပ်ရှားမှုကြီးဟာ ပညာရေးအဆင့်အတန်း မြင့်မားရေး (to get quality education) ဆိုတဲ့ ဦးတည်ချက်အတိုင်း ပီပီပြင်ပြင် ဆက်လက်လှုပ်ရှားသွားနိုင်ရေးအတွက် (ဗကသကို အပြည့်အဝ ထောက်ခံချင်တာမို့) 'ဗကသဟာ ဗကပ မဟုတ် ပါဘူး' လို့ ပြတ်ပြတ်သားသား ငြင်းဆိုလိုက်ရခြင်း ဖြစ်ပါတယ်။

**Political Comments page in Facebook, 27th February 2015**

❖ ❖ ❖

## ပြည်ချစ်ဝါဒလမ်းစဉ်တဲ့လား

**ဝေဖန်ချက်အမှတ် (၄)**

ကွန်မြူနစ်ပါတီတစ်ရပ်ရယ်လို့ ပြောလိုက်တာနဲ့ မာ့က်စ်ဝါဒကို ဦးထိပ်ပန်ဆင်ထားတဲ့ ပါတီတစ်ရပ်ဖြစ်တယ်ဆိုတာ လူတိုင်း သိထားပြီးသားပါ။ မာ့က်စ်ဝါဒကို အခိုင်အမာ အခြေအနေတွေနဲ့ ပေါင်းစပ်နိုင်မှသာလျှင် အဲဒီကွန်မြူနစ်ပါတီဟာ ရှင်သန်ကြီးထွားနိုင်ပြီး အောင်မြင်မှုရရှိမှာ ဖြစ်ပါတယ်။ မာ့က်စ်ဝါဒကို ဦးထိပ်ပန်ဆင်ပြီး အခိုင်အမာ အခြေအနေတွေနဲ့ မပေါင်းစပ်နိုင်ရင် ရှင်သန်မှုလည်း မရှိနိုင်၊ ကြီးထွားမှုလည်း မရှိနိုင်၊ အောင်မြင်မှုလည်း မရနိုင်ပါဘူး။ အောင်မြင်မှုရပြီးလည်း ပြန်လည်ရှုံးနိမ့်သွားရမှာပဲ ဖြစ်ပါတယ်။ (ကမ္ဘောဒီးယားကွန်မြူနစ်ပါတီ ဒါမှမဟုတ် ခမာနီတွေဟာ အောင်မြင်မှုရပြီးမှ ပြန်လည် ရှုံးနိမ့်သွားခဲ့ရတာ ဖြစ်ပါတယ်။)

ဗမာပြည်ကွန်မြူနစ်ပါတီဆိုရင်လည်း စတင် တည်ထောင်ပြီးကတည်းက အခွင့်အရေးကောင်းတွေ ရခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အခိုင်အမာ အခြေအနေတွေနဲ့ မပေါင်းစပ်နိုင်တဲ့အခါကျတော့ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ လမ်းခွဲထွက်ခြင်းကို ခံလိုက်ရတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဗမာပြည်ကွန်မြူနစ်ပါတီအပေါ် သဘောထားတွေကို သူ့ရဲ့မိန့်ခွန်းတွေထဲမှာ လေ့လာနိုင်ပါတယ်။ လမ်းခွဲသွားတဲ့ ဗိုလ်ချုပ်အောင်ဆန်းကို ကျန်ခဲ့တဲ့ ဗကပခေါင်းဆောင်တွေက သစ္စာဖောက်လို့

သတ်မှတ်ခဲ့တာ၊ ပါတီတွင်းမှာ ဖွင့်ချဝေဖန်တိုက်ခိုက်ခဲ့တာတွေ ရှိခဲ့ပါတယ်။ (ဒီအကြောင်းကို ဗကပ ဗဟိုကော်မတီဝင်ဟောင်း ရဲဘော်လွင် (ခေါ်) ဗိုလ်သိန်းအောင် (ကွယ်လွန်) က ပြန်လည်ပြောပြလို့ သိခဲ့ရပါတယ်။ ရဲဘော်လွင်ဟာ ဗိုလ်ချုပ်အောင်ဆန်းကို သစ္စာဖောက်လို့ သတ်မှတ်ခြင်း အပါအဝင် ကျန်တဲ့ဗကပခေါင်းဆောင်တွေနဲ့ မတူတဲ့ အမြင်သဘောထားတွေကို ပြောလွန်းလို့ ၁၉၈၅ ခုနှစ် ပါတီကွန်ဂရက်မှာ ဗဟိုကော်မတီဝင်အဖြစ်ကနေ ပြုတ်ထွက်သွားခဲ့ရပါတယ်။) အခုနောက်ပိုင်းကျမှ ဒေါ်အောင်ဆန်းစုကြည် ရေ့တန်းရောက်လာတဲ့အပေါ် ဗိုလ်ချုပ်အောင်ဆန်းကို ပါတီထူထောင်ရာမှာ ပါဝင်ခဲ့သူတစ်ဦးအဖြစ် နာမည်ပေးလာခဲ့တာပါ။ သစ္စာဖောက်လို့လည်း မပြောကြမဆိုကြတော့ပါဘူး။ ဆိုလိုတာက ဗိုလ်ချုပ်အောင်ဆန်းလိုလူတစ်ယောက်ကို ဆုံးရှုံးခဲ့ရတာ အခွင့်အရေးကောင်းတစ်ခုကို လက်လွှတ်ဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလမှာ ပါတီဝင်အမြောက်အမြားကို စည်းရုံးသိမ်းသွင်းနိုင်ခဲ့ပါတယ်။ အဲဒီလို အင်အားတောင့်တင်းနေရာကနေ အခိုင်အမာအခြေအနေနဲ့ မပေါင်းစပ်နိုင်ခဲ့လို့ ဖဆပလကနေ မောင်းထုတ်ခြင်းခံခဲ့ရတယ်။ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲနေစဉ် ကာလတစ်လျှောက်လုံးမှာလည်း သပိတ်စုံသူပုန်ထ လမ်းစဉ်၊ ၂ နှစ်အတွင်း စစ်နိုင်ရေးလမ်းစဉ်အစရှိတဲ့ လမ်းစဉ်အမှားတွေအောက်မှာ အင်အားတွေ ဆုတ်ယုတ်ပျက်စီးခဲ့ရပါတယ်။ အဆိုးဆုံးကတော့ တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေးကို ပုံတူကူးချတဲ့ ဖြုတ်ထုတ်သတ် လမ်းစဉ်ကြောင့် ပိုမိုအင်အားချည့်နဲ့ခဲ့ရပြီး ပဲခူးရိုးမဗဟို ပျက်သုန်းခဲ့ရပါတယ်။ ဗကပဗဟိုပျက်သုန်းပေမယ့် ဗကပအလံ မလဲခဲ့ပါဘူး။ အကြောင်းရင်းက အဲဒီတုန်းက တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ ပေါ်လစီက ကယ်တင်သွားခဲ့တာပါ။ တကယ်တော့ ဒါလည်း အခွင့်အရေးကောင်းတစ်ခု ဖြစ်ခဲ့ပါတယ်။

၁၉၆၀-၇၀ ပိုင်း နှစ်ကာလတွေမှာ တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ ညီနောင်ပါတီတွေကို အထူးသဖြင့် အရှေ့တောင်အာရှက ကွန်မြူနစ်ပါတီတွေကို နိုင်ငံကကာဝါဒအရ အကြီးအကျယ် အကူအညီပေးနေချိန် ဖြစ်ပါ

တယ်။ ကွန်မြူနစ်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ရုရှားနိုင်ငံ ဒါမှမဟုတ် ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံနဲ့ ခွာပြဲသွားပြီး ဆိုဗီယက်ကို ပြန်လည်ပြင်ဆင်ရေးဝါဒီ၊ ဆိုရှယ်နယ်ချဲ့အဖြစ် စွပ်စွဲတိုက်ခိုက်နေချိန် ဖြစ်ပါတယ်။ အရှေ့တောင်အာရှက အာဏာမရသေးတဲ့ ကွန်မြူနစ်ပါတီတွေကို အာဏာရစေလိုတဲ့ ရည်ရွယ်ချက်နဲ့ စိတ်ဓာတ်အင်အား၊ လက်နက်အင်အားတွေ အကူအညီပေးခဲ့ပါတယ်။ ဒီနည်းနဲ့ အရှေ့တောင်အာရှနိုင်ငံတွေကို မိမိဩဇာခံ နိုင်ငံတွေဖြစ်အောင် ရည်ရွယ်ထားခဲ့ပါတယ်။ ဒါ့ကြောင့် တရုတ်ကွန်မြူနစ်ပါတီဟာ အရှေ့တောင်အာရှနိုင်ငံတွေနဲ့ ပတ်သက်ရင် 'နှစ်ခွပေါ်လစီ' ကျင့်သုံးခဲ့တယ်။ တရုတ်အစိုးရက အရှေ့တောင်အာရှနိုင်ငံအစိုးရတွေနဲ့ အစိုးရချင်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံတယ်။ ရိက္ခာဆေးဝါး အကူအညီတွေပေးတယ်။ ငွေချေးမယ်ဆို ချေးပေးတယ်။ လက်နက်တော့ မပေးဘူး။ တရုတ်ပြည်ကွန်မြူနစ်ပါတီက အဲဒီအရှေ့တောင်အာရှက ကွန်မြူနစ်ပါတီတွေကို ပါတီချင်းဆက်ဆံရေးအဖြစ် (ညီနောင်ပါတီဆက်ဆံရေးအဖြစ်) ဆက်ဆံတယ်။ လက်နက်အင်အား၊ ငွေအင်အား အလုံးစုံအကူအညီပေးတယ်။ အဲဒီလို အစိုးရချင်းလည်း ဆက်ဆံ၊ အစိုးရကို လက်နက်ကိုင် တိုက်ခိုက်နေတဲ့ ကွန်မြူနစ်ပါတီကိုလည်း ပါတီချင်းဆက်ဆံတဲ့ နှစ်ခွပေါ်လစီကို 'တော်လှန်တဲ့ နှစ်ခွပေါ်လစီ' ဆိုပြီး နာမည်ပေးထားတယ်။ အဲဒီ တော်လှန်တဲ့နှစ်ခွပေါ်လစီကြောင့် အရှေ့တောင်အာရှက ကွန်မြူနစ်ပါတီကလေးတွေအတွက် အများကြီးလှုပ်ရှားနိုင်ခဲ့သလို အရှေ့တောင်အာရှနိုင်ငံကလေးတွေက အစိုးရတွေအတွက် အတော်လေး ခေါင်းခဲစေခဲ့ပါတယ်။

အဲဒီအချိန်က မြန်မာပြည်ကို တစ်ပါတီအာဏာရှင်စနစ်နဲ့ အုပ်ချုပ်နေတဲ့ မဆလစစ်အစိုးရဟာ ၁၉၆၇ ခုနှစ်မှာ တရုတ်ပြည်နဲ့ ပတ်သက်လို့ အမှားတစ်ခု လုပ်ခဲ့ပါတယ်။ တရုတ်ဗမာလူမျိုးရေး အဓိကရုဏ်းကို ဖန်တီးခဲ့တာ ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ တရုတ်ဘာသာစကားသင်ကျောင်းတွေမှာ မြန်မာပြည်ဖွား တရုတ်ကျောင်းသူကျောင်းသားတွေက မော်စီတုန်းရင်ထိုး တံဆိပ်တပ်ဆင်တာကို မော်စီတုန်းရင်ထိုးတံဆိပ် မတပ်ဆင်ရလို့ အမိန့်ထုတ် တားမြစ်ခဲ့ပါတယ်။ ဒါကို မကျေနပ်လို့ တရုတ်ကျောင်းသူကျောင်းသားတွေက ဆန္ဒပြတဲ့အခါ အဲဒီတရုတ်ကျောင်းသူ




၁၉၆၇ ခုနှစ် ဇူလိုင်လ ၂၁ ရက် သောကြာနေ့၊ သန်လျင်မြို့ရှိ တရုတ် ဗမာ အရေးအခင်းမှ ဆန္ဒပြပွဲတနေရာ

ကျောင်းသားအားလုံးကို စစ်တပ်အင်အားသုံး ဝင်ဖမ်းပြီး ထိန်းသိမ်း ထားခဲ့ပါတယ်။ ပိုက်ဆံရရင် ဘာမဆိုလုပ်တဲ့ ဆိုးသွမ်းလူငယ်၊ ဆိုးသွမ်း လူကြီးတွေကို ပိုက်ဆံပေးစည်းရုံးပြီး တရုတ်လူမျိုးပိုင် အိမ်တွေ၊ အလုပ်ရုံတွေကို ဖျက်ဆီးခိုင်းတယ်။ တရုတ်တွေကို ရိုက်နှက်ခိုင်းတယ်။ ဒါနဲ့တင် မပြီးသေးဘဲ မဆလပါတီဝင်တွေက ဦးဆောင်ပြီး တရုတ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုတွေ ဖော်ထုတ်ခဲ့တယ်။ ရန်ကုန်၊ မန္တလေးမြို့ကြီးတွေ အပါအဝင် မြို့ကြီးတိုင်းမှာ လုပ်တယ်။ အဲဒီလူထုလှုပ်ရှားမှုတွေမှာ မော်စီတုန်း အလောင်းကောင်လို့ စာတန်းထိုးထားတဲ့ သစ်သားခေါင်းတွေ ထမ်းပြီး စီတန်းလှည့်လည်တယ်။ ပြီးတော့ မီးရှို့ပစ်ကြတယ်။ ဗမာလူမျိုးတွေက လည်း ဇာတိသွေးဇာတိမာန်က အင်မတန် တက်ကြွတာဆိုတော့ မဆလပါတီ ဦးဆောင်ပြီးလုပ်သမျှ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားကြတယ်။ အဲဒီတုန်းက အစိုးရသတင်းစာမှာ ကာတွန်းဆရာမြင့်စိုးလေးက မင်းတို့ သန်း ၇၀၀ လောက်တော့ ဘီးစိပ်တစ်ချောင်းထဲနဲ့ ရှင်းပစ်နိုင်တယ်လို့ ကာတွန်း ရေးခဲ့တယ်။ အဲဒီအချိန်က တရုတ်ပြည်မှာ လူဦးရေ သန်း ၇၀၀ ရှိတယ်။ ကာတွန်းဆရာက

ဟာသအဖြစ် ရေးတာဆိုပေမယ့် ဒါဟာ မဆလ အကြိုက် လိုက်ရေးခဲ့တာလို ဖြစ်သွားပါတယ်။ နောင်အခါကျမှ အဲဒီအချိန်မှာ မြန်မာတစ်ပြည်လုံး ဆန်ရှားလို့ လူထုကြီးက မကျေမနပ်ဖြစ်နေတဲ့အချိန်မှာ အစိုးရကို ဦးတည်လာမှာစိုးလို့ တရုတ်ဗမာလူမျိုးရေး အဓိကရုဏ်းလုပ်ပြီး လမ်းလွှဲပေးတာဆိုတာ သိကြရပါတယ်။

မဆလစစ်အစိုးရဟာ အဲဒီလမ်းလွှဲပေးမှုဒဏ်ကို ခံစားရပါတယ်။ တရုတ်ပြည်ကလွှင့်တဲ့ မြန်မာဘာသာအသံလွှင့်အစီအစဉ်ကနေ နေဝင်းအစိုးရက မြန်မာပြည်သား တရုတ်အမျိုးသားတွေကို နှိပ်ကွပ်တာဟာ ကျောက်တုံးမပြီး ကိုယ့်ခြေထောက်ကိုယ် ပြန်ထုတာ ဖြစ်တယ်၊ နောင်တ ရစေရမယ်လို့ တကြော်ကြော် အသံလွှင့်ခဲ့ပါတယ်။ အဲဒီနောက် ၁၉၆၈ ခုနှစ်မှာ တရုတ်ပြည်မှာ ခိုလှုံနေတဲ့ ဗကပခေါင်းဆောင်တွေကို ပွဲထုတ်ပြီး တရုတ်မြန်မာနယ်စပ်ဒေသကို တရုတ်တပ်တွေနဲ့ ဝင်ရောက် တိုက်ခိုက်တော့တာပါပဲ။ ဒါဟာ မဆလစစ်အစိုးရအတွက် အကြီးအကျယ် အကျပ်ရောက်စေသလို ဗကပအတွက် အလွန်ကြီးမားတဲ့ အခွင့်အရေးကြီးတစ်ရပ် ရရှိလိုက်တာ ဖြစ်ပါတယ်။ အဲဒီအခွင့်အရေးကြီးကို အသုံးမချနိုင်ခဲ့တော့ နယ်မြေများများစားစား မသိမ်းပိုက်နိုင်ဘဲ နယ်စပ်မျဉ်းကြောင်းလေးပေါ်မှာပဲ ဗကပနယ်မြေထူထောင်နိုင်ခဲ့တယ်။ နောက်ဆုံး တရုတ်ကွန်မြူနစ်ပါတီပေါ်လစီ ပြောင်းသွားတဲ့အောက်မှာ ပြောင်းသွားတဲ့ပေါ်လစီအတိုင်း လိမ်လိမ်မာမာကလေး နေပေးခဲ့တဲ့အဆင့် ရောက်သွားပါတော့တယ်။

ဒါဟာ တစ်လျှောက်လုံး အခွင့်အရေးကောင်းတွေကို အသုံးမချနိုင်ခဲ့တဲ့အပြင် မာ့က်စ်ဝါဒကို အခိုင်အမာ လက်တွေ့အခြေအနေတွေနဲ့ မပေါင်းစပ်နိုင်ခြင်းရဲ့ ရလဒ်အဖြစ် ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဂုဏ်သိက္ခာမဲ့စွာ ရပ်တည်သွားရခြင်းဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် တရုတ်နဲ့ နားလည်မှုယူ၊ ပါတီအလံလေးထောင်၊ တံဆိပ်လေး ဆက်ကပ်ပြီး အင်တာနက်ဝက်ဘ်ဆိုက်တစ်ခုနဲ့ အသက်ဆက်နေတဲ့ဗကပဟာ ကိုင်စွဲထားတဲ့လမ်းစဉ်က ပြည်ချစ်ဝါဒလမ်းစဉ်ဖြစ်တယ်ဆိုပြီး ရဲဘော်ကြင်မောင်က ပြည်သူ့အာဏာဆောင်းပါးများ စာအုပ်ထဲမှာ ဖော်ပြထားတာ တွေ့ရပါတယ်။ ဗကပဟာ ၆၄ ခုနှစ်မှာ မာ့က်စ်ဝါဒရဲ့အခြေခံလမ်းစဉ်ဖြစ်တဲ့ စစ်နိုင်ရေး၊ အာဏာသိမ်းရေး




စတင်ဖွဲ့စည်းသည့်ရက်စွဲ
၁၉၃၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်

စတင်ထူထောင်ရာတွင် ပါဝင်သူများ
သခင်အောင်ဆန်း၊ သခင်ဗဟိန်း၊ ရဲဘော်ဘတင် (ဂိုရှယ်)၊
သခင်စိုး၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊
ရဲဘော်ထွန်းမောင် (ဒေါက်တာနုတ်)၊ သခင်ဗိုလ်

အစဉ်အဆက်ခေါင်းဆောင်များ
အတွင်းရေးမှူး သခင်အောင်ဆန်း၊ အတွင်းရေးမှူး သခင်စိုး၊
အတွင်းရေးမှူး သခင်သိန်းဖေ၊ ဥက္ကဋ္ဌ သခင်သန်းထွန်း၊
ဥက္ကဋ္ဌ သခင်ဇင်၊ ဥက္ကဋ္ဌ သခင်ဗသိန်းတင်၊
အတွင်းရေးမှူး ရဲဘော်ကြင်မောင်၊
အတွင်းရေးမှူး ရဲဘော်ထွန်းဆက်

ဗမာပြည်ကွန်မြူနစ်ပါတီ
ဝက်ဘ်ဆိုက်မှာ
ဖော်ပြထားတဲ့
ဗမာပြည်ကွန်မြူနစ်ပါတီ
အစဉ်အဆက်
ခေါင်းဆောင်များစာရင်း

လမ်းစဉ်ကို ချမှတ်နိုင်ခဲ့ပေမယ့် ပါတီတည်ဆောက်ရေး ဖြုတ်ထုတ်သတ်လမ်းစဉ်အမှား၊ ထိုးစစ်ကို ထိုးစစ်နဲ့ချေမှုန်းကြဆိုတဲ့ စစ်ရေးလမ်းစဉ် အမှားတွေကြောင့် မာ့က်စ်ဝါဒရဲ့ အခြေခံလမ်းစဉ်ကို ထိခိုက်နစ်နစ်စေခဲ့ရတာပါ။ အခြေခံလမ်းစဉ်အရ မမှားယွင်းတဲ့အပြင် မာ့က်စ်ဝါဒနဲ့ ကိုက်ညီတာ ဖြစ်ပါတယ်။ အခုတော့ အဲဒီအခြေခံလမ်းစဉ်ကိုတောင် မတင်နိုင်တော့ပါဘူး။ 'ပြည်ချစ်ဝါဒလမ်းစဉ်' တဲ့လား။

ဘယ်မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကများ ဘယ်ကွန်မြူနစ်ပါတီကို ပြည်ချစ်ဝါဒလမ်းစဉ် ချမှတ်ပါလို့ ညွှန်ပြခဲ့ပါသလဲ။

ကျွန်တော် ဖတ်ဖူးမှတ်ဖူးသမျှတော့ ပြည်ချစ်ဝါဒသက်သက် ကွန်မြူနစ်ဝါဒ ရယ်လို့ ရှိမှမရှိတာ။ ကမ္ဘာ့ကွန်မြူနစ်ခေါင်းဆောင်ကြီး မော်စီတုန်းက ကွန်မြူနစ်တွေဟာ နိုင်ငံတကာ့ဝါဒီတွေဖြစ်သလို နိုင်ငံချစ် (ပြည်ချစ်) ဝါဒီတွေ လည်းဖြစ်တယ်လို့ ပြောခဲ့တာပါ။ တကယ်လို့များ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ထဲမှာ ပြည်ချစ်ဝါဒ ကျင့်သုံးကြဆိုတဲ့ စာကြောင်း တစ်ကြောင်းတလေများပါခဲ့ရင် ညွှန်ပြပေးကြစေချင်ပါတယ်။

တကယ်တော့ ဘာမှမဟုတ်ပါဘူး။ ကမ္ဘာ့ကွန်မြူနစ်ခေါင်းဆောင်ကြီး မော်စီတုန်းကို ကမ္ဘာ့ကွန်မြူနစ်ခေါင်းဆောင်ကြီး အဆင့်နေရာ၊ တရုတ်ကွန်မြူနစ်ခေါင်းဆောင်ကြီး အဆင့်နေရာမှာ မထားတော့ဘဲ တရုတ်အမျိုးသားခေါင်းဆောင်ကြီး အဆင့်နေရာလောက်မှာသာ ထားတော့တဲ့ လက်ရှိ တရုတ်ကွန်မြူနစ်ခေါင်းဆောင်တွေရဲ့ သူတို့တိုင်းပြည်မှာ ထားရှိတဲ့ဝါဒကို ထပ်တူထပ်မျှ ပုံတူကူးချလိုက်တာပဲ ဖြစ်ပါတယ်။ တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ နိုင်ငံတကာကွန်မြူနစ်ဝါဒကို စွန့်လွှတ်လိုက်ပါပြီ။ (နိုင်ငံတကာသီချင်းကိုတောင် အခမ်းအနားတွေမှာ မဖွင့်တော့ဘူးလို့ သိရပါတယ်။) လက်ရှိ သူတို့ကျင့်သုံးနေတဲ့ဝါဒက ရိုးရိုးရှင်းရှင်း ပြောရရင် တရုတ်ပြည်ကြီး ကြီးထွားစည်ပင်ဖို့သာ အဓိကကျပြီး ဘယ်နိုင်ငံက ကွန်မြူနစ်တွေကိုမှ အရင်လို အလုံးစုံကူညီရေး မလုပ်ပေးတော့ဘူးဆိုတဲ့ တရုတ်ပြည်ချစ်ဝါဒပဲ ဖြစ်ပါတယ်။

ဒါကို ပုံတူကူးချပြီး ၂၀၀၀ ပြည့်နှစ်မှာ ပြည်ချစ်ဝါဒလမ်းစဉ်ကို ချမှတ်လိုက်တာပါ။ အဲဒီလို ပုံတူကူးချတာကို ပုံတူကူးချတာပါလို့ မပြောဘဲ ရဲဘော်ကြင်မောင်က ပြည်သူ့အာဏာဆောင်းပါးများ စာအုပ်ထဲမှာ အောက်ပါအတိုင်း ရှင်းပြထားပါတယ်။

*"ပြည်ချစ်ဝါဒလမ်းစဉ် ဘာကြောင့်ချသလဲဆိုတာကို ရှင်းပြချင်ပါတယ်။ ဗမာပြည်ရဲ့ ပထဝီနိုင်ငံရေးကို အလေးထားတဲ့ စဉ်းစားမှုပါ။*

*ဗမာပြည်ဟာ တောင်အာရှထဲမှာ ပါတယ်ဆိုလည်းဖြစ်၊ အရှေ့တောင်အာရှထဲ ပါတယ်ဆိုလည်း ရတဲ့တိုင်းပြည်ပါ။ ဒါကြောင့်လည်း ASEAN ထဲ ပါနေတယ်။ ဘင်္ဂလားပင်လယ်အော် ဝန်းကျင်ဒေသအဖွဲ့အစည်း*

*(BIMSTEC) ထဲလည်း ပါနေတယ်။ တောင်အာရှအဖွဲ့အစည်း (SAARC) ထဲ ပါချင်ရင်လည်း ကြိုဆိုကြလိမ့်မယ်။*

*ကျနော်တို့က တိုင်းပြည် (ဗမာပြည်) အနေနဲ့ပဲ ကြည့်တာပါ။ တိုင်းပြည်ကို ကိုယ်စားပြုနေသူဟာ စစ်အာဏာရှင်တွေ ဖြစ်နေတာက ကိုယ့်ပြည်တွင်းရေးကိစ္စပဲ။ ကိုယ့်အိမ်ထဲကအမှိုက် ကိုယ်ပဲ ရှင်းရမှာပါ။ သူများတွေကို လာအရှင်းခိုင်းလို့ မဖြစ်ပါဘူး။ ပြည်ချစ်ဝါဒက တိုင်းပြည်ကို နိုင်ငံတကာအလယ်မှာ အဆင့်နေရာရရေး၊ ထည်ထည်ဝါဝါ တင့်တင့်တယ်တယ်ရှိရေး၊ ကိုယ့်ကြမ္မာကိုယ် လွတ်လွတ်လပ်လပ် ဖန်တီးရေး၊ ကိုယ့်ပြည်တွင်းရေး ပြင်ပက ဝင်မစွက်ရေး စတာတွေကို ချုပ်ပြီး ပြောတာပါ။ ပြည်ပအားကိုး ပုဆိန်ရိုးလို့ ပြောတာကို မကြိုက်သလို၊ တရုတ်အားကိုး မအေ...း ဆိုတာကိုလည်း သဘောမတူပါဘူး။ ဒါကြောင့်ပဲ 'စိုင်ရှင်' လို့ခေါ်တဲ့ ဒဏ်ခတ်ပိတ်ဆို့ရေးကို ဘာမှမပြောဘဲ နေတာပဲ''*

သူ ရှင်းပြတာ ဒီလောက်ပါပဲ။ ရှင်းပြပုံ ရှင်းပြနည်းကလည်း အံ့သြစရာကောင်းလောက်အောင် ကွန်မြူနစ်မဆန်ဖြစ်နေတာ တွေ့ရပါတယ်။ ဘာတဲ့။ ဗမာပြည်ရဲ့ ပထဝီနိုင်ငံရေးကို အလေးထားတဲ့ စဉ်းစားမှုတဲ့။ ပထဝီနိုင်ငံရေးဆိုတာကို ကွန်မြူနစ်တွေက အလေးမထားဘူးဆိုတာ (ထည့်သွင်းစဉ်းစားတာက လွဲလို့) မာ့က်စ်ဝါဒကို လေ့လာဖူးသူတိုင်း သိကြပါတယ်။

အဲဒီလို ပြည်ချစ်ဝါဒလမ်းစဉ်ကို ရဲဘော်ကြင်မောင်က ''*ဗကပရဲ့ ပြည်ချစ်ဝါဒလမ်းစဉ်က ပြည်တွင်းက လူတန်းစားတိုက်ပွဲလမ်းစဉ်ပဲ*'' လို့ အမွှမ်းတင်လိုက်ပါသေးတယ်။ ''*စစ်ဗျူရိုကရက် လက်ဝါးကြီးအုပ်နေရှင်စနစ်ကို ဆန့်ကျင်တိုက်ဖျက်မယ်၊ စစ်ဗျူရိုကရက် လက်ဝါးကြီးအုပ်နိုင်ငံတော်မြေရှင်စနစ်ကို ဆန့်ကျင်တိုက်ဖျက်မယ်၊ တိုင်းပြည်ရဲ့ နယ်မြေတည်တံ့ပြည့်စုံမှု (TI) ကို အထိပါးမခံဘူး၊ ထိလာရင်ပြန်ချမှာပဲ*'' လို့လည်း အကျဉ်းချုပ်ပြီးပြော နိုင်ပါတယ်တဲ့။ ထိလာရင် ပြန်ချမှာပဲဆိုတော့ ဘယ်အင်အားနဲ့ ပြန်ချမှာလဲလို့ မေးလိုက်ချင်ပါသေးတယ်။ အွန်လိုင်းပေါ်က တိုက်ပွဲမျိုးနဲ့ ပြန်ချမှာလား။

အဲဒီလို ပုံတူကူးချလမ်းစဉ်နဲ့ ဗကပ ဘယ်လို ခရီးဆက်နိုင်မှာလဲ။

ပြည်သူလူထုကြီးကို ဘယ်လို ဦးဆောင်နိုင်မှာလဲ။ မာ့က်စ်ဝါဒလီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်ကို တစ်ခါဖူးမှ မလေ့လာဖူးတဲ့ ဒါမှမဟုတ် နက်နက် ရှိုင်းရှိုင်း မလေ့လာဖူးတဲ့ လူငယ်တချို့ကိုသာ ဆွဲဆောင်နိုင်လိမ့်မယ် ထင်ပါ တယ်။ လက်ရှိအခြေအနေမှာ အမည်ခံဗကပဗဟိုဟာ ယူဂျီစည်းရုံးရေး အလုပ်ကိုတော့ လုပ်တန်သလောက် လုပ်နေပုံရပါတယ်။ ဒါကို အင်တာနက် ပေါ်က ဝီကီပက်ဒီးယား စွယ်စုံကျမ်းမှာလည်း အခုလို ဖော်ပြပေးထားပါ တယ်။

The party continues to recruit according to the 'hard to join, easy to quit' principle.

ပါတီဟာ 'အဝင်ခက် အထွက်လွယ်' တဲ့ မူဝါဒနဲ့ လူသစ်တွေ ဆက်လက် စည်းရုံးနေပါတယ်တဲ့။

စည်းရုံးခံရတဲ့လူသစ်တွေဟာ ကိုယ့်ခံယူချက်နဲ့ ကိုယ်မို့ ပြောစရာ မရှိပါဘူး။ အစည်းရုံးခံရပြီးနောက် သူတို့ကျင့်သုံးနေတဲ့ ပြည်ချစ်ဝါဒ လမ်းစဉ်ကြီးဟာ အခိုင်အမာလက်တွေ့အရ ဘာမှ အသုံးမတည့်ဘူးဆိုတာ သိလာရွဲ့တစ်နေ့ အထွက်လည်း လွယ်တာမို့ စိတ်ပူစရာလည်း မရှိပါဘူး။

မြန်မာ့ခေတ်သတင်းဂျာနယ် (၁၆-၃-၂၀၁၅)

**Political Comments page in Facebook, 4th March 2015**

❖ ❖ ❖

* မြန်မာ့ရှေးဟောင်းပုဂံဒေသသို့

မရောက်ဖူးသေးသောသူများအတွက်

ရောက်ပြီးသောသူများအတွက်

နောက်ထပ် ရောက်ဖူးလိုသောသူများအတွက်

# ပုဂံသုတေသနလမ်းညွှန်

## ဦးဗိုဇော

## (ပုဂံရှေးဟောင်းသုတေသီ)

ဤစာအုပ်တွင် သမိုင်းရှုထောင့်၊ အနုပညာရှုထောင့်၊ ဗိသုကာရှုထောင့်တို့မှ မြတ်နိုးနှစ်သက် ဂုဏ်ယူဖွယ်ရာတို့ကို စာရေးသူကိုယ်တိုင် နှစ်ပေါင်းများစွာ သုတေသနပြု၍ အချက်အလက်ပေါင်းများစွာဖြင့် ဖော်ပြထားပါသည်။

ပုဂံရှေးဟောင်း သိကောင်းစရာများနှင့် ပုဂံဒေသတဝိုက် ရှေးဟောင်းသုတေသနလမ်းညွှန်ဟူ၍ အပိုင်းနှစ်ပိုင်းပါဝင်ပါသည်။

ပုဂံဒေသလမ်းညွှန်မြေပုံပါ ပူးတွဲပါရှိပါသည်။

---

ဖြန့်ချိရေး - လွင်ဦးစာပေ (လှည်းတန်း)
09 73060176

* မူရင်းစာရေးသူ ROBERT H.TAYLOR က မြန်မာ့နိုင်ငံရေး ကျွမ်းကျင်သူ နိုင်ငံရေးသိပ္ပံပညာရှင်တစ်ယောက်

* ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ပုဂ္ဂိုလ်ရေး ခင်မင်ရင်းနှီးတဲ့သူ

* ဗိုလ်ချုပ်ကြီးနေဝင်း ကွယ်လွန်ပြီးမှ ဒီစာအုပ်ကို ရေးသားခဲ့တယ်။

* ဘက်လိုက်ပြီး ရေးသားမှု မရှိဘူး၊ ပညာရှင်တစ်ယောက်အနေနဲ့ ရိုးသားပွင့်လင်းစွာ ရေးသားခဲ့တယ်။

* *မြန်မာ့သမိုင်းမှာ လူအများမသိသေးတဲ့ အကြောင်းအရာတွေကို ပွင့်ပွင့်လင်းလင်း ဖွင့်ဟရေးသားခဲ့တဲ့*

# ဗိုလ်ချုပ်ကြီးနေဝင်း
## နိုင်ငံရေးအတ္ထုပ္ပတ္တိ
### နိုင်ဦး (မြန်မာပြန်)

# GENERAL NE WIN
## A POLTICAL BIOGRAPHY

*by*

ROBERT H.TAYLOR

*ဆရာနိုင်ဦးရဲ့ ရိုးရှင်းတဲ့ မြန်မာပြန်ရေးသားဟန်တွေနဲ့*
*လွင်ဦးစာပေ (လှည်းတန်း) မှ*
*မကြာမီ စာဖတ်သူလက်ဝယ်ရောက် ဖြန့်ချိပါတော့မည်။*